# ချစ်ကိုကိုယု

နှလုံးလှလူမိုက်



၂၀၀၁ ခုနှစ် အကယ်ဒမီ (၅) ဆုရရုပ်ရှင်ဝတ္ထု

အပိုင်း-၁၊ အပိုင်း-၂

ဒုတိယအကြိမ်

Graphic Zay Phyo

# ချစ်ကိုကိုယု

## နှလုံးလှလှမိုက်
## (၁) (၂)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ➤ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ➤ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ➤ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ➤ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် [၄]ရပ်

- ➤ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ➤ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ➤ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ➤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် [၄]ရပ်

- ➤ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ➤ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ➤ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ➤ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် [၄]ရပ်

- ➤ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ➤ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ➤ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ➤ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံ နှိပ် မှတ် တမ်း

နှလုံးလှလူမိုက် (၁) (၂)

## ချစ်ကိုကိုယု

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၃၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၃၀၈၁၁
မျက်နှာဖုံး - ပန်းချီမောင်မောင်သိုက်
ဂရပ်ဖစ်ဒီဇိုင်း - ဖေဖြိုး
ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး၊ လာဘ်မိုး…
စာပေတိုက်၊ အမှတ်-၂၀၅၊ ပိတောက်…
လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့…
ပုံနှိပ်သူ - ဟေဗရွန်ပုံနှိပ်တိုက်၊ အမှတ်(၂၂…
မြေညီထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ …
ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်…
စောင်ရေ - ၁၀၀၀
- ၂၀၁၁ ခု၊ နိုဝင်ဘာလ
တန်ဖိုး - ၂၅၀၀ ကျပ်

## စာရေးသူရဲ့စကားဦး

သည်ဝတ္ထုလေး စာအုပ်ဖြစ်လာတော့ ဦးစွာသတိအရဆုံးက ကျွန်တော့်ဖခင် ဦးမောင်အေးနဲ့ မိခင် ဒေါ်ရှိန်တို့ကိုပါပဲ။ မိဘနှစ်ပါး ကွယ်လွန်သွားကြတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ ဒါပေမဲ့ မိဘတွေရဲ့ ကျေးဇူးတရားကို နေ့စဉ် သတိရနေတာကတော့ အမှန်ပါပဲ။ ဘယ်လောက်ပဲ အလုပ်များများ အနှောအနှင့်ငါးပါးကို လက်ဆယ်ဖြာထိပ်မှာမိုးပြီး ဦးညွှတ်ဝပ်တွားနေမြဲပါ။ မိဘများ မရှိတော့မှ မိဘတွေရဲ့ တန်ဖိုး အလွန်ကြီးမားကြောင်း ပိုသိလာရပါတယ်။ ဒါကြောင့် ကျွန်တော့်မိဘအရွယ် သက်ကြီးရွယ်အိုတွေကို မိဘသဖွယ် ကန်တော့နေခဲ့ပါတယ်။ ရှိသေနေခဲ့ပါတယ်။ မိဘနေရာမှာ အစားထိုးပြီး နှလုံးသွင်းနေခဲ့ပါတယ်။

ဒါပေမဲ့ မိဘနေရာက မည်သူ့ကိုမျှ အစားထိုးလို့မရပါဘူးလေ။

ယခု 'နှလုံးလှလူမိုက်' ဝတ္ထုမှာ မိဘမေတ္တာကို နောက်ခံပြုပြီး ရေးထားပါတယ်။ ညီအစ်ကိုမောင်နှမတွေရဲ့ သန့်စင်ရိုးသားတဲ့ စေတနာ၊

မေတ္တာ၊ ကရုဏာလေးတွေကိုလည်း ဖြည့်စွက်ထားပါတယ်။ မျက်နှာလိုက်လို့ မရတဲ့ တရားဥပဒေရဲ့ အနှစ်သာရကိုလည်း ဖော်ကျူးထားပါတယ်။ ပြီးတော့ အချစ်နဲ့ မကင်းကြတဲ့ လူငယ်သဘာဝကိုလည်း တစ်ထောင့်တစ်နေရာမှာ တွေ့ကြရမှာပါ။

ကျွန်တော့်ဝတ္ထုကို ဖတ်ပြီးတဲ့နောက် ဝတ္ထုက ရရှိလာတဲ့ စာပေအသိကို မိမိဘဝအခြေအနေနဲ့ ညှိပြီး တိုးတက်ကောင်းစားစေချင်တာ ကျွန်တော်ရဲ့ မွန်မြတ်တဲ့ စေတနာဆန္ဒမွန်ရယ်ပါ။

ဝတ္ထုထဲမှာ ဇာတ်ကောင်အမျိုးမျိုးနဲ့ စရိုက်အဖုံဖုံကို တွေ့ကြုံကြရပါလိမ့်မယ်။ အဲသည် ဇာတ်ကောင်စရိုက်တွေအနက် ကောင်းတဲ့ အကျင့်စရိုက်ကို အတုယူကြစေချင်သလို မကောင်းတဲ့ အကျင့်ဆိုးတွေကို ဖယ်ထုတ်ကြစေချင်ပါတယ်။

ဒီ နှလုံးလှလှမိုက်ဝတ္ထု ရေးသားစဉ်က တရားစီရင်ရေးနဲ့ မျက်မှောက်ခေတ် တရားစီရင်ရေးတို့ စီရင်ပိုင်ခွင့်အာဏာ၊ ရုံးထိုင်ပုံ၊ အခေါ်အဝေါ်မှ စပြီး ကွဲလွဲမှုများ ရှိနိုင်ပါတယ်။ ဒါကြောင့် စာရှုသူတို့ နားလည်ခွင့်လွှတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

နှလုံးလှလှမိုက် အပိုင်း(၁)မှာ အမှာစာရေးသား ချီးမြှင့်ပေးခဲ့တဲ့ အမျိုးသားစာပေဆုရ ဆရာလယ်တွင်းသားစောချစ်၊ ဆရာနန္ဒာမိုးကြယ်။ အပိုင်း(၁)နှင့် (၂)တွင် အမှာစာရေးသားချီးမြှင့်ရုံသာမက စာအုပ်ဖြစ်မြောက်ရေးအတွက် စေတနာဖြင့် ကူညီပေးတဲ့ အမျိုးသားစာပေဆုရ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)အား အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

**ချစ်ကိုကိုယု**

## "ဂန္ဓဝင်တင်ထိုက်တဲ့ နလုံးလှလူမိုက်"

**အမျိုးသားစာပေဆုရ– မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**(၁)**

"ဖေဖေ ဖေ့ဖေ့သူငယ်ချင်း ဇာတ်ကားပြနေတာ ...လာ ...လာ ...လာကြည့်ပါဦး"

အိပ်ခန်းထဲမှာ ဝတ္ထုတိုကို ဈာန်ဝင်စားပြီး ရေးသားနေတဲ့ ကျွန်တော့်ကို ကျွန်တော့်သားငယ်က အော်ဟစ်ပြီး ခေါ်နေတာကြောင့် အနှောင့်အယှက်ပေးတယ်အထင်နဲ့ ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။

"ငါ ...မြန်မာဇာတ်ကားတွေကို မကြည့်ချင်ဘူးလို့ ပြောထားတယ် မဟုတ်လား။ ယုတ္တိမရှိ၊ ကလိထိုးရယ်ခိုင်း၊ ရိုင်းစိုင်းတဲ့ ပြက်လုံးတွေနဲ့ ရိုက်စားလုပ်စားတွေကို ငါ ဘယ်တော့မှ အားမပေးဘူးကွ"

"ဟာ ... ဖေဖေကလဲ ဒီကားကိုတော့ ဖေဖေကြည့်ချင်မှာ သေချာတယ်။ ဖေဖေ့သူငယ်ချင်းရဲ့ ဇာတ်ကားပါဆိုနေမှ"

"ဟုတ်တယ် ဘဘ၊ ဘဘမျက်ရည်ကျနေကျကားပါ"

သားငယ်ကရော မြေးဦးကပါ ကျွန်တော့်ကို ပြန်ပြောနေကြပြီး စောဒကတက်နေကြပါတယ်။ ဒီတော့ ကျွန်တော်က ပြန်မေးလိုက်ပါတယ်။

''ဘာကားမို့လဲကွ''

''နှလုံးလှလူမိုက် ရုပ်ရှင်ကားကြီး ဖေဖေ''

''ဟော ... ဟုတ်ရဲ့လားကွ''

''**နှလုံးလှမိုက်**''ဆိုတဲ့ အသံကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် ကျွန်တော်လည်း အိပ်ခန်းအပြင်ဘက်သို့ ထွက်ခဲ့ကာ တီဗီရှေ့မှာ ထိုင်မိရက်သား ဖြစ်သွားပါတော့တယ်။

ဇာတ်ကားက တစ်ဝက်ပင်ကျော်နေလေပြီ။ ဇာတ်ကားပြီးဆုံးတဲ့အထိ ကျွန်တော် ဆက်ကြည့်နေခဲ့မိပါတယ်။ ကျွန်တော့် မိသားစုက မြန်မာရုပ်ရှင်၊ ဗီဒီယို ဇာတ်လမ်းတွေကို လုံးဝ မကြည့်ချင်အောင် စိတ်ကုန်နေတဲ့ ကျွန်တော့်ကို ''**နှလုံးလှလူမိုက်**''ရုပ်ရှင်ကိုတော့ ကြည့်နေလို့ သူတို့ချင်း လက်တို့ပြီး တီးတိုးစကားတွေနဲ့ ကျွန်တော့်ကို လှောင်ပြောင်နေကြဟန် ရှိပါတယ်။ ကျွန်တော်ကလည်း မသိချင်ယောင်ဆောင်နေခဲ့ပါတယ်။

ဇာတ်ကားပြီးဆုံးတော့ မျက်မှန်မှာ မျက်ရည်တွေ ရစ်သိုင်းနေတာကို မျက်တောင်တဖျတ်ဖျတ်ခတ်ရင်းက ကွန်ရွှေဆည်ပြီး အိပ်ခန်းထဲကို ကျွန်တော် ပြန်ဝင်ခဲ့ပါတော့တယ်။

ဒါပေမဲ့ ကျွန်တော် စာဆက်ရေးလို့ မရတော့ပါဘူး။ စောစောက ကျွန်တော် ဈာန်ဝင်စားပြီး ရေးသားနေခဲ့တဲ့ ဝတ္ထုတိုထက် ''**နှလုံးလှလူမိုက်**'' ခံစားချက်က ဖုံးလွှမ်းသွားလို့ပါပဲ။

''**နှလုံးလှလူမိုက်**''ရုပ်ရှင် မဖြစ်ခင်တည်းက ဝတ္ထုကို ဖတ်ပြီး ကျွန်တော့်ရင်ထဲမှာ စွဲငြိနေခဲ့တာပါ။ စွဲငြိတယ်ဆိုတာ သာမန်ကာလျှံကာ ပြောတာမဟုတ်ပါဘူး။ နှလုံးသားနဲ့ ခံစားပြီး ရင်နင့်ကြေကွဲစွာ ငိုကြွေးခဲ့ရလို့ပါ။ ''**မူရင်းကောင်းလို့ မိတ္တူကောင်းတာပါ**''လို့ အများသူငါပြောဆိုနေကြသလိုပဲ မူလဝတ္ထုကောင်းလို့ ရုပ်ရှင်လည်းကောင်းတာပါဆိုတဲ့ အယူအဆကို ကျွန်တော် အကြွင်းမဲ့ လက်ခံခဲ့ပါတယ်။ စာရေးဆရာ **စစ်စစ်တွေ**

ကသာ ဒီလိုခံယူထားကြမှာပါ။ စာကူးစာပြောင်း လုပ်စားရိုက်စားရေးသား နေကြတဲ့ စာရေးဆရာ အမည်ခံသူတွေကတော့ နားလည်မှာ မဟုတ်ပါဘူး။

ရုပ်ရှင်၊ ဗီဒီယိုကားတိုင်းကိုတော့ ကျွန်တော် မပြောလိုပါဘူး။ ဒါပေမဲ့ တော်တော်ခပ်များများကတော့ **"ပေါချောင်ရ"**ဇာတ်ကားတွေပဲ များနေပါတယ်။ **"ပေါချောင်ကောင်း"** မဟုတ်ဘဲ **"ပေါချောင်ရ"** လုပ်စားနေကြတာပါ။ ကျွန်တော်တို့ စာပေဟောပြောပွဲ **ခရီးထွက်တိုင်း** အဝေးပြေးခရီးသည်တင်ကားတွေပေါ်မှာ အပေါစား မြန်မာ**ဇာတ်ကားတွေကို** မကြည့်ချင်မြင်ရက်သားဖြစ်နေလို့ စိတ်ကုန်နေတာ ကြာခဲ့ပါပြီ။ ပြသူမရှက်၊ မြင်သူရှက်ရတဲ့ ပြကွက်တွေ အများကြီးပါ။

ဒါကြောင့် ကျွန်တော်က ကျွန်တော့်မိသားစုကို ကျွန်တော် နားတဲ့ အားလပ်ရက်မှာ မြန်မာဇာတ်ကား လုံးဝ မကြည့်ရ မပြရဘူး၊ ကျွန်တော် မရှိချိန်မှာ ကြည့်ချင်ရာကြည့်လို့ တားဆီးပိတ်ပင်ထားပါတယ်။ အိမ်မှာတားလို့ရပေမယ့် ကားပေါ်မှာတော့ တားလို့မရပါဘူး။ အများနဲ့တစ်ယောက်ဆိုတဲ့ သဘောအရ မျက်စိစုံမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်ပါရင်းက လက်ချိုးပြီး ဘုရားဂုဏ်တော် ကိုးပါးကို **ပုတီးစိပ်လိုက်ပါခဲ့**ရတဲ့ ခရီးစဉ်တွေ များခဲ့လှပါပြီ။

**မှတ်မှတ်ရရ** မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်မှာ မှုခင်းရှုထောင့်ဂျာနယ် ရုံးခွဲဖွင့်ပြီး ညဘက်မှာ မုတ္တမကနေ ခရီးသည်တင်ကားနဲ့ ပြန်ခဲ့ပါတယ်။ ကားထွက်ခါစမှာ ပရိတ်တရားဖွင့်ပြခဲ့ပါတယ်။ သီချင်းသုံးပုဒ်လောက်ကိုလည်း ဖွင့်ပြခဲ့ပါတယ်။

ပြီးတော့မှ ထုံးစံအတိုင်း **မြန်မာရုပ်ရှင်ကား** ပြသဖို့ တာစူနေခဲ့ပါတယ်။ ကျွန်တော်လည်း မျက်စိမှိတ်ပြီး **ဘုရားဂုဏ်တော်**ကိုးပါးကို လက်ချိုးပြီး ပုတီးစိပ်လိုက်ပါဖို့ပြင်လိုက်ပါတော့တယ်။ ဒါပေမဲ့ ကျွန်တော် မျက်စိမမှိတ်နိုင်တဲ့အပြင် ပုတီးလည်း မစိပ်နိုင်အောင် ကျွန်တော့်ကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ရုပ်ရှင်ကားကြီးကို စတင်ပြသနေလေတော့ ကျွန်တော့်အမိဋ္ဌာန်ကို ဖျက်လိုက်ရပါတော့တယ်။

ဘာကြောင့်လဲဆိုရင် **"နှလုံးလှလှမိုက်"**ဇာတ်ကားဖြစ်နေလို့ပါ။

မိုးကလည်း တဖွဲဖွဲရွာနေပါတယ်။ တစ်ကားလုံးမှာရှိတဲ့ ခရီးသည်အားလုံးဟာ ဇာတ်ကားထဲမှာ နစ်မျောပြီး ပါလာခဲ့ကြပါတယ်။ တစ်ချို့တွေလက်ကိုင်ပဝါတွေနဲ့ မျက်ရည်သုတ်သူက သုတ်၊ ဣန္ဒြေဆည်ပြီး နှာခေါင်းတရှုံ့ရှုံ့နဲ့ ငိုမဲ့မဲ့ဖြစ်နေသူက ဖြစ်နေ။ တစ်ကားလုံးမှာပါတဲ့ ခရီးသည်တွေကြေကွဲဝမ်းနည်းနေကြပါတယ်။

အဲဒီ အထဲမှာ ကျွန်တော်လည်း အပါအဝင်ပါ။ ကျွန်တော်ကိုယ်တိုင်ပင် မျက်ရည်သုတ်၊ နှာခေါင်းရှုံ့ပြီး မချိတင်ကဲ ခံစားခဲ့ရပါတယ်။ **အကယ်ဒမီရွှေစင်ရုပ် ငါးဆုချည်းများတောင်** ရခဲ့တဲ့ ဇာတ်ကား**ကြီးဆိုတော့လည်း**ဒီလိုပဲ **ခံစားကြ**ရတာကို စာနာမိပါတယ်။ ဘီးလင်းမှာ **ထမင်းစားဖို့** ကားရပ်**နားလို့** ကားပေါ်မှ ဆင်းလာကြသူချင်းကိုကြည့်လိုက်**ကြတော့** မျက်စိတွေရဲ၊ **နှာခေါင်း**တွေ နီနေကြတာကို အလိုလို **သိလိုက်ကြရပါတယ်**။

"ဩော် ... တော်တော် ဆွဲဆောင်မှုရှိပါလား **"နှလုံးလှလှမိုက်"** ရယ်လို့ပဲ ကျွန်တော့်စိတ်ထဲက မှတ်ချက်ချလိုက်ပါတော့တယ်။

ယခုလည်း ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးပြီးခါနီး တပ်မတော်နေ့အကြိုအဖြစ် **"နှလုံးလှလှမိုက်"** ရုပ်ရှင်ဇာတ်ကားကြီးကို ပြသပြန်ပေရာ ပြန်လည်ခံစားခဲ့ရလေပြီ။

ပြည်သူ့လွှတ်တော် အစည်းအဝေးကြီးမှာ နိုင်ငံတော် သမ္မတကြီးကအဂတိတရား ကင်းရှင်းရေး လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးကို အလေးထား မြွက်ကြားသွားလေရာ **"နှလုံးလှလှမိုက်"** ဇာတ်ကားကြီးနဲ့လိုက်ဖက်လှပါပေတယ်။

ဇာတ်ဆောင်တရားသူကြီး ဦးသိန်းကျော်ရဲ့ **"ဥပဒေဆိုတာ ငိုလို့ရယ်လို့ မရပေမယ့် နှလုံးသားဆိုတာကတော့ ငိုရမယ့်အချိန်မှာ ငိုမှာပဲ၊ ရယ်ရမယ့်အချိန်မှာ ရယ်မှာပဲ"**ဆိုတဲ့ စကားဟာ အတော်ပဲ လေးနက်ထိရောက်လှပါတယ။ ရှေ့နေစာရေးဆရာ ချစ်ကိုကိုယုရဲ့ ပြောင်မြောက်လှတဲ့ ရေးသားခြယ်မှုန်းတင်ပြချက်ပင် မဟုတ်ပါလား။

**"နှလုံးလှလှမိုက်"** အကယ်ဒမီ ငါးဆုရ ရုပ်ရှင်ကားကြီးကို နေကြီးရက်ကြီးတွေနဲ့ အကယ်ဒမီပေးခါနီးတိုင်း အခါအားလျော်စွာ ပြသနေပါတယ်။ မြန်မာလိုရော အင်္ဂလိပ်လိုပါ ပြသနေတာပါ။ သိပ်ကို လေးနက်နေတဲ့ သဘောဆိုတာ သိသာလှပါတယ်။

ဒါဟာ ဘာကြောင့်လဲ။

ရှင်းရှင်းလေးပါ။ ဂန္ထဝင်တွင်နေလို့ပါ။

မြန်မာစာအဘိဓာန်မှာ **"ခေတ်အဆက်ဆက် မှတ်တမ်းတင်ထားရတဲ့ စာပေကို ဂန္ထဝင်"**လို့ ဖွင့်ဆိုထားပါတယ်။

ကျွန်တော့်သူငယ်ချင်း အကောက်အခွန်အရာရှိ ကဗျာဆရာ ဝေယံမြင့်(ဘိုကလေး)က **"ဂန္ထဝင်ဆိုတာ ရင်ထဲမှာတင် ကျန်ခဲ့ရင် ဂန္ထဝင်ပါပဲ"** လို့ အရပ်စကားနဲ့ ကျွန်တော့်ကို ပြောခဲ့ဖူးလို့ ကျွန်တော်နဲ့ တစ်ထပ်တည်းဖြစ်နေပါတယ်။ ကျွန်တော့် ခံယူချက်ကလည်း ဒီသဘောပါပဲ။

မြန်မာရုပ်ရှင်လောကမှာ အကယ်ဒမီ ငါးဆုရခဲ့တဲ့ **"နှလုံးလှလှမိုက်"** ရုပ်ရှင်ဇာတ်ကားကြီးဟာ **"ဂန္ထဝင်"** ဖြစ်နေပါပြီ။

သည်လိုဆိုရင် မူရင်းဝတ္ထုဖြစ်တဲ့ **"နှလုံးလှလှမိုက်"**ကကော **"ဂန္ထဝင်"** မတင်ထိုက်ဘူးလား။ တင်ထိုက်ပါတယ်။ တင်ထိုက်တယ်ဆိုတာကို ကျွန်တော် သရုပ်ခွဲပြီး ဖော်ထုတ်ပြသလိုပါတယ်။

စာပေလောကမှာ **"ချစ်ကိုကိုယု (နှလုံးလှလှမိုက်)"**ရယ်လို့ပဲ အသိအမှတ်ပြုပြောဆိုနေကြပါပြီ။ ချစ်ကိုကိုယုဆိုရင် နှလုံးလှလှမိုက်က တွဲပါနေရပါပြီ။ အဖြေကတော့ စဉ်းစားကြည့်ရင် ရှင်းနေပါတယ်။

(၂)

"ဆရာ **"နှလုံးလှလှမိုက်"** အဆက် နှလုံးလှလှမိုက် အမှတ် (၂)ရှိရင် ငှားပါ။ ကျွန်မ ဖတ်ချင်လို့ပါ။ အိမ်က သမီးကလဲ ဖတ်ချင်လို့ပူဆာနေပါတယ်။ ဘေးအိမ်တွေကလဲ သိချင်နေကြပါတယ် ဆရာ"

"ဟုတ်ပါတယ်ဆရာ၊ ဆရာ့ဆီမှာ မရှိရင်လဲ ဆရာ့သူငယ်ချင်းဆရာချစ်ကိုကိုယုဆီက ငှားပေးပါဆရာ၊ ဒါမှမဟုတ် ဝယ်ပါ့မယ်"

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မှူခင်းရှထောင့်ဂျာနယ်ရုံးခွဲ တာဝန်ခံ ကိုမိုးတို့ဇနီးမောင်နှံက ကျွန်တော့်ထံ ရောက်လာပြီး နားပူနားဆာ လုပ်နေကြလေရော ကျွန်တော်က ပြုံးပြီး ပြန်မေးလိုက်ပါတယ်။

''ဘာလဲ၊ မင်းတို့က နလုံးလှလှမိုက် ရုပ်ရှင်ကားကြီးကို ကြည့်ပြီး အောင်ဒွေးသေဒဏ်ကျခံရသလား၊ သေဒဏ်က လွတ်သလားဆိုတာ သိချင် နေကြတာ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ''

''အဲဒီဇာတ်ကားကို တော်တော်ပဲ သဘောကျနေကြသလား''

''သဘောကျရုံမကဘူးဆရာ စွဲနေလို့ နှစ်သက်လက်ခံနေကြလို့ အဲဒီအခွေကို ဝယ်ပြီး အိမ်မှာ သိမ်းထားတာပါ။ စိတ်ထဲမှာ ဘဝင်မကျတာ ကြုံရင် နလုံးလှလှမိုက် ဖွင့်ကြည့်နေကြတာပါဆရာ''

''ကလင် ... ကလင် ... ကလင်''

သူတို့ ဇနီးမောင်နှံနဲ့ စကားကောင်းနေစဉ်မှာပဲ တယ်လီဖုန်းသံက မြည်လာလို့ ကျွန်တော် ကောက်ကိုင်လိုက်ပါတယ်''

''ဟဲလို ... ဩော် ... ကိုအောင်မြင့်လား''

''ပြော ... ဘာထူးခြားလို့လဲ''

''ဩော် ...ဘာ နလုံးလှလှမိုက် ...အဆက် ...ဟုတ်လား။ အေးပါ ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်၊ စိတ်ချပါ''

လှိုင်မြို့နယ်က မှုခင်းရှထောင့်ဂျာနယ်ရုံးခွဲ တာဝန်ခံ ဦးအောင်မြင့် ကလည်း သူ့ နှမ အပျိုကြီးတွေက **''နလုံးလှလှမိုက်''** ဇာတ်ကားကြည့်ပြီး အောင်ဒွေးကို သေဒဏ်ပေးလိုက်တာကို ချုံးပွဲချငိုကြွေးနေလို့ သူက အောင်ဒွေးမသေပါဘူး။ အဆက် ရှိပါတယ်လို့ ဖျောင်းဖျနားချထားရကြောင်း ဝတ္ထုအဆက်ကို ရှာပေးပါမယ်လို့ ကတိပေးထားတာမို့ ကျွန်တော့်ဆီကို အကူအညီတောင်းရတာပါလို့ ရှင်းပြပါတယ်။

ကျွန်တော်က ဦးအောင်မြင့် ဖုန်းဆက်ရတဲ့အကြောင်းကို ကိုမိုးတို့ ဇနီးမောင်နှံကို ရှင်းပြလိုက်ရပါတယ်။ တိုက်ပဲတိုက်ဆိုင်လွန်းတော့တယ်။

နှလုံးလှုလှူမိုက်ကို ကြိုက်နှစ်သက်ကြသူတွေရဲ့ ဂယက်က ကျွန်တော့်ကို ရိုက်ခတ်လာခဲ့ပါတော့တယ်။

''နှလုံးလှုလှူမိုက်ကတော့ ငါ့ကို ဒုက္ခပေးနေပြီဟေ့။ ကိုယုကိုပဲ ငါ က ဆက်ပြီး အကူအညီတောင်းခံရတော့မယ်။ မင်းတို့အတွက်လဲ ရအောင် လုပ်ပေးပါ့မယ်ကွာ''

''မြန်မြန်လေး ...လုပ်ပေးပါဆရာ''

''**အေးပါကွာ** ... ကဲ ... ကဲ ... စိတ်ချသာ ပြန်ကြပေတော့''

**အလုပ်များနေရ**တဲ့ကြားထဲ နားပူနားဆာလုပ်ပြီး အပူကပ်နေကြလို့ ကျွန်တော်က တောင်းပန်ပြီး ပြန်ခိုင်းလိုက်ရပါတော့တယ်။

(၃)

ကျွန်တော် မနေသာတော့ဘဲ ဆရာချစ်ကိုကိုယုကို ရှင်းပြအကူအညီ တောင်းခံခဲ့ရပါတယ်။

ဒီတော့မှ ကျွန်တော့်အကူအညီက သူ့အကူအညီ ပြန်ဖြစ်သွားရပါ တော့တယ်။

အဖြစ်က သည်လိုပါ။

''နှလုံးလှုလှူမိုက် (၁) (ရုပ်ရှင်)က (၁၀)နှစ်ကျော်သွားပြီ။ နှလုံးလှု လှူမိုက် (၂)ကလဲ (၃)နှစ် ကျော်သွားပြီ။ ကျွန်တော့်မှာလဲ ငွေကြေးအဆင် ပြေတုန်းမှာ (၁)နဲ့ (၂)ကို တစ်အုပ်တည်း စုစည်းထုတ်ဝေချင်ပါတယ်။ **စာချစ်သူတွေရဲ့** ရင်ထဲမှာ တသသဖြစ်နေတုန်းမှာ အမှတ်တရအဖြစ် ပြန် **ထုတ်ချင်ပါတယ်**။ မျက်နှာဖုံးကိုလဲ ကွန်ပျူတာတွေနဲ့ မလုပ်ချင်ဘူး။ ဆရာ ပန်းချီမောင်မောင်သိုက်နဲ့ အပ်မယ်။ ဒီတော့ ဆရာက အဲဒီစာအုပ်ကို စီစဉ် တည်းဖြတ်ပေးပါ။ အမှာစာလဲ ရေးပေးပါ။ ဆရာ့ကို ကျွန်တော် ယုံကြည် စိတ်ချလို့ အပ်ပါတယ်။

ဆရာချစ်ကိုကိုယုက အဲဒီလို အကူအညီတောင်းခံလာလေရာ ကျွန်တော့်မှာ ကိုယ်အတတ်နဲ့ ကိုယ်စူးနေရလေပြီ။

ကျွန်တော်က ကျွန်တော့် မဂ္ဂဇင်းမှာ ရေးသားနေသူများရဲ့ လုံးချင်း

များကို စီစဉ်သူအဖြစ် ကျွန်တော် နာမည်မခံဘဲ စာအုပ်ဖြစ်အောင် စီစဉ်ပေးနေခဲ့သည်မှာ (၁၀)အုပ်ကျော်နေလေပြီ။ တချို့ဆိုလျှင် လူအားသာမက ငွေပါ စိုက်ထုတ်ကျခံခဲ့ရသည်များလည်း ရှိခဲ့ပါတယ်။

ဒါကို သိနေသော ဆရာချစ်ကိုကိုယုက ကျွန်တော့်ကို အပိုင်ကိုင်လိုက်လေပြီ။ ကျွန်တော် စွဲလမ်းတမ်းတ နှစ်ခြိုက်နေတဲ့ နှလုံးလှလှမိုက် ဝတ္ထုကို ကျွန်တော်ကပဲ စီစဉ်သူအဖြစ် ပြန်လည်ထုတ်ဝေဖို့နဲ့ အမှာစာရေးပေးဖို့ အကူအညီတောင်းခံနေလေရာ ကျွန်တော် မလွှဲမရှောင်သာဘဲ ကူညီဖို့ လက်ခံခဲ့ရပါတော့တယ်။

(၄)

"**နှလုံးလှလှမိုက်**" (၁)ကို ကွန်ပျူတာရိုက်ပြီး ကျွန်တော်က ပြန်လည်စိစစ်ခဲ့ပါတယ်။ ပရုဖ်ဖတ်ရင်းက စာတစ်ကြောင်းချင်း ဝါကျတစ်ခုချင်း စကားလုံးတစ်လုံးချင်းကို အသေးစိတ် ဖတ်ရှုရတာပါ။

ကျွန်တော်တို့ စာရေးခါစမှာ "**စု၊ တု၊ ပြု**" ထုံးကို နှလုံးမူပြီး ကြိုးစားခဲ့ရတာပါ။ ဝတ္ထုတစ်ပုဒ်ကို ပထမဆုံးအကြိမ် ဖတ်တဲ့အခါ ခံစားချက်ကို ဦးစားပေး ဖတ်ရှုကြရပါတယ်။ ဒုတိယအကြိမ် ဖတ်ရှုတဲ့အခါမှာတော့ စာရေးဆရာ၊ ဆရာမရဲ့ ရေးဟန်(စတိုင်လ်)၊ ဇာတ်ကွက်ချဟန်၊ အစ၊ အလယ်၊ နိဂုံး အားလုံး ဟန်ချက်ညီအောင် တွေးခေါ်ရေးသားထားပုံတွေကို လေ့လာအကဲခတ်ပြီး သဘောကျရင် တုပရေးသားကြရပါတယ်။ စံနမူနာ ယူခဲ့ကြရပါတယ်။

အလွမ်းဝတ္ထုတော်တော်များများဟာ ဝါကျကို ရှည်ရှည်ရေးပြီး "**လေသည်**"နဲ့ ဝါကျတို အဆုံးသတ်လေ့ရှိကြပါတယ်။

အခု ဆရာချစ်ကိုကိုယုရဲ့ ရေးဟန်က စာရေးဆရာ/ ဆရာမတိုင်း ရေးသားနိုင်ခဲတဲ့ ဝါကျအတိုလေးတွေပါ။ ကျွန်တော်တို့ ငယ်ငယ် ဆယ်တန်းကျောင်းသားဘဝက ဆရာသိပ္ပံမောင်ဝရဲ့ ဝတ္ထုဆောင်းပါးတွေကို သင်ကြားခဲ့ကြရတော့ ဆရာသိပ္ပံမောင်ဝရဲ့ ဝါကျတိုတိုလေးတွေ ရေးတဲ့ရေးဟန်ကို အားကျအတုယူပြီး ရေးသားဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမဲ့ မအောင်မြင်

ခဲ့ပါဘူး။ တကယ်ရေးကြည့်မှ ခက်ခဲတယ်ဆိုတာကို သိခဲ့ရပါတယ်။

အဲဒီအခက်အခဲကို ဆရာချစ်ကိုကိုယုကတော့ ထမင်းစားရေသောက် သဘောမျိုး လွယ်လွယ်ကလေး ရေးသားနေတာပါ။ ဝါကျရှည်မဟုတ်ဘဲ ဝါကျတိုလေးတွေနဲ့ လွမ်းစရာကို လွမ်းစရာကောင်းအောင်၊ ရင်ထဲမှာထိ ရှသွားအောင် ရေးသားနိုင်စွမ်း ရှိပါတယ်။

ပြီးတော့ သူက ဆောင်းပါးပဲရေးရေး၊ ဝတ္ထုတို/ ရှည်ပဲ ရေးရေး အခန်းကူး/ပြောင်း အဆုံးသတ်နဲ့ တစ်ပုဒ်လုံးရဲ့ နိဂုံးမှာ စာဖတ်သူကို ပဟေဠိ ဆန်ဆန် လှည့်ကွက်မြှုပ်ကွက်လေးတွေနဲ့ သိချင်ဇောကိုမျှောထားပြီးမှ ဟာခနဲ ဟင်ခနဲ ဖြစ်အောင်၊ ဩော်ဒီလိုပါလားလို့ ကျေနပ်သဘောကျသွား အောင်၊ စကားလုံးတစ်လုံးတည်းနဲ့ ဝါကျတိုလေးနဲ့ နိဂုံးချုပ်မှာ ဖော်ထုတ် ပြသလေ့ရှိပါတယ်။

အဲဒီရေးဟန်ဟာ ဆရာချစ်ကိုကိုယုရဲ့ ကိုယ်ပိုင်ဟန် ကိုယ်ပိုင် စတိုင်လ်ပါပဲ။ သူ့လိုရေးဟန်ကို ကျွန်တော်တွေ့ရခဲပါတယ်။ ဒါကိုမှ ပြစ်တင် စကားပြောဆိုကြရင်လည်း ကျွန်တော် ညံ့လို့ပါ၊ လေ့လာမှုအားနည်းလို့ပါလို့ ကျွန်တော် ဝန်ခံရပါတယ်။

ဒါက ဆရာချစ်ကိုကိုယုရဲ့ စာရေးသားတင်ပြပုံကို ပြောပြတာပါ။

**"နှလုံးလှလှမိုက်(၁)"** ကို ဝတ္ထုအနေနဲ့ ဖတ်ပြီးကြသလို ရုပ်ရှင် အနေနဲ့လည်း ကြည့်ပြီးကြလို့ ကျွန်တော် အကျယ်မညွှန်းဆိုလိုပါဘူး။ အချို့ ပေါ်မှာ သကာလောင်းစရာလည်း မလိုတော့ဘူးလို့ ယူဆပါတယ်။

ဒါပေမဲ့ ဆရာချစ်ကိုကိုယုရဲ့ အယူအဆတွေထဲက ကျွန်တော် သဘောကျတာလေးတွေကိုတော့ ဖော်ထုတ်ပြချင်ပါတယ်။ ကျွန်တော့်ရင် ထဲမှာ ထိရှနေတဲ့ နှလုံးသားခံစားချက်တွေပါ။

အောင်ဒွေးရဲ့ မရီး ဒေါ်ခင်ထားထားက စိန်လက်စွပ် သူခိုးရယ်လို့ စွပ်စွဲလို့ အောင်ဒွေးက မခံမရပ်နိုင်ဖြစ်ပြီး ပြန်လည်တုံ့ပြန်မှာစိုးရိမ်နေတဲ့ မိခင်ကြီး ဒေါ်ဝိုင်းစိန်က အချိန်မီ ထိန်းသိမ်းတဲ့အနေနဲ့ အောင်ဒွေးရဲ့ပါးကို ရိုက်လိုက်တဲ့အခါမှာ **"အမေရယ် တစ်ခါဖူးမျှ လက်ဖျားလေးနဲ့တောင်**

**မတို့ထိဖူးဘဲနဲ့ ရိုက်မယ့်ရိုက်တော့ အမေညအိပ်ရာဝင်တိုင်း နမ်းနေတဲ့ ပါးကိုမှ**''လို့ အောင်ဒွေးက မချိတင်ကဲ ပြန်ပြောတဲ့ စကားလုံးပါ။ သားအမိနှစ်ဦးရဲ့ ရင်နှင့်ကြေကွဲစရာဖြစ်ရပ်က စာထဲမှာပဲ ရုပ်လုံးပေါ်နေလို့ စာဖတ်သူတွေရဲ့ ရင်ထဲမှာ လှိုက်ခါသွားမှာ သေချာပါတယ်။ ကျွန်တော့်ရင်ထဲမှာတော့ မြေငလျင်တစ်ခုပမာပါ။

အမှတ် (၁)ထဲမှာပဲ သားကြီးရဲ့ ကျောက်ကပ်ကို အစားထိုးကုသဖို့ ဗျာများနေတဲ့ မိခင်ဒေါ်ဝိုင်းစိန် စိတ်ချမ်းသာရေးအတွက် ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ မိခင်ကြီးစိတ်ချမ်းသာဖို့ အစ်ကိုကြီးအသက်ချမ်းသာဖို့အတွက် ''**ကျောက်ကပ်တစ်လုံးမဟုတ်ဘူး၊ နှစ်လုံးစလုံး သားပေးမယ်**''လို့ အောင်ဒွေးက မိခင်ကြီးကို ပြောတော့ မိခင်ကြီးက ''**တစ်လုံးဆိုရင် လုံလောက်ပါတယ်၊ နှစ်လုံးစလုံး ဖြုတ်လိုက်ရင် သားငယ်သေသွားမှာပေါ့**''လို့ ဝမ်းသာမျက်ရည်တွေနဲ့ ပြန်ပြောတယ်။ ဒီတော့ အောင်ဒွေးက ''**မေမေကလဲ သားသေလို့ ဘာမှမဖြစ်ဘူး၊ အစ်ကိုကြီး အသက်ရှည်မှ အမေ့ဘဝ ချမ်းသာမှာ**''လို့ ပြန်ပြောတဲ့အခန်းဟာ ''**ကျေးဇူးကြီးလှ မိနဲ့ဖ**''သဘောမျိုး၊ မိခင်ကျေးဇူးတွေကို အကျယ်ဖွဲ့မနေဘဲ စကားလုံးတွေနဲ့ပဲ မိခင်ရဲ့ မေတ္တာနဲ့ သားရဲ့ မိဘကျေးဇူးသိတတ်တုံ့ပြန်မှုကို လှလှပပလေး ရေးသားထားတာဟာ ချီးကျူးစရာ ကောင်းလှပါပေတယ်။

ပြီးတော့ ရုပ်ရှင်နဲ့ မတူတဲ့ ဝတ္ထုထဲက အောင်ဒွေးလူသတ်မှုပါပဲ။ ကျွန်တော်ကတော့ ရုပ်ရှင်ထဲက လူသတ်မှုထက် ဝတ္ထုထဲက လူသတ်မှုက ပိုပြီး ပီပြင်ယုတ္တိရှိတယ်လို့ ယူဆပါတယ်။ တရားရုံးမှာ ရှေ့နေကြီး ဦးနက်ကျော်ရဲ့ အမှုအရာ၊ လျှောက်လဲချက်တွေကိုကြည့်ပြီး အောင်ဒွေးဘက်က စာဥအပါအဝင် အညာသားတို့တစ်သိုက်ရဲ့ မျက်နှာအမူအရာတွေကို အတက်အကျ အားပြိုင်မှုတွေပေါ်အောင် ဓာနစိတ် မှုန်းထားတာဟာ ဖလင်ကွက်နဲ့တစ်ကွက်ချင်းပေါ်လွင်အောင် ဖော်ပြသနေသလို ရေးသားထားတာမို့ ဒါဟာ ဆရာချစ်ကိုကိုယုရဲ့ စာရေးကျွမ်းကျင်မှုကို ပြသနေတာပါ။ ဝတ္ထုကို ဖတ်နေရတာနဲ့ မတူဘဲ ရုပ်ရှင်ကြည့်နေရသလို စာဖတ်သူတွေ ခံစားရအောင် ရေး

သားနိုင်စွမ်းရှိပါဘိ ဆရာချစ်ကိုကိုယုရယ်လို့သာ အမွှန်းတင်ဂုဏ်ပြုလိုက်ရပါတယ်။

အမှတ်(၁) ဇာတ်သိမ်းခန်းကတော့ **စာဖတ်သူတိုင်း မျက်ရည်ကျရ**တဲ့ အခန်းပါ။ ဝတ္ထုကိုလည်း အကြိမ်ကြိမ်ဖတ်ပြီးသား ရုပ်ရှင်ကိုလည်း ခဏခဏကြည့်ရှုပြီးသားဖြစ်နေပါရက်နဲ့ အနုပညာသဘောအရ ဖန်တီးထားမှန်းသိနေပါရက်နဲ့ အနုပညာ စာပေသမားချင်း မွေ့မွေ့ချင်း ခြေမြင်နေပါရက်နဲ့ ကျွန်တော် ရင်နင့်ပြီး မျက်ရည်စို့ရွှဲခဲ့ရပါသေးတယ်။

အောင်ဒွေးကို သေဒဏ်ချလိုက်တော့ မိခင် ဒေါ်ဝိုင်းစိန်ရဲ့ သောက၊ စာဥရဲ့ ဗျာပါဒ၊ အပေါင်းအသင်းတွေရဲ့ ကရုဏာမျက်ရည်၊ အောင်ဒွေးက မိခင်ကြီးနဲ့ အစ်ကိုကြီး၊ အစ်ကိုလတ်၊ မရီးတွေကို ကန်တော့တဲ့ အခန်းတွေ အဆုံးမှာ တရားသူကြီး ဦးသိန်းကျော်တို့ မိသားစု သူ့အသက်သခင် အောင်ဒွေးအတွက် ရင်နင့်ပြီး ရင်ထဲက ပြောတဲ့စကားပါ။

**''အမေရယ်၊ ဥပဒေဆိုတာ ငိုလို့မရပေမယ့် နှလုံးသားဆိုတာက တော့ ငိုချင်ငိုမှာပဲ၊ ရယ်ချင်ရယ်မှာပဲ။ အခုတော့ ညီလေးရဲ့ နှလုံးလှတဲ့ စေတနာမြားက သားကြီးရင်ထဲမှာ စူးနစ်ဝင်သွားပါပြီ အမေရယ်၊ နုတ်လို့ရမယ်ဆိုရင်တောင် ညီလေးရဲ့ နှလုံးလှတဲ့ စေတနာမြားကို မနုတ်ရက်ပါဘူး''**တဲ့လေ။

ဒါတွေက နှလုံးလှလှူမိုက် (၁)ထဲက ကောက်နုတ်သုံးသပ်ဖော်ပြတာပါ။ အားလုံးသိနေကြပြီးဖြစ်လို့ မထူးခြားပေမယ့် ကျွန်တော် ခံစားရတာကို ရှင်းပြရတာပါ။

လူသိနည်းပြီး တမေးတည်းမေးနေကြတဲ့ **''အောင်ဒွေး''** သေဒဏ်ကလွတ် မလွတ် သိချင်နေကြသူများအဖို့ကတော့ **''နှလုံးလှလှူမိုက်(၂)''** မှာပါလာပါပြီ။ ဆရာချစ်ကိုကိုယုဟာ ရှေ့နေစာရေးဆရာပီပီ ရှေ့နေလောကထဲက ဖြစ်ရပ်တွေနဲ့ ကြိုးမိန့်ကျခံရသူတွေရဲ့ ဖြစ်ရပ်တွေအပြင် အရက်ရဲ့ ဆိုးကျိုးသာဓကတွေနဲ့ ကြားညှပ်ပြီး ရေးသားထားသလို ဇာတ်လမ်းနဲ့ အံဝင်ခွင်ကျအောင် ဖြည့်စွက်ထားတဲ့ ဇာတ်ကွက်ချပုံကလည်း လှပသေသပ်

ကွာခြေရနေပါတယ်။

သည်နေရာမှာ ကျွန်တော်ဆိုလိုချင်တာက "**အလွန်ကောင်းနေတဲ့ ဝတ္ထုကို အဆက်အဖြစ် ထပ်ရေးရင် ငွေဖန်၊ ခွင်ဖန်တာပဲ ဘယ်တော့မှ ကောင်းရှိုးထုံးစံမရှိဘဲ မူလကောင်းနေတဲ့ ဝတ္ထုကိုတောင် ရုပ်ဆိုးပျက်ပြယ်သွားစေတယ်**"လို့ ပြောရိုးစကားတွေပါပဲ။

အဲဒီပြောရိုးစကားတွေကို ဆရာချစ်ကိုကိုယုက ချေဖျက်နိုင်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုရင် ရှေ့နေစာရေးဆရာဖြစ်နေလို့ပါပဲ။

ဒီကြားထဲမှာမှ ဝက်မကြီး မိပိုးရဲ့ ရင်နင့်ကြေကွဲစရာဖြစ်ရပ်ကို ဖတ်ရှုလိုက်ရပြန်တော့ မျက်ရည်ဝဲကြရပြန်ပါတယ်။ ဒေါ်ပိုင်းစိန်က သားခွဲခါစအရွယ်ကတည်းက မွေးမြူခဲ့တဲ့ ဝက်မလေး မိပိုးကို သံယောဇဉ်ကြီးပုံ၊ ဝက်မလေးဘဝမှ ဝက်မကြီးဘဝအထိ လူစကားကို နားလည်နေတဲ့ မိပိုးကို မခွဲနိုင် မခွာရက်ဖြစ်နေပုံ၊ ဒါပေမဲ့ ဦးသိန်းကျော်ရဲ့ သင်တန်းစရိတ်အတွက် ငွေလိုလို့ သားသတ်သမားတွေကို မရောင်းချင်ဘဲ ရောင်းချရာမှာ မိပိုးက သားသတ်သမားတွေ ဆွဲခေါ်တာ မလိုက်ပုံ၊ မလိုက်လို့ မဝယ်တော့ဘူးဆိုပြီး ပြန်ပေးတော့ ဒေါ်ပိုင်းစိန်က မိပိုးရဲ့ ကျောပြင်လေးကို ကြင်နာယုယစွာ ပွတ်သပ်ပြီး တိုးတိုးကလေး ချော့မော့ပြောပြလိုက်တဲ့အခါမှာ မိပိုးခမျာ ဝက်သတ်သူတွေရဲ့ နောက်ကို ရှောရှောရှူရှူ လိုက်သွားရပုံတွေဟာ လူသားချင်း မဆိုထားဘိ တိရစ္ဆာန်ကိုပင် သနားကြင်နာအောင် ဖွဲ့ဆိုသီကုံး ခြယ်မှုန်းတတ်ပါလား ဆရာချစ်ကိုကိုယုရယ်လို့ တဖွဖွ တသသနဲ့ ဂုဏ်ပြုအမွှန်းတင်လိုက်ရပါတယ်။

အောင်ဒွေး သေဒဏ်အမိန့်ကလျော့၊ ထောင် (၁၀)နှစ်ကျ၊ လွတ်လာ၊ စာဥနဲ့ ကလေးကိုတွေ့ကြ၊ ဝမ်းသာကြည်နူးပျော်မြူးနေချိန်မှာ သားဇောနဲ့ လှုပ်ရှားရုန်းကန်ခဲ့ရတဲ့ ဒေါ်ပိုင်းစိန်ခမျာ ရောဂါရ။ ဆေးရုံရောက် ကွယ်လွန်ချိန်မှာ သားကြီးနဲ့ သားလတ်တို့ မိသားစုရောက်ရှိလာကြ။ မြေးလေးကို ရှင်မပြုခင် ကွယ်လွန်သွားလို့ ငိုကြွေးကြတဲ့အချိန် စာဖတ်သူစာနာသူတိုင်း မျက်ရည်ရစ်ဝိုင်းကြမှာ သေချာပါတယ်။

မိခင်ကြီးရဲ့ အလောင်းကိုကြည့်ပြီး ရင်ထဲမှာ မချိတင်ကဲ ကြေကွဲသွားတဲ့ သားကြီး ဦးသိန်းကျော်ဟာ အရင်က ရင်ထဲကပဲ ပြောကြားခဲ့တဲ့စကားကို အခုတော့ နှုတ်နဲ့ ဖွင့်ဟလိုက်ပါတော့တယ်။

"အမေရယ်၊ သားကြီးကို ခွင့်လွှတ်ပါ။ ဥပဒေဆိုတာ ငိုလို့ရယ်လို့မရပေမယ့် နှလုံးသားဆိုတာကတော့ ငိုရမယ့်အချိန် ငိုမှာပဲ။ ရယ်ရမယ့်အချိန်မှာရယ်မှာပဲ။ ညီလေးအောင်ဒွေးရဲ့ နှလုံးလှုတဲ့ စေတနာများက သားကြီးရင်ထဲမှာ စူးနစ်ဝင်နေတုန်းပါ အမေ။ အခုတော့ အမေ့ရဲ့သန့်စင်မွန်မြတ်တဲ့ မိဘမေတ္တာများတစ်စင်းက သားကြီးရဲ့ ရင်ကို မှန်နေပါပြီ အမေရယ်။ ညီလေးရဲ့ နှလုံးလှုတဲ့ စေတနာများနဲ့ အမေရဲ့ မေတ္တာများ နှစ်စင်းစလုံးကို သားကြီးအနေနဲ့ တမလွန်အထိ သယ်ဆောင်သွားမှာပါ"လို့ ပြောလိုက်တဲ့ စကားတွေဟာ နှလုံးလှုလှူမိုက်ဝတ္တုရဲ့ အထွတ်အထိပ်ဆိုရင် မမှားပါဘူး။

ဒုတိယတွဲ အမှတ် (၂)မှာလည်း ကျွန်တော် မျက်ရည်ဝဲကြေကွဲခံစားခဲ့ရတာ အမှန်ပါ။ လုပ်ကြံပြီး ပြောနေတာမဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲမှာ ကြေကွဲပြီး ငိုကြွေးခဲ့ရတာကို မရှက်မကြောက် ဝန်ခံနေတာပါ။ အနုပညာစာပေနဲ့ ပတ်သက်လို့ ရှက်ကြောက်စရာ မလိုဘဲ ခံစားရတာကို အမှန်ဖွင့်ဟဝန်ခံတာပါ။

စေတနာအရရော၊ တာဝန်တစ်ရပ်အနေနဲ့ပါ ကျွန်တော် စီစဉ်ဖတ်ရှုနေရလေတော့ မျက်ရည်လွယ်တဲ့ ခံစားလွယ်တဲ့ ကျွန်တော်ဟာ နှလုံးလှုလှူမိုက်ကြောင့် နှလုံးရောဂါရမှာကိုတောင် စိုးရိမ်လာရပါတယ်။

တကယ်တော့ ဆရာချစ်ကိုကိုယုရဲ့ နှလုံးလှုလှူမိုက် (၁)နဲ့ (၂) နှစ်အုပ်ပူးတွဲပြီး ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် အဓိက ဇာတ်လိုက် အောင်ဒွေးနဲ့ မိခင်ကြီး ဒေါ်ဝိုင်းစိန်ကို ဇာတ်ဆောင် ဦးသိန်းကျော်နဲ့ ဇနီး ဒေါ်ခင်ထားထား၊ အောင်ကိုလတ်နဲ့ ဇနီး သဇင်နွယ်၊ စာဥနဲ့ သားသောင်းစိန်၊ အညာသားနဲ့ဇနီး မအေးချစ်၊ ချက်ပု။ ငတိ၊ မောင်စိုး၊ စံတုတ်နဲ့ ညိုကြီး၊ ဦးလှအောင်နဲ့ ဇနီး ဒေါ်သောင်းသောင်းတို့က ဝန်းရံပြီး ရုပ်လုံးကြွအောင် သီကုံးဖွဲ့နွဲ့ထားတာပါ။ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်နေပြီး ရသကိုးပါးနဲ့

ပြည့်စုံနေပါတယ်။

**သိင်္ဂါရသ**= ချစ်ခင်မှု။ **ဟာဿရသ**=ရယ်ရွှင်မှု။ **ကရုဏာရသ**= သနားမှု။ **ရုဒ္ဒရသ**=ကြုမ်းကြုတ်ခက်ထန်မှု။ **ဝီရရသ**= ရဲရင့်မှု။ **ဘယာနက ရသ**= ကြောက်ရွံ့မှု။ **ဝိဘစ္ဆရသ**=စက်ဆုပ်မှု။ **အဗ္ဘုတရသ**= အံ့သြမှု။ **သန္တရသ**= တည်ငြိမ်အေးချမ်းမှု။

"**ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊** ရဲဝံ့၊ အံ့သြ၊ **နေ့ာအရသာ**" ဆိုတဲ့ ရသကိုးပါးပေတံနဲ့ တိုင်းတာကြည့်ကြစေချင်ပါတယ်။ ရသကိုးပါးနဲ့ လွတ်ကင်းတာ လုံးဝ မရှိပါဘူး။

ဒါ့အပြင် စာရေးသားမှု အတတ်ပညာနဲ့ ပတ်သက်လို့ စာရေးနည်း အခြေခံလေးမျိုးဖြစ်တဲ့ "**သရုပ်ဖော်ရေးနည်း**" "**ဖြစ်စဉ်ပြရေးနည်း**" "**ဖွင့်ဆိုရှင်းပြရေးနည်း**"နဲ့ "**ကြောင်းကျိုးပြရေးနည်း**"တွေနဲ့လည်း ကိုက်ညီနေပါတယ်။

နှလုံးလှလှမိုက်ဟာ ဖတ်လို့ရှင်းလင်းအောင်ရေးသားဖွဲ့ဆိုပြီး ဒေါသ လွတ်ကင်းမှုဆိုတဲ့ "**ပသာဒဂုဏ်**"၊ ကျစ်လျစ်သိပ်သည်းလေးနက်မှုရှိတဲ့ "**သြဇဂုဏ်**"၊ ပြေပြစ်ချိုသာနာပျော်ဖွယ်ရှိတဲ့ "**မဓုရတာဂုဏ်**" ၊ သက်မဲ့ကို သက်ရှိဟန်တင်စားမှု၊ မရှိသည်ကို ရှိသလို တင်စားမှုဆိုတဲ့ "**သမာဓိဂုဏ်**"၊ အသံညီမျှမှုရှိတဲ့ "**သမတာဂုဏ်**" ဆိုတဲ့ ဂုဏ်ငါးပါးနဲ့ အညီ ဂုဏ်မြောက်အောင် ရေးဖွဲ့ထားတဲ့ ဝတ္ထုဖြစ်ပါတယ်။

ဒါကြောင့်လည်း ဆရာချစ်ကိုကိုယုကို "**ချစ်ကိုကိုယု (နှလုံးလှ လှမိုက်)**" ရယ်လို့ ဂုဏ်ပြုအမွှန်းတင် ပြောဆိုနေကြတာပါ။

စာပေလောကမှာ စာရေးဆရာနဲ့ သူ့ရဲ့ ထူးခြားထူးချွန်ပြောင်မြောက်တဲ့ စာပေလက်ရာကို တွဲမြင်ထားကြတာတွေ ရှိပါတယ်။ "**မှာတော်ပုံ**" **နဲ့တွဲပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း**။ "ဘော" **နဲ့တွဲပြီး** "**ဆရာ မောင်ထင်**"။ "ကိုဆေးရိုးမကျည်းတန်"နဲ့တွဲပြီး "**ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း**" "**ဗေဒါလမ်း**" ကဗျာနဲ့တွဲပြီး "**အမျိုးသား**

**စာဆိုကြီး ဆရာဇော်ဂျီ'' ''ပျဉ်းမငုတ်တို'' ''ဖိုးမောင်လာပြီ''နဲ့တွဲပြီး ''ဆရာကြီးမင်းသုဝဏ်'' ''တက်ခေတ်နတ်ဆိုး'' ''အရှေ့ကနေဝန်းထွက်သည့်ပမာ''နဲ့တွဲပြီး ''ဆရာကြီး ဦးသိန်းဖေမြင့်'' ''ဘဝတစ်သက်တာမှတ်တမ်းများ''နဲ့တွဲပြီး ''ဆရာကြီး ရွှေဥဒေါင်း'' ''ဗုဒ္ဓစာပျန်းချို''နဲ့ တွဲပြီး ''ဆရာကြီးငွေဥဒေါင်း'' ''အမေနေ့'' ''မေတ္တာသုတ်'' ''ရဟန်းစားရသောဆွမ်းတစ်နပ်''နဲ့တွဲပြီး ''ဆရာကြီး ဦးသုခ'' ''ကိုတံငါနဲ့ တွဲပြီး ဆရာကြယ်နီ'' ''မွေး''နဲ့ တွဲပြီး ''ဆရာမကြီး ခင်နှင်းယု'' ''သွေး''နဲ့ တွဲပြီး ''ဆရာမကြီး ဂျာနယ်ကျော်မမလေး'' ''ထောင်နဲ့ လူသား'' ''လှောင်ချိုင့်ထဲက ငှက်ငယ်များ''နဲ့ တွဲပြီး ''ဆရာကြီး လူထုဦးလှ'' ''ပြည်သူချစ်သော အနုပညာရှင်များ''နဲ့တွဲပြီး ''ဆရာမကြီး လူထုဒေါ်အမာ'' ''ပန်းမြိုင်လယ်ကဥယျာဉ်မှူး''နဲ့တွဲပြီး ''ဆရာလယ်တွင်းသားစောချစ်'' ''သူ့ကျွန်မခံပြီ'' ''သူငယ်ချင်းလိုပဲ ဆက်လို့ခေါ်မည်နိုင်''နဲ့တွဲပြီး ''ဆရာတက္ကသိုလ်ဘုန်းနိုင်'' ''လက်ာဒီပချစ်သူ''နဲ့တွဲပြီး ''ဆရာချစ်ဦးညို'' ''အရိန္ဒမာသိပါသည်'' ''သောကခြေရာကဗျာများ'' နဲ့တွဲပြီး ''ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)'' ''ပင်လယ်ပြာနဲ့ အိုတံငါ'' နဲ့တွဲပြီး ''ဆရာမောင်ဆုရှင်'' ''လေရူးသုန်သုန်'' ''စစ်နှင့်ငြိမ်းချမ်းရေး'' ''ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်''နဲ့တွဲပြီး ''ဆရာကြီး မြသန်းတင့်''**တို့ကို စာဖတ်သူတိုင်း စာနာသူတိုင်းက တွဲပြီး မြင်နေခဲ့ကြပါတယ်။ ကျွန်တော် ဒီစာရေးနေချိန်မှာ စိတ်ထဲမှာ အမှတ်ရလွယ်တာတွေကို ရွေးပြီး သာဓက ဆောင်ပြတာပါ။ စာပေလောကမှာ ထူးချွန်စံတင်၊ ဂုဏ်ဝင်မြောက် စာရေးဆရာ၊ ဆရာမ မြောက်မြားစွာ ရှိနေပါသေးတယ်။ (ကျန်ခဲ့သူများနဲ့ ပတ်သက်လို့ တောင်းပန်အပ်ပါတယ်)

**သူတို့**ရေးတဲ့ စာတွေနဲ့ စာရေးဆရာ/ဆရာမတွေကို ဘာကြောင့် **အမှတ်ထင်**ထင် တွဲမြင်နေ ကြရသလဲဆိုရင် စာဖတ်သူ၊ စာနာသူတွေရဲ့ **ရင်ထဲ** နှလုံးသားထဲမှာ တင် ကျန်နေခဲ့လို့၊ စွဲလမ်းတမ်းတနေကြလို့ပါ။

တစ်နည်းပြောရရင် "ဂန္ထဝင်" ဖြစ်နေကြလို့ပါ။

အဲဒီလိုပဲ ဆရာချစ်ကိုကိုယုရဲ့ **"နှလုံးလှလှမိုက်"**ဝတ္ထုကြီးကိုလည်း စာဖတ်သူ၊ စာနာသူတွေရဲ့ ရင်ထဲမှာ စွဲထင်ပြီး တင်ကျန်နေလေတော့ **"ဂန္ထဝင် ဝတ္ထု၊ ဂန္ထဝင်စာရေးဆရာ"**ဖြစ်သွားပြီလို့ ကျွန်တော့်ဆန္ဒအရ သတ်မှတ်လိုက်ပါတယ်။

ကျွန်တော့်ဆန္ဒအရ သတ်မှတ်ချက်ဟာ စာပေစံ ပေတံအရရော စာချစ်သူ၊ စာနာသူများရဲ့ စွဲလမ်းတမ်းတ နှစ်ခြိုက်အားပေးမှုအရပါ သတ်မှတ်လိုက်တာပါ။

ပသို့ပင် ဆိုစေကာမူ ကျွန်တော့်အယူအဆအပေါ် လက်ခံသည် ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ မြန်မာစာပေလောကထဲမှာတော့ **"နှလုံးလှလှမိုက်"** ဝတ္ထုနဲ့ **"စာရေးဆရာချစ်ကိုကိုယု"**ဟာ ရသစာပေနဲ့ **"အမှုကွန်းတင်"**သွားနိုင်ခဲ့ပါပြီ။ မြန်မာစာပေသမိုင်းမှာ **"မော်ကွန်းတင်"** ကျန်ခဲ့မှာလည်း သေချာသွားပါပြီ။

**"ဆရာချစ်ကိုကိုယု (နှလုံးလှလှမိုက်)"** အနေနဲ့ ဒီအစဉ်အလာကောင်းကို ဆက်လက်ထိန်းကျောင်းသွားနိုင်ပါစေလို့ ဆန္ဒမွန်ပြုလိုက်ပါရစေ။

**အမျိုးသားစာပေဆုရ**
**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**
**တာဝန်ခံအယ်ဒီတာ**
**မှူခင်းရှုထောင့်ရသစုံမဂ္ဂဇင်း**
**မှူခင်းရှုထောင့်ဂျာနယ်၊**
**မှူခင်းမြင်ကွင်းဂျာနယ်**

## စကားဦးမသန်းလိုသော အမှာ

ကျွန်တော် မလုပ်ချင်ဆုံးအလုပ်များတွင် သူများ ရေးထားသော စာအုပ်မှာ အမှာစာ ရေးခြင်းသည် တစ်ခုအပါအဝင် ဖြစ်၏။ အထူးသဖြင့် ဝတ္ထုဆိုသည်မှာ စာရေးသူ၏ အနုပညာ ပစ္စည်းဖြစ်၏။ စာရေးသူက နှလုံးသားဖြင့်ခံစားပြီး ဖန်တီးသော အနုပညာကို စာဖတ်သူက နှလုံးသားဖြင့် ခံစားရာတွင် တိုက်ရိုက်ဆက်သွယ်ခြင်းသာ အတော်ဆုံးဖြစ်၏။ နှလုံးသားချင်း ဆက်သွယ်၍ နားလည်ခံစားရသည်။ နူးညံ့သိမ်မွေ့သော အနုပညာ ခံစားမှုတွင် ကြားပါနေလျှင် ရှုပ်ထွေးမှု ဖြစ်တတ်ပြီး အရသာပျက်တတ်သည်။

ကောင်းသည်ဆိုးသည် စကားဦးသန်းမှုများကြောင့် အနုပညာခံစားမှုမှာ မီးခိုးမြူမှုန်သန်းစေသည်။ ပယောဂကင်း၍ သန့်ရှင်းလတ်ဆတ်သော နှလုံးသားများသာလျှင် စစ်မှန်သော ခံစားမှုကို ဖြစ်ပေါ်စေတတ်ပါသည်။

ကျွန်တော်၏ အမှာစာပယောဂကြောင့် စာဖတ်သူ၏ သန့်ရှင်းလတ်

ဆတ်သော နလုံးသားကို မြူတစ်မှုန်မျှ မသန်းစေချင်ပါ။

သို့သော် ချစ်ကိုကိုယု(ကိုတင်ယု) ဆိုသည်က ကျွန်တော်နှင့် ညီအစ်ကိုလို ရင်းနှီးသူဖြစ်သည်။ သူ၏ မေတ္တာရပ်ခံချက်ကို မငြင်းချင်။ သူ၏ကြိုးစားမှု အောင်မြင်မှုလေးကို ဂုဏ်ပြုချင်စိတ် ရှိပါသည်။

၁၉၈၈ ခုနှစ်လောက်မှာ ဖြစ်မည်ထင်ပါသည်။ ဓနုဖြူမြို့နယ်၊ ဆကာကြီးသို့ ဓနုဖြူကျော်ထွန်း(ဆရာအီကြာကွေး)၏ ဖိတ်ကြားမှုဖြင့် စာပေဟောပြောပွဲသို့ ရောက်သွားသည်။ ဓနုဖြူ ပရိသတ်မှာ စာပေဖတ်မှု အဆင့်မြင့်သူများဖြစ်ကြ၍ စာပေဟောပြောပွဲ နားထောင်မှုအဆင့်လည်း မြင့်မားသည်။ ဆရာအီကြာကွေးတို့ ငယ်စဉ်ကပင် သူတို့က ဖိတ်ကြားစီစဉ်သူအဖြစ်နှင့် စာပေဟောပြောပွဲများ ကျင်းပခဲ့ကြသောကြောင့် စာပေဟောပြောပွဲပြုလုပ်သည့်ကာလ သက်တမ်းကြာမြင့်ခဲ့ပြီး သမ္မာရှိသော ပရိသတ်ဖြစ်သည်။ ဇာတ်ရုံကြီးထဲမှာ ဟောပြောရသည်။ ဇာတ်ရုံနှင့်အပြည့် လာရောက်နားထောင်ကြသည်။ ဟော၍ ပြော၍ အလွန်ကောင်းပါသည်။

ဓနုဖြူမှတစ်ဆင့် ဆကာကြီးကိုကူး၍ ဟောပြောသည်။ ကွင်းပြင်ပွဲဖြစ်သည်။ ဟောပြော၍ ကောင်းပါသည်။ ထိုအချိန်ကစပြီး စာပေဝါသနာရှင် ကိုတင်ယုနှင့် စတင်ရင်းနှီးရသည်။

နောက်နှစ်များတွင် ကိုတင်ယု အစီအစဉ်ဖြင့်ပင် ဓနုဖြူနှင့် ဆကာကြီးသို့ ကြိမ်ဖန်များစွာ ရောက်နေရသည်။

ထိုအချိန်တွင် ကိုတင်ယုမှာ **ချစ်ကိုကိုယု** အမည်ဖြင့် ဆောင်းပါးကလေးများ၊ ဝတ္ထုတိုလေးများ စတင်ရေးနေပြီ။ အချို့ကို ကျွန်တော့်ထံပြ၍ ဝေဖန်အကြံပြုချက်ယူသည်။

သူ့ဝတ္ထုတိုလေးများကို ဖတ်၍ သူ၏ အနုပညာအလားအလာကို မျှော်လင့်ချက်ထားမိသည်။

''သာမန်ဝါသနာပါရုံ တစ်ပုဒ်တလေ မဂ္ဂဇင်းမှာ ပါရုံနဲ့ ကျေနပ်မနေနဲ့။ သူများရေးတဲ့ စာတွေလဲ များများဖတ်။ ဖတ်တဲ့အခါမှာ တစ်ကြိမ်ကတော့ ခံစားမှုနောက်မှာ မျှောလိုက်သွားတာ အကောင်းဆုံး၊ ဝေဖန်ဆန်း

စစ်တဲ့စိတ်နဲ့ တောင့်တောင့်တင်းတင်းကြီး မဖတ်နဲ့။ ဖတ်ပြီးရင် ကောင်းလိုက်တာ၊ ညံ့လိုက်တာ၊ သာမန်ပါပဲလို့ ခံစားရလိမ့်မယ်။ ကိုယ်က စာရေးမယ့်သူဆိုတော့ ကောင်းတဲ့စာကျရင် နောက်တစ်ခါ ပြန်ဖတ်။ ဒီတစ်ခါကျတော့ ဝေဖန်ဆန်းစစ်တဲ့စိတ်နဲ့ ဖတ်။ ဘယ်နေရာတွေမှာ ဘယ်လိုရေးထားတယ်ဆိုတာ လေ့လာရမယ်။ များများဖတ်ပြီးရင် များများရေး။ စာရေးဆရာမဖြစ်သေးပေမယ့် ကိုယ့်ကိုယ်ကို စာရေးဆရာဖြစ်နေသလို ရေးစရာတွေရှာနေမယ်၊ တွေးနေမယ်၊ ရေးနေမယ်။ စာရေးဆရာစိတ်ဖြစ်နေရမယ်။ သူများက ရူးတယ်လို့ပြောရင်ပြော။ ရူးမှထူးတယ်ဟု ကျွန်တော် အားပေးစကား ပြောခဲ့သည်။

ဖြစ်မည့်အလားအလာမြင်၍ ဖြစ်စေချင်စိတ်နှင့် ပြောခဲ့ခြင်း ဖြစ်သည်။ ချစ်ကိုကိုယုသည် တစိုက်မတ်မတ် ကြိုးစားသူ ဖြစ်သည်။ ဝါသနာပါသော စာရေးခြင်းကို စဉ်ဆက်မပြတ် ပြုခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် "**ရွှက်နုဝေဖြာသံယောဇဉ်ကမ္ဘာ**" ဝတ္ထုဖြင့် စာပေဗိမာန် ဝတ္ထုရှည် ဒုတိယဆု ရခဲ့သည်။ ထိုဝတ္ထုကို ဖတ်ပြီး ကျွန်တော် သဘောကျသည်။ ထိုဝတ္ထုကို ဗီဒီယိုရိုက်ပြီးတော့လည်း ကြည့်ရတာ သဘောကျသည်။

ချစ်ကိုကိုယု၏ စာရေးလက် ပိုတက်လာသည်။ မဂ္ဂဇင်းတွင် သူ့ကလောင်နှင့် သူ့စာကို စဉ်ဆက်မပြတ် မေးနေရပြီ။ ကိုယ်မျှော်လင့်သည့်အတိုင်း ဖြစ်လာပြီမို့ ဝမ်းသာကြည်နူးရသည်။

ယခုအခါ သိသာထင်ရှားသော အနုပညာမှတ်တိုင်တစ်ခုအဖြစ် "နှလုံးလှလှူမိုက်" ဝတ္ထုကို ရေးလိုက်ပြန်သည်။ ဤဝတ္ထုကို မှုခင်းရောင်စုံမဂ္ဂဇင်းမှာ အပတ်စဉ် ဖော်ပြချိန်ကတည်းက ဖတ်သူများ သဘောကျသည့်သတင်းစကားကို ကြားနေရသည်။ ဂျာနယ်များတွင် ချီးကျူးထားသည်များကို တွေ့နေရသည်။ သို့သော် ကိုယ်တိုင် မဖတ်ဖြစ်သေး။

စုစုစည်းစည်းနှင့် တစ်ပေါင်းတည်းဖတ်ခွင့်ရလျှင် ကောင်းမည်ဟုဆန္ဒဖြစ်မိသည်။ ပုဂ္ဂိုလ်သံယောဇဉ်နှင့် ဆန္ဒပေါ်မိခြင်း ဖြစ်ပါသည်။ သို့သော် ကိုတင်ယုနှင့် မတွေ့သည်ကလည်း ကြာပြီ။ ကျွန်တော် ကချင်ပြည်နယ်

မြစ်ကြီးနား ရောက်နေ၍ လူချင်း ကင်းကွာသွားခြင်းဖြစ်ပါသည်။

ခုတော့ ကိုတင်ယု ကျွန်တော့်ထံကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ဖတ်ချင်သော 'နှလုံးလှလှူမိုက်' ကိုလည်း တစ်ပေါင်းတည်းပြု၍ ယူလာသည်။ စာအုပ်ထုတ်ရန် အမှာစာ ရေးပေးပါဟူသော တောင်းဆိုချက်လည်း ပါလာသည်။

ကျွန်တော် အမှာစာမရေးချင်သော်လည်း သူ့ကို မငြင်းချင်၍ လက်ခံထားလိုက်သည်။

သူပြန်သွားသည်နှင့် စာမူကို ကောက်ယူမြည်းကြည့်လိုက်သည်မှာ တစ်အုပ်လုံး ပြီးသည်အထိ ဖြစ်ပါ၏။

စာရေးဆရာတစ်ဦး၏ အနုပညာဖန်တီးမှုကို စကားဦးမသန်းလို၍ ဤမျှဖြင့် ရပ်နားခွင့်ပြုပါ။

ချစ်သော စာဖတ်သူများ လတ်ဆတ်သန့်ရှင်းသော နှလုံးသားဖြင့် ပယောဂကင်းစွာ 'နှလုံးလှလှူမိုက်' ကို ခံစားနိုင်ကြပါစေသတည်း။

**လေးစားစွာဖြင့်**

**အမျိုးသားစာပေဆုရ - လယ်တွင်းသားစောချစ်**

၁၅-၁၂-၉၃

## မိတ်ဆက်စရာမလိုပါ

(၁)

'ချစ်ကိုကိုယု' ဆိုသည့် ကလောင်အမည်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်လောက်ကတည်းက အမှတ်ထင်ထင် ရှိခဲ့သည်။ ထိုစဉ်က မိမိသည် သောကြာစာစောင်တို့၊ ယုဝတီဂျာနယ်၊ တိုင်းရင်းမေဂျာနှင့် အခြားအခြားသော စာစောင်ငယ်တို့မှာ ကလောင်သွေးနေချိန် ဖြစ်သည်။

အထူးသဖြင့် သောကြာစာစောင်၌ ချစ်ကိုကိုယုနှင့် မိမိတို့မှာ မကြာခဏဆိုသလို ယှဉ်တွဲပါဝင်ခဲ့ကြသည်။ သို့တိုင်အောင် သူသည် ဖြူသလား၊ မည်းသလားဆိုသည်ကို မိမိမသိ။ သူလည်း သိမည်မထင်။ ဒါပေသည့် မမျှော်လင့်သော ရက်တစ်ရက်၏ နေ့ဘက်အချိန်၌ သူသည် မိမိ၏ ယောက်ဖဖြစ်သူနှင့် မိမိ နေထိုင်ရာအိမ်ကလေးသို့ ရောက်လာခဲ့သည်။ ယောက်ဖနှင့်သူက တစ်ရွာတည်းသား သူငယ်ချင်းတွေ။ ဆိုတော့ကာ သူသည် မိမိထက် အသက်အနည်းငယ်ကြီးသည့် အစ်ကိုတစ်ယောက်အရွယ်။ သူ့ဇာတိ

နှင့် မိမိ၏ ဇာတိမှာ တစ်ရေတစ်မြေတည်းဟူ၍ ပြောနိုင်သည်။ သူသည် ဓနုဖြူမြို့နယ်အတွင်းရှိ ဆကာကြီးရွာသား။ မိမိက လက်ခွဲချောင်းရွာသား။ ထိုစဉ်က သူသည် ဓနုဖြူ၌ အထက်တန်းရှေ့နေတစ်ယောက်အဖြစ် အမှုတွေ လိုက်နေသည်ဟု သိထားသည်။ မိမိကား စာသင်သားဘဝ။ သည်လိုနှင့် အမှတ်မထင် တဒင်္ဂခဏတာလေးမျှ တွေ့ဆုံရုံလောက်ရှိခဲ့ပြီး အနှစ် ၂၀ လောက် အမှတ်ထင်ထင် ဝေးကွာသွားခဲ့ရပြန်သည်။

အနှစ် ၂၀ ဟူသောကာလသည် လူတစ်ယောက်အတွက်၊ ဘဝတစ်ခုအတွက်၊ ကောင်းစွာပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိသော အချိန်တွေ ဖြစ်သည်။ လောကဓံ၏ ရိုက်ခတ်မှုဖြင့် အတွေ့အကြုံတွေများစွာ၊ သင်ခန်းစာများစွာ စုဆောင်းနိုင်သော ကာလလည်း ဖြစ်သည်။ သည်ကာလတစ်လျှောက် သူနှင့် လူချင်းမဆုံမိ။ (ဆုံလည်း မှတ်မိစရာမရှိ)သော အချိန်များစွာ၌ သူ့စာအတော်များများကို စာနယ်ဇင်းအချို့၏ စာမျက်နှာများဝယ် တွေ့တွေ့နေရသည်။ ပြစ်မှုမဂ္ဂဇင်း၊ အနုပညာကြေးမုံ၊ ရုပ်ရှင်စတား။ ပြီးတော့ ဆကာကြီးမြို့နယ်မှ လူရည်ချွန် လူရည်မွန်တစ်ဦးဖြစ်သည့် 'မောင်ချစ်ကြည်' ဆိုသော လူငယ်လေးတစ်ယောက်၏ ရုပ်ပုံလွှာနှင့် အားမာန်ကို ဖွဲ့ကျူးသည့် စာအုပ်တစ်အုပ်။ ဒါကို သူ အောင်မြင်စွာ ရေးထုတ်နိုင်ခဲ့သည်။ နောက် သူငယ်စဉ်ကာလ ဖြတ်သန်းခဲ့ရသည့် ဘဝကားချပ်များကို သွတ်လုယ်ထားသည့် စာအုပ်တစ်အုပ်။ သည်စာအုပ်ကား သူ (သို့မဟုတ်) ချစ်ကိုကိုယု၏ အောင်မြင်သော မှတ်တိုင်တစ်တိုင်ကို စိုက်ထူနိုင်ခဲ့သည့် "**ရွက်နုဝေဖြာ သံယောဇဉ်ကမ္ဘာ**"ဆိုသည့် စာအုပ်တစ်အုပ်။ ထိုစာအုပ်သည် (၁၉၈၉) ခုနှစ် စာပေဗိမာန်ဝတ္ထုရှည် ဒုတိယဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့် လက်ရာမွန်တစ်ခု ဖြစ်သည်။ ထိုစာအုပ်သည် ကာလတစ်ခုတွင် ဗီဒီယိုဖန်သားပြင်ထက်သို့ ရောက်သွားခဲ့သည်။ ထိုစာအုပ်ကို မိမိ မဖတ်ဖြစ်ဘဲ ဖန်သားပြင်မှာ ကြည့်ရတော့ ရင်ထဲ နင့်ရသည်။ နောက် စာအုပ်ကို ဖတ်ဖြစ်တော့ တရှိုက်မက်မက် ခံစားရသည်။ စင်စစ် သူသည် စာရေးကောင်းသည့် အနုပညာရှင်တစ်ဦး။

(၂)

ပြစ်မှုမဂ္ဂဇင်းအပါအဝင် အခြားမဂ္ဂဇင်းစာမျက်နှာ၌ သူ၏ ရှေ့နေလုပ်ငန်းအတွေ့အကြုံကို ရက်ဖောက်ကာ ''ရှေ့နေကြီးဦးနက်ကျော်''ကို မဏ္ဍိုင်ပြုလျက် ရေးဖွဲ့သော ဝတ္ထုတိုများမှာ အပြုံးကလေးများစွက်လျက် ရင်ထဲငြိရသည်။ တစ်ဖန် စူးရှထက်မြက်သော ဝေဖန်ရေးများ၊ အမြီးအမောက်မတည့်သော လောကအတွင်းရှိ လူအချို့၊ မြင်ကွင်းအချို့ကို ထိုးနှက်သည့် သရော်စာများ ဖန်တီးသည့် ကလောင်တစ်ချောင်းကို သူ ခွဲထုတ်နိုင်ခဲ့သည်။ 'ဂျက်သာရ'တဲ့။

သူနှင့် ထိစပ်သူများက နယ်၌ ရှေ့နေပါရမီထူးကဲလျက် လုပ်ငန်းဆိုင်ရာ စေ့စပ်ကျွမ်းကျင်မှုတွေအတွက် ချီးကျူးကြသည်။ သိပ်တော့ မအံ့သြ။ မိမိအံ့သြသည်က အလုပ်တွေ ဖယ်စက်သလိုများနေသည့်ကြားက ဆကာကြီး၊ ဓနုဖြူနှင့် သူ့မိသားစုရှိရာ ရန်ကုန်သို့ လွန်းထိုးသလို လာလိုက်သွားလိုက် လုပ်နေသည့်ကြားတွင် ဝတ္ထုကောင်းကလေးများ မွေးထုတ်နိုင်ခြင်းပဲ ဖြစ်သည်။ ကံအားလျော်စွာပင် အနှစ် ၂၀ ကျော်ကြာပြီးခါမှ မိမိအလုပ်လုပ်ကိုင်ရာ စာပေတိုက်တစ်တိုက်၌ သူနှင့်ပြန်ဆုံဖြစ်ပါသည်။ ကျေးလက်သားတစ်ဦးဖြစ်သော သူသည် ဘာဟန် ဘာမာန်မျှ မရှိ။ ပကတိအဖြူရောင် နှလုံးသားကို ပွေ့ပိုက်လျက် မိမိအား ကာလအတန်ကြာ ကွဲကွာနေသော ညီငယ်တစ်ဦးသဖွယ် နွေးထွေးမှု ရှိသည်။

ဒါကို တချို့က နားလည်ချင်မှ နားလည်မည်။ မိမိတို့မှာ ဒေသသံယောဇဉ်ရှိသည်။ စာပေချစ်စိတ်ကြီးမားသည်။ ဒါတွေကပင် သူနှင့် မိမိ၏ ချစ်ခင်ရင်းနှီးမှုကို ခိုင်မာသော အဆောက်အအုံတစ်ခုအဖြစ် ဖန်တီးပေးလိုက်သည်။ နယ်မှ ရန်ကုန်သို့ သူရောက်လာလျှင် သူ့အတွေ့အကြုံတွေ၌ မိမိနစ်မျောရသည်။ ရယ်မောရသည်။ ကြည်နူးရသည်။ သူသည် စာရေးကောင်းသူတစ်ဦး သက်သက်သာမဟုတ်။ စကားပြောစွမ်းရည်လည်း အပြည့်အဝရှိသူဖြစ်သည်။

တစ်နေ့တော့ ဘယ်အချိန်ဘယ်အခါက ဘယ်လိုရေးထုတ်လိုက်မှန်း

မသိနိုင်သည့် 'နှလုံးလှလှမိုက်' စာမူကို ထိုးပြသည်။ ဖတ်ကြည့်တော့ ရင်ထဲ၌ တစ်စုံတစ်ခုသော အတိုင်းအတာအထိ လွှန်ကဲစွာ ခံစားမှုကို ပေး စွမ်းသွားခဲ့ပါရောလား။ သည်စာမူက ဥပဒေရေးရာနှင့် ဆိုင်၍ ညီအစ်ကို ချစ်ခြင်း၊ မိဘမေတ္တာတို့ကို သိမ်မွေ့လှပစွာ ထုံမွမ်းထားသည်ဖြစ်ရာ မှူခင်း ရောင်စုံ မဂ္ဂဇင်း၌ စတင်ဖော်ပြခံရစဉ်ကပင် ဖတ်ရှုသူအပေါင်း သတိထားမိ သည့် စာမူဖြစ်နေသည်။ တစ်လပြီးတစ်လ၊ အခန်းဆက်ဖော်ပြပြီးသည့် နောက် အဆုံးသတ်လိုက်သည့် သမယဝယ် စာအုပ်တစ်အုပ်အဖြစ် မှတ် မှတ်ရရလေးဖြစ်အောင် ဖန်တီးဖို့ ဆွေးနွေးဖြစ်ကြတော့ သူကလည်း ဆန္ဒ တကယ် ပြင်းထန်နေသည်။ အမှန်တကယ်လည်း 'နှလုံးလှလှမိုက်' သည် ချစ်ကိုကိုယုအတွက် ခိုင်မြဲသော မှတ်တိုင်တစ်တိုင် ဖြစ်ပါသည်။

စင်စစ် သူ့နှလုံးလှလှမိုက်အတွက် မိမိအနေဖြင့် ရှေ့တော်ပြေးနေ စရာမလိုအပ်ပါ။ ဘာကြောင့်ဆို သူ့စာတော်တော်များများကို ဖတ်ဖြစ်မိ သည့်တဒင်္ဂ သူသည် အဖွဲ့အနွဲ့ကို သိပ်မဏ္ဍိုင်မပြု။ အကြောင်းအရာအဖြစ် အပျက်ကို စိတ်ကောင်းစေတနာကောင်းဖြင့် သွတ်လှယ်လျက် စာဖတ်သူ ရင်ထဲ၌ တစ်စုံတစ်ရာမက တင်ကျန်ရစ်အောင် ဖန်တီးနိုင်မှန်းသိသာသည်။ သူ့စာကိုဖတ်၍ လှလှချင်း စာနာတရားတွေ တိုးပွားစေနိုင်သည်။ လောက ပါလတရားတွေ ထုံမွမ်းသွားစေနိုင်သည်။

(၃)

တကယ်တော့ ချစ်ကိုကိုယုသည် စာကောင်းကို ဖန်တီးနိုင်သော အနုပညာရှင်တစ်ယောက်ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ဆိုလာငြားအံ့။ ထိုရောအခါဝယ် မိမိဘက်မှလည်း အကြင်အနုပညာရှင်သည် စိတ်ကောင်း မနသသီကို အခြေခံထားရှိ၍ဖြစ်ကြောင်း ထပ်လောင်းဆိုလိုက်ချင်ပါတော့ သတည်း။

နန္ဒာမိုးကြယ်
၁၂-၁၂-၉၉

၂၀၀၁ ခုနှစ်၊ အကယ်ဒမီရွှေစင်ရုပ် (၅)ဆုရ ရုပ်ရှင်ဝတ္ထု

# နှလုံးလှလူမိုက် (၁)

## THE BAD GUY WITH A BEAUTIFUL HEART (1)

ချစ်ကိုကိုယူ

## အခန်း(၁)

"တီ .... တီ .... တီ"

စိန်ပန်းမြိုင် ခြံဝသို့ လေးဘီးကားလေးတစ်စီး ထိုးဝင်လာသည်။ ကားရပ်ပြီးနောက် ကားဆရာသည် ဆင်းလာပြီး ခရီးသည် အမျိုးသမီးကြီးအား ကားတံခါးကို ဖွင့်ပေးလိုက်၏။ ဒေါ်ဝိုင်းစိန်သည် တုန်တုန်ချည့်ချည့်ဖြင့် ကားပေါ်မှ ဆင်းလိုက်သည်။ ကားနောက်ခန်းတွင် ပါလာသော ပစ္စည်းများ သယ်ရန် ကားနောက်ဘက်သို့ လျှောက်လာသည်။

"အမေ နေ ....နေ ကျွန်တော် သယ်ပေးမယ်။ အမေ ခြံတံခါးနားမှာ သွားစောင့်နေ"

"ကျေးဇူးပါပဲ သားရယ်။ အမေ့လက်မောင်း အောင့်နေတာနဲ့ အတော်ပဲ"

"ဟား .... အမေ့ခြင်းကလဲ လေးလိုက်တာ"

ကားဆရာလေးသည် ဆွဲခြင်းကြီးကို သယ်ချပြီးနောက် လက်ကိုခါရင်း ပြောလိုက်၏။

ဒေါ်ပိုင်းစိန် ပင်ပန်းနွမ်းနယ်သည့်ကြားမှ ပြုံးဂိုက်သည်။

"အမေ့သားကြိုက်တဲ့ ဆကာကြီးသလပ်ဖက်သရက်သီးတွေပါ သားရယ်"

"ကဲ .... အမေ ကျွန်တော်သွားတော့မယ်နော်"

ထိုအချိန်အထိ စိန်ပန်းမြိုင်ခြံကြီးထဲမှာ တုတ်တုတ်မျှ မလှုပ်။ ငြိမ်သက်တိတ်ဆိတ်နေ၏။ လှုရိပ်လှုခြည် အရိပ်အယောင်ကိုပင် မတွေ့ရ။ ဒေါ်ပိုင်းစိန်သည် ခေါင်းပေါင်းတဘက်ကိုချွတ်ပြီး နဖူးမှချွေးသီးချွေးပေါက်များကို သပ်ချလိုက်၏။ ခြံတံခါးသံပန်းကြားမှနေ၍ ခြံထဲသို့ မဝံ့မရဲ ချောင်းကြည့်လိုက်သည်။ သူ့သားကြီးအမည်ကို အော်ခေါ်ရန် စဉ်းစားလိုက်သည်။ သို့သော် မအော်ဖြစ်။ စိန်ပန်းမြိုင်ခြံကြီး၏ ထည်ဝါခံ့ညားသော အရှိန်အဝါကြောင့် ရွံ့ခနဲ ဖြစ်သွား၏။ မတတ်သာသည့်အဆုံး သော့ခလောက်ကို အသာကိုင်ပြီး လှုပ်လိုက်သည်။

"ဂလောက် ....ဂလောက်"

ဒေါ်ပိုင်းစိန် စိတ်ပန်းလူနွမ်းဖြစ်လာ၏။ နဖူးဆံစပ်မှ ချွေးများထွက်လာပြန်သည်။ ခေါင်းပေါင်းတဘက်ဖြင့် ခပ်ဖွဖွတို့ရင်း ခြံထဲသို့ မကြာမကြာ လှမ်းကြည့်နေသည်မှာ သနားစရာ။ ခြံတံခါးကို ကျောပေးပြီး ဆောင့်ကြောင့်ထိုင်ကာ အမောဖြေလိုက်၏။ လမ်းမပေါ်တွင် ပြေးလွှားနေသော ကားများကို ကြည့်လိုက်၊ ခြံထဲသို့ တစ်ချက်အကဲခတ်လိုက် လုပ်နေရသည်မှာ ဖက်လည်မတတ်။

"ကိုသိန်းကျော်ရဲ့ အမေကြီးပါလား"

ပြတင်းပေါက်ဝမှ ပြူထွက်လာသည့် ဒေါ်ခင်ထား၏ အာမေဍိတ်အသံ။ ဒေါ်ပိုင်းစိန်ကြားပုံမရ။ မြင်ပုံမရ။ ဒေါ်ပိုင်းစိန်သည် ကားလမ်းပေါ်ရောက်နေသော အကြည့်များကို ရုပ်သိမ်းပြီး ခြံထဲသို့ပို့မည်အလုပ်တွင် ပြတင်းတံခါးမှာ ဖျက်ခနဲ ပိတ်သွား၏။ ဒေါ်ပိုင်းစိန် မမြင်လိုက်။ စိန်ပန်းမြိုင်ဂေဟာနှင့် ပန်းမျိုးစုံလင်သော ခြံကျယ်ကြီးကိုကြည့်ပြီး ပီတိတွေဖြာနေသည်။ သူ့သားကြီး ကောင်းစားနေ၍ ဖော်မပြနိုင်လောက်အောင် ဝမ်းသာ

နေ၏။

"တီ .... တီ .... တီ"

အနီးကပ်တီးလိုက်သော ဟွန်းသံကြောင့် ဒေါ်ဝိုင်းစိန် လန့်ပြီး ကမန်းကတန်း မတ်တတ်ရပ်လိုက်၏။

"ဟင် ... အမေပါလား။ ဂျိုး"

ဦးသိန်းကျော် ပျာပျာသလဲ ကားပေါ်မှ ဆင်းပြီး ကားတံခါးကို ဆောင့်ပိတ်လိုက်၏။

ဒေါ်ဝိုင်းစိန်သည် ကားပေါ်မှ ဆင်းလာသူကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်လိုက်၏။

"အမေ့ကို ဘယ်သူမှ တံခါးဖွင့်မပေးကြဘူးလား"

ဦးသိန်းကျော်သည် ခြံထဲသို့ တစ်ချက်ကြည့်ပြီး ခပ်မာမာ ပြောလိုက်သည်။

"သားကြီးကလဲ အမေက ခုလေးတင်ရောက်တာ။ သားကြီးနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ။ အမောပြေနေတုန်း သားကြီးရောက်လာတာပဲ"

ဒေါ်ဝိုင်းစိန်က သားကြီးစိတ်ခုတ်ကိုသိသဖြင့် ဖာဖာထေးထေးပြောလိုက်၏။ ဦးသိန်းကျော်၏ ဒေါသများ ငုပ်လျှိုးသွားသည်။

သိပ်မကြာလိုက်။ ခြံစောင့်အလုပ်သမားတစ်ယောက် သော့တွဲကိုင်ပြီး ခြံဝသို့ ဒရောသောပါးပြေးလာ၏။ ဒေါ်ခင်ထားထားလည်း ကပျာကသီ ပြေးထွက်လာသည်။

ခြံစောင့်က တံခါးသော့ကို သွက်လက်စွာဖွင့်ပြီး တံခါးရွက်ကို ဘေးဘက်သို့ ကပ်လိုက်သည်။

"ဟော ...အမေပါလား။ ဘယ်တုန်းက ရောက်တာလဲ။ ကိုကျော်တို့ကားနဲ့ အတူပါလာတာလား"

သူမ လုံးဝ မသိသည့်နှယ်။ ဒေါ်ခင်ထားထား၏ နှုတ်ခွန်းစကားက ကြည်လင်နေ၏။ ဦးသိန်းကျော်သည် ဇနီးဖြစ်သူ၏ ဆက်ဆံရေးကို နှစ်မြို့အားရစွာ ပြုံးလိုက်သည်။

''သမီး ထား နေကောင်းတယ်နော်။ အမေလဲ စောစောကမှ ရောက်တာ။ ခြံဝမှာ အမောဖြေနေတုန်း သားကြီး ရောက်လာတာပဲ''

ဒေါ်ဝိုင်းစိန် ပြုံးချိုစွာ ပြောလိုက်သော စကားက နွေးနွေးထွေးထွေး ရှိလှသည်။

''ဟဲ့ … ဖိုးဇော် အမေ့ခြင်းကို အိမ်ထဲသယ်လိုက်။ လာ …အမေ အိမ်ထဲသွားကြရအောင်''

ဒေါ်ဝိုင်းစိန်၏ ပခုံးနှစ်ဖက်ကို ယုယစွာကိုင်ရင်း ပြောလိုက်သော ချွေးမစကားကြောင့် ယောက္ခမကြီးမျက်နှာတစ်ပြင်လုံး ပီတိရောင် လွှမ်းသွားသည်။

ဖိုးဇော်သည် ဒေါ်ဝိုင်းစိန်၏ ခြင်းကိုမ,ပြီး အိမ်ထဲသို့ ခပ်သုတ်သုတ် ဆွဲသွားသည်။ ဦးသိန်းကျော်က ဖိုးဇော်ဆွဲသွားပုံကို အကဲခတ်ပြီး–

''အမေ့ခြင်းက ဘာတွေများထည့်ထားလို့လဲ။ ဟိုကောင် မနိုင်မနင်းနဲ့''

ဟု ရယ်ကျဲကျဲ ပြောလိုက်သည်။

''သားကြီးကြိုက်တဲ့ ဆကာကြီးသလပ်ဖက်လေ။ တောလေးရွာက ရှားရှားပါးပါးရလာတာ သားကြီးရဲ့''

''အမေကလဲ အပင်ပန်းခံပြီး သယ်လာရသေးတယ်။ ဒီမှာ မြကျောက်တို့၊ မသီသရက်တို့ အကောင်းစားတွေ ရှိနေတာပဲ''

ဒေါ်ခင်ထားထားက ကရုဏာသက်ဟန် ပြောလိုက်သော်လည်း ဆကာကြီးသလပ်ဖက်ကို အထင်သေးရာ ရောက်သွား၏။

''မတူဘူး ထားရဲ့။ မြကျောက်တို့ မသီတို့က အရသာတစ်မျိုး။ ကိုကျော်တို့ဆီက သလပ်ဖက်က အရသာတစ်မျိုး။ ကိုကျော်ကတော့ သလပ်ဖက်သရက်ကို အရမ်းကြိုက်တာ''

ဦးသိန်းကျော်စကားကြောင့် ဒေါ်ဝိုင်းစိန် ဝမ်းသာကြည်နူးသွား၏။

အိမ်အောက်ထပ်ဧည့်ခန်းတွင် မိသားစုများထိုင်ပြီး အာလာပသလ္လာပ စကားပြောကြသည်။

''မိဖြူရေ၊ အမေ့အတွက် အအေးတစ်ခွက်လုပ်ပါ''

ဒေါ်ခင်ထားထားအသံက ဟိန်းထွက်သွား၏။

''ဟုတ်ကဲ့ ... မမ''

မိဖြူသည် အအေးတစ်ခွက်ကို အမြန်ဆုံး စီစဉ်သည်။

''ဒါနဲ့ သားကြီး။ ကိုလတ်တို့ကော နေကောင်းရဲ့လား''

''နေကောင်းပါတယ် အမေ။ အမေ့သားလတ်ကတော့ အခုတလော ပိုချမ်းသာနေတယ်။ ဟိုတလောကတင် သားကြီးဆီက ငွေသိန်းငါးဆယ်ယူပြီး ကားအရောင်းအဝယ် လုပ်လိုက်တာ အတော်မြတ်သွားတယ်''

ဒေါ်ပိုင်းစိန်မျက်နှာဝယ် ဝမ်းသာကြည်နူးမှုများ ပြည့်လျှံသွား၏။

''ကြားရတာ ဝမ်းသာစရာပဲ။ ပိုက်ဆံချမ်းသာတာထက် ရန်ကုန်မှာရောက်နေတဲ့ သားတို့ညီအစ်ကိုနှစ်ယောက် သင့်သင့်မြတ်မြတ် ရှိကြတာကို ကြားရတဲ့အတွက် ပိုဝမ်းသာတယ်''

''ဒါနဲ့ အမေ ညီလေးအောင်ဒွေးတစ်ယောက်ရော တောမှာ ဘာတွေလုပ်နေလဲ''

ဦးသိန်းကျော်သည် ညီငယ်ဖြစ်သူ အောင်ဒွေးအား သတိရသွား၏။

''ထုံးစံအတိုင်း ဖားရှာ၊ ငါးရှာပေါ့ သားကြီးရယ်။ ဪ ... ခုမှသတိရတယ်။ သူ့အစ်ကိုကြီးနဲ့ အစ်ကိုလတ်စားဖို့ဆိုပြီး သားလေးက ဖားတွေကြော်ပေးလိုက်တယ်။ သရက်သီးခြင်းထဲမှာ ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားတယ်''

ဒေါ်ပိုင်းစိန်က သားလေးသိတတ်မှုကို ဝမ်းသာအားရ ပြောလိုက်၏။ ဦးသိန်းကျော်ပြုံးသည်။ ဒေါ်ထားထား ရောယောင်ပြုံးသော်လည်း အားတက်သရောမရှိလှ။

''ကဲ ... ကိုကျော်တို့သားအမိတွေ့တုန်း အားရပါးရ ပြောကြ။ ထားအပြင်မှာ ကိစ္စရှိလို့ သွားလိုက်ဦးမယ်''

ပြောပြောဆိုဆို ဒေါ်ခင်ထားထားသည် အိမ်အပြင်သို့ ခပ်သွက်သွက်ထွက်သွား၏။ ဦးသိန်းကျော်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

''ကိစ္စရှိရင် သွားပါသမီး။ အမေက ညှော်သည့်မှ မဟုတ်တာ။ ကိုယ် လုပ်စရာတွေ လုပ်ရမှာပေါ့သမီးရယ်''

ဒေါ်ဝိုင်းစိန် ဖြေပြောကလေး ပြောလိုက်ရာ ဦးသိန်းကျော် မျက်နှာ ပုံမှန်အနေအထား ရောက်သွား၏။

''ကလင် ...လင် ...လင် ...လင်''

''အမေ ခဏလေးနော်။ ဖုန်းကိုင်လိုက်ဦးမယ်''

''ရတယ်သားကြီး''

''ဟဲလို ...''

''----''

''ကိုလတ်လား။ အတော်ပဲ အမေရောက်နေတယ်ကွ''

''----''

''စောစောကမှ ရောက်တာ''

''-----''

''အေး ... အမေတစ်ယောက်တည်းပဲ''

''----''

''ကိုလတ်အကြိုက် အမေပါလာတယ်''

''-----''

''ကိုလတ် ဒီကိုလာခဲ့လေ''

''------''

ညီအစ်ကိုနှစ်ယောက် ဖုန်းဆက်နေသည်ကိုကြည့်ပြီး ဒေါ်ဝိုင်းစိန် ရင်ထဲ၌ ကျေနပ်ဝမ်းသာနေသည်မှာ ဖော်မပြနိုင်။

''သူတို့အဖေ ကိုဖိုးမောင်များ မြင်စေချင်စမ်းပါဘိ''

ဟုတွေးပြီး သွားလေသူ ခင်ပွန်းကိုဖိုးမောင်ကို မျက်စိထဲ မြင်ယောင် လာ၏။ ဦးဖိုးမောင်သည် သားသုံးယောက်အား သူ့လို ငါးရှာ ဖားရှာဘဝမျိုး မရောက်ရေးအတွက် အပင်ပန်းဆင်းရဲခံပြီး ကျောင်းထားပုံကို သတိရသွား၏။

ရင်ထဲ၌လည်း ဆွေးဆွေးမြည့်မြည့် ခံစားလိုက်ရသည်။ ဦးသိန်းကျော်

သည် ဖုန်းခွက်ကိုချပြီး ဒေါ်ပိုင်းစိန်အနားကပ်၍ ထိုင်လိုက်သည်။ ဒေါ်ပိုင်းစိန်က သားကြီးမျက်နှာကို ပြုံး၍ ကြည့်လိုက်သော်လည်း မျက်လုံးအိမ်တွင် အတိတ်လွမ်းမျက်ရည်များ ရစ်ပိုင်းနေ၏။ သားကြီး စိတ်မကောင်းဖြစ်မှာစိုးသဖြင့် မျက်လုံးအစုံကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ဆယ်မ,လိုက်၏။

''အမေ''

''ဘာလဲ သားကြီး''

''ရွာမှာနေမယ့်အစား သားကြီးတို့ဆီကို ပြောင်းလာခဲ့ပါလား အမေရယ်''

ဦးသိန်းကျော် ရင်ထဲအသည်းထဲမှ ထွက်ပေါ်လာသောစကားက လေးစားစရာ။ သားကောင်းပီသလှသည်။

''မဖြစ်သေးပါဘူး သားကြီးရယ်။ အောင်ဒွေးတစ်ယောက်တည်း ရွာမှာထားခဲ့လို့ မဖြစ်ပါဘူး။ ဒီကောင်က လွယ်လွယ်ရ လွယ်လွယ်သုံးတဲ့ကောင်၊ အသောက်အစားကလဲ ပါသေး''

ဒေါ်ပိုင်းစိန်အဖို့ သာကြီးနှင့် သားလတ်အတွက် ရင်အေးရသော်လည်း သားငယ်အောင်ဒွေးအတွက် နေ့စဉ်ရင်တမမ။ ရွာထဲမှာ စီခနဲရန်ဖြစ်လို့အသံကြားရင် သွားမမေးနဲ့။ အောင်ဒွေးကတော့ သေချာသည်။ တစ်ဖက်လူ ဘယ်သူလဲဆိုတာသာ စုံစမ်း။ အောင်ဒွေးက ရွာထဲတွင် ငပွကြီး။ စိတ်ရင်းစေတနာ ကောင်းသော်လည်း စိတ်ဆတ်သူ။ ထစ်ခနဲဆို ထိုးရကြိတ်ရမှ ကျေနပ်သည့်သူ။

''ဒီလိုလုပ်အမေရာ။ အမေရော ညီလေးရော ဒီကိုပြောင်းလာခဲ့။ ရွာက အိမ်နဲ့ခြံကို ဘကြီးမြကိုသာ ပေးခဲ့''

ဦးသိန်းကျော် အစီအစဉ်များက ငြင်းစရာမရှိ။ အစ်ကိုကြီးအဖအရာ ပီသလှသည်။ ဒေါ်ပိုင်းစိန် အမျိုးမျိုးတွေးတောစဉ်းစားနေ၏။ သည်ကြားထဲ ချွေးမဖြစ်သူ၏ မျက်နှာက အတွေးကြားဝယ် ဖျတ်ခနဲပေါ်လာသည်။

''သားကြီး အစီအစဉ်ကောင်းပါတယ်။ ဒါပေမဲ့ သမီးခင်ထားထားကိုလဲ မေးပါဦးသားကြီးရယ်။ လင်နဲ့မယား တိုင်တိုင်ပင်ပင် ညှိနှိုင်းဆောင်ရွက်

တာ ကောင်းတယ်။ ပြီးတော့ နေရထိုင်ရတဲ့ လူအဖို့လဲ ကောင်းတာပေါ့''

သားအမိနှစ်ယောက် စကားဝိုင်းက ပို၍ ပွင့်လင်းလာ၏။

''ထားအတွက် မပူပါနဲ့ အမေ။ သားကြီးပြောရင် ပြီးပါတယ် အမေ ရယ်။ ကိုယ့်မိသားစုဆိုရင် ပိုပြီး ဂရုစိုက်ရမှာပေါ့''

ဦးသိန်းကျော်၏ စိတ်ရင်းစေတနာကား မွန်မြတ်လှပေသည်။

➢➢➢

အခန်း(၂)

''တီ .... တီ .... တီ''

ကားဟွန်းသံကြောင့် စကားစပြတ်သွား၏။ အောင်ကိုလတ်တို့ လင်မယားသည် သမီးငယ်လေးကို လက်မှာဆွဲပြီး အိမ်ထဲသို့ ဝင်လာကြ၏။

''အမေ ... အမေနော် မျက်နှာလိုက်တယ်။ အစ်ကိုကြီးဆီကို ဘာတွေလာပို့တာလဲ။ သတင်းရပြီးပြီနော်''

ရောက်လာတာနှင့် မိခင်ကြီးကို ချစ်စနိုးစလိုက်သည်။ ဒေါ်ဝိုင်းစိန်က မြေးကလေးကို ယုယုယယ ပွေ့လိုက်၏။

''အမေ ပြောလေ။ ဘာတွေ လာပို့တာလဲလို့''

အောင်ကိုလတ်မှာ ငယ်ငယ်ကတည်းက အရွတ်အနောက်သမား။ အဖေ၊ အမေကိုလည်း ချွဲတတ်သည်။ နွဲ့တတ်သည်။ သို့သော် မရွဲ့တတ်။

''သားလတ်ရယ် အမေသယ်လာတဲ့ ပစ္စည်းတွေအားလုံးဟာ အမေ့သားတွေ၊ သမီးတွေ၊ မြေးတွေအတွက်ပါ။ သားကြီးတစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ ဩော် သမီးလေး ... နေကောင်းတယ်နော်''

သားလတ်ကိုပြောနေရာမှ ချွေးမဖြစ်သူ မသဇင်နွယ်ဘက်သို့ လှမ်း၍ နှုတ်ဆက်လိုက်၏။

"ကောင်းပါတယ် အမေ"

အောင်ကိုလတ်ဇနီး မသဇင်နွယ်က သိမ်သိမ်မွေ့မွေ့ကလေး ဖြေလိုက်၏။

အောင်ကိုလတ်က တစ်မှောင့်။ မိခင်ကြီးကို ချွဲနွဲ့နေသည်မှာ ကလေးဆိုးကြီးတစ်ယောက်နှယ်။

"ကဲပါ သားကြီးရယ်။ စောစောက အမေပါလာတဲ့ ခြင်းကြီးကို သူ့သာ အပ်လိုက်။ ဒါမှ နားအေးမှာ။ တကျီကျီနဲ့"

"ဟဲ ...ဟဲ ...ဟဲ"

မိခင်ကြီး စိတ်ပေါက်လက်ပေါက် ပြောချလိုက်ပုံကို သဘောကျပြီး အားလုံးရယ်မောကြလေသည်။

"ကိုလတ် ဟိုမှာကွ။ အမေ ရွာက ပါလာတဲ့ခြင်းကြီး"

ဦးသိန်းကျော်သည် ညှိခန်းထောင့်တွင် ထောင်ထားသည့် ဆွဲခြင်းကြီးကို ညွှန်ပြလိုက်၏။

အောင်ကိုလတ်က သုတ်ခနဲ ထပြီး ခြင်းတောင်းကို မ,ကြည့်လိုက်သည်။

"ဟား ... လေးလှချည်လား"

အောင်ကိုလတ်က မနိုင်မနင်းနှင့် ခြင်းတောင်းဆွဲပုံကို ကြည့်ပြီး ပြုံးရယ်ကြပြန်လေသည်။

အောင်ကိုလတ်သည် ခြင်းတောင်းကို စားပွဲပေါ်သို့ တင်ပြီး လက်ကိုင်နှစ်ခုကို တုပ်နှောင်ထားသည့် ပီနန်ကြိုးများအား ဖြေလိုက်၏။ ဖားကြော်ထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကို အလျင်ဆွဲထုတ်လိုက်သည်။

"အမေ ဒါဘာတွေလဲ"

"သိချင် ဖြေကြည့်ပေါ့သားလတ်ရယ်"

မိခင်ကြီးက ပြုံးပြီးပြောလိုက်၏။ အောင်ကိုလတ် ကြွပ်ကြွပ်အိတ်ကို

ဖြေကြည့်လိုက်သည်။

''အင်း ... သားလတ်အကြိုက်ပဲ။ ရန်ကုန်က စားဖားတွေကို မကြိုက်ဘူး။ တောက ဖားပဲကြိုက်တယ်။ တောဖားက လတ်ဆတ်တယ်။ သန့်တယ်''

ပြောပြောဆိုဆို ဖားကြော်များကို ဆွဲထုတ်ပြီး ဝါးစားနေသည်မှာ တကြွပ်ကြွပ်။

''ကိုလတ်နော် အငမ်းမရနဲ့။ အစ်ကိုကြီးကို ဦးချပြီးမှ စားတာမဟုတ်ဘူး''

သဇင်နွယ်က ချစ်မျက်စောင်းလေးထိုးပြီး ဟန့်လိုက်သည်။ အောင်ကိုလတ်က သူ့အစ်ကိုကြီးမျက်နှာကို လှမ်းကြည့်သည်။

''ရပါတယ်။ စား ... စား ...အစ်ကိုကြီး ခွင့်ပြုပါတယ်''

ဦးသိန်းကျော်က ခွင့်ပြုစကားဆိုတော့ အားရပါးရ နှိုက်စားလေတော့သည်။

ဒေါ်ဝိုင်းစိန်၊ ဦးသိန်းကျော်နှင့် မသဇင်နွယ်တို့မှာ ကိုလတ်စားပုံကို ကြည့်ပြီး သဘောကျနေကြ၏။

''ဩော် ... အမေ''

ဖားသားစားနေရင်း ကိုလတ်က မိခင်ကြီးကို စကားစလိုက်၏။

''ဘာလဲ သားလတ်ရဲ့''

''ညီလေးငပွတစ်ယောက်ရော''

ဒေါ်ဝိုင်းစိန်နှင့် ဦးသိန်းကျော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

''အောင်မာ ငါ့သားလေးကိုများ ငပွတဲ့။ သားလေးနာမည်က မောင်အောင်ဒွေးပါ''

သားငယ်အတွက် မခံချင်ဟန်ဖြင့် မိခင်ကြီးက ခပ်တည်တည်ပြောလိုက်သည်။

''မသိပါဘူး အမေရာ။ ရွာက လူတွေနဲ့ တွေ့လို့ မေးလိုက်ရင်

ညီလေးနာမည်က မွေးနေတာပဲ။ တစ်ရွာလုံးက သူ့ကို ငပွလို့ခေါ်ကြတယ် ဆိုပဲ''

ဒေါ်ဝိုင်းစိန်၊ ဦးသိန်ကျော်နှင့် မသဇင်နွယ်တို့သည် ကိုလတ်ပြော ပုံကို သဘောကျပြီး ပြုံးစိစိလုပ်နေကြ၏။

''ဒါနဲ့အမေ။ ဒီကောင်က နာမည်ဆိုးတာတောင် ကြိုက်မယ့်သူ ရှိ သေးတယ်နော်''

ကိုလတ်စကားကြောင့် ဦးသိန်းကျော် စိတ်ဝင်စားသွား၏။

''သားလတ်က အတော်စပ်စုတာပဲ။ ဘယ်သူနဲ့လို့ သားလတ်ကြား လို့လဲ''

ဒေါ်ဝိုင်းစိန်က မသိကျိုးကျွန်ပြုပြီး မေးလိုက်သည်။

''အမေကလဲ မသိချင်ယောင်ဆောင်နေပြန်ပြီ။ ဟို ပိုက်သူကြီး ဦးလှ အောင်ရဲ့သမီး မစာဉနဲ့ မဟုတ်လား''

''ဟဲ ... ဟဲ ... ဟဲ''

ကိုလတ်စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

''အမေ အမေနော်။ ညီလေးကို ကြည့်ထိန်းဦး။ တော်ကြာ မဟုတ် တာတွေ ဖြစ်နေဦးမယ်''

ဦးသိန်းကျော်သည် ရယ်မောနေရာမှ ရင်ထဲကစကားကို အတည် ပြောလိုက်၏။

''အမေ့သားလေးက မဟုတ်မခံ၊ ရန်ဖြစ်တာကလွဲလို့ ဒီလိုကိစ္စတွေ မှာ ရှုပ်ရှုပ်ယှက်ယှက် နာမည်ပျက်မရှိဘူး သားကြီးရဲ့''

''အမေကလဲ အချိန်ပြည့် သူ့နောက်ကို တကောက်ကောက်လိုက် ကြည့်နိုင်လို့လား''

''အင်း ... သားကြီးကတော့ တရားသူကြီးလို့ မပြောရဘူး။ မေးခွန်း တွေက အမေ အဖြေရကျပ်တယ်။ အချိန်ပြည့်တော့ သူ့နောက် တကောက် ကောက် ဘယ်လိုက်နိုင်မှာလဲ''

''ဩော် ... အမေ့သားကိစ္စထားဦး။ အစ်ကိုကြီးကို မေးရဦးမယ်။

သားလတ်သူငယ်ချင်းတစ်ယောက်က ပြောတာ''

ကိုလတ်သည် စကားကို ခဏဖြတ်ပြီး ဖားကြော်ကို နှိုက်လိုက်ပြန်၏။ ဒေါ်ဝိုင်းစိန် ဘဝင်မကျ။ ကိုလတ်ပြောမည့်စကားကို သိချင်နေ၏။

''ဟဲ့ ... သားလတ်။ ဆက်ပြောလေ''

''ဟိုလေ အစ်ကိုကြီး။ မအူပင်ခရိုင်တရားရုံးကို ပြောင်းရမယ်ကြားလို့''

အောင်ကိုလတ်က သူကြားလာသောသတင်းကို ပြောလိုက်၏။

''မသေချာသေးပါဘူး ကိုလတ်ရယ်။ တရားဝင် အော်ဒါထွက်မှ သိမှာပါ''

ဦးသိန်းကျော်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်၏။

''အဲဒါတွေ ထားပါကွာ။ တို့ညီအစ်ကိုနှစ်ယောက်ဆုံတုန်း အရေးကြီးတာ တိုင်ပင်ချင်တယ်''

''ပြောပါ အစ်ကိုကြီး''

''ဒီလိုကွ။ အမေနဲ့ ညီလေးတို့ကို ရန်ကုန်မှာ ခေါ်ထားမလားလို့''

ဦးသိန်းကျော်စကားကြောင့် ကိုလတ်နှင့် မသဇင်နွယ်တို့ အကြည့်ချင်း ဆုံသွားသည်။ ပြီးတော့ လှိုက်လှဲကြီးဆိုသော အပြုံးများပွင့်ထွက်လာ၏။ ဒေါ်ဝိုင်းစိန်သည် သားသမီးတို့၏ အရိပ်အကဲကိုကြည့်ရင်း ရင်ထဲတွင် ပီတိလှိုင်းတို့ ထနေ၏။

''သိပ်ကောင်းတာပေါ့ အစ်ကိုကြီးရာ။ အမေတို့သားအမိကို ကိုလတ်အိမ်မှာပဲ ခေါ်ထားမယ်လေ''

''ဟုတ်တယ် အစ်ကိုကြီး။ သဇင်နွယ်တို့အိမ်မှာပဲ ထားမယ်''

ကိုလတ်တို့ လင်မယားနှစ်ယောက်စလုံးက တက်တက်ကြွကြွ ခေါ်သည်။

''အေ ... အခုလို အမေနဲ့ ညီလေးကို ကိုလတ်တို့ လင်မယားက လိုလိုချင်ချင်ခေါ်ကြတာကို အစ်ကိုကြီး ဝမ်းသာတယ်။ ဒါပေမဲ့ သိတဲ့အတိုင်း အစ်ကိုကြီးအလုပ်က အပြောင်းအရွှေ့ရှိတော့ အဖော်ရတယ်။ အစ်ကိုကြီး

အတွက်လဲ နောက်ဆံမငင်ရတော့ဘူးလေ။ ဒီတော့ အမေနဲ့ ညီလေးကို အစ်ကိုကြီးအိမ်မှာပဲ နေခွင့်ပြုပါကွာ''

ဦးသိန်းကျော်က လေအေးကလေးဖြင့် ပြောပြလိုက်ရာ စကားဝိုင်းမှာ ခေတ္တငြိမ်ကျသွား၏။

''အစ်ကိုကြီး စေတနာကို ကိုလတ်ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ ...''

''ပြောလေ ကိုလတ်''

''အစ်ကိုကြီးအိမ်မှာ အဆင်ပြေပါ့မလား အစ်ကိုကြီးရယ်''

ကိုလတ်စကားက အဓိပ္ပာယ်အများကြီးထွက်နေ၏။ ဦးသိန်းကျော် သဘောပေါက်လိုက်သည်။

''အဆင်ပြေပါတယ် ကိုလတ်ရယ်။ မပူပါနဲ့။ ထားကလဲ အမေ့အပေါ် ကြည်ဖြူပါတယ်''

''ဒါဆိုလဲ အစ်ကိုကြီးဆန္ဒအတိုင်းပါ။ ကဲ ... အမေ ရွာက ဆန်ကော ပါမကျန် ရောင်းပြီး မြို့တက်ခဲ့ပေတော့ ဟုတ်လား''

ကိုလတ် အရွှန်းစကားကြောင့် မိသားစု စကားဝိုင်းမှာ ရယ်မောသံများ လွှမ်းသွား၏။

''အမေနော် အစ်ကိုကြီးအိမ်မှာ တစ်သက်လုံးနေရမှာ။ ဒီတော့ သားလတ်တို့အိမ်မှာ ဒီညတော့ လိုက်အိပ်''

ကိုလတ်စကားအဆုံးတွင် ဒေါ်ဝိုင်းစိန်က ဦးသိန်းကျော်မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

''အမေ့သား ကျေနပ်အောင် လိုက်သွားပါ အမေရယ်။ ဒီကောင်က မလွယ်ဘူး''

မိသားစုစကားဝိုင်းလေး အဆုံးသတ်ပြီးသောအခါ ဒေါ်ဝိုင်းစိန်သည် ကိုလတ်တို့ မိသားစုနှင့်အတူ မတ်တူးကား အဖြူလေး သယ်ဆောင်ရာသို့ ပါသွားလေတော့သည်။

➤➤➤

## အခန်း(၃)

''အမေ သားသူငယ်ချင်းတွေကို သွားနှုတ်ဆက်လိုက်ဦးမယ်နော်''

အောင်ဒွေးသည် ဂျင်းအင်္ကျီအပြာလက်ရှည်ကို ကောက်စွပ်ရင်း ဒေါ်ဝိုင်းစိန်ကို ခွင့်ပန်လိုက်၏။

''ဘာလဲ။ ပိုက်သူကြီးသမီးလေးဆီသွားမလို့ မဟုတ်လား''

မိခင်ကြီးက ပစ္စည်းများကို ထုပ်ပိုးနေရာမှ မျက်စောင်းတစ်ချက်ဝင့်ပြီး ပြောလိုက်၏။

''အမေပြောတာ နောက်ကျသွားပြီ။ စာဥနဲ့သားက တစ်နေ့လုံးတွေ့ပြီးပြီ။ မှာစရာရှိတာတွေ မှာပြီးပြီ။ စာမကြောမကြာရေးဖို့ အစ်ကိုကြီးတို့အိမ်လိပ်စာလဲ ပေးထားပြီးပြီ''

အောင်ဒွေးက ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။

''သားလေးနော် မင်းအစ်ကိုကြီးတို့အိမ်ရောက်ရင် အားလုံးဆင်ခြင်ရမယ်။ ဒီမှာလို ပရမ်းပတာနေလို့ မဖြစ်ဘူး''

''အမေနော်။ စည်းကမ်းချက်တွေ သိပ်များရင် သားမလိုက်တော့

ဘူး။ အမေတစ်ယောက်တည်းသွား။ သား ရွာမှာပဲနေခဲ့တော့မယ်''

အောင်ဒွေးက လှူလည်။ သူ့အမေကို အကျပ်ကိုင်စကားပြောလိုက်သည်။ ဒေါ်ဝိုင်းစိန် မျက်ကလူးဆန်ပျာဖြစ်သွား၏။

''ဒီလိုတော့ မလုပ်ပါနဲ့ သားလေးရယ်။ အမေနဲ့ လိုက်ခဲ့ပါနော်''

''ဒါဆိုလဲ ပြီးရော။ သား သွားမယ်။ သူငယ်ချင်းတွေ အခုလောက်ဆို မျှော်နေပြီ''

''ဘယ်က မျှော်မှာလဲ''

''အမေကလဲ သိတဲ့အတိုင်း ကိုအညာသား အရက်ဆိုင်ကပေါ့''

အောင်ဒွေးက ပြောရင် တည့်(ဒွဲ့)ပြောတတ်သည်။ မလိမ်မညာတတ်။

''သားလေးနော် သွားခါနီးလာခါနီး တရားလွန်လုပ်မလာနဲ့''

''စိတ်ချပါ အမေရာ။ ဒီည သားလျှော့သောက်မှာပါ''

''ဘာကို လျှော့မှာလဲ သား''

အောင်ဒွေးသည် မိခင်ကြီးအနားကပ်ထိုင်လိုက်သည်။ မျက်နှာကို မချိုမချဉ်လုပ်ပြီး ပြောလိုက်သောစကားကြောင့် ဒေါ်ဝိုင်းစိန် 'သွား'ဟု အော်ထုတ်လိုက်၏။

အောင်ဒွေး ပြောလိုက်သည်မှာ–

''ပုဆိုးကို လျှော့သောက်မှာပေါ့ အမေရဲ့''တဲ့။

ထိုညက အညာသားလေး အရက်ဆိုင်တွင် အောင်ဒွေး၊ ချက်ပု၊ ငတိ၊ မောင်စိုးတို့လေးယောက် နူတ်ဆက်အရက်ဝိုင်းလေး လုပ်ကြသည်။

''အေးကွာ။ ငပွတစ်ယောက် ရန်ကုန်ပြောင်းမယ်ဆိုတော့ ငါတို့ လင်မယား တကယ်စိတ်မကောင်းဘူး''

အရက်ဝိုင်းဘေးတွင် ထိုင်နေသော ကိုအညာသားက ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။

''ဘာလဲ အညာသား။ ဖောက်သည်တစ်ယောက် လျော့သွားလို့လား''

ရေချိန်ကိုက်နေသည့် ချက်ပုက ကိုအညာသားကို ရယ်သွမ်းသွေး၍

ပြောလိုက်၏။

''မဟုတ်ပါဘူး ချက်ပုရာ ငါတကယ်ပြောတာပါ။ ငါ့မိန်းမ အေးချစ်တောင် ငပွအတွက် ကောက်ညှင်းထုပ် သွားဝယ်တယ်။ လက်ဆောင်ပေးမလို့တဲ့''

အောင်ဒွေးသည် ဘာမှ ဝင်မပြောဘဲ ငြိမ်နေသည်။ ကိုအညာသား တကယ်ခံစားနေရသည်ကို နားလည်လိုက်၏။

''ငပွ''

''ဘာလဲ ကိုအညာသား''

''ဒီည ဝိုင်းအတွက်တော့ မရှင်းပါနဲ့ကွာ။ တို့လင်မယားကပဲ ပြုစုပါ့မယ်''

ကိုအညာသားပြောလိုက်သည့် စကားဝယ် ဝမ်းနည်းသံတို့ ရောစွက်နေ၏။

''မလုပ်ပါနဲ့ ကိုအညာသားရာ။ ခင်ဗျားတို့လဲ ပြေလည်တာ မဟုတ်ဘူး။ ကျွန်တော်ရယ်၊ ချက်ပုရယ်၊ ငတိရယ် သုံးယောက်က သူ့ကို နှုတ်ဆက်ပွဲလုပ်တာပါ။ ကိုအညာသား မလုပ်ပါနဲ့''

မောင်စိုးက ဝင်၍ပြောလိုက်သည်။

''ဟုတ်တယ် ကိုအညာသား။ ကျွန်တော်တို့ သုံးယောက် စခံကြမှာပါ''

ငတိက အရက်ခွက်ကို ကွပ်ခနဲ မော့ချလိုက်ပြီးနောက် ပြောလိုက်သည်။ ကိုအညာသား တွန်းပြော၍မရတော့။ ထိုအချိန်တွင် မအေးချစ်သည် ကောက်ညှင်းထုပ်များဆွဲပြီး အရက်ဆိုင်ထဲသို့ ဝင်လာ၏။

''ရော့ ... ငပွ။ မနက်တော့ လိုက်မပို့တော့ဘူး။ ဒီညပြန်ရင် ယူသွားတော့''

မအေးချစ် စကားမဆက်နိုင်။ အသံများ တိမ်ဝင်သွားသည်။

အောင်ဒွေးတို့ အရက်ဝိုင်းမှာ ခါတိုင်းနေ့များနှင့် မတူ။ စိုစိုပြည်ပြည် မရှိ။ တိတ်ဆိတ်နေသည်။

''ငပွသာ မရှိရင် ရွာတောင်ပိုင်းက ညိုကြီးတစ်ယောက် ဗိုလ်လာကျဦးမှာပဲ''

ကိုအညာသားသည် သူ၏ ပူပန်မှုကို ထုတ်ပြောလိုက်သည်။

''ကိုအညာသားကလဲ ငပွမရှိလဲ ကျွန်တော်တို့ သုံးယောက်ရှိတာပဲ။ ဒီညိုကြီးကိစ္စ ထည့်မတွက်ပါနဲ့''

ချက်ပုက အရက်ရှိန်ဖြင့် လူမိုက်စကားပြောလိုက်သည်။ အောင်ဒွေးက ခေါင်းငိုက်စိုက်ချပြီး အရက်ခွက်ကို ကိုင်ထားသည်။

''တော်ပါ ချက်ပုရာ။ မင်းသတ္တိကောင်းတာကို ငါသိပါတယ်။ ကိုသာဗျောအသုဘမှာ ငပွနဲ့ ညိုကြီး ထိုးကြကြိတ်ကြတော့ မင်း တစ်ချိုးတည်း ထွက်ပြေးတာလေ''

''ဟား ...ဟား ... ဟား''

အရက်ဝိုင်းမှ ရယ်မောသံများ ဝေါခနဲ ပွင့်ထွက်သွားသည်။ တိတ်ဆိတ်နေသော လကွယ်ညမှာ လှုပ်လှုပ်လှုပ်လှုပ် ဖြစ်သွား၏။

''ကဲဗျာ စိတ်မကောင်းစရာ၊ ဝမ်းနည်းစရာတွေ ပြောမယ့်အစား ကျွန်တော် မပြောင်းခင် ပျော်ပျော်ရွှင်ရွှင်လေး စီစဉ်ကြရအောင်''

တစ်ချိန်လုံး ငြိမ်နေသော အောင်ဒွေးက အာရုံပြောင်းစကားဆိုလိုက်သည်။ ကိုအညာသားတို့ လင်မယားကလည်း လန်းလန်းရွှင်ရွှင် ဖြစ်သွား၏။

''လုပ်လေ ငပွ။ မင်း ဘာစီစဉ်မှာလဲ''

မောင်စိုးက စကားဆက်ပေးသည်။

''ဟိုးအရင်တုန်းက တို့အရက်ဝိုင်းမှာကတဲ့ ပြဇာတ်တိုလေး လုပ်ကြည့်ကြရအောင်''

''ပျဉ်းမငုတ်တိုလား။ စိုးမိုးမေတ္တာလား''

ချက်ပုက သူမှတ်မိသမျှ မေးလိုက်၏။ အောင်ဒွေးက ကိုအညာသားတို့ လင်မယားကို ပြုံးကြည့်ပြီး–

''စိုးမိုးမေတ္တာဇာတ်လမ်း က,မယ်ကွာ။ ထုံးစံအတိုင်း ကိုရင်သိန်းတန်အဖြစ် ကိုအညာသား၊ စိုးစိုးအဖြစ် ရပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်

မော်ဒယ်လ်ဂဲလေး မအေးချစ်တို့က သရုပ်ဆောင်မယ်''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

မအေးချစ်မှလွဲ၍ အားလုံး လက်ခုပ်တီးကြသည်။

တိတ်ဆိတ်ညကို လက်ခုပ်သံများက ဖြိုခွင်းလိုက်၏။

''မလုပ်ပါနဲ့ ငပွရယ်။ ငါ စိတ်မပါလို့ပါ''

မအေးချစ်က ငြင်းသော်လည်း ကိုအညာသားက ကိုသိန်းတန်ရွာကို ပြန်မည့်အခန်း သရုပ်ဆောင်ရန် ပင်နီတိုက်ပုံလေးကို ပခုံးပေါ် တင်လိုက်၏။

''လုပ်ပါ မအေးချစ်ကလဲ ဟိုမှာ ကိုသိန်းတန်တောင် အဆင်သင့်ဖြစ်နေပြီ''

ငတိက ချွန်တွန်းလုပ်လိုက်သည်။

''ဟော့ကောင် ငတိ။ မင်းက သဘော်ကြီးအဖြစ်နဲ့ ခါတိုင်းလို ဟွန်းဆွဲပေးရမယ်နော်''

''အေးပါ ဒါရိုက်တာ ငပွကြီးရယ်''

အောင်ဒွေးကို ဒါရိုက်တာ ငပွကြီးဟု ကင်ပွန်းတပ်လိုက်ရာ သဘောကျရယ်မောကြပြန်သည်။ မအေးချစ်သည် ပန်းနုရောင်ပဝါလေးကိုင်ပြီး စိုးစိုးအဖြစ် သရုပ်ဆောင်ရန် မတ်တတ်ရပ်လိုက်၏။

ကိုအညာသား၊ မအေးချစ်၊ ငတိတို့ သုံးဦးရှေ့တွင် အောင်ဒွေးက ဒါရိုက်တာ စတိုင်လ်ဖြင့် ရှင်းပြသည်။ ချက်ပုနှင့် မောင်စိုးက ပရိသတ်နေရာမှ ထိုင်ကြည့်ကြသည်။

''အရင်တုန်းက ကိုအညာသားလုပ်ခဲ့တယ်လေ။ ကိုသိန်းတန် သဘော်ပေါ်တက်သွားတော့ စိုးစိုးက ကမန်းကတန်းလိုက်ပြီး 'ကိုသိန်းတန် ... ကိုသိန်းတန် စိုး သဘော်ပေါ်တက်ခဲ့မယ်'' လို့ ပြောတယ်။ အဲဒီမှာတင် ကိုသိန်းတင်က ''ဟာ – မလိုက်နဲ့။ မလိုက်နဲ့ ဒုက္ခတွေ များကုန်မယ်'' လို့ ပြန်ပြောတယ်။ မှတ်မိတယ်နော်''

အောင်ဒွေးက စိုးမိုးမေတ္တာပြဇာတ်ကို အစဖော်ပေးနေ၏။

''အဲဒီအတိုင်းကရမှာပဲ မဟုတ်လား။ အဲဒီအခန်းကိုတော့ တို့လင်

မယားပိုင်ပြီးသားပါကွာ။ ကဲ ...ပြောနေကြတယ်။ ငတိက သဘော်ဟွန်းဆွဲတော့''

ကိုအညာသား လောလိုက်သည်။ အောင်ဒွေးက လက်တစ်ဖက်ကိုကာပြပြီး ကျန်လက်တစ်ဖက်ဖြင့် အရက်ခွက်ကို ကွပ်ခနဲ မော့ချလိုက်သည်။

''ခဏလေး ကိုအညာသား အဲဒီပြဇာတ်က တွံတေးသိန်းတန်ငယ်ငယ်တုန်းက ကခဲ့တာ။ အခု အဲဒီလို ကလို့မရတော့ဘူး။ မော်ဒန်ပြဇာတ်ဖြစ်အောင် ကရမယ်။ တွံတေးသိန်းတန်ခေတ်က ရိုးသားတယ်။ ပွင့်လင်းတယ်။ ဥပဒေကိုလည်း ကြောက်တယ်။ မြန်မာမှုကိုလဲ လေးစားတယ်။ စိုးစိုးက လိုက်ချင်ပေမယ့် သူက ခါးခါးသီးသီး ငြင်းတယ်''

အောင်ဒွေးက ရှင်းပြနေသည်မှာ တကယ့် လေးစားစရာ ဒါရိုက်တာကြီးနှယ်။

''ဟော့ကောင် ငပွ။ အချိန်မနည်းတော့ဘူး။ မင်းလုပ်စေချင်တာ မြန်မြန်ပြောကွာ''

ငတိက စိတ်မရှည်တော့။

''ကိုအညာသားပဲ အပြောပြင်ရမှာပါ။ ငတိက ဘော် ... ဘော်လို့အော်လိုက်တာနဲ့ မအေးချစ်ကနေ 'ကိုသိန်းတန် ကိုသိန်းတန် စိုး သဘော်ပေါ်တက်ခဲ့မယ်'လို့ လှမ်းအော်မယ်။ ပြီးရင် ကိုအညာသားပြောမယ် တိုတိုလေးပါ''

အောင်ဒွေး စကားဖြတ်လိုက်၏။

''ဟော့ကောင် ငပွ။ ငါက ဘာပြောရမှာလဲ''

ကိုအညာသားက မေးလိုက်သည်။

''အရင်တုန်းကလို မတက်နဲ့ မတက်နဲ့ ဒုက္ခတွေ များကုန်လိမ့်မယ်လို့ မပြောနဲ့''

''ငပွ အဲဒါတွေ ငါသိပြီးပါပြီကွ။ မင်းက ပေသိပ်ရှည်တာပဲ။ အခုငါက ကိုသိန်းတန်နေရာကနေ ဘာပြောရမှာလဲ''

ကိုအညာသား လောလိုက်ပြန်၏။

"ဟာ .... သဘော်ခွာတော့မယ်။ မြန်မြန်တက် မြန်မြန်တက်ဆိုပြီး အတင်းဆွဲပြေးပေတော့"

အောင်ဒွေးပြောပုံကို သဘောကျပြီး အုန်းခနဲ ပွဲကျသွားလေသည်။

➤➤➤

## အခန်း(၄)

မြစ်ပြင်ရော အနောက်ခြမ်းတွင် တိမ်လွှာတိမ်လိပ်တို့သည် ရောင်စုံကွန့်မြူးနေ၏။ အုပ်ဖွဲ့ပျံသန်းသွားသော ငှက်ဖျိုင်းဖြူတို့မှာ တစ်အုပ်ပြီး တစ်အုပ်။ တစ်သုတ်ပြီး တစ်သုတ်။ မြစ်ရောတစ်ကြောတွင် စုန်ဆန်သွားလာနေသော လှေ၊ သမ္ဗန်၊ မော်တော်တို့ မြစ်ရောအလှကို ပန်တင့်စေသည်မှာ အမှန်။

ရောမြစ်အရှေ့ခြမ်း ကမ်းနဖူးမှ ရွှေညောင်ပင်ခြေရင်းတွင် အောင်ဒွေးနှင့် စာဥတို့ ထိုင်ရင်း ငေးမောနေကြသည်။ အတန်ကြာ စကားမပြောဖြစ်။

အောင်ဒွေးသည် စာဥမျက်နှာလေးကို ယုယကြင်နာသော မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။ စာဥ၏ ဝိုင်းစက်သော မျက်လုံးအစုံဝယ် မျက်ရည်တို့ ရစ်ဝိုင်းနေသည်။ အောင်ဒွေးသည် စာဥပါးပြင်နှစ်ဖက်အား လက်ဝါးကလေးဖြင့် ခပ်ဖွဖွကိုင်ပြီး သူ့ဘက်သို့ လှည့်လိုက်သည်။ စာဥမျက်နှာချာခနဲ ပြန်လှည့်သွားသည်။ စာဥသည် ရွှေညောင်ပင်ကြီး အမြစ်များကို

ငုံ့ကြည့်နေသည်။ စာဥအရိပ်အကဲကိုကြည့်ပြီး အောင်ဒွေးရင်ထဲ၌ မကောင်းတော့ပေ။

အောင်ဒွေးသည် စာဥမေးဖျားလေးကို မ၍ ငုံ့နေသော စာဥမျက်နှာလေးကို ကြည့်လိုက်သည်။

''ဟင် ... စာဥငိုနေတယ်''

ငိုချင်လျက် လက်တို့ချင်ဟု ဆိုရမည်လားမသိ။ စာဥ၏ မျက်လုံးအစုံမှ မျက်ရည်များသည် ပါးပြင်သို့ လိမ့်ဆင်းလာတော့သည်။ အောင်ဒွေးသည် စာဥ၏ ပါးပြင်မှ မျက်ရည်များကို လက်ဖမိုးလေးဖြင့် သုတ်ပေးနေသည်မှာ ကြင်ကြင်နာနာ။ စာဥမျက်လုံးအိမ်မှ မျက်ရည်များက မျက်ရည်တမံကျိုးပေါက်သွားသည့်နှယ်။

''စာဥ ဘာဖြစ်လို့လဲဟင်။ ကိုဒွေးကို ပြောပါဦး''

အောင်ဒွေး မေးလိုက်သံဝယ် စိုးရိမ်စိတ်တို့ ရောယှက်နေ၏။

''ကိုဒွေးကတော့ ရန်ကုန်မှာ သွားနေရမှာမို့ အရမ်းပျော်နေမှာပဲနော်''

စာဥသည် ဆို့ဆို့နင့်နင့် ဖြစ်နေသည်မှာ သိသာလှသည်။ စာဥအမေးကို အောင်ဒွေး ရုတ်တရက် မဖြေနိုင်။ မြစ်ထဲတွင် တွဲသင်္ဘောနှစ်စီး တစ်စီးနှင့်တစ်စီး ဘေးချင်းကပ် ရှောင်သွားသည်ကို ငေးမောကြည့်လိုက်၏။

''စာဥ မေးနေတယ်လေ။ ကိုဒွေး ပျော်နေတယ် မဟုတ်လား''

စာဥမေးသံက ပိုကျယ်လာသည်။

''မပျော်ပါဘူး စာဥရာ။ အမေ စိတ်ချမ်းသာအောင် လိုက်လျောရတာပါ။ တကယ်တော့ စာဥနဲ့ ခွဲရမှာကို တွေးမိတိုင်း ကိုဒွေးရင်ထဲ မကောင်းဘူး''

အောင်ဒွေးအသံ တိမ်ဝင်သွားသည်။

''မပျော်ဘူးသာ ဆိုတယ်။ ညက တစ်ညလုံး ကိုအညာသားအရက်ဆိုင်မှာ အုန်းအုန်းကို ထနေတာပဲ။ စာဥမှာဖြင့် ကိုဒွေးနဲ့ ခွဲရမှာကို တွေးပြီး တစ်ညလုံး အိပ်မပျော်ဘူး။ သူ့မှာဖြင့် ပြဇာတ်တောင် ကလိုက်သေး

တယ်''

မစာဥ၏ ပွင့်လင်းရိုးသားသော စကားကြောင့် သူ့အဖြစ်ကို သူတွေးပြီး တစ်ချက်ပြုံးမိသည်။

''ဒါကတော့ စာဥရယ်။ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့တွေ့တော့လဲ အလိုက်အထိုက် နေရတာပေါ့''

''ဟုတ်ပါတယ်။ အဲဒီလို သူငယ်ချင်းတွေနဲ့ သောက်လိုက် စားလိုက်လုပ်နေရရင် စာဥကို လုံးဝ မေ့သွားတာပဲ မဟုတ်လား''

မစာဥက ချစ်မျက်စောင်းလေး တစ်ချက်ဝင့်ပြီး ပြောလိုက်သည်။

''မမေ့ပါဘူး စာဥရယ်။ ကိုဒွေးရဲ့ ရင်ထဲအသည်းထဲမှာ ဒီက စာဥလေးကို မြှုပ်ထားပြီးသားပါ''

အောင်ဒွေးက ရင်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။

''အင်း ... ကိုဒွေးကတော့လေ။ ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းဆိုသလို ဖြစ်နေပြီ''

မစာဥစကားကို အောင်ဒွေး သဘောကျသွား၏။

''အောင်မာ စာဥတောင် စကားတွေ ဘာတွေ ပြောတတ်နေပြီ''

''လူပဲ စကားမပြောတတ်ဘဲ နေပါ့မလား''

''စိတ်ချပါ စာဥရယ်။ ကိုဒွေးက တစ်ယောက်ကိုတစ်ယောက်၊ ပိတောက်ဆို ပိတောက်ပဲ။ ဒီက စာဥကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး''

''တစ်ခုတော့ရှိတယ်နော် ကိုဒွေး။ ဟိုးအရင်က ပိတောက်တွေက သစ္စာရှိတယ်။ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်ပဲ ပွင့်ကြတယ်။ အခုခေတ် ပိတောက်တွေက အဲဒီလို မဟုတ်တော့ဘူး''

''ကိုဒွေးအချစ်က ဟိုးအရင်က ပိတောက်လို အချစ်မျိုးပါ စာဥရယ်''

စာဥလက်ဖမိုးလေးအား ယုယစွာ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ မစာဥ ကျေနပ်ဝမ်းသာသွား၏။ တိမ်ရောင်ဟပ်နေသော မျက်နှာကလေးမှာ ဝင်းလက်ကြည်ပြုံးလာ၏။

''ကိုဒွေးနော် ရန်ကုန်ရောက်ရင် စာ မကြာမကြာရေးနော်။ ပြီးတော့

ရန်ကုန်က ကောင်မတွေနဲ့လဲ မရောနဲ့။ ပေါက်ကရကောင်မတွေနဲ့ လွတ် အောင်ရှောင်။ အရက်ကိုလဲ မသောက်ပါနဲ့”

မစာဥသည် တောသူပီပီ တုတ်ထိုးအိုးပေါက် မှာပုံတော်ဖွင့်လိုက် သည်။

အောင်ဒွေးက မစာဥမျက်နှာကို စေ့စေ့ကြည့်ပြီး ခေါင်းညိတ်ပြလိုက် ၏။

➤➤➤

## အခန်း(၅)

ဒေါ်ဝိုင်းစိန်နှင့် အောင်ဒွေးတို့သည် ဦးသိန်းကျော်နေအိမ်သို့ ရောက်လာသည်မှာ ၆ လခန့် ရှိသွားပေပြီ။

အောင်ဒွေးက ကားမောင်းပြီး မိခင်ဒေါ်ဝိုင်းစိန်က အိမ်တွင်း ဗာဟီရကိစ္စများ ကူညီဝိုင်းလုပ်သည်။ ဦးသိန်းကျော်မှာ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှအပ အိမ်တွင် အချိန်ပြည့် မရှိ။ ဇနီးသည် ဒေါ်ခင်ထားထားအတွက် မိခင်နှင့် ညီလေးရှိနေ၍ တစ်ဖက်တစ်လမ်း စိတ်ချမ်းသာရသည်မှာ အမှန်။

ဦးသိန်းကျော် တစ်ခုတော့ သတိထားမိသည်။ မိခင်နှင့် ညီလေး ရောက်လာပြီးနောက် ဇနီးသည် ခင်ထားထားတစ်ယောက် အိမ်ကပ်သည် မရှိ။ အပြင်သို့ အရောင်းအဝယ်ကိစ္စ အကြောင်းပြပြီး ထွက်နေသည်က များ၏။ မိခင်နှင့် ညီလေးအား ဆက်ဆံပြောဆိုပုံမှာ ဟက်ဟက်ပက်ပက် မရှိ။ ဦးသိန်းကျော်ရင်ထဲ၌ မကောင်းချေ။

ဦးသိန်းကျော်က တရားသူကြီး။ သို့သော် ယခု စည်းစိမ်ဥစ္စာများမှာ ဦးသိန်းကျော် ရှာဖွေစုဆောင်းထားသော ပစ္စည်းများမဟုတ်။ ဒေါ်ခင်ထား

ထားဘက်မှ အမွေရထား၍ ဤမျှ ထည်ထည်ဝါဝါ နေနိုင်ခြင်းသာ။ ထိုထို ဤဤသော အကြောင်းများကို ထောက်ရှုပြီး ဦးသိန်းကျော် စိတ်ကိုဖြေလျှော့ရသည်မှာ အကြိမ်ကြိမ်။ မိမိအနေဖြင့် လူကြီးလူကောင်းဆန်ဆန်ဖြင့် ဒေါ်ခင်ထားထား နားလည်သဘောပေါက်သည်အထိ စိတ်ရှည်ရှည် ကြိုးပမ်းရန်သာ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်၏။

ခက်သည်မှာ ညီငယ်အောင်ဒွေးကလည်း သဘောပေါက် နားလည်မှုမရှိ။ ဒေါ်ခင်ထားထားကို ချော့မော့ပြောဆို ဆက်ဆံခြင်းမပြု။ ဘုဆတ်ဆတ် မာကျောကျော။ ရွာမှာပေခဲ့တေခဲ့သော အကျင့်စရိုက်များကို မဖျောက်။ ဇနီးဖြစ်သူ မရှိခိုက် အမျိုးမျိုး ဖျောင်းဖျသွန်သင်ဆုံးမသော်လည်း ခဏပင်။ ခံမပြော နားမထောင်ဆိုသည့် လူစားမျိုး။ ပိုးစိုးပက်စက်ပြောလိုက်ပါက မိခင်ကြီး စိတ်ဆင်းရဲသောကရောက်မှာကိုလည်း ပူရပြန်သည်။

ဦးသိန်းကျော်အဖို့ တရားခွင်မှ အမှုအခင်း၊ အရှုပ်အထွေးများကို နေ့စဥ် စဥ်းစားဆုံးဖြတ်ရသည်က တစ်ဖက်။ ညီငယ် လူပေ လူတေအတွက် တွေးတောပူပန်ရသည်က တစ်မှောင့်။ အမျိုးမျိုး တွေးတောရင်း စိတ်မကြည်မသာ ဖြစ်ရသည်မှာ နေ့စဥ်။

သည်ကြားထဲ ဆီးရောဂါကလည်း ထလာသည်။ ဆီးနှင့် ကျောက်ကပ် ပါရဂူ၏ စမ်းသပ်စစ်ဆေးချက်အရ ဦးသိန်းကျော်၏ ကျောက်ကပ်တစ်လုံး အလုပ်မလုပ်တော့ဟု သိလိုက်ရသည်။

ဇနီးဖြစ်သူ ဒေါ်ခင်ထားထားနှင့် ဆွေးနွေးတိုင်ပင်ကြသည်။

''ငွေကုန်တာ ဘယ်လောက်ကုန်ကုန် စိတ်ချမ်းသာရင် ပြီးရော။ အထူးကု ဆေးခန်းသွားပါ''တဲ့။

ဒေါ်ခင်ထားထား စကားက အဓိပ္ပာယ်အများကြီးပါသည်။ ဦးသိန်းကျော် မသိ၍မဟုတ်။ သိသည်။ သို့သော် စိတ်ကိုလျှော့ပြီး ကြိတ်မှိတ်ခံစားနေလိုက်သည်။ မိခင်ကြီး ဒေါ်ဝိုင်းစိန်မှာ သားကြီးရောဂါကို အကဲခတ်ပြီး စိတ်မချမ်းမြေ့။ ကြားဖူးနားဝ ဆေးမြီးတိုကလေးများရှာပြီး တိုက်သည်။ သံမနိုင်ကျောက်မနိုင်အပင်များကို သုံးခွက်တစ်ခွက်တင် ကျိုပြီး တိုက်ရ

သည့်မှာလည်း ထပ်နေသည်။

နောက်ဆုံး ရောဂါဒဏ်ကို မခံနိုင်သည့်အဆုံးတွင် 'စိန့်တံခွန်' ဆီးနှင့် ကျောက်ကပ် အထူးကုဆေးခန်းသို့ တက်ရောက်ကုသခံသည်။ သမားတော်ကြီး ဒေါက်တာစိန်မောင်သည် ဦးသိန်းကျော်အား အထူးဂရုစိုက် ကုသသည်။ ကျောက်ချေစက်ကိုအသုံးပြုပြီး ဦးစွာကြိုးစားသည်။ မရ။ ခွဲစိတ်ကုသသည့်အဆင့်သို့ ရောက်သွား၏။ ဦးသိန်းကျော်၏ ဘယ်ဘက်ကျောက်ကပ်ကို ဖြတ်လိုက်ရ၏။ သမားတော်ကြီး ဒေါက်တာစိန်မောင်က ဦးသိန်းကျော်အား စိတ်အားမငယ်အောင် ရှင်းပြသည်။ ကျောက်ကပ်တစ်လုံးဖြင့် အသက်ရှင်နေနိုင်ကြောင်း ဂဃနဏ ရှင်းပြသဖြင့် ဦးသိန်းကျော် အားတက်သွားသည်။

ကျန်းမာရေး ချို့ယွင်းယိုင်နဲ့သည့်အချိန်တွင် မိသားစု အိမ်တွင်းရေးပြဿနာများ မကြာခဏ ပေါ်လာသဖြင့် ဦးသိန်းကျော် စိတ်မချမ်းသာ။ အောင်ကိုလတ်ကလည်း အခြေနိုင်သွားပြီမို့လားမသိ။ ဦးသိန်းကျော်နေအိမ်သို့ အရောက်အပေါက်နည်းသွား၏။ တယ်လီဖုန်းဆက်သွယ်မှုလည်း သိသိသာသာ ကျဲသွားသည်။ အမှန်မှာ မိခင်ကြီးရှိနေ၍ ခါတိုင်းထက်ပင် အဝင်အထွက် ပိုလုပ်သင့်၏။ ဦးသိန်းကျော် ဆေးခန်းသို့ တက်ရောက်ကုသနေစဉ် လာရောက်သည်မှာလည်း ညှော်သည်သွား ညှော်သည်လာ။ တာဝန်ကျေဆိုရုံမျှသာ။

သည်နေရာတွင် အောင်ဒွေးကတော့ ချီးကျူးစရာ။ ဦးသိန်းကျော်ဆေးကုသနေသည့် ကာလအတွင်း လုံးဝ အရက်မသောက်။ အစ်ကိုကြီးအပါးတွင် အခင်းကြီး အခင်းငယ်မှအစ မရွံမရှာ လုပ်ပေးသည်။ စပယ်ရှယ်နာ့စ်ရှိနေ၍ အောင်ဒွေး စောင့်စရာမလိုဟု ဒေါ်ခင်ထားထားက မောက်မောက်မာမာ ပြောသေးသည်။ ဦးသိန်းကျော် ကြားသော်လည်း မကြားဟန်ဆောင်ပြီး မျက်လုံးမှိတ်ကာ အိပ်ချင်ယောင် ဆောင်နေခဲ့သည်။ အောင်ဒွေးသည် ဒေါ်ခင်ထားထား လာသည်ကိုမြင်လိုက်သည်နှင့် အခန်းထဲမှ ထွက်ပြီးရှောင်သည်။ ဒေါ်ခင်ထားထားပြန်သွားမှ သူ့အစ်ကိုအပါး၌ နေသည်။

ဒေါ်ဝိုင်းစိန်မှာ ချွေးမဖြစ်သူနှင့် သားငယ်အောင်ဒွေး ဆက်ဆံရေး တင်းမာမှုအပေါ် တစ်နေ့တခြား မြင်တွေ့လာရ၍ စိတ်မချမ်းမြေ့ဖြစ်ရသည်။ သားငယ်နှင့်အတူ မိမိရွာသို့ ပြန်နေရန် စဉ်းစားကြည့်သည်။ မဖြစ်။ သားကြီး မကျန်းမမာဖြစ်နေသည့်အချိန်တွင် ဥပေက္ခာပြု ပြန်သွားပါက သင့်တော်မည် မဟုတ်။ သားကြီး စိတ်အားငယ်ကာ ရောဂါအခြေအနေ ပိုဆိုးသွားမည် ကိုလည်း ရင်လေးရသည်။

ထိုသို့ ပူပန်စိတ် အမျိုးမျိုး ဘောင်ဘင်ခတ်နေသည့်အချိန်တွင် အောင်ဒွေးပြဿနာက အကြီးအကျယ် တက်လာ၏။ ကြားရသည်မှာ ရင် မကောင်းစရာ။

''နင်မယူရင် ဘယ်သူယူမလဲ။ ငါ့အိမ်မှာ တစ်သက်လုံး ထားလာ တာ။ ဒီလိုမျိုး မပျောက်ဖူးပါဘူး။ နင်လို အရက်သမားရောက်လာမှ ငါ့စိန် လက်စွပ် ပျောက်ရတာ''

ဒေါ်ခင်ထားထားသည် ရုပ်ရှင်သရုပ်ဆောင် ဘေဘီနွဲ့ အိုက်တင်မျိုး ဖြင့် မာန်တက်နေ၏။ အောင်ဒွေးကို လက်ညှိုးတငေါက်ငေါက်ဖြင့် ပြော ဆိုနေသည်မှာ ရစရာမရှိ။

အောင်ဒွေးသည် အံကိုကြိတ်၍ ဒေါ်ခင်ထားထားအား စိုက်ကြည့် နေသည်။ မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေသည့်နှယ်။ ဒေါသစိတ်၊ နာကြည်းစိတ်၊ ခံပြင်းစိတ်တို့ကြောင့်လား မသိ။ အသားများ တဆတ်ဆတ် တုန်နေသည်။

အောင်ဒွေးအခြေအနေကို ဒေါ်ဝိုင်းစိန် အချိန်မီ သိလိုက်၍ တော် သေးသည်။

''သားငယ်နော် သားငယ်။ ဒေါသရှေ့ထား မှားတတ်တယ်။ စိတ်ကို လျှော့''

မီးဖိုထဲမှ ကသုတ်ကရက်ပြေးထွက်ရင်း အော်လိုက်သည်။ အောင်ဒွေး သည် မိခင်ကြီးမျက်နှာကို လှမ်းကြည့်ပြီး ဒေါသစိတ်ကို ချုပ်တည်းလိုက် ၏။ ကိုယ်ထိလက်ရောက် ကျူးလွန်တော့မည့် စိတ်ဆင်ရိုင်းကြီး ထွက်ပြေး

သွားသည်။

''ကျွန်တော့်ကို မဟုတ်ဘဲနဲ့တော့ မစွပ်စွဲနဲ့နော်။ ထောက်ရမယ့် မျက်နှာတွေရှိနေလို့ သိလား။ ခဏလေးနဲ့ နလုံးသွေးပေါ်သွားမယ်''

အောင်ဒွေးသည် ဒေါ်စိတ်ကို ချုပ်တည်းထားသည့်ကြားမှ ပွင့်ထွက်သွား၏။

''သားငယ်နော် သားငယ်။ အမေပြောနေတယ်။ တစ်ခွန်းမှ ဆက်မပြောနဲ့''

ဒေါ်ဝိုင်းစိန် ခပ်မာမာ ပြောလိုက်၏။

''အောင်မာ တောမှာ ဖားရှာ၊ ငါးရှာနေလို့ ရန်ကုန်ကို ခေါ်ထားတဲ့ ကောင်ကများ ငါ့ကို ခြိမ်းခြောက်လား ဘာလားနဲ့။ သတ္တိရှိရင် လုပ်ကြည့်လိုက်လေ''

ဒေါ်ခင်ထားထား သတ္တိကလည်း မသေး။ ရင်ကော့၍ ရှေ့သို့တိုးလာသည်။

''သမီး အမေတောင်းပန်ပါတယ် သမီးရယ်။ ဒီလူမိုက်ကို အမေဆုံးမပါ့မယ်''

''ဖြန်း''

ဒေါ်ဝိုင်းစိန် အောင်ဒွေး၏ပါးပြင်အား ရိုက်လိုက်သည်။ အောင်ဒွေးသည် ပါးလေးကို အသာပွတ်ပြီး ရိုက်ချက်ပြင်းသော မိခင်ကြီးကို စိုက်ကြည့်ကာ အံ့ဩဝမ်းနည်းသွားလေသည်။

''အမေရယ် တစ်ခါဖူးမျှ လက်ဖျားလေးနဲ့တောင် မတို့ဖူးဘဲနဲ့ ရိုက်မယ့်ရိုက်တော့ အမေ ညအိပ်ရာဝင်တိုင်း နမ်းနေတဲ့ ပါးကိုမှ''

ဒေါ်ခင်ထားထားသည် ထဘီတစ်ဖက်ကို မပြီး ဆောင့်ဆောင့်အောင့်အောင့်ဖြင့် အပေါ်ထပ်သို့ တက်သွားသည်။

ဒေါ်ဝိုင်းစိန်သည် သားငယ် အောင်ဒွေးအား ပြေးဖက်ပြီး ချုံးပွဲချငိုတော့သည်။

ထိုကြေကွဲဖွယ်မြင်ကွင်းကို တရားသူကြီး ဦးသိန်းကျော် မြင်ရ၊ ကြား

ရခြင်း မရှိ၍ တော်သေးသည်။

''အမေရယ် သား ရွာကိုပြန်တော့မယ်။ အစ်ကိုကြီးအတွက်တော့ စိတ်မကောင်းပါဘူး။ အမေကတော့ အစ်ကိုကြီးကို စောင့်ရှောက်ဖို့နေခဲ့ပါ။ သား ဒီမှာဆက်နေရင် မလွယ်ဘူး။ သားငယ် ဒီလိုအကျင့်အကြံမျိုး မရှိဘူးဆိုတာ အမေအသိဆုံးပါ''

ဒေါ်ဝိုင်းစိန် မျက်လုံးအိမ်မှ မျက်ရည်များ တွေတွေတွေတွေကျနေသည်။ မျက်ရည်တမံကြီး ကျိုးပေါက်သွားသည့်နှယ်။ အခြေအနေအရ သားငယ်ကို ဆက်နေခိုင်းရမှာလည်း အခက်။ ပြန်ခိုင်းရမှာလည်း ရင်ထဲက နာ။

အောင်ဒွေးသည် ကားဂိုဒေါင်ထဲတွင် ချိတ်ဆွဲထားသည့် သူ့အိတ်ကလေးကို သွားယူပြီး မိခင်ကြီးအား ဦးချကန်တော့လိုက်သည်။ ဒေါ်ဝိုင်းစိန်မှာ ဆုတောင်းမေတ္တာပင် မပို့နိုင်။ ရင်ထဲ၌ ကြေကွဲဆို့နင့်နေ၏။

အောင်ဒွေးသည် ခမ်းနားထည်ဝါသော စိန်ပန်းမြိုင်ခြံကြီးကို ကျောခိုင်းကာ တစ်လှမ်းချင်း ထွက်သွားလေသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ကျန်ရစ်ခဲ့သော မိခင်ကြီးအား တစ်ချက်လှည့်ကြည့်ပြီး ရင်ထဲ၌ ကျင်ခနဲဖြစ်သွား၏။ အကြည့်ကို ချက်ချင်းရုပ်ပြီး ခေါင်းငိုက်စိုက်ချကာ ထွက်သွားသည်။

မိခင်ကြီး ဒေါ်ဝိုင်းစိန်သည် ကျောခိုင်းထွက်ခွာသွားသော သားငယ် ကျောပြင်ကို ငေးမောရင်း ငိုရှိုက်နေသည်မှာ ဆို့ဆို့နင့်နင့်။

➤➤➤

အခန်း(၆)

''ငပွတစ်ယောက် ပြန်လာပြီတဲ့ကွ''

ကိုအညာသားသည် ရောက်လာသမျှ ဖောက်သည်များအား ဝမ်းသာအားရ ပြောနေသည်မှာ မမောနိုင်၊ မပန်းနိုင်။

''ခင်ဗျားကလဲဗျာ၊ ငပွပြန်လာတာများ အော်ကြီးဟစ်ကျယ်နဲ့၊ ဒီကောင်က ဘာကောင်မို့လဲ''

အရက်သောက်နေသော စံတုတ်က လှမိုက်စကားဆိုလိုက်သည်။

''စံတုတ် မင်းဘယ်လိုပြောလိုက်တာလဲ။ ငါက ကိုယ့်ဖောက်သည် တစ်ယောက် ပြန်ရောက်လာလို့ ဝမ်းသာအားရနဲ့ ပြောတာပါကွာ''

စံတုတ်မှာ ဆေးသားတက်ပြီး သွေးဆူနေပုံရ၏။ အရက်ရှိန်ကြောင့် သတ္တိရှိန်းတွေ ကြွနေသည်။

''ဒီကောင်က ခင်ဗျားဆိုင်မှာ ဗိုလ်ကျချင်တိုင်း ကျနေတယ်ဆိုတာ ဟုတ်လား''

ကိုအညာသား စိတ်ကိုထိန်းချုပ်၍ ပြောပြလိုက်၏။ စံတုတ်စကား

ကို မခံချင်သော်လည်း ဖောက်သည်ပျက်မှာစိုး၍ သည်းခံလိုက်သည်။

ထိုအချိန်တွင် စာဥတစ်ယောက် အမောတကောဖြင့် ကိုအညာသား ဆိုင်ထဲသို့ တန်းဝင်လာ၏။

''ကိုအညာသား ကိုအညာသား''

''ဘာလဲ စာဥ''

''ရှင့်လူကြီး ပြန်လာတယ်ဆို။ ပိန်လား ဝလား''

မစာဥသည် အောင်ဒွေးကို အတော်တွေ့ချင်နေပုံရ၏။

''ငါလဲ မတွေ့ရသေးဘူး။ အေးချစ်ပြောလို့ သိရတာ''

''ဒါဆို မမချစ်ရော''

ဆိုင်ထဲသို့ လှမ်းကြည့်ပြီး မေးလိုက်သည်။

''နင့်အစ်မ ဆိုင်မှာ ပစ္စည်းပြတ်သွားလို့ သွားဆွဲတယ်''

''ဟုတ်လား။ ဒါဆိုရင် ကျွန်မ ပြန်လိုက်ဦးမယ်။ ရှင့်လူကြီးလာရင် ကျွန်မဆီ ချက်ချင်းလွှတ်လိုက်နော်''

''ဘာ ရှင့်လူကြီးလဲ။ နင့်လူ။ နင့်လူ''

ကိုအညာသားက လက်ညှိုးထိုးပြီး ရယ်ကျဲကျဲဖြင့် ပြောလိုက်ရာ စာဥသည် မှိုရသော မျက်နှာထားဖြင့် တင်ပါးကလေးနွဲ့စောင်းကာ ပြေးထွက်သွားလေသည်။

''တောက် ... ဒီကောင့်ကိုကြိုက်တဲ့ မိန်းမကလဲ ရှိသေးတယ်။ တေလေကြမ်းပိုးများ။ ထွီ''

စံတုတ်သည် 'တောက်'ခေါက်ပြောဆိုပြီး တံတွေးထွေးလိုက်၏။

''စံတုတ် မင်းမူးရင် ပြန်တော့။ သိပ်မဟုတ်တော့ဘူး။ မင်းစကား လွန်လာပြီ။ ဟိုကောင်နဲ့ ပက်ပင်းတိုးရင် မလွယ်ဘူး''

ကိုညာသားက ရန်များမှာစိုး၍ ထိန်းလိုက်၏။

''ဟိုကောင် ဆိုတာက ဘယ်သူလဲ။ ပက်ပင်းတိုးတော့ကော ဘာဖြစ်သလဲ''

စံတုတ်ပုံစံက ဆင်ဖမ်းမည်။ ကျားဖမ်းမည်ဆိုသည့်ပုံမျိုး။

ထိုအချိန်တွင် ကိုအညာသားတို့ဆိုင် အရှေ့ဘက် ခပ်လှမ်းလှမ်းမှ အောင်ဒွေးနှင့် ငတိတို့ လျှောက်လာနေသည်။

သောက်သုံးသူတစ်ဦးက ကိုအညာသားအား လက်တို့၍ အောင်ဒွေးတို့ထံ ပြလိုက်သည်။ ကိုအညာသားရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏။

''စံတုတ် မင်းကို ငါတောင်းပန်ပါတယ်ကွာ။ မင်းလဲ ရေချိန်လွန်နေပြီ။ ပြန်ပါတော့''

ကိုအညာသားက ဆိုင်တွင် ပြဿနာမဖြစ်အောင် တောင်းတောင်းပန်ပန် ပြောလိုက်သည်။

''ဘာလဲ။ မင်းတို့က ငပွကိုမှ လူထင်တာလား။ ထွီ''

စံတုတ်အခြေအနေကို လှမ်းမြင်သော အောင်ဒွေးသည် ငတိလက်ကို ဆွဲပြီး ရပ်လိုက်၏။

အနီးရှိ သစ်ပင်ဘေးတွင် ကွယ်ရပ်လိုက်သည်။ အောင်ဒွေး ရန်မဖြစ်ချင်။

တစ်အောင့်အကြာတွင် စံတုတ်သည် ဒယီးဒယိုင်ဖြင့် ထွက်လာ၏။ တစ်ရွာလုံးကို လူမထင်သည့်နှယ် ဆဲဆိုကြိမ်းမောင်းသွား၏။

အောင်ဒွေး စိတ်လျှော့ထား၍သာ။ အလျှင်စိတ်မျိုးဆိုပါက စံတုတ်တစ်ယောက် မှောက်သွားဖို့ သေချာသည်။ စံတုတ် ခပ်လှမ်းလှမ်းသို့ ရောက်သွားသောအခါ အောင်ဒွေးနှင့် ငတိသည် ရယ်ရယ်မောမောဖြင့် ဆိုင်ထဲဝင်လာ၏။

''ငပွရာ မင်းပြန်လာတယ်ကြားလို့ ဝမ်းသာလိုက်တာ။ အပြီးလား။ ခဏအလည်လား''

''ပြန်လာမှတော့ အပြီးပေါ့ ကိုအညာသားရဲ့။ ကျွန်တော်က တောမှာပဲ ပျော်တယ်။ မြို့မှာနေရတာ မပျော်ဘူး။ မြို့မှာ ကြည့်ရတဲ့ ဗီဒီယိုသရုပ်ဆောင်တွေက ကိုအညာသားတို့လောက် သရုပ်ဆောင်မပီပြင်ဘူး။ ကိုအညာသားတို့ လင်မယား မြို့တက်ပြီး ဗီဒီယိုရိုက်ကြပါလား''

အောင်ဒွေးက အရွှန်းဖောက်လိုက်၏။

''တော်ပါတော့ ဒါရိုက်တာ ငပွကြီးရယ်''

''ဟား ... ဟား ....ဟား''

ဆိုင်ထဲရှိလူများက ကိုအညာသားနှင့် မအေးချစ်တို့ စိုးမိုးမေတ္တာ ဇာတ်လမ်း သရုပ်ဆောင်ပုံကို သိနှင့်ထား၍ ရယ်မောကြလေသည်။

''ဒါနဲ့ မင်းအမေရော နေကောင်းရဲ့လား''

''အမေကတော့ ကောင်းပါတယ်။ အစ်ကိုကြီးကတော့ ကျန်းမာရေးမကောင်းဘူး။ ကျောက်ကပ်တစ်လုံး ထုတ်ပစ်လိုက်ရတယ်''

''အေးကွာ။ မင်းအစ်ကိုကြီးအကြောင်းကြားရတာ တို့လဲ စိတ်မကောင်းပါဘူး။ မင်းအစ်ကိုကြီးလို တရားသူကြီး အဆင့်မျိုးဖြစ်ဖို့ဆိုတာ မလွယ်ဘူး''

''ဒါနဲ့ ကိုသိန်းတန် စိုးစိုးရော''

အောင်ဒွေးက ရယ်သွမ်းသွေးရင်း မေးလိုက်၏။

''အေးချစ်လား။ ပစ္စည်းသွားယူတယ်''

''ကေန္တ သိပ်ရောင်းကောင်းတယ်နဲ့ တူတယ်''

''မဆိုးပါဘူးကွာ။ ဩော် ... ဒါနဲ့ မင်းကို အရေးကြီးတဲ့ကိစ္စ ပြောဖို့ရှိတယ်''

''ဘာများလဲ။ ဦးပဥ္စင်းသိန်းတန်ရဲ့''

''လုပ်လာပြီ မင်းက။ မင်းကောင်မလေး စာဥအကြောင်း ပြောမလို့''

''စာဥအကြောင်းလား။ လုပ်စမ်းပါ။ မြန်မြန်ပြော။ အဲဒါ အရေးကြီးတယ်''

''အတော်ကောင်းတဲ့ကောင်။ အခု ငါပြောမှ စာဥကို သတိရတယ်။ ရွာရောက်တာနဲ့ အရက်သောက်ဖို့ပဲ တွက်နေတယ်''

ကိုအညာသားက အောင်ဒွေးကို အပြစ်ဖို့ရင်း အရွှန်းစကား ဆိုလိုက်၏။

''လုပ်စမ်းပါ။ စာဥကိစ္စ''

''စောစောကတင် လာပြောသွားတယ်။ မင်းရောက်ရောက်ချင်း သူ့

ဆီ လွှတ်လိုက်ပါတဲ့''

''ဟုတ်လား။ ဒါမှ ငပွရဲ့စာဥ။ လုပ် ... လုပ်။ လောလောဆယ် တစ်ဆယ်ဖိုးလောက် ထည့်စမ်း''

''ဘာလဲ၊ ရဲဆေးတင်သွားမလို့လား''

''ဒါပေါ့ဗျ။ ဒါမှ ပြောရဲဆိုရဲမှာ''

အောင်ဒွေးသည် အရက်ခွက်ကို 'ကွပ်ခနဲ' မော့ချလိုက်ပြီးနောက် စာဥတို့အိမ်ဘက်သို့ တစ်ချိုးတည်း ပြေးသည်။ ငတီကတော့ ကိုအညာသူ့ဆိုင်တွင် ကျန်နေခဲ့၏။

တော်သေးသည်။ စာဥတို့အိမ်တွင် လူကြီးများ မရှိ။ စာဥနှင့် သူတို့ဘွားအေ ဒေါ်ကျော့သာရှိသည်။ ဒါကြောင့်လည်း စာဥက သူ့အိမ်သို့ ချိန်းသွားခြင်းဖြစ်သည်။ လူကြီးများ ဘယ်သွားလဲဟု အောင်ဒွေးက မေးသောအခါ ဇလွန်ပြည်တော်ပြန်ဘုရား သွားဖူးကြောင်း စာဥက ပြောသည်။

''ကိုဒွေး အတော်နေနိုင်တယ်နော်''

မစာဥ၏ ချိုလွင်သော အသံညင်းညင်းလေးက အောင်ဒွေး၏ မေတ္တာနှလုံးအိမ်ထဲသို့ တိုးဝင်သွားသည်။

''မနေနိုင်ပါဘူးကွာ။ မလွှဲသာလို့သာ စာဥနဲ့ ခွဲနေရတာ။ မနေချင်ပါဘူး''

မစာဥ ကြည်ပြုံးသွား၏။

''တကယ်ပြောတာလား ကိုဒွေးရယ်''

''အဟုတ်၊ နှစ်ကယ်ပြောတာ''

''ဒါဆိုရင် စာဥကို ဘယ်တော့ လက်ထပ်မှာလဲ''

မစာဥက ပြတ်သားပွင့်လင်းစွာ ပြောလိုက်၏။ အောင်ဒွေး ရုတ်တရက် ဘာပြေရမှန်း မသိ။ ကြောင်နေသည်။

''ဘယ်လိုလဲ၊ ပြောလေ''

''ယူမှာပါ စာဥရယ်။ အဆင်ပြေတဲ့ တစ်နေ့နေ့ပေါ့''

''ဟာ ... သွား၊ ဒါမျိုးအဖြေတော့ မလိုချင်ဘူး။ စာဥက တိကျပြတ်

သားမှ ကြိုက်တာ''

''စာဥ ဘယ်လိုဖြစ်ချင်လဲ''

အောင်ဒွေးအမေးစကားလည်း ပြတ်သည်။

''လာမယ့် သီတင်းကျွတ်''

''ကျေနပ်ပြီလား''

''ကျေနပ်တယ်''

အောင်ဒွေးသည် မစာဥအနားသို့ တိုးလိုက်၏။

''ဟိုး''

ပျားရည်ဆမ်းသော မေတ္တာလမ်းတစ်လျှောက် သစ္စာပန်းတို့ ဖူးပွင့်ဝေသွားသည်။

➢➢➢

## အခန်း(၇)

စိန်ပန်းမြိုင်ခြံသို့ ဆလွန်းကားလေးများ တစ်စီးပြီးတစ်စီး ဝင်လာသည်။ တရားသူကြီး ဦးသိန်းကျော်အား သတင်းမေးလာသူများက မနည်းလှ။ အလွှာပေါင်းစုံ။ လူမျိုးစုံ။ ကားမျိုးစုံ။

ဦးသိန်းကျော် ဝေဒနာ တဖြည်းဖြည်းတိုးကာ ဆိုးလာ၏။ ကျောက်ကပ်တစ်လုံးတည်းဖြင့် အသက်ရှင်နေရသော ဦးသိန်းကျော်၏ နောက်ဆုံးခရီးမှာ နီးသည်ထက် နီးလာပြီဟု ဆိုရမည်သာ။

တရားသူကြီးကတော် ဒေါ်ခင်ထားထားသည် သတင်းမေးလာရောက်သူများအား ဒိုင်ခံရှင်းပြသည်။ ဗေဒင်ဆရာက ခြေနှစ်ချောင်းအဝင်မခံနဲ့လို့ ပြောထားတဲ့ကြားက သူ့အမေနဲ့ ညီကို ခေါ်တင်ခဲ့လို့ ခုလို ဒုက္ခရောက်ရကြောင်း ရှင်းပြနေသည်မှာ အပ်ကြောင်းထပ်နေသည်။

သားကြီးရောဂါအတွက် ကျိတ်ပြီး ပူပန်နေသူက မိခင်ကြီး ဒေါ်ဝိုင်းစိန်။ ရန်ကုန်ရောက်ကတည်းက စိတ်ဆင်းရဲ၍ လူရုပ်မပေါ်တော့။ ထို့အတူ ဦးသိန်းကျော်မှာလည်း အရွယ်အတော်ကျသွား၏။

ဦးသိန်းကျော်ရောဂါ အသည်းအသန်ခံစားနေရသည့်အချိန်တွင် အောင်ကိုလတ် ရောက်လာ၏။ မရီးဖြစ်သူ ဒေါ်ခင်ထားထားနှင့် တိုင်ပင် ဆွေးနွေးကြသည်။ ပြီးနောက် 'စိန်တံခွန်'ဆီးနှင့် ကျောက်ကပ်အထူးကု ဆေးခန်းသို့ သွားကြသည်။ သမားတော်ကြီး ဒေါက်တာစိန်မောင်နှင့် တွေ့ သည်။ ဦးသိန်းကျော်ရောဂါကိစ္စ ဆွေးနွေးကြ၏။

သမားတော်ကြီးက ဦးသိန်းကျော် ကျောက်ကပ်ကိစ္စကို ပွင့်ပွင့်လင်း လင်း ရှင်းပြ၏။ ဦးသိန်းကျော်၏ တစ်လုံးတည်းသော ကျောက်ကပ်မှာ မကောင်းတော့၍ အစားထိုးကုသပါက ရကြောင်း၊ မိမိညီအစ်ကိုမောင်နှမ ထဲမှ သွေးတူသားတူ ကျောက်ကပ်ဖြင့် အစားထိုးပါက လူကောင်းပကတိ ဖြစ်လာမည်ဖြစ်ကြောင်း ရှင်းပြလေသည်။

အောင်ကိုလတ်နှင့် ဒေါ်ခင်ထားထားတို့ စိန်ပန်းမြိုင်ခြံသို့ ပြန်လာကြ လေသည်။ လမ်းတွင် ဒေါ်ခင်ထားထားက အောင်ကိုလတ်အား ရယ်သလို မောသလိုနှင့် စကားစသည်။

''ကိုလတ် ဘယ့်နှယ်လဲ၊ ကိုလတ် ကျောက်ကပ်နှစ်လုံးထဲက တစ် လုံးမျှပေးနိုင်မလား''

''သိန်းငါးဆယ်ပေးရင် ပေးမယ်''

ကိုလတ်က ရှူးသလို ပေါသလိုနှင့် စကားဆိုလိုက်သည်။

''တကယ်လား ကိုလတ်။ သိန်းငါးဆယ်မက ပေးမယ်။ ကိုကျော် အသက်ရှင်ရင် ပြီးတာပဲ''

''သိပ်လဲ မလောပါနဲ့ဦး ထားရာ။ နေ့ချင်းညချင်း မဖြစ်သေးပါဘူး။ မိသားစုတွေ တိုင်ပင်ကြတာပေါ့''

အောင်ကိုလတ်စကားက အဖျားရှူးသွား၏။ ဒေါ်ခင်ထားထား ဘဝင် မကျ။

ကိုလတ်မောင်းနှင်သော မတ်တူးကားလေးသည် စိန်ပန်းမြိုင်ခြံထဲ သို့ ဝင်လာ၏။ ဒေါ်ဝိုင်းစိန်သည် ကားပေါ်မှ ဆင်းလာသည့် ကိုလတ် အနားသို့ ကပ်ပြီး အခြေအနေကို မေးသည်။

ကိုလတ်က သမားတော်ကြီး ဒေါက်တာစိန်မောင် ပြောသည့်အတိုင်း တိုးတိုးတိတ်တိတ် ရှင်းပြရာ ဒေါ်ဝိုင်းစိန် ရင်ထဲမကောင်းဖြစ်သွား၏။

''ဒါဆိုရင် သားလတ် သားကြီးအတွက် သားလတ်ရဲ့ ကျောက်ကပ် တစ်လုံး မှုလိုက်ပါလားကွယ်''

ဒေါ်ဝိုင်းစိန်၏ ဖြစ်ချင်ဇောက ထိန်းမရ။ တဲ့တိုးပြောလိုက်သည်။ ကိုလတ်က ခေါင်းကို လေးတွဲ့စွာ ခါပြီး–

''အမေရယ်။ ဒီကိစ္စက အတော်အရေးကြီးတယ်။ သဖင့်ကိုလဲ အသိ ပေးဦးမှပေါ့။ သူလဲ ကျေကျေနပ်နပ်ဆိုရင် ပိုကောင်းတာပေါ့''

အောင်ကိုလတ်စကားကလည်း လှသည်။ ဒေါ်ဝိုင်းစိန် မငြင်းသာ။

''အေး၊ ဟုတ်ပါတယ်။ အင်း ... ငါ့သမီးသဖင်ကတော့ လိုက်လျော မယ် ထင်တာပဲ''

ပြောသာပြောရသော်လည်း ဒေါ်ဝိုင်းစိန် ရတက်မအေး။ စိုးရိမ်ပူပန် သောကလှိုင်းတို့ လွှမ်းလူးသွား၏။

''အမေ အစ်ကိုကြီး အခြေအနေကို သွားကြည့်လိုက်ဦးမယ်''

''အေး ... အေး''

ဒေါ်ဝိုင်းစိန်သည် မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ သိပ်မကြာလိုက်–

''အမေ အမေ မြန် ...မြန်''

အိပ်ခန်းထဲမှ ကိုလတ်အော်သံကြောင့် ဒေါ်ဝိုင်းစိန်သည် မီးဖိုထဲမှ ပြေးထွက်လာ၏။ ဦးသိန်းကျော် သတိလစ်မလို ဖြစ်သွားသည်။ နောက် သတိပြန်ရလာသည်။ ဒေါ်ခင်ထားထားလည်း ငိုမဲ့မဲ့ ဖြစ်နေ၏။

''မဖြစ်ဘူး ကိုလတ်။ စိန်တံခွန်ဆေးခန်းကို အမြန်ပို့မှ ကောင်းမယ်''

''ဟုတ်တယ်ထား။ ဆေးခန်းပို့တာ အကောင်းဆုံးပဲ''

သို့နှင့် ဦးသိန်းကျော်အား 'စိန်တံခွန်' ဆီးနှင့်ကျောက်ကပ် အထူး ကုဆေးခန်းသို့ ပို့လိုက်၏။

အောင်ကိုလတ်နှင့် ဒေါ်ခင်ထားထားတို့နှစ်ယောက် အသည်းအသန် ကျိတ်၍ ဆွေးနွေးကြပြန်သည်။ အောင်ကိုလတ်သည် သူ့ဇနီး သဖင်နွယ်

က လက်မခံ၍ ကျောက်ကပ်မပေးနိုင်ကြောင်း ပြောပြသည်။ ဒေါ်ခင်ထားထားက သိန်းတစ်ရာအထိ ပေးပါမည်ဟု အတင်းတောင်းတောင်းပန်ပန် ပြောသည်။ ကိုလတ် လုံးဝ ခေါင်းမညိတ်။ ဘယ်နှသိန်းပေးပေး ကျောက်ကပ်မပေးနိုင်ကြောင်း အောင်ကိုလတ်က ပြောလိုက်သည်။

ဒေါ်ခင်ထားထားမှာ မယ်ပဋာမြေလူးဘဝ။ မိခင်ကြီးမှာ အတော်သောကဖြစ်နေသည်။ ကိုလတ်ကို အမျိုးမျိုး ဖျောင်းဖျပြောဆိုသော်လည်း မရသဖြင့် ခေါင်းမီးတောက်သွားသည်။ ဒေါ်ဝိုင်းစိန်သည် စိန်တံခွန်ဆေးခန်းပေါက်ဝသို့ ထွက်လိုက် ဝင်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေရှာသည်။

''ဟင် ... အမေစိန်ပါလား''

''ဟော ... ညိုမောင်။ မင်းဘာလာလုပ်တာလဲ''

ရွာက ညိုမောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဒေါ်ဝိုင်းစိန်အားတက်သွားသည်။

''ကျွန်တော့်သားလေး ဆီးမကောင်းလို့ သမားတော်ကြီးနဲ့ လာပြတာ။ အခုတော့ ကောင်းသွားပါပြီ။ ဒီနေ့ပဲ ရွာပြန်မလို့။ အမေစိန် ဘာမှာဦးမလဲ''

''အတော်ပဲ ညိုမောင်။ သားငယ်ကို ဆက်ဆက်ပြောပေးပါ။ မင်းအစ်ကိုကြီး အသည်းအသန်ဖြစ်နေတယ်။ ဒီဆေးခန်းမှာ အမေရှိတယ်။ အမြန်လာတွေ့ပါလို့''

ဒေါ်ဝိုင်းစိန်က လေသံတိုးတိုးဖြင့် အရေးတကြီး မှာလိုက်၏။

''စိတ်ချ အမေစိန်။ ကျွန်တော်ကိုယ်တိုင် ရောက်ရောက်ချင်း သွားပြောမယ်။ ငပွကို ဆက်ဆက်လွှတ်လိုက်မယ်''

''အေးကွယ်။ ဆက်ဆက်လွှတ်လိုက်ပါ။ ရော့ သားငယ်လမ်းစရိတ်ရှိချင်မှရှိမယ်။ ငွေငါးရာပါ ယူသွားပါဦး''

ဒေါ်ဝိုင်းစိန်သည် ချွေးခံအင်္ကျီအောက်အိတ်ထဲမှ ငါးရာတန်အလိပ်လေးတစ်လိပ် ထုတ်ပေးလိုက်၏။

➤➤➤

အခန်း(၈)

''ဖျို့ ... ကိုအညာသား''

''ငပွလား။ လာလေကွာ''

''မဝင်တော့ဘူး ကိုအညာသား။ မအေးချစ်ရော''

''ဈေးဆိုင်သွားတယ်။ မင်းကလဲ အိမ်ထဲမဝင်ရအောင် ဘာအရေးကြီးနေတာလဲ''

''ရန်ကုန်က ကျွန်တော့်အစ်ကိုကြီး အသည်းအသန်ဖြစ်နေလို့ အမေမှာလိုက်တယ်။ အဲဒါ ရန်ကုန်သွားမလို့''

အောင်ဒွေးက အိမ်ရှေ့လမ်းပေါ်မှ လှမ်းပြောလိုက်သည်။ ကိုအညာသား အိမ်အပြင်သို့ ကပျာကယာ ထွက်လာသည်။

''ဟုတ်လား။ ဘယ်သူနဲ့ မှာလိုက်တာလဲ''

''ကိုညိုမောင်နဲ့ မှာလိုက်တာ''

''မင်းမှာ လမ်းစရိတ်ရော အဆင်ပြေရဲ့လား''

''ကျွန်တော့်အခြေအနေသိလို့ အမေက ငွေငါးရာ ထည့်ပေးလိုက်

တယ်''

''လိုရင် ထပ်ယူသွားဦးလေ''

''မယူတော့ပါဘူး။ ကဲ မအေးချစ်ကိုပြောလိုက်ပါ။ ရန်ကုန်သွားမယ်လို့၊ သွားမယ်၊ စာဥကို မပြောရသေးလို့''

ပြောပြောဆိုဆို အောင်ဒွေးသည် မစာဥတို့အိမ်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွား၏။

မစာဥသည် မီးဖိုချောင်ရေစင်၌ အိုးခွက်ပန်းကန်များကို တိုက်ချွတ်နေသည်။

''စာဥ''

''ဟင် ... ကိုဒွေး''

စာဥသည် ကျောပိုးအိတ်လွယ်ထားသော အောင်ဒွေးကိုကြည့်ပြီး အံ့အားသင့်သွားသည်။ အောင်ဒွေးမျက်နှာမှာ ရွှင်ရွှင်ပျပျမရှိ။ စာဥသည် လက်နှစ်ဖက်ကို ဆေးကာ အိမ်အောက်သို့ ဆင်းလာသည်။ အောင်ဒွေးသည် ရိုးသားအပြစ်ကင်းစင်သော စာဥမျက်နှာလေးကို ကြည့်လိုက်သည်။ သူ့အပေါ်တွင် သစ္စာအနားကွပ်၍ ချစ်ရှာသောစာဥကို လေးစားနေမိ၏။

''ဒါက ဘယ်လိုဖြစ်တာလဲ။ ကျောပိုးအိတ်ကြီးနဲ့''

စာဥက ချိုလွင်သော အသံကလေးဖြင့် မေးလိုက်သည်။

''ရန်ကုန် သွားမလို့''

''ဟင် ... ဒါနဲ့ စာဥကိုပြောတော့ အပြီးပြန်လာတာဆို။ ရန်ကုန်ကို ဘယ်တော့မှ ခြေဦးမလှည့်တော့ဘူးဆို။ ကိုဒွေးမရှိးက စိန်လက်စွပ်ခိုးတယ်လို့ စွပ်စွဲတဲ့အတွက် စိတ်နာတယ်ဆို''

မစာဥသည် ထုံးစံအတိုင်း စကားကို ဘွင်းဘွင်းပြောလိုက်၏။ ခံပြင်းစိတ်များလည်း ရောယှက်နေသည်။

''ကိုဒွေးပြောပြပါမယ်။ အခုကိစ္စက မသွားမဖြစ်လို့ပါ။ မနေ့ကပဲ ကိုညိုမောင် ရန်ကုန်က ပြန်လာတယ်။ အစ်ကိုကြီး အသည်းအသန်ဖြစ်နေလို့ အမြန်လိုက်လာခဲ့ပါတဲ့''

အောင်ဒွေးက အေးဆေးတည်ငြိမ်စွာ ပြောပြလိုက်ရာ မစာဥ စိတ်ပြေလျော့သွားသည်။ စာဥ၏ ပင်ကိုစိတ်ဓာတ် ရိုးသားကြောင်း သိသာလှသည်။

''ဟုတ်လား။ ဒီကိစ္စမျိုးကတော့ မသွားလို့ ဘယ်ဖြစ်မလဲ ကိုဒွေးရယ်။ ဒါနဲ့ စရိတ်ရော ရှိရဲ့လား။ စာဥစုထားတဲ့ ပိုက်ဆံတွေ ရှိတယ်။ ယူသွားနော်''

စာဥသည် အိမ်ပေါ်သို့တက်ရန် ပြင်လိုက်သည်။ အောင်ဒွေးက စာဥလက်မောင်းကလေးကို အသာလှမ်းကိုင်လိုက်ပြီး–

''စာဥပိုက်ဆံတွေ မယူပါနဲ့။ ကိုဒွေးမှာ အဆင်ပြေပါတယ်''

''ဘယ်လိုလုပ် အဆင်ပြေမှာလဲ။ စာဥကို ဘာမှ အားနာစရာ မလိုဘူး။ သူများဆီမှာတော့ အကြွေးသွားမယူနဲ့။ စာဥဆီက ယူသွား''

စာဥ၏ ရင်ထဲ အသည်းထဲက စကားလုံးများသည် အောင်ဒွေးရင်ထဲ စူးနစ်ဝင်သွားတော့၏။

''သူများဆီက အကြွေးမယူပါဘူး။ အမေက ကိုညိုမောင်နဲ့ ငွေငါးရာ ထည့်ပေးလိုက်လို့ပါ''

အောင်ဒွေးက အမှန်အတိုင်း ပြောလိုက်သည်။

''ပိုပိုမိုမို ယူသွားပါ ကိုဒွေးရယ်။ သူများအိမ်မှာ ငွေမရှိရင် မျက်နှာငယ်ရတယ်။ ယူသွားနော်''

စာဥ၏ စေတနာအနားကွပ်ထားသော အကြင်နာစကားလေးများက ကိုဒွေးရင်ထဲ ကြည်နူးဝမ်းသာစရာ။

''မယူတော့ပါဘူး စာဥရယ်။ ဟိုမှာ အမေလဲ ရှိနေတာပဲ။ သွားမယ်နော် စာဥ။ သဘော်ာထွက်ချိန်နီးပြီ''

ချစ်မျက်လုံးနှစ်စုံ အကြည့်ချင်းဆုံသွား၏။

မစာဥသည် ကျောပိုးအိတ်ကို လွယ်ကာ တစ်လှမ်းချင်း ထွက်သွားသော အောင်ဒွေးကျောပြင်ကို ငေးမောရင်း ကျန်နေခဲ့သည်။

➤➤➤

## အခန်း(၉)

အောင်ဒွေးတစ်ယောက် 'စိန်တံခွန်' ဆေးကုခန်းရှေ့သို့ ဟိုင်ေး၊ သည်ငေးဖြင့် ရောက်လာသည်။ မျှော်နေသော မိခင်ကြီးမှာ သားငယ်ကို တွေ့လိုက်ရ၍ ဝမ်းသာသွားသည်မှာ ဖော်မပြနိုင်။ လူနာခန်းထဲမှ ခြေဖွ နင်းပြီး ထွက်လိုက်သည်။ ဆေးကုခန်းခြံဝသို့ ခပ်သုတ်သုတ်ကလေး ထွက် လာသည်။

"အမေ"

"သားငယ် ....လာ ...ဝင်ခဲ့"

ဒေါ်ဝိုင်းစိန်သည် ခြံတံခါးကို ဟပေးရင်း ပြောလိုက်၏။

"အစ်ကိုကြီးရော"

"ရှိပါတယ် သားငယ်ရဲ့။ လာ ..အမေနဲ့ သားငယ် အရေးတကြီး တိုင်ပင်ဖို့ရှိတယ်။ ပြီးမှ အစ်ကိုကြီးဆီ သွားတာပေါ့"

ဒေါ်ဝိုင်းစိန်သည် ဆေးကုခန်းအောက်ထပ် လူရှင်းသည့် တစ်နေရာ သို့ ခေါ်သွားသည်။

ဦးသိန်းကျော်ရောဂါအခြေအနေနှင့် ကျောက်ကပ်အစားထိုးဖို့ အရေးတကြီးလိုအပ်ပုံ အသေးစိတ်ကို ပြောလိုက်၏ အောင်ဒွေး ကောင်းစွာ သိလိုက်သည်။ ပြီးတော့ မိမိဘာလုပ်ရမည်ကို ရေရေလည်လည် သဘောပေါက်သွားသည်။ အဓိကမှာ မိခင်ကြီး စိတ်ချမ်းသာဖို့။ နောက်တစ်ချက်က အစ်ကိုကြီး အသက်ချမ်းသာဖို့။

''အမေ သားကို ကတိပေးမလား''

အောင်ဒွေးက မိခင်ကြီးကို စိုက်ကြည့်ပြီး တည်ကြည်စွာ ပြောလိုက်သည်။

''အစ်ကိုကြီးအတွက် လိုအပ်တဲ့ ကျောက်ကပ်တစ်လုံး မဟုတ်ဘူး။ နှစ်လုံးစလုံး သားပေးမယ်။ ဒါပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်လို့ သား အသက်ရှင်နေသရွေ့ ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိတာဝန်ပဲ''

သားငယ်ထံမှ တန်ဖိုးမဖြတ်နိုင်သော စကားကို ကြားလိုက်ရသဖြင့် မိခင်ကြီးမှ ဝမ်းသာလွန်းပြီး မျက်ရည်များပင် လည်လာ၏။

''ကျောက်ကပ်နှစ်လုံးမလိုပါဘူး သားငယ်ရယ်။ တစ်လုံးဆိုရင် လုံလောက်ပါတယ်။ နှစ်လုံးစလုံး ဖြုတ်လိုက်ရင် သားငယ် သေသွားမှာပေါ့''

''မေမေကလဲ သားသေလို့ ဘာမှမဖြစ်ဘူး။ အစ်ကိုကြီးအသက်ရှည်မှ အမေ့ဘဝ ချမ်းသာမှာ''

ဒေါ်ဝိုင်းစိန်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်မှာ အမှန်။ တစ်အူထုံ့ဆင်းညီအစ်ကိုများဖြစ်သည့် ကိုလတ်နှင့် သားငယ်တို့၏ နှလုံးစိတ်ဓာတ် ကွာခြားမှုကိုလည်း အထင်းသား မြင်တွေ့လိုက်ရသည်။ တကယ်တော့ ကိုလတ်သည် သူ့အစ်ကိုကြီးအတွက် မျှဝေသင့်သည်။ အစ်ကိုကြီး၏ ကျေးဇူးထောက်ပံ့မှုကြောင့် ဤမျှ ကြီးပွားတိုးတက် ချမ်းသာလာခြင်းဖြစ်သည်။

''ဒီလိုလုပ်။ သားငယ်နဲ့ အမေ သမားတော်ကြီးနဲ့ သွားတွေ့မယ်''

''ဟုတ်ကဲ့။ ဒါနဲ့ အမေ့ချွေးမတစ်ယောက်ရော''

ဟိုကြည့်သည်ကြည့်လုပ်ပြီး အောင်ဒွေးက မေးလိုက်သည်။

''သူတို့ ညနေကျမှ လာမှာပေါ့''

''ဒါဆိုလဲ ပြီးတာပဲ''

အောင်ဒွေးပြောပုံဆိုပုံက ဒေါ်ခင်ထားထားအပေါ် နာကြည်းစိတ်ပျောက်ဟန်မရှိ။

''လာ ... သားငယ်။ သမားတော်ကြီးက သဘောကောင်းပါတယ်''

သားအမိနှစ်ယောက် သမားတော်ကြီးနားနေခန်းသို့ ဝင်သွားကြလေသည်။

''ဆရာကြီး၊ ဒါ ကျွန်မရဲ့ သားအငယ်ဆုံးပါ။ သူက တောမှာနေပါတယ်။ သူ့အစ်ကိုကြီးအတွက် ကျောက်ကပ်လှူမလို့တဲ့''

''ဝမ်းသာပါတယ်။ ကျောက်ကပ်တစ်လုံးလှူလိုက်လို့ ဘာမှမဖြစ်ပါဘူး။ ကျန်တစ်လုံးနဲ့လည်း အသက်ရှင်ပါတယ်''

သမားတော်ကြီး ဒေါက်တာစိန်မောင်က လေအေးလေးဖြင့် ရှင်းပြနေသည်မှာ လေးစားစရာ။

''တစ်ခုတော့ရှိတယ် ဆရာကြီး။ ကျွန်တော် အခုလို လှူတာကို ဆရာကြီးနဲ့ အမေပဲ သိစေချင်တယ်။ ဘယ်သူမှ မသိစေချင်ဘူး''

အောင်ဒွေးက သမားတော်ကြီးအား သူ့ဆန္ဒကို ထုတ်ဖော်ပြောလိုက်၏။ သမားတော်ကြီးက အောင်ဒွေးကို စိုက်ကြည့်ပြီး အံ့ဩသွားသည်။

''မောင်ရင်ကတော့ အထူးအဆန်းပဲ။ ဘာဖြစ်လို့ မသိစေချင်တာလဲ''

သမားတော်ကြီး စိတ်ဝင်တစားမေးလိုက်သည်။

''ကျွန်တော်တို့ မိသားစု အတွင်းရေးပြဿနာကြောင့်ပါ။ နောက်တော့ ကျွန်တော် ပြောပြပါမယ်။ လောလောဆယ် ခွဲစိတ်ကုသဖို့သာ စီစဉ်ပါတော့''

''ဟဲ ဟဲ ...အခုချက်ချင်းတော့ မရသေးဘူး။ မောင်ရင့်ကိုလဲ ဆေးစစ်ဆေးမှု လုပ်ရဦးမယ်။ မောင်ရင့်အစ်ကိုကြီးကိုလဲ ခွဲနိုင်လောက်တဲ့ အင်အားရအောင် လုပ်ရဦးမယ်။ အားလုံးအဆင်သင့်အနေအထားဖြစ်မှ အစားထိုးဖို့ လုပ်ရမှာ''

''ဟုတ်ကဲ့ ဆရာကြီး။ မသိလို့မေးတာကို ခွင့်လွှတ်ပါနော်''

''ရပါတယ်ကွယ်။ မောင်ရင့်လို စိတ်ထားမျိုး ဆရာကြီး လေးစားပါ

တယ်''

သမားတော်ကြီး ဒေါက်တာစိန်မောင်သည် အောင်ဒွေးပုံသဏ္ဍာန်နှင့် စိတ်ထားကိုကြည့်ပြီး ချီးကျူးလိုက်သည်။

➤➤➤

**အခန်း(၁၀)**

အောင်ဒွေးအတွက် အခန်းတစ်ခန်း စီစဉ်ပေးလိုက်ပြီးနောက် ဦးသိန်းကျော်အတွက် လိုအပ်သော ပြင်ဆင်မှုများကို စီစဉ်သည်။

အောင်ကိုလတ်တို့ မိသားစုမှာ မျက်နှာပူ၍လားမသိ ဆေးကုခန်းသို့ပင် သတင်းမေးမရောက်တော့။ ဒေါ်ခင်ထားထားသည် အလုပ်ကိစ္စများနေကြောင်း အကြောင်းပြကာ ဆေးခန်းသို့ နေ့စဉ်မရောက်။ စပါယ်ရှယ်နာ့စ်ငှားထားပေးပြီး ဒေါ်ဝိုင်းစိန်နှင့်သာ လွှတ်ထားသည်။ ဆေးကုခန်းကုန်ကျစရိတ်များကို (၇)ရက်စာ ကြိုသွင်းထားသည်။

ဒေါ်ဝိုင်းစိန်သည် စိန်တံခွန်ဆေးကုခန်း၌ သားကြီးအခန်းနှင့် သားငယ်အခန်းကို လူးလာဆန်ခတ်ဖြင့် ဗျာများနေသည်။ သားကြီး အိပ်မောကျနေသည့်အချိန်တွင် သားငယ်က သူ့အစ်ကိုကို ကြည့်ချင်သည်ဆို၍ ခိုးကြောင်ခိုးဝှက် ပြရသည်မှာလည်း နေ့စဉ်။

သည်လိုနှင့် တစ်ပတ်ခန့်အကြာတွင် ခွဲစိတ်ကုသမှု လုပ်သည်။ သားနှစ်ယောက် ခွဲစိတ်ကုသမှုအတွက် သဘောတူခွင့်ပြုကြောင်း လက်မှတ်ကို

မိခင်ကြီးက ရေးထိုးပေးသည်။

သမားတော်ကြီး၏ ကျွမ်းကျင်သွက်လက်မှုကြောင့် ညီအစ်ကိုနှစ်ယောက်စလုံး ခွဲစိတ်ကုသမှု အောင်မြင်သွားသည်။ ဆေးကုခန်းတွင် အနားကျက်သည်အထိ ကုသမှုခံယူပြီးနောက် ကျန်းမာရေးအတွက် စိတ်ချလက်ချဖြစ်သောအခါ ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

ဦးသိန်းကျော် ဆေးခန်းမှ ဆင်းမည်ဆိုသောနေ့ရက်ကို ဘယ်သူက ဘယ်လိုပြောလိုက်သည်မသိ။ ဆေးကုခန်းသို့ လာရောက်ကြိုဆိုသော ကားများ တန်းစီနေသည်။

အောင်ဒွေးသည် သူ့အစ်ကိုအား လာကြိုသော ကားများကိုကြည့်ပြီး ပီတိဖြစ်နေ၏။ ဒေါ်ဝိုင်းစိန်က မယောင်မလည်ဖြင့် အောင်ဒွေးအခန်းထဲသို့ သုတ်ခနဲ ဝင်လာသည်။ ငါးရာတန်တစ်အုပ်ကို အောင်ဒွေးအား ထုတ်ပေးသည်။

''အမေ ဒါဘာလုပ်တာလဲ''

''သားငယ်ပြန်စရိတ်ပေးတာပါ။ တစ်မျိုးမထင်ပါနဲ့''

''ဒါဆိုရင် လမ်းစရိတ်ပဲပေးပါ။ ကျန်တာတွေ ပြန်ယူသွားပါ''

ဒေါ်ဝိုင်းစိန်သည် သူ့သားစိတ်ဓာတ်ကိုသိပြီးဖြစ်၍ ငါးရာတန်နှစ်ရွက်သာ ထုတ်ပေးလိုက်သည်။

''သားငယ် အမေသွားမယ်နော်။ နှစ်ရက် သုံးရက်ကြာရင် အမေပြန်လာခဲ့မယ်။ သိလား''

''သားအတွက် မပူပါနဲ့ အမေရာ။ အစ်ကိုကြီးကိုသာ ဂရုစိုက်ပါ။ အစ်ကိုကြီး ကျန်းကျန်းမာမာ ဖြစ်သွားတာကိုပဲ ဝမ်းသာတယ် အမေရယ်''

ဒေါ်ဝိုင်းစိန်၏ နှလုံးအိမ်မှ ထွက်လာသည့် မျက်ရည်များကို ထိန်း၍ မရတော့။ ချာခနဲ လှည့်ထွက်ပြီး ဦးသိန်းကျော်တို့ကားဆီသို့ လျှောက်သွားသည်။ ဦးသိန်းကျော် မသိအောင် မျက်ရည်များကို လက်ဖမိုးဖြင့် သပ်လိုက်သည်။

''အမေ ဘာဖြစ်လို့ကြာနေတာလဲ''

ဦးသိန်းကျော်က မေးလိုက်သည်။

''ဩော် ... အသိလူနာတစ်ယောက်ကို သွားနှုတ်ဆက်နေတာပါ''

''တက် အမေ၊ သွားကြမယ်''

ဒေါ်ဝိုင်းစိန်သည် ကားပေါ်သို့ ထိုင်ချလိုက်သည်နှင့် သားငယ်အခန်းသို့ လှမ်းမျှော်ကြည့်လိုက်၏။ သားငယ်တစ်ယောက်တည်း ကျန်ခဲ့သည်ကို စိတ်ထဲမကောင်းဖြစ်သွား၏။ ဒေါ်ခင်ထားထားမှာ ဦးသိန်းကျော်အနားကပ်၍ ယုယကြင်နာစကားများ ဖောင်ဖွဲ့နေသည်။

အောင်ဒွေးသည် ဆေးကုခန်းပြတင်းပေါက်မှနေ၍ ခိုးကြောင်ခိုးဝှက် လှမ်းကြည့်နေသည်မှာ သနားစရာ။ ထွက်ခွာသွားသည့် ကားများကိုကြည့်ပြီး အားရပါးရ ပြုံးလိုက်၏။ မြင်ကွင်းသည် တဖြည်းဖြည်းနှင့် ဝေဝါးမှုန်မှိုင်းသွားသည်။

➢➢➢

## အခန်း(၁၁)

ဦးသိန်းကျော် ဆေးခွင့်များပြည့်ပြီးနောက် တရားရုံးသို့ အလုပ်ဆင်းသည်။ ခါတိုင်းကဲ့သို့ပင် အလုပ်ခွင်၌ ကျန်းမာရွှင်လန်းစွာ ပြန်လုပ်နိုင်လာသည်။ မိမိအား သေတွင်းမှ ကယ်တင်ပေးသည့် သမားတော်ကြီး ဒေါက်တာ စိန်မောင်ကို မျက်စိထဲမြင်ပြီး ရင်ထဲမှ အကြိမ်ကြိမ် ညွတ်တွားနေမိသည်။ ထို့အတူ ကျောက်ကပ်အလှူရှင်ကိုလည်း ကျေးဇူးတင်မိသည်။ မိမိက ငွေကြေးထောက်ပံ့၍ ကြီးပွားတိုးတက်လာသူ ညီအရင်း အောင်ကိုလတ်ပင် လျှင် မျှဝေမပေးနိုင်သောကိစ္စ။ သည်လိုကိစ္စမျိုးအား ဘယ်သူက လှူဒါန်း သွားပါလိမ့်။ အလှူရှင်ကို သိလိုဇောဖြင့် စုံစမ်းမေးမြန်းသောအခါ သမား တော်ကြီးအဖြေစကားက ရှင်းသည်။

''အလှူရှင်ရဲ့ ဆန္ဒကြောင့် အခုလို အမည်၊ နေရပ်လိပ်စာ မပြော နိုင်တာကို ခွင့်လွှတ်ပါဗျာ''တဲ့။

ဦးသိန်းကျော်သာမက ဇနီးဖြစ်သူ ဒေါ်ခင်ထားထားကိုယ်တိုင်လည်း ကျောက်ကပ်အလှူရှင်ကို သိချင်နေ၏။ ၎င်းတို့၏ စည်းစိမ်ဥစ္စာထဲမှ အလှူ

ရှင်ကို ဖွဲ့ပေးချင်နေကြသည်။ သမားတော်ကြီးထံမှ မသိရ၍ အနီးကပ်ပြု စုသူ မိခင်ကြီးနှင့် ဆရာမများအား မေးမြန်းသော်လည်း 'သူတို့ မသိပါ'ဟု ဖြေဆိုကြသည်။ ဦးသိန်းကျော် လက်လျှော့လိုက်၏။ သို့သော် မိမိဘဝ ပြန်လည်ရှင်သန်တိုးတက်လာပုံကို တွေးမိတိုင်း စိတ်ထဲ၌ ပြန်ပေါ်လာသည်။ အလှူရှင်အား အလွန်တွေ့ချင်နေသည်မှာ အမှန်။

ဒေါ်ဝိုင်းစိန်သည် ဆေးကုခန်းမှဆင်းပြီး သုံးရက်မြောက်နေ့တွင် ရွာသို့ ပြန်သွား၏။ မိခင်ကြီးသည် ညီငယ် အောင်ဒွေးအတွက် စိတ်ဆင်းရဲဖြစ်မှာကို တွေးပူရသည်မှာလည်း တစ်မျောင့်။ ရန်ကုန်သို့ ပြန်ခေါ်ထားချင်သော်လည်း ဇနီး ဒေါ်ခင်ထားထားနှင့် မဖြစ်ချေ။

ထိုသို့ ရုံးအားလပ်ချိန်၌ တွေးတောနေစဉ် ရုံးအုပ်စာရေးကြီးက စာတစ်စောင်လာပြ၏။ ဦးသိန်းကျော် ဖွင့်ဖောက်ကြည့်သောအခါ မအူပင်ခရိုင် တရားသူကြီးအဖြစ် ရာထူးတိုးမြှင့်လိုက်သောစာ ဖြစ်နေသည်။ တာဝန်အရ မသွားမဖြစ် သွားရမည်သာ။ ဒေါ်ခင်ထားထားကိုပါ မအူပင်မြို့သို့ ခေါ်သွားရန် စဉ်းစားသည်။ ဒေါ်ခင်ထားထားအနေဖြင့် ရန်ကုန်မြေမှ ခွာမည်မဟုတ်။

ညနေ ရုံးဆင်းပြီး အိမ်သို့ ပြန်ရောက်သောအခါ ဇနီးသည် ဒေါ်ခင်ထားထားနှင့် တိုင်ပင်ကြသည်။

''ထားပါ မအူပင်ကို လိုက်နေပေါ့ ဟုတ်လား''

''မဖြစ်ဘူး ကိုကျော်ရာ။ သိတဲ့အတိုင်း ဒီမှာကလဲ လုပ်ငန်းတွေနဲ့ ထား မရှိလို့ဖြစ်ပါ့မလား''

''ထားရယ်။ ကိုကျော်တို့ မိသားစု အေးအေးချမ်းချမ်းပဲ နေချင်တယ်။ ထားရဲ့ လုပ်ငန်းအချို့ကို ဖြုတ်သာပစ်လိုက်ပါ''

''ကိုကျော်ကလဲ ရုတ်တရက် ဖြုတ်ပစ်လို့ ဘယ်ဖြစ်ပါ့မလဲ။ လက်စလေးတွေတော့ သတ်ရဦးမှာပေါ့။ ဒီလိုလုပ်။ ကိုကျော်အရင်သွားနှင့်။ ဒီက အလုပ်တွေ ပြတ်ရင် ထားလိုက်ခဲ့မယ်။ အိမ်ကိုတော့ ပိတ်ထားမယ်။ ခြံကိုတော့ ဖိုးဇော်ကိုပဲ အစောင့်ထားခဲ့မယ်''

ဦးသိန်းကျော် ကျေနပ်သွား၏။

''ထား''

''ဘာလဲ ကိုကျော်''

''ကိုကျော့်အတွက် ကျောက်ကပ်လှူတဲ့ အလှူရှင်ကို အရမ်းသိချင်တယ်။ ကျေးဇူးလဲ ဆပ်ချင်နေတယ်''

ဦးသိန်းကျော်ရင်တွင်းစကားက လေးစားစရာ။

''ဟုတ်တယ်ကိုကျော်။ ထားလဲ အရမ်းတွေ့ချင်တယ်။ အတော်ထူးတာပဲနော်။ တချို့ဆိုရင် သိန်းနဲ့ချီတောင်းကြတာ။ အခုတော့ တစ်မျိုးပဲ။ ကိုကျော့်အမှုသည်တွေထဲကများ ဖြစ်နေမလား''

ဒေါ်ခင်ထားထားက တွေးမိတွေးရာ ဖွင့်ပြောလိုက်သည်။

''အင်း ... အဲဒါလဲ တွက်စရာပဲ။ တချို့အမှုသည်တွေကို ပြစ်မှုမြောက်လို့ ပြစ်ဒဏ်ချမှတ်လိုက်ရတာ ရှိသလို၊ တချို့ကျတော့လဲ ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်တဲ့အတွက် လွှတ်လိုက်ရတာတွေ ရှိတယ်''

''ထားအထင်ပြောရရင်တော့ ကိုကျော်လွှတ်လိုက်တဲ့ တရားခံတွေထဲက တစ်ယောက်ယောက် ဖြစ်နိုင်တယ်။ သိပ်ကျေးဇူးတင်လွန်းလို့ လှူသွားတာဖြစ်မှာပေါ့''

''တစ်ခုတော့ တွက်စရာရှိတယ်ထား''

''ဘာများလဲ ကိုကျော်''

''ကျောက်ကပ်အစားထိုးတယ်ဆိုတာ ကိုယ့်ရဲ့ သွေးသားအရင်းအချာထဲကမှ ဖြစ်တာမဟုတ်လား ထားရဲ့''

''ဟဲ ဟဲ ...ကိုကျော် အဲဒါတော့ ခေတ်နောက်ကျသွားပြီ။ သွေးရင်းသားရင်း မဟုတ်ပေမယ့် သွေးတူသားတူရင် အစားထိုးလို့ရတာပဲ။ အိန္ဒိယမှာဆိုရင် ဒီလိုပဲ လုပ်နေကြတာပဲ''

ဒေါ်ခင်ထားထားက သူလေ့လာထားသမျှကို ပြောပြသည်။

''အောင်မာ ထားက ဘယ်ဆိုးလို့တုံး။ ကျောက်ကပ်နဲ့ပတ်သက်လို့ အတော်ဗဟုသုတရှိတာပဲ''

''ရှိတာပေါ့ ကိုကျော်ရဲ့။ ကိုကျော်ဝေဒနာခံစားနေရတုန်းက ထား

မှာ လိုက်လေ့လာရတာ အမေပဲ။ အိန္ဒိယနိုင်ငံမှာ ကျောက်ကပ်အစားထိုးခွဲစိတ်ဖူးတဲ့သူဆီတောင် ရောက်ခဲ့တယ်''

ဦးသိန်းကျော်သည် ဖန်းဒေါ်ခင်ထားထား မျက်နှာအား စိုက်ကြည့်ပြီး ပြုံးသည်။ ထိုအပြုံးကား အထင်ကြီးလေးစားချစ်ခင်သော အပြုံး။

➤➤➤

**အခန်း(၁၂)**

အောင်ဒွေးသည် အလျင်ကနှင့်မတူ။ ရုပ်ရည်အတော်ကျသွား၏။ သမားတော်ကြီးက အသောက်အစားဆင်ခြင်ရန်နှင့် ပင်ပင်ပန်းပန်းမလုပ်ရန် သတိပေးမှာကြားလိုက်သော်လည်း လိုက်နာခြင်းမရှိ။ ထင်ရာစိုင်း၍ ပေတေနေသည်မှာ ရုပ်ပျက်ဆင်းပျက်။

အောင်ဒွေးမှာ ခါတိုင်းကဲ့သို့ သန့်သန့်မာမာ မဟုတ်ဘဲ ဖိုးသမားရုပ်ပေါက်နေ၍ ဘယ်သူမှ မခန့်တော့။ ကြောင်အိုတော့ ကြွက်မလေးဆိုသကဲ့သို့ပင်။

ကိုအညာသားတို့ လင်မယားက အသောက်အစားဆင်ခြင်ရန် ပြောသော်လည်း မရ။ မိုးလင်းက မိုးချုပ် သောက်သည်။ အစားကို မှန်မှန်မစားတော့။ အရက်ကို ဖိသောက်သော်လည်း အမြည်းမစား။

တစ်နေ့ညနေတွင်–

အောင်ဒွေးတစ်ယောက်တည်း အရက်သောက်နေစဉ် စံတုတ်ရောက်လာ၏။ စံတုတ်မှာ အောင်ဒွေးထက် လူကောင်ထွားသည်။ ဘာမဆိုင်၊

ညာမဆိုင် အောင်ဒွေးပိုင်းသို့ ဝင်ထိုင်ပြီး မိုက်ကြေးခွဲသည်။ အောင်ဒွေး အရက်ခွက်ကို ကောက်ကိုင်ပြီး အောင်ဒွေးမျက်နှာသို့ ဖျတ်ခနဲ ပက်ထည့်လိုက်၏။

အောင်ဒွေး အကြီးအကျယ် ဒေါပွသွားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကြိတ်လိုက်၏။

''ဒုတ် ... ဒုတ် ...ဝုန်း''

စံတုတ်၏ ကျစ်လျစ်သန်မာသော လက်သီးချက်များက မြန်ဆန်သွက်လက်လှသည်။ အားအင်ချည့်နဲ့နေသော အောင်ဒွေးမှာ အရုပ်ကြိုးပြတ် 'ဝုန်းခနဲ' လဲကျသွား၏။

''ဟေ့ကောင် စံတုတ်။ မင်းအတော်လွန်လာပြီကွာ။ သူက မင်းကို ဘာလုပ်လို့လဲ။ သူ့ဘာသာ အေးအေးဆေးဆေး ထိုင်သောက်နေတာ''

ကိုအညာသား မနေသာလွန်း၍ ဝင်ပြောလိုက်သည်။

''အေး ... အခုတော့ ဘာမှမလုပ်ပါဘူး။ အရင်က ဗိုလ်ကျလွန်းလို့ သင်ခန်းစာပေးလိုက်တာ ဘာဖြစ်လဲ''

စံတုတ်စကားက အတော်ရင့်သည်။ မခံချင်စရာ။ စံတုတ်သည် ဆိုင်အပြင်သို့ တစ်လှမ်းချင်း ထွက်သွားသည်။ အောင်ပွဲရ စစ်သူကြီးနှယ်။

အောင်ဒွေး အားယူထသည်။ မရ။ ကိုအညာသားနှင့် မအေးချစ်တို့ လင်မယားက ဆွဲမ ထူပေးသည်။ အောင်ဒွေးပါးစပ်မှ စီးကျလာသည့် သွေးစများကို မအေးချစ်က အသာအယာသုတ်ပေးရင်း စိတ်မကောင်းဖြစ်နေ၏။ အောင်ဒွေး ဘာမျှမပြော။ အံကိုသာ ခပ်တင်းတင်းကြိတ်ထားသည်။ ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးကို ဖြိုချင်သော်လည်း ခါးက မသန်သည့်အဖြစ်မျိုး။ သွေးစ သွေးနများ သုတ်ပြီးနောက် အရက်ဆက်သောက်ပြန်သည်။

''ငပွ တော်ပါတော့လား။ နင် အရက်နာကျပြီး ကျန်းမာရေးချို့ယွင်းလို့ အခုလို ခံရတာ။ ဟိုးတုန်းကဆိုရင် ဒီကောင်တွေ နင့်ကို မော်တောင်မကြည့်ရဲဘူး။ ဆင်ခြင်စမ်းပါ ငပွရယ်။ ပျက်အစဉ် ပြင်ခဏပါ''

မအေးချစ်က မခံချင်စိတ်ဖြင့် ပြောလိုက်၏။ အောင်ဒွေးသည် မအေးချစ်ကို ပြုံးကြည့်ပြီး အရက်ခွက်ကို မော့ချလိုက်သည်။

တအောင့်အကြာတွင် ညိုကြီး ဆိုင်ထဲသို့ဝင်လာ၏။ ကိုအညာသားတို့ လင်မယား စိတ်ညစ်သွား၏။

''ဟော့ ... အညာသား၊ အရက်တစ်ပိုင်းချ''

ညိုကြီးအသံက မာကျောကျော ကျွတ်ဆတ်ဆတ်။ သူ့မျက်လုံးအကြည့်များက အောင်ဒွေးအရက်ခွက်သို့ ရောက်နေသည်။

''ကိုညိုကြီး ရှင် မနေ့က အရက်တစ်ပိုင်းဖိုး ကျန်သေးတယ်နော်''

မအေးချစ်က ရဲရဲတောက်။

''အေးလေ ဘာဖြစ်လဲ၊ ဒီတစ်ပိုင်းနဲ့ဆို တစ်လုံးပေါ့။ ရှင်းရှင်းလေးပဲ''

ရင့်သီးလှသော စကားကြောင့် အောင်ဒွေးစိတ် ထောင်းခနဲ ဖြစ်သွား၏။ ညိုကြီးကို တစ်ချက်ကြည့်လိုက်သည်။

''ဘာလဲ ငပွ။ မင်း ဘာလုပ်ချင်လဲ''

ညိုကြီးသည် မတ်တတ်ထရပ်ပြီး အောင်ဒွေးကို စိန်ခေါ်လိုက်၏။ အောင်ဒွေး ဒေါသစိတ်ဖြင့် အတင်းထသည်။ လူက မဟန်။

ကိုအညာသားလို့ လင်မယား ကြားက ဝင်ဖျန်ဖြေရသည်။

''တောင်းပန်ပါတယ် ညိုကြီးရာ။ စောစောကတင် စံတုတ် ထိုးသွားလို့ ခံလိုက်ရပါသေးတယ်။ သူ့မှာ ကျန်းမာရေးကလဲ မကောင်းပါဘူး''

ကိုအညာသားက ညိုကြီးပခုံးကို ကိုင်ပြီး အသနားခံတောင်းပန်လိုက်၏။

''ဟော့ကောင် ငပွ။ မှတ်ထား။ ဒီရွာမှာ ညိုကြီးကို ကျောလို့မရဘူးကွ''

လက်သီးလက်မောင်းတန်းပြီး အော်ပြောလိုက်သည်။

အောင်ဒွေး တစ်ခွန်းမျှ မဟ။ ညိုကြီးကိုသာ စိုက်ကြည့်နေသည်။

''ခွမ်း''

ညို့ကြီး မိုက်ရိုင်းသည်ဟု ဆိုရမည်သာ။ အောင်ဒွေး၏ သောက်လက်စ ဖန်ခွက်ကို ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။ ပြီးနောက် ဆိုင်ပြင်သို့ ထွက်သွား၏။

ကိုအညာသားတို့ လင်မယားက လူကြီးထံ သွားတိုင်ရန် လုပ်သည်။ အောင်ဒွေးက လက်ကာပြလိုက်၏။

➤➤➤

## အခန်း(၁၃)

စာဥသည် ဆားကြပ်ထုပ်ဖြင့် အောင်ဒွေး၏ ရောင်နေသော ဒဏ်ရာများကို ဖိပေးနေသည်မှာ ကြင်ကြင်နာနာ။

''ကိုဒွေးရယ်။ ဒီအရက်ကို ဖြတ်လိုက်ပါ။ အရက်ဆိုင်သွားရင် အရက်သမားနဲ့ တွေ့မှာပဲ။ အခုလို ရန်ဖြစ်တော့ မကောင်းဘူး။ စာဥမျက်နှာကို လဲ ထောက်ပါဦး။ ကိုဒွေးသိက္ခာကျရင် စာဥလဲ သိက္ခာကျတာပေါ့''

မစာဥသည် ဆားကြပ်ထုပ် ထိုးပေးရင်း ပါးစပ်ကလည်း တဖွဖွ ပြောနေသည်။ အောင်ဒွေးမှာ ဒဏ်ရာကြောင့် မျက်စိမှိတ်ပြီး နားထောင်နေသည်။ ဘာမျှ မပြောသာ။

''ကိုဒွေး''

''ဟင်''

''စာဥတို့ လက်ထပ်ဖို့ကိစ္စ စီစဉ်ကြရအောင်''

''အင်း''

''ဟာ ... ကိုဒွေး အင်းကြီးကလဲ စိတ်မပါသလို''

မစာဥ ဘဝင်မကျဖြစ်သွားသည်မှာ အမှန်။

''ဒီတစ်ခေါက် အမေ ရန်ကုန်ကပြန်လာရင် စီစဉ်မယ်နော်။ စာဥက ဘာလို့ ဒါလောက်တောင် လောနေရတာလဲ''

အောင်ဒွေးက ပွင့်လင်းစွာမေးလိုက်သည်။

''တခြား ဘာပြဿနာမှတော့ မရှိပါဘူး။ ကိုဒွေးကို စိတ်မချလို့''

''ဘာကို စိတ်မချတာလဲ စာဥရယ်''

''ကိုဒွေးက ရန်ကုန်သွားသွားနေတော့ စိတ်မချဘူး''

''စိတ်ချပါ စာဥရယ်။ ကိုဒွေးဘဝမှာ စာဥကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ပါဘူး။ စာဥလောက် သံယောဇဉ်ဖြစ်စရာ ဘယ်အမျိုးသမီးမှ မရှိပါဘူး။ ယုံပါ''

''တကယ်နော်''

''နှစ်ကယ်''

တစ်ယောက်နှင့်တစ်ယောက် ကြည်နူးနေကြသည်မှာ ချစ်သူတို့ဘဝ အရသာ။

ထိုအချိန်တွင် ချက်ပု၊ ငတိ၊ မောင်စိုးတို့ သတင်းမေး ရောက်လာကြသည်။

''ဩော် ... စပါယ်ရှယ်နပ်စ် ရောက်နေတာကိုး''

ငတိက အိမ်ပေါ်တက်တက်ချင်း လှမ်းပြောလိုက်သည်။

''ကေန္တတော့ မေတ္တာဆေးခန်းက နပ်စ်နဲ့တူတယ်''

ချက်ပုက ဝင်၍ အရွှန်းဖောက်ပြန်သည်။

''မဟုတ်ပါဘူး။ သစ္စာ၊ မေတ္တာ၊ ကရုဏာသဘင်က မင်းသမီးလေး ပါ''

''ဟား ...ဟား .. ဟား''

မောင်စိုးက အရွှန်းဖောက်လိုက်ရာ ပွဲကျသွားတော့သည်။

''ဟော့ကောင်တွေ စာဥရှက်သွားပါဦးမယ်ကွာ။ မင်းတို့က တအား နောက်တာပဲ''

အောင်ဒွေးက ရှက်သွေးဖြာနေသော စာဥမျက်နှာကလေးကို အကဲခတ်ရင်း သူငယ်ချင်းများကို ဟန့်လိုက်သည်။ ချက်ပု၊ ငတိ၊ မောင်စိုးတို့မှာ မျက်နှာပိုးသတ်လိုက်၏။

"မင်းကလဲ ဒီငမူးတွေထိုးတာများ ခံရတယ်လို့ကွာ"

ချက်ပုက ပွေမျက်နှာမှ ဖူးရောင်ဒဏ်ရာများကိုကြည့်ပြီး မချိတင်ကဲပြောလိုက်သည်။

"တူဖြစ်တော့လဲ နံ့၊ ပေဖြစ်တော့လဲ ခံရမှာပေါ့ကွာ"

အောင်ဒွေးက ခါးကို အနည်းငယ်ဆန့်ရင်း ပြောလိုက်ရာ အားလုံးငြိမ်သက်သွားကြလေ၏။

➤➤➤

အခန်း(၁၄)

စံတုတ်နှင့် ညီုကြီးတို့ နိုပ်စက်ပြီး နှစ်ပတ်တိတိ ကြာသည်အထိ ကိုအညာသားတို့ဆိုင်သို့ အောင်ဒွေးမသွားတော့။ မိခင်ကြီး စိတ်ချမ်းသာအောင် အိမ်ကပ်နေသည်။ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားသည်။ မိခင်ကြီး ဒေါ်ဝိုင်းစိန်သည် သားငယ် အနေအထိုင် လိမ္မာလာပုံကိုကြည့်ပြီး တပြုံးပြုံးဖြစ်နေ၏။

''သားလေး''

''ဘာလဲ အမေ''

''မင်းအစ်ကိုကြီး မအူပင်ခရိုင် တရားရုံးကို ပြောင်းလာပြီတဲ့။ အဲဒါ အမေသွားချင်တယ်''

''သွားပါလား အမေရဲ့။ ဒါမှ အစ်ကိုကြီး ကျန်းမာရေးအခြေအနေကို သိရတာပေါ့''

''ဟိုတုန်းကလို ငါ့သားလေး သောက်သောက်စားစားဆိုရင် အမေ မသွားပါဘူး။ အခုတော့ အမေ စိတ်ချတယ်''

''စိတ်ချပါ အမေရယ်။ သား ကောင်းကောင်းနေပါ့မယ်။ စိတ်ချမ်းသာ လက်ချမ်းသာသာသွား။ ဩော် ... အမေ။ သားကိုပေးထားတဲ့ ကတိတော့ သတိရနော်။ တော်ကြာ အမေက လောကွတ်လုပ်ပြီး ပြောလိုက်မိမှာစိုးလို့''

''စိတ်ချပါ သားလေးရယ်''

မျက်တောင်များ တဖျတ်ဖျတ်ခတ်ပြီး ပြုံးလိုက်သည်။

''အမေ ဘယ်တော့သွားမလဲ''

''မနက်ဖြန် ဖျာပုံသင်္ဘော အစုန်တော့ရှိတယ်''

''ကောင်းသားပဲ။ ကားနဲ့က အဆင့်ဆင့်စီးရမှာ။ သင်္ဘောဆိုတော့ လူသက်သာတာပေါ့''

''သားလေးနော်။ ပြတ်လက်စနဲ့ ဖြတ်လိုက်ပါနော်။ အမေစိတ်ချမယ်''

''စိတ်ချပါ အမေ။ စိတ်အေးလက်အေးသာသွား''

သားအမိနှစ်ဦး၏ မျက်နှာချင်းဆိုင်အကြည့်များက ချမ်းမြေ့ဖွယ်ရာကောင်းလှသည်။

''ဟော့ .... ဘယ်ခွေးမှ လူမထင်ဘူးကွ။ သံတွဲရှိတဲ့ကောင် ထွက် ...ငါ''

သားအမိနှစ်ဦး၏ အပြုံးများအပေါ်သို့ အမည်းစက်များ လွှမ်းသွားသည်။

ညိုကြီးနှင့် စံတုတ်သည် ပုဆိုးကပိုကရိုဖြင့် အရက်များမူးလာပြီး တစ်လမ်းလုံးကို ငါနှင့်ကိုင်တုတ်နေသည်။

''သားလေး အိမ်ထဲကိုဝင်နေ။ ရန်မလိုရင် ရန်ပြုတယ်တဲ့။ သွားသား''

ဒေါ်ပိုင်းစိန်စကားအတိုင်း အောင်ဒွေး အခန်းထဲ၌ ဝင်ထိုင်နေလိုက်၏။

ညိုကြီးနှင့် စံတုတ်တို့ ရမ်းချင်တိုင်း ရမ်းနေသည်မှာ အတောမသတ်။

အောင်ဒွေး ဒေါသစိတ်သည် မနည်းချုပ်နေရသည်။ မိခင်ကြီး ခရီးသွားခါနီးအချိန်တွင် စိတ်ဆင်းရဲရမည်မှာလည်း ပူမိသည်။

တော်သေးသည်။ အမူးသမားနှစ်ယောက် ရမ်းကားနေခိုက် မိုးမှာဝေါခနဲ ရွာချလိုက်၏။ ညိုကြီးနှင့် စံတုတ်တို့၏ အသံများသည် မိုးသံကိုမလွှမ်းနိုင်။ မိုးက သည်းသည်ထက် သည်းလာသဖြင့် အရက်သမားတို့တစ်ချိုးတည်း လစ်တော့သည်။ ဘောလုံးကစားနေသည့် ကလေးများကအရက်သမားနှစ်ယောက်ပြေးပုံကို သဘောကျကာ တဟားဟား ရယ်ကြလေသည်။

➤➤➤

## အခန်း(၁၅)

နောက်တစ်နေ့ နေ့လယ်တွင် ဒေါ်ဝိုင်းစိန်သည် ဖျာပုံသင်္ဘောဖြင့် မအူပင်သို့ လိုက်သွား၏။ အောင်ဒွေးအတွက် တစ်ပတ်စာ ငံပြာရည်ချက် ချက်ပေးထားခဲ့သည်။ အောင်ဒွေးက ထမင်းတစ်အိုးကို မနက်စာညစာ တည်ပြီးစားသည်။

မိခင်ကြီးသွားပြီး နောက်တစ်နေ့ညနေ ၄ နာရီလောက်တွင် အောင်ဒွေးသည် ကိုအညာသားဆိုင်ဘက်သို့ ခြေဦးလှည့်လိုက်၏။ ဂျင်းအကျီ အဟောင်းလေးနှင့် ပုဆိုးကွက်တုံးအနွမ်းကလေးကို ဝတ်ပြီး ထွက်လာသည်။

ကိုအညာသားနှင့် မအေးချစ်တို့သည် ကျန်းမာသပ်ရပ်နေသော အောင်ဒွေးကို မြင်လိုက်ရသဖြင့် ဝမ်းသာသွား၏။

''မင်းကလဲ ပျောက်ချက်သားကောင်းလိုက်တာကွာ။ တို့က မင်း မိန်းမခိုးသွားပြီလို့ ထင်နေတာ''

''ဟဲ ...ဟဲ ..ဒါလောက်လဲ မဟုတ်သေးပါဘူး ကိုအညာသားရာ''

''ဟဲ့ ... ငပွ အသားအရေ အတော်ကောင်းသွားတယ်နော်။ အရင်က ရုပ်နဲ့ တခြားစီ''

မအေးချစ်က အောင်ဒွေးကိုကြည့်ပြီး ပြောလိုက်သည်။

''ဟုတ်တယ် မအေးချစ်။ အရက်ဖြတ်လိုက်တော့ ထမင်းစားလို့လဲ ကောင်းတယ်။ နေလို့လဲ ကောင်း၊ အရင်ကနဲ့ မတူဘူး။ ခေါင်းထဲကို ကြည်နေတာပဲ''

''ဝမ်းသာပါတယ် ငပွရယ်။ ငါတို့လင်မယားလဲ တခြားလုပ်ငန်းမရှိလို့သာ ပေလုပ်နေရတာ။ အတော်စိတ်ပျက်လာပြီ။ သိတဲ့အတိုင်း ညိုကြီးနဲ့ စံတုတ်က အခုတလော ပိုဆိုးလာတယ်''

ကိုအညာသား စိတ်ပျက်လက်ပျက် ပြောပုံကိုကြည့်ပြီး အောင်ဒွေး စိတ်မကောင်းဖြစ်သွား၏။ မိမိ သန်တုန်းမြန်တုန်းကာလက ခေါင်းငုံ့နေရသော ညိုကြီးနှင့် စံတုတ် ထောင်ထောင်ထောင် နေသည်ကို မကျေနပ်။

''မအေးချစ် ကျွန်တော့်ကို သောက်ရေတစ်ပုလင်းနဲ့ ဖန်ခွက်တစ်ခွက်ချပေးပါ''

အောင်ဒွေးသည် သူ့အမြဲထိုင်နေကျစားပွဲတွင် ထိုင်ရင်း ပြောလိုက်သည်။ မအေးချစ်က ရေတစ်ပုလင်းနှင့် ဖန်ခွက်ကို လာချပေး၏။ အောင်ဒွေးသည် ဖန်ခွက်ထဲသို့ ရေတစ်ဝက်ခန့် ထည့်ပြီး ထိုင်နေသည်။ မျက်လုံးများမှာ ဂနာမငြိမ်။

''ငပွ အေးအေးဆေးဆေးထိုင်ဦး။ တို့လင်မယားနှစ်ယောက် ငါးလေးတွေ ကြော်လိုက်ဦးမယ်။ သြော် ....အေးချစ် ဒီကောင်ကြီးအတွက် လက်ဖက်တစ်ပွဲ မြန်မြန်သုပ်ပေးလိုက်ပါဦး''

''ဟာ ... ကိုအညာသားကလဲ မြန်မြန်သုပ်''

''ဟဲ ...ဟဲ ...ဟဲ''

အောင်ဒွေးအရွှန်းစကားကြောင့် လင်မယားနှစ်ယောက် ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

ထိုအချိန်တွင် ညိုကြီးနှင့် စံတုတ်တို့ ကိုအညာသားဆိုင်ထဲသို့ ဝင်

လာသည်။ 'မြင်မြင်ချင်း ဆောက်နှင့်ထွင်း' ဆိုသလို ဘာမပြော ညာမပြော ဘဲ အောင်ဒွေးစားပွဲပေါ်မှ ပုလင်းနှင့် ဖန်ခွက်များကို ညိုကြီးက ကန်ထည့်လိုက်သည်။

အောင်ဒွေးသည် ရှိသမျှ ခွန်အားကို ဖျစ်ညှစ်ကာ ပြန်ထိုးသည်။ နှစ်ယောက်တစ်ယောက်ဆိုတော့ သိပ်မလွယ်။ ကိုအညာသားတို့ လင်မယားသည် လူကြီးအိမ်သို့ ပြေးတိုင်သည်။

ညိုကြီးနှင့် စံတုတ်သည် အောင်ဒွေးအား အလွယ်တကူ အနိုင်ရမည်ဟု လျှော့တွက်ထားပုံရ၏။ သို့သော် အောင်ဒွေး၏ သွက်လက်မြန်ဆန်သော တုံ့ပြန်မှုကို မနည်းရှောင်တိမ်းနေရသည်။ ညိုကြီးနှင့် စံတုတ်သည် အောင်ဒွေးယိုင်အကျတွင် ထိုးသူက ထိုး၊ ကန်သူက ကန်ဖြင့် တရစပ် တိုက်စစ်ဆင်တော့သည်။ ရေရှည်တွင် အောင်ဒွေး မတတ်သာတော့။ ဂျင်းအင်္ကျီအတွင်းအိတ်၌ ဆောင်လာသော ဓားမြှောင်ကို ဆွဲထုတ်ပြီး ညိုကြီးရင်ဝသို့ ထိုးသွင်းလိုက်သည်။ ဓားမြှောင်ကို ချက်ချင်း ဆွဲထုတ်ပြီး စံတုတ်လည်ချောင်းသို့ ထိုးလိုက်ပြန်သည်။ ညိုကြီး၊ စံတုတ် အတုံးအရုံးလဲကျသွား၏။ လဲကျနေသည့် အနီးတစ်ဝိုက်တွင် သွေးများ အိုင်နေသည်မှာ မြင်မကောင်း။ လူမိုက်တို့၏ သွားရာလမ်းကြောင်းသို့ ရောက်သွားသည်။

အောင်ဒွေးသည် ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ညိုကြီးနှင့် စံတုတ်တို့ သေမသေ စစ်လိုက်သည်။

ထိုအချိန်တွင် ကျေးရွာလူကြီးနှင့် ရဲများ ရောက်လာကြသည်။ ကိုအညာသားတို့ လင်မယား အံ့သြထိတ်လန့်သွားသည်။ မထင်မှတ်သော မြင်ကွင်းက ဝမ်းသာဝမ်းနည်းဖြစ်ရသည်မှာ အမှန်။

"သူတို့နှစ်ယောက်စလုံးကို ကျွန်တော် သတ်တာပါ"

အောင်ဒွေးသည် လက်နှစ်ဖက်ကို ပူးပြီး လက်ထိတ်ခတ်ရန် ပြောလိုက်၏။ အောင်ဒွေးအသံက နာကြည်းနေမှန်း သိသာသည်။ ကြောက်ရွံ့ဝမ်းနည်းခြင်း မရှိ။

တာဝန်ရှိ ရဲများက အောင်ဒွေးကို လက်ထိတ်ခတ်လိုက်ကြသည်။

သက်သေခံဓားကို သက်သေလူကြီးများရှေ့၌ ရှာဖွေပုံစံဖြင့် သိမ်းဆည်းလိုက်သည်။

လက်ထိတ်ခတ်လျက်ပါသွားသော အောင်ဒွေးကျောပြင်ကိုကြည့်ပြီး ကိုအညာသားတို့ လင်မယားလည်း မျက်ရည်စမ်းစမ်းဖြင့် ကျန်နေခဲ့သည်။

➤➤➤

## အခန်း(၁၆)

အောင်ဒွေးသတ္တိက ချီးကျူးလေးစားစရာ။ အမှုနှင့် ပတ်သက်ပြီး အဖြစ်အပျက်အလုံးစုံကို မြို့နယ်တရားရုံး၌ အမှန်အတိုင်း ဖြောင့်ချက်ပေးလိုက်သည်။ ဘဝတူ အချုပ်သားအချို့က ဖြောင့်ချက်မပေးရန် အမျိုးမျိုး ပြောကြသော်လည်း အောင်ဒွေးလက်မခံ။ ''ယောကျ်ားပဲ လုပ်ရဲရင် ခံရဲရမှာပေါ့''ဟု ကြွေးကြော်ပြီး ဖြောင့်ချက်ပေးလိုက်ခြင်းသာ။

အောင်ဒွေးဖြောင့်ချက်က ရှင်းသည်။ ပြတ်သည်။ ရဲဝံ့သည်။ သူ ကျန်းမာရေးချို့ယွင်းနေချိန်တွင် သေဆုံးသူ ညီကြီးနှင့် စံတုတ်တို့မှ မတရား နှိပ်စက် အနိုင်ကျင့်သောကြောင့် မိမိ ကျန်းမာရေးကောင်းလာအောင်လုပ်ပြီး အချင်းဖြစ်သည့်နေ့က ပြန်သတ်ခဲ့ကြောင်း အတိအလင်းဝန်ခံလိုက်သည်။

အမှုနှင့်ပတ်သက်၍ လိုအပ်သော စစ်ဆေးဆောင်ရွက်မှုများ လုပ်ပြီးနောက် မအူပင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့လိုက်သည်။

မအူပင်ခရိုင် တရားသူကြီး ဦးသိန်းကျော်သည် ပန်းတနော်၊ ဓနုဖြူ၊

ညောင်တုန်း၊ မအူပင်မြို့နယ်တို့မှ တင်ပို့လာသည့် အမှုသစ်များကို ဖတ်ရှုနေ၏။

"ဟင် ... ဓနုဖြူမြို့နယ် ဆကာကြီးရဲစခန်းကပါလား။ လူသတ်မှု တရားခံ မောင်အောင်ဒွေး(ခ)ငပွ"

ဦးသိန်းကျော်၏ ဦးခေါင်းမှာ အိုးထိန်းစက်ကဲ့သို့ လည်သွားသည်ဟု ထင်လိုက်ရသည်။ စိတ်ကိုထိန်းပြီး အမှုတွဲကို ဆက်ဖတ်သည်။ ဆကာကြီး ရဲစခန်းမှူးကလည်း အမှုကို သေသေသပ်သပ် နိုင်နိုင်လုံလုံ ဆောက်တည်ထားသည်။ အမှုမှ တရားခံ မောင်အောင်ဒွေး(ခ)ငပွကလည်း ပြတ်သားသည်။ သူ့အား လွန်ခဲ့သော နှစ်ပတ်ခန့်က သေသူ ညီကြီးနှင့် စံတုတ်တို့က မတရားနှိပ်စက်သောကြောင့် မကျေနပ်၍ ဓားမြှောင်ယူဆောင်လာပြီး အချင်းဖြစ်နေ့တွင် သတ်ခဲ့ကြောင်း၊ ဝန်ခံဖြောင့်ဆိုထားသည်။ သက်သေခံ ဓားမြှောင်ကိုလည်း ချက်ချင်းပင် အပ်ထား၏။ တရားခံ အောင်ဒွေး(ခ)ငပွကို ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ အရေးယူထားသည်။

ဦးသိန်းကျော်သည် သားသမီးများကြားတွင် ဗျာများနေသော မိခင်ကြီးမျက်နှာကို မြင်ယောင်မိသည်။ သနားမိသည်။ မိုက်တွင်းနက်လှသော ညီငယ်ကို အပြစ်တင်မိသည်။ မိခင်ကြီးသည် ဦးသိန်းကျော်အိမ်တွင်ရှိနေ၍ အောင်ဒွေးကိစ္စကို လောလောဆယ် သိမည်မဟုတ်။ ပြောလိုက်ရင်လည်း မိခင်ကြီးခမျာ ရွှေရင်ဆို့ဖြစ်မှာ သေချာသည်။ မပြောလို့ကလည်း မဖြစ်။ ဦးသိန်းကျော်ခေါင်းထဲ၌ မိသားစုကိစ္စ တွေးလိုက်တိုင်း ရကက်မအေးရသည်မှာ အမော။

ထိုမိသားစုကိစ္စများကို အတွေးထဲမှ အတင်းမောင်းထုတ်လိုက်သည်။ ပြီးနောက် မိမိအလုပ်တာဝန်များကို ခေါင်းထဲထည့်ပြီး အလုပ်ဆက်လုပ်သည်။

ညနေ ရုံးဆင်းသောအခါ အိမ်ပြန်ရမည်ကိုပင် ခြေလှမ်းတွန့်သွား၏။ မိခင်ကြီးအတွက် တွေးမိတိုင်း ရင်ထဲမကောင်းတော့။ လေးတွဲ့သောခြေလှမ်းများဖြင့် အိမ်သို့ လမ်းလျှောက်လာခဲ့သည်။ အိမ်အပေါက်ဝတွင် မိခင်

ကြီး ဒေါ်ဝိုင်းစိန်သည် သားအပြန်ကို အပြုံးများဖြင့် ဆီးကြိုနေသည်။

''ဟင် ...သားကြီး နေကောင်းရဲ့လား။ မျက်စိမျက်နှာလဲ မကောင်းဘူး''

ပြောပြောဆိုဆို ဦးသိန်းကျော်၏ နဖူးအား လက်ဖမိုးလေးဖြင့် ယုယုယယ စမ်းလိုက်၏။

''သားကြီး ကိုယ်လဲမပူဘဲနဲ့''

''နေကောင်းပါတယ် အမေရယ်။ ဒါပေမဲ့ စိတ်ကတော့ မကောင်းဘူး''

သားကြီးဖြစ်သူ စကားကြောင့် ဒေါ်ဝိုင်းစိန် စိုးထိတ်ပူပန်မှုများ ဖြစ်သွား၏။

''ဘာဖြစ်လို့လဲ သားကြီး''

''ထိုင်ပါဦး အမေရယ်။ သားကြီး ပြောပြပါ့မယ်''

ဧည့်ခန်းတွင် သားအမိနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ဒေါ်ဝိုင်းစိန် ရင်ထဲတွင် တထိတ်ထိတ်ဖြစ်နေသည်။

''အမေ့သား လူမိုက်ကြီး ငပွ လူသတ်မှုဖြစ်နေပြီ''

''ဟင်''

ဒေါ်ဝိုင်းစိန် ရင်ဘတ်ကို လက်ဝါးဖြင့် ဖိထားလိုက်သည်။

''ဟုတ်ရဲ့လား သားကြီးရယ်။ လူတူမရှား နာမည်တူမရှား''

မိခင်ကြီးသည် မယုံနိုင်အောင် ကြားလိုက်ရ၍ မေးလိုက်သည်။ ဦးသိန်းကျော်က အေးဆေးတည်ငြိမ်စွာဖြင့် ရှင်းပြသည်။

''ဟုတ်တယ် အမေ၊ တရားခံနာမည်က အောင်ဒွေး (ခ)ငပွ။ အဖအမည်က ဦးဖိုးမောင်။ အသက် (၂၇)နှစ် တဲ့''

ဒေါ်ဝိုင်းစိန် ဘာမျှ ဆက်မပြောနိုင်တော့။ မှင်တက်မိနေသည့်နှယ်။ တစ်အောင့်အကြာတွင် သတိများပြန်ဝင်လာ၏။ ကျောက်ကပ်ခွဲစိတ်မှု မပြုခင်က သားလေးအောင်ဒွေးပြောပုံကို ပြန်လည်မြင်မိ ကြားမိသည်။

''အစ်ကိုကြီးအတွက် လိုအပ်တဲ့ ကျောက်ကပ်တစ်လုံး မဟုတ်ဘူး။

နှစ်လုံးစလုံး သားပေးမယ်။ ဒါပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်လို့ သားအသက်ရှင်နေသရွေ့ ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိတာဝန်ပဲ''

ဒေါ်ဝိုင်းစိန် ကျေနပ်စွာ ပြုံးလိုက်ပြီး ကျန်းမာရွှင်လန်းနေသော သားကြီးမျက်နှာကို ကြည့်လိုက်သည်။

''သားကြီး''

''ဗျာ''

''သားကြီးရဲ့ ညီလေးကို အတတ်နိုင်ဆုံး ကူညီပါကွယ်။ အမေ့သားလေးက စိတ်ထားကောင်းပါတယ်။ နုလုံးလှပါတယ်။ သူ့ကို ထိလာရင်တော့ မြွေပွေးလိုပဲ''

ဒေါ်ဝိုင်းစိန်သည် သူ့သားလေးအတွက် သက်ညှာရန် ပြောလိုက်သည်။

''ခက်တယ် အမေ။ ဥပဒေနဲ့ ပတ်သက်လာရင် သားကြီးတို့မှာ လိုက်နာစောင့်ထိန်းရတာတွေ ရှိတယ်။ မိမိသဘောဆန္ဒအတိုင်း လုပ်ချင်တိုင်း ဖွတ်လုပ်လို့ မရဘူး။ ဥပဒေနဲ့အညီ ဆောင်ရွက်ရပါတယ် အမေရယ်။ တောက် ...ဒီကောင် ဒီမှာသာနေရင် အခုလိုဖြစ်မှာမဟုတ်ဘူး''

ဦးသိန်းကျော် စိတ်ရင်းသဘောရင်းက လေးစားစရာ။

''ညီလေးကိစ္စ အမေဘယ်လိုလုပ်ရင် ကောင်းမလဲ''

''ဒီကိစ္စ အတော်ကျပ်တယ်။ သားကြီးက အမိန့်ချရမယ့်သူဆိုတော့ ပြောလို့မဖြစ်ဘူး။ အမေတို့ဘာသာ ကြည့်လုပ်ကြပေတော့''

''ဒီလိုမပြောပါနဲ့ သားကြီးရယ်။ ကိုယ့်ညီအရင်းခေါက်ခေါက်ကို မျက်နှာလွှဲခဲပစ်ပုံစံမျိုးတော့ မလုပ်လိုက်ပါနဲ့''

''အမေ့ဘက်က ကြည့်ရင်တော့ မှန်ပါတယ်။ အဲ သားကြီးဘက်က အစ်ကိုအရင်းတစ်ယောက်အနေနဲ့ အမေပြောသလို မျက်နှာလွှဲခဲမပစ်သင့်ပါဘူး။ တရားသူကြီးတစ်ယောက်အနေနဲ့ကျတော့ မျက်နှာလွှဲထားရမယ့် အနေအထားမှာ ရှိတယ် အမေ။ ဒီကိစ္စမှာ သားကြီးအနေနဲ့ အမှုစစ်ဆေးပေါ်ပေါက်မှုအပေါ် အမှန်အတိုင်း ဆောင်ရွက်သွားရမယ်ဆိုတာတော့ စိတ်

ချ''

မိခင်ကြီးမှာ ဦးသိန်းကျော်စကားအဆုံးတွင် ငေးငိုင်သွားလေတော့သည်။

''အမေ သိပ်ပြီး စိုးရိမ်သောကတွေ များမနေပါနဲ့။ တရားနဲ့သာဖြေပါ။ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ''

ဟုပြောပြီး ဦးသိန်းကျော်သည် ဧည့်ခန်းထဲမှထကာ အိမ်ခန်းထဲသို့ဝင်သွားလေသည်။

➢➢➢

## အခန်း(၁၇)

အောင်ဒွေး (ခ)ငပွအမှုနှင့် ပတ်သက်ပြီး တရားလိုနှင့် လိုပြသက်သေအားလုံးအား စစ်ဆေးပြီးနောက် မအူပင်ခရိုင် တရားရုံးတော်မှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁) (ခ)အရ တရားခံ အောင်ဒွေး(ခ)ငပွအား စွဲချက်တင်လိုက်သည်။

ခရိုင်တရားသူကြီး ဦးသိန်းကျော်က တရားခံ အောင်ဒွေးအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး–

''ကဲ ... အောင်ဒွေး (ခေါ်)ငပွကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)အရ စွဲချက်တင်လိုက်ပြီ။ မင်းမှာ အပြစ်ရှိလား''

တရားသူကြီး ဦးသိန်းကျော်၏ မေးသံမှာ အေးဆေးတည်ငြိမ်စွာ ထွက်ပေါ်လာ၏။

ထိုအချိန်တွင် အောင်ဒွေးဘက်မှ လိုက်ပါသည့် တရားရုံးချုပ်ရှေ့နေကြီး ဦးနက်ကျော်က အောင်ဒွေးကို လှမ်းကြည့်လိုက်ပြီး မျက်နှာရိပ် မျက်နှာကဲပြသည်။ သို့သော် အောင်ဒွေးက တရားသူကြီးမျက်နှာကိုသာ စိုက်

ကြည့်နေ၏။ အဖြေစကားကတော့ ရုတ်တရက် ထွက်မလာ။

''မင်းမှာ ဒီအမှုနဲ့ ပတ်သက်ပြီး အပြစ်ရှိလား။ မရှိဘူးလား။ မင်း သန္ဒအတိုင်း ကြိုက်တာဖြေလို့ရတယ်''

ဦးသိန်းကျော်က ဒုတိယအကြိမ် ရှင်းပြလိုက်သည်။ မိခင်ကြီး ဒေါ် ပိုင်းစိန်သည် တရားခွင်ပေါ်မှ သားကြီးကိုကြည့်လိုက်၊ ဝက်ခြံအတွင်းမှ သားငယ်ကိုကြည့်လိုက်ဖြင့် ရင်မောနေသည်။ ဒေါ်ပိုင်းစိန်ဘေးတွင် ထိုင် နေသည့် စာဥမှာလည်း ရင်ဖိုမောနေသည်မှာ သနားစရာ။ အောင်ဒွေး၏ အပေါင်းအသင်းများဖြစ်ကြသော ချက်ပု၊ ငတိ၊ မောင်စိုး၊ ညြဘာတို့လည်း အောင်ဒွေးကိုကြည့်ကာ စိတ်မကောင်းဖြစ်နေကြသည်။ ကိုအညာသားနှင့် မအေးချစ်တို့ကတော့ အသက်ရှူဖို့ပင် မေ့နေဟန်။ အောင်ဒွေးဖြေမည့် စကားကို ကြားချင်နေကြသည်။

အောင်ဒွေး(ခ)ငပွမှာ အပြင်ရှေ့နေမငှားနိုင်သဖြင့် အစိုးရက ငှားပေး သည့် ရှေ့နေဦးနက်ကျော်က တရားခံအကျိုးဆောင်အဖြစ် ဆောင်ရွက်သည်။ ဦးနက်ကျော် ယခုအမှုတွင် ခေါင်းကုတ်ရသည်။ အောင်ဒွေးက ဦးနက်ကျော် မှာထားသည့်အတိုင်း ပြောမည့်ပုံ မပေါ်။

အောင်ဒွေးအမှုနှင့် ပတ်သက်ပြီး သေဆုံးသူများက ရန်မူ၍ ကာ ကွယ်ခုခံရင်း သေဆုံးသွားသောကြောင့် အပြစ်မရှိကြောင်း တင်ပြထုချေ ရန် အသေအချာမှာထားသည်။ ရှေ့နေကောင်းတစ်ယောက် ပီသသည်ဟု ဆိုရမည်သာ။ အကယ်၍ အမှုမှ ကွင်းလုံးမကျွတ်ပါကလည်း သက်သာရာ သက်သာကြောင်း ရနိုင်သည်။

''ကျွန်တော့်မှာ အပြစ်ရှိပါတယ်''

အောင်ဒွေး(ခ)ငပွ၏ ပြတ်သားသော အဖြေစကားကြောင့် နားထောင် နေသူအားလုံး အံ့အားသင့်သွားကြ၏။ ရှေ့နေကြီး ဦးနက်ကျော် ခေါင်းပေါင်း လေး လှုပ်ခါသွားသည်။

တရားသူကြီး ဦးသိန်းကျော်သည် ခေါင်းငုံ့ပြီးနောက် စွဲချက်ပုံစံကို ရေးဖြည့်လိုက်သည်။ ပြီးနောက် နှစ်ဖက်အကျိုးဆောင်ကြီးများအား ကြည့်

၍-

''ကဲ ... နှစ်ဖက်အကျိုးဆောင်ကြီးတွေ ဘာတင်ပြစရာများရှိသလဲ''

ဟု မေးလိုက်သည်။

''ကျွန်တော့်ဘက်ကတော့ အထူးတင်ပြစရာ မရှိပါဘူး။ တရားခံ ကိုယ်တိုင်က တရားသူကြီးမင်းရှေ့မှာ အပြစ်ရှိကြောင်း ဝန်ခံသွားပြီပဲ''

တရားလို အကျိုးဆောင် ခရိုင်ဥပဒေအရာရှိက လိုရင်းကို တင်ပြပြီး ထိုင်ချလိုက်သည်။ ခရိုင် ဥပဒေအရာရှိ ထိုင်ပြီးသောအခါ တရားခံအကျိုးဆောင် ဦးနက်ကျော်က ခပ်ရှုံ့ရှုံ့ကလေး မတ်တတ်ရပ်လိုက်သည်။

''ရှိသေလေးစားအပ်တဲ့ ခရိုင်တရားသူကြီးမင်းခင်ဗျား။ ရုံးတော်ကို မေတ္တာရပ်ခံတင်ပြလိုတာက ဒီအမှုမှာ သေဆုံးသူ ညိုကြီးနဲ့ စံတုတ်တို့ဟာ ရွာထဲမှာ ဆိုးသွမ်းနေကြသူများဖြစ်ကြပါတယ်။ အချင်းဖြစ်နေ့မတိုင်ခင် နှစ်ပတ်လောက်က ကိုအညာသားအရက်ဆိုင်မှာ ကျွန်တော့်တရားခံ အောင်ဒွေး(ခ)ငပွကို မတရားအနိုင်ကျင့်ခဲ့ကြောင်း လိုပြသက်သေ ကိုအညာသားနဲ့ မအေးချစ်တို့ကိုယ်တိုင် ထွက်ဆိုထားပါတယ်။ အဲ ... အချင်းဖြစ်တဲ့နေ့မှာလဲ သေဆုံးသူ နှစ်ယောက်က လာရောက်ရန်စတဲ့အတွက် အောင်ဒွေး(ခ)ငပွအနေနဲ့ သူ့အသက်အန္တရာယ်ကို ကာကွယ်ခုခံရင်း သေဆုံးသွားတဲ့အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၉၆ အရ ကာကွယ်ခုခံပိုင်ခွင့် ဘောင်အတွင်း ကျရောက်တဲ့အတွက် ကျွန်တော့်တရားခံ အောင်ဒွေး(ခ)ငပွကို အမှုမှ အပြီးအပြတ် လွှတ်ပေးဖို့ လျှောက်ထားအပ်ပါတယ်''

တရားခံအကျိုးဆောင် ဦးနက်ကျော်၏ တိုတိုနှင့် လိုရင်းတင်ပြမှုက လည်း ငြင်းစရာမရှိ။ ဒေါ်ပိုင်းစိန် အတော်သဘောကျသွားသည်။ ထို့အတူ အောင်ဒွေး၏ အပေါင်းအသင်းများလည်း အားတက်လာကြသည်။ စာဥက တော့ လက်ခုပ်တီးချင်လောက်အောင် ဝမ်းသာသွား၏။

အကျိုးဆောင်ဦးနက်ကျော် ထိုင်ပြီးသောအခါ ခရိုင် ဥပဒေအရာရှိက အချင်းဖြစ် အမှုအနေအထားအရ ရာဇသတ်ကြီးပုဒ်မ ၉၆ အရ ကင်းလွတ်ခွင့် မရနိုင်ကြောင်း၊ တရားခံကိုယ်တိုင် ဝန်ခံထားကြောင်း ထပ်မံ ရှင်းလင်း

တင်ပြသည်။

ထိုအခါ အောင်ဒွေးမိခင်ကြီးနှင့် အပေါင်းအသင်းများ မှိုင်တွေငေးမောသွားကြသည်။

"ဒီအမှုကို လာမယ့်သောကြာနေ့မှာ အပြီးသတ်အမိန့်ချမယ်" ဟုပြောပြီး တရားသူကြီး ဦးသိန်းကျော် တရားခွင်မှ ဆင်းသွားလေသည်။

➤➤➤

## အခန်း(၁၈)

အောင်ဒွေး(ခ)ငပွအား အမိန့်ချမည့်နေ့။

ခါတိုင်းနေ့များနှင့်မတူ။ မအူပင်ခရိုင်တရားရုံးမှာ လူစည်ကားနေသည်။ အောင်ဒွေးအမှုအား စိတ်ဝင်စား၍ လာရောက်နားထောင်သူများက မနည်းလှ။ စိတ်ဝင်စားမည်ဆိုလည်း စိတ်ဝင်စားစရာ ကောင်းသည်မှာ အမှန်။

အမိန့်ချမည့် တရားသူကြီးက အစ်ကို။

တရားခံက ညီအရင်းခေါက်ခေါက်။ ထင်ကြေးပေးသံများကလည်း အမျိုးမျိုး။ သို့သော် အဖြေကို မည်သူမျှ အတိအကျ မသိ။ မိခင်ကြီးပင်လျှင် မသိရှာ။ ဒါကြောင့်လည်း အမိန့်သံကို ကြားချင်၍ နားထောင်သူများပြားနေခြင်းသာ။

နံနက် (၉)နာရီကတည်းက တရားသူကြီး ဦးသိန်းကျော် ရုံးခန်းသို့ ရောက်လာသည်။ လက်နှိပ်စက်စာရေးလေး မောင်စန်းဝေပါ ပါလာသည်။ တရားရုံးသို့ ရောက်ရောက်ချင်း ဦးသိန်းကျော်နှင့် မောင်စန်းဝေတို့သည်

နားနေခန်း တံခါးမကြီး အပေါ်ချက် အောက်ချက်များကို ပိတ်လိုက်သည်။ ရုံးစောင့် မြတင်ကိုလည်း ဘယ်သူလာလာ ဝင်ခွင့်မပြုကြောင်း မှာထားလိုက်၏။

ခရိုင်တရားသူကြီး နားနေခန်းထဲမှ လက်နှိပ်စက်သံ ခပ်သဲ့သဲ့ကလွဲ၍ ဘာသံမျှ မကြားရ။ တရားခွင်အပြင်ဘက်တွင် လူများတဖွဲဖွဲ ရောက်လာကြသည်။ ရုံးစောင့် မြတင်က ဆူညံခြင်းမပြုရန် မေတ္တာရပ်ခံလိုက်၍ အသံဗလံသိပ်မထွက်။ တိုးတိုးတိတ်တိတ် ကျိတ်၍သာ ပြောဆိုနေကြသည်။

ထိုအချိန်တွင် တရားရုံးဆင်ဝင်အောက်သို့ SURF ကားအစိမ်းတစ်စီး ထိုးဆိုက်လာသည်။ အားလုံးက ကားဆီသို့ အကြည့်ပြောင်းလိုက်ကြသည်။ ကားတံခါးဖွင့်လိုက်သောအခါ အောင်ကိုလတ်တို့ မိသားစု ဆင်းလာကြသည်။

''ဟင် ... သားလတ်တို့ပါလား''

ဒေါ်ပိုင်းစိန်သည် အံ့သြဝမ်းသာခြင်းနှင့်အတူ ဆင်ဝင်အောက်သို့ ခပ်သုတ်သုတ် ဆင်းလိုက်သည်။ အောင်ကိုလတ်ကို ဖက်ပြီး ငိုရှိုက်လိုက်၏။

''သားလတ် အစ်ကိုကြီးကို ကြည့်ပြောပေးပါဦးကွယ်''

''သားလတ်လဲ ညီလေးအမိန့်ချမယ်ကြားလို့ ရောက်လာတာပါ အမေ။ မစိုးရိမ်ပါနဲ့။ ဥပဒေဆိုတာ အမှန်တရားဘက်မှာ ရှိပါတယ်။ သားလတ်ကြားရသလောက် သေတဲ့ ကောင်တွေက ညီလေးကို အနိုင်ကျင့်လို့ ညီလေးက မခံမရပ်နိုင်ဖြစ်ပြီး အမှုဖြစ်တာလို့ ကြားတာပဲ''

အောင်ကိုလတ်က သူကြားသိသမျှ ပြောလိုက်ရာ မိခင်ကြီး အတော်အားတက်ဝမ်းသာသွားသည်။

''ဟုတ်တယ် သားလတ်။ အဲဒီအမှုမဖြစ်ကတည်းက သားလေးဟာ အရက်လဲ မသောက်ဘူး၊ အတော်လိမ္မာနေတာ''

''အမေ မပူနဲ့။ အစ်ကိုကြီးကို သားလတ်ကိုယ်တိုင် ဝင်ပြောမယ်''

အောင်ကိုလတ်၊ မသဇင်နွယ်နှင့် သားငယ်လေးတို့ သုံးဦး ခရိုင်တရားသူကြီးရုံးခန်းရှေ့သို့ ရောက်လာသည်။ တရားသူကြီး နားနေခန်းသို့

ဝင်မည်အပြုတွင် ရုံးစောင့် မြတင်က တားသည်။

''ဟေ့ကောင်၊ မင်းတို့တရားသူကြီးက ငါ့အစ်ကိုအရင်းပါကွ။ ပြော လိုက် ရန်ကုန်က ကိုလတ်လို့''

အောင်ကိုလတ်က ခပ်မာမာပြောလိုက်သည်။

ပရိသတ်မှာ စိတ်ဝင်တစား ကြည့်နေကြ၏။

''စိတ်မရှိပါနဲ့။ မင်းကြီးက မှာထားလို့ပါ။ ဘယ်သူပဲဖြစ်ဖြစ် ဝင်ခွင့် မပေးပါနဲ့လို့''

မြတင်က မလျှော့။ တရားသူကြီး အမိန့်စကားအတိုင်း ဆောင်ရွက် သည်။ ကိုလတ် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်သွား၏။ နောက်ဆုံးတော့ ကိုလတ်တို့ မိသားစုသည် ဒေါ်ဝိုင်းစိန်နှင့်အတူ ထိုင်စောင့်နေကြရသည်။

အချိန်သည် တဖြည်းဖြည်း ရွေ့လာသည်။ နေ့လယ် ၁ နာရီထိုး သောအခါ တရားသူကြီးနားနေခန်းတံခါး ပွင့်လာ၏။ ကိုလတ်တို့ ဝင်မည် အပြုတွင် တရားသူကြီး တရားခွင်တန်းတက်သည်နှင့် ကြုံတော့သည်။ ကိုလတ် ရှေ့သို့မတိုးသာ။ အခြားပရိသတ်များကဲ့သို့ပင် တရားခွင်မှ ဆောင် ရွက်မှုများကို ငေးမောနေသည်။

အမှုခေါ်ဇယား အမှတ်စဉ်အတိုင်း တစ်မှုပြီးတစ်မှု ခေါ်ကာ ဆက် တိုက် ဆောင်ရွက်သည်။

တရားသူကြီးရုံးခန်း တိုင်ကပ်နာရီလက်တံများမှာ ၃ နာရီသို့ ညွှန်ပြ သည့်အချိန်တွင်–

''တရားခံ အောင်ဒွေး(ခေါ်)ငပွ အချုပ်နဲ့''

တရားခွင် စာရေးလေးသည် အချုပ်ခန်းဘက်သို့ လှမ်း၍ အော် လိုက်သည်။ စောစောက ငြိမ်သက်နေသည့် ပရိသတ်ကြီးမှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။

ထိုအချိန်တွင် မတ်တူးကားဖြူလေးတစ်စီး တရားရုံးထဲသို့ ဝင်လာ သည်။ ကားပေါ်မှ မြစိမ်းရောင်ဝမ်းဆက်ဖြင့် အမျိုးသမီးတစ်ယောက် ဆင်း လာသည်။ တစ်ရုံးလုံး မျက်လုံးကျွတ်မတတ် ဝိုင်းကြည့်ကြသည်။ ထို

အမျိုးသမီးသည် တရားသူကြီးနားနေခန်းထဲသို့ ဂိုင်စိုးပိုင်နင်း ဝင်သွားလေသည်။ တရားသူကြီး ဦးသိန်းကျော် လှမ်းကြည့်လိုက်သည်။ ဇနီးဖြစ်သူ ဒေါ်ခင်ထားထားဖြစ်နေသော်လည်း တရားခွင်မှ လုံးဝ မဆင်းပေ။တရားခွင် အလုပ်များကို ဆက်လုပ်သည်။

➢➢➢

## အခန်း(၁၉)

အချုပ်ခန်းစောင့် ရဲသားနှစ်ဦးသည် အောင်ဒွေးအား လက်ထိတ်ခတ်၍ တရားရုံးခန်းထဲ ခေါ်လာသည်။ တရားသူကြီး ဦးသိန်းကျော်သည် စီရင်ချက်အမိန့် ရိုက်ထားသည့် စာရွက်များကို အမှုတွဲမှ ဆွဲယူပြီး အမိန့်ချရန် ပြင်လိုက်၏။ ဦးသိန်းကျော်ကိုင်ထားသော စာရွက်များ မသိမသာလှုပ်နေသည်။ တရားရုံးတစ်ခုလုံး ငြိမ်သက်သွားသည်။ အပ်ကျသံပင် ကြားရလောက်သည်။ တရားသူကြီး အမိန့်ဖတ်သံကို နားစွင့်နေကြသည်။

ကိုလတ်သည် လက်ထိတ်ခတ်ထားသော ညီငယ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။ တစ်ဖန် တရားခွင်တွင် ကျန်းမာရွှင်လန်းစွာဖြင့် ခေါင်းပေါင်းတလူလူ ဖြစ်နေသော အစ်ကိုကြီးကိုကြည့်ပြီး ဝမ်းသာဂုဏ်ယူရသည်မှာ ဖော်မပြနိုင်။

တရားသူကြီး ဦးသိန်းကျော် အမိန့်စာမဖတ်ခင် တရားခံ အောင်ဒွေးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးနောက် စိတ်ဝင်တစား နားထောင်နေကြသောသူများကိုလည်း မျက်မှန်ကိုကျော်၍ ကြည့်လိုက်သည်။ မိခင်

ကြီးနှင့် ကိုလတ်တို့ မိသားစုကိုလည်း မြင်မိပါသည်။

ဦးသိန်းကျော်သည် ထိုအကြည့်များကို ရုပ်သိမ်းပြီးနောက် စီရင်ချက် အမိန့် ရိုက်ထားသည့် စာရွက်ပေါ်သို့ အကြည့်ရွှေ့လိုက်သည်။ တံတွေး တစ်ချက် မျိုချလိုက်ပြီး စီရင်ချက်ကို စတင်ဖတ်တော့သည်။

တရားသူကြီး ဦးသိန်းကျော်၏ စီရင်ချက်မှာ အသေးစိတ် ရေးထား၏။ အမှုတရားစွဲပုံ၊ ဖြစ်ပျက်ပုံ၊ သက်သေများ၏ ထွက်ဆိုချက်၊ တရားခံ၏ ဖြောင့်ချက်၊ ဆေးစာ၊ ဓာတုဗေဒပြန်စာနှင့် နှစ်ဖက်အကျိုးဆောင်များ၏ တင်ပြချက်များအပေါ် အကျယ်တဝင့် သုံးသပ်ထားသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။

ထိုရေးသားချက်များကို တစ်ရွက်ပြီးတစ်ရွက် ဖတ်ရင်း တရားသူကြီး ၏ အသံမှာ တစ်ချက်တစ်ချက် ရပ်သွား၏။

''ယခုအမှုတွင် တရားခံ အောင်ဒွေး(ခေါ်)ငပွသည် အချင်းဖြစ်နေ့ မတိုင်ခင် နှစ်ပတ်က သေသူ ညိုကြီးနှင့် စံတုတ်တို့က မတရားအနိုင့်အ ထက် ပြုကျင့်ခံရကြောင်း တရားလိုပြသက်သေ ကိုအညာသားနှင့် မအေး ချမ်းတို့က အခိုင်အမာ ထွက်ဆိုထားကြောင်း တွေ့ရသည်။

တရားသူကြီး၏ အသံ ခဏပြတ်သွား၏။ တရားခံ အကျိုးဆောင် ရှေ့နေကြီး ဦးနက်ကျော် ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးသည်။ တရားခံ မိသားစု အသိုင်းအဝိုင်းမျက်နှာများ လန်းရွှင်လာသည်။

''ထို့အပြင် အချင်းဖြစ်နေ့ကလည်း တရားခံမှာ သူ့စားပွဲ၌ အေးအေး လူလူ ထိုင်နေခိုက် သေသူ ညိုကြီးနှင့် စံတုတ်တို့က စတင်ရန်စရာမှ လုံး ထွေးသတ်ပုတ်ကြောင်း၊ ကိုအညာသားတို့ လင်မယားက လူကြီးထံ ပြေး၍ အကြောင်းကြားပြီး ပြန်အလာတွင် ညိုကြီးနှင့် စံတုတ် သေဆုံးနေကြောင်း သက်သေခံချက်များ တွေ့ရှိရသည်။ ညိုကြီးနှင့် စံတုတ်တို့အား တရားခံ က ဓားနှင့်ထိုးကြောင်း မျက်မြင်သက်သေတစ်ဦးတစ်ယောက်မျှ မရှိချေ''

ဟု ဖတ်ကာ ခဏဖြတ်လိုက်သည်။

''ကျိန်းသေတယ်။ လွတ်မှာပဲ''

ထိုအသံမှာ ချက်ပုက ဩဘာအား ခပ်တိုးတိုးလေး ပြောလိုက်သည့် အသံ။ မည်သူမျှ မကြားရ။ ချက်ပုတင်မက ကိုလတ်ကိုယ်တိုင် လက်ဖျောက်ကျိတ်တီးလိုက်သည်။ မသဇင်နွယ် လက်ကုတ်လိုက်မှ ကိုလတ် အပိုးကျိုးသွား၏။ ဒေါ်ဝိုင်းစိန်နှင့် စာဥတို့မျက်နှာများ ကြည်လဲ့လဲ့ဖြစ်လာသည်။

''သို့သော်''

တရားသူကြီး ဦးသိန်းကျော် ပြန်ဆက်လိုက်သောအသံကြောင့် အားလုံး ငြိမ်သက်သွားသည်။ နားထောင်နေသူများ ရတက်မအေးဖြစ်ရပြန်သည်။

''ဤအမှုတွင် တရားခံကိုယ်တိုင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၄ နှင့်အညီ ခနေဖြူမြို့နယ်တရားရုံး၌ သူကျူးလွန်သည်မှာ မှန်ကန်ကြောင်း ဝန်ခံကာ ဖြောင့်ချက်ပေးထားသည်။ တရားခံ၏ ဖြောင့်ချက်တစ်ခုတည်းသာမက ကွင်းဆက်မပြတ် သက်သေခံ အထောက်အထားများလည်း တရားလိုဘက်မှ တင်ပြထားသည်ကို တွေ့ရသည်။ စွဲချက်တင်သည့်အခါ၌ တရားခံကိုယ်တိုင်ကလည်း အပြစ်ရှိကြောင်း ထပ်ဆင့်ဝန်ခံထားသည်ကို တွေ့ရသည်။

တရားခံ၏ အကျိုးဆောင်က ရာဇသတ်ကြီး ဥပဒေပုဒ်မ ၉၆ အရ တရားခံအား ကင်းလွတ်ခွင့်ပေးသင့်ကြောင်း တင်ပြထားသည်။ နိုင်ငံတော်ဘက်မှ လိုက်ပါသည့် ခရိုင်ဥပဒေအရာရှိက ယခုအမှုတွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၉၆ နှင့် မညီညွတ်ကြောင်း တင်ပြထားသည်''

ဦးသိန်းကျော်အသံ ခဏပြတ်သွားသည်။ ပြီးနောက် ဆက်ဖတ်သည်။

''ယခုအမှုတွင် နှစ်ဖက်အကျိုးဆောင်များ၏ တင်ပြချက်နှင့် အမှုတွဲပေါ်ပေါက်ချက်အရ တရားခံ အောင်ဒွေး(ခေါ်)ပွေသည် သေဆုံးသူ ညိုကြီးနှင့် စံတုတ်တို့မှ အနိုင့်အထက်ပြု၍ ပြန်လည်ခုခံရင်း သေဆုံးသဖြင့် ပြစ်မှုမှ ကင်းလွတ်ခွင့် ပြုသင့်၊ မပြုသင့်ကို ရုံးတော်မှ အလေးအနက်ထား

စဉ်းစားရမည်သာဖြစ်သည်''

အသံခဏအဖြတ်တွင် ဦးနက်ကျော် ခေါင်းထောင်လာသည်။ ခေါင်းပေါင်းစကလေး အနည်းငယ်လှုပ်သွားသည်။

''ရာဇသတ်ကြီး ဥပဒေပုဒ်မ ၉၆ တွင် ကာကွယ်ခုခံပိုင်ခွင့်အရပြုသော ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားပါသည်''

အောင်ဒွေးပရိသတ် ခေါင်းမော့လာသည်။

''ဤနေရာတွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၉၆ ၏ ရည်ရွယ်ချက်နှင့် သက်သေထူရန် တာဝန်တို့ကို ထည့်သွင်းသုံးသပ် စဉ်းစားရပေမည်။ ယင်းပုဒ်မ၏ ရည်ရွယ်ချက်မှာ ကြီးနိုင်ငယ်ညှဉ်းဆိုသည့် သဘောအရ မတရားကျူးကျော်ခြင်းကို တားဆီးရန် ဖြစ်သည်။ နေရာတကာတွင် မတရားကျူးကျော်ခြင်းကို တားဆီးပေးရန် ရဲသားများ ထားပေးနိုင်မည်မဟုတ်သဖြင့် မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်သည်ဟူသည့် ဆိုရိုးစကားအတိုင်း ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်သည့် နိုင်ငံသူ နိုင်ငံသားများပီပီ သူရဲဘောမကြောင်ဘဲ သတ္တိရှိရှိ တုံ့ပြန်နိုင်ရန် ရည်ရွယ်သည်''

ကိုလတ် အရမ်းသဘောကျသွားသည်။ တရားခွင်မှ အစ်ကိုကြီး၏ အရည်အချင်းကို လေးစားမိသည်မှာ အမှန်။

''တစ်ဦးတစ်ယောက်က ရန်မူလာလျှင် ထွက်ပြေးခြင်းမပြုဘဲ ရန်မမူနိုင်သည်အထိ ကာကွယ်ခုခံပိုင်ခွင့် ရှိလေသည်။ သို့ရာတွင် လိုသည်ထက်ပို၍ ကလဲ့စားချေသည့်သဘော သက်ရောက်အောင် သတ်ဖြတ်ခြင်းမပြုနိုင်ပေ။ ဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ဖွယ်အခြေအနေ မရှိပါက ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးမချနိုင်။ ခုခံပိုင်ခွင့်ရှိသူသည် မည်သည့်လက်နက်ကိုသာ အသုံးပြုရမည်ဟု ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက် မရှိပေ''

တရားရုံးတစ်ခုလုံး စိတ်ဝင်စားနေကြသည်။ တရားသူကြီး ဆက်ဖတ်မည်ကိုသာ မျှော်လင့်နေကြ၏။ ယခုအဆင့်အထိ ဘာဖြစ်မည်ကို ခန့်မှန်းနိုင်ခြင်း မရှိသေးပေ။

''သက်သေပြရန်တာဝန်နှင့် ပတ်သက်၍ သက်သေခံ ဥပဒေပုဒ်မ

၁၀၅ အရ တရားခံ၏ ပြုလုပ်မှုသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျ ရောက်သည်ဟု ဆိုလျှင် ယင်းသို့ ကျရောက်ကြောင်း တင်ပြရန်တာဝန် သည် တရားခံအပေါ်၌ တည်ရှိပေသည်။ သို့ရာတွင် ထိုတာဝန်ကို တရားလို ဘက်မှ တရားခံအပြစ်ရှိကြောင်း သက်သေအထောက်အထား တင်ပြပြီးမှ သာ ထမ်းဆောင်ဖို့လိုမည်ဖြစ်သည်။ ယင်းတာဝန်ကို ထမ်းဆောင်ရာ၌ တရားလိုဘက်မှ တရားခံသည် အပြစ်ရှိကြောင်း ထင်ရှားအောင် ပြသရသကဲ့ သို့ တာဝန်ကြီးလေးခြင်း မရှိပေ။ တရားခံ၏ တင်ပြချက်သည် တရားလို ဘက်မှ စွပ်စွဲချက်ကို သံသယဖြစ်ပေါ်စေပါက တာဝန်ကျေပွန်ပြီဟု မှတ်ယူ ရမည်ဖြစ်သည်။ ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိ မရှိဆိုခြင်း နှင့် ပတ်သက်၍ ဒွိဟသံသယဖြစ်ပေါ်နေပါက ထိုတရားခံကသာ ခံစားရ မည်ဖြစ်သည်''

ကိုအညာသားသည် အေးချစ်ကိုကြည့်ပြီး ပြုံးလိုက်၏။

''အကယ်၍ တရားခံအနေဖြင့် ကာကွယ်ခုခံပိုင်ခွင့်ကို တင်ပြခြင်း မပြုခဲ့စေကာမူ တရားလို သက်သေတို့၏ ထွက်ဆိုချက်အရပင် ကာကွယ် ခုခံပိုင်ခွင့်ရှိကြောင်း ပေါ်ပေါက်နေပါက တရားခံ၏ အကျိုးအလို့ငှာ ရုံးမှ စဉ်းစားရပေမည်။ မူလရုံးတွင် ကာကွယ်ခုခံပိုင်ခွင့်ကို တင်ပြခြင်းမပြုခဲ့သော် လဲ သက်သေထွက်ချက်၌ ပေါ်ပေါက်နေပါက အယူခံရုံးသို့ ရောက်မှ တင်ပြ ခြင်းပင် ဖြစ်လင့်ကစား လက်ခံရမည်ဖြစ်သည်ဟု စီရင်ထုံးပြု လမ်းညွှန် ထားသည်ကို တွေ့ရသည်''

ဦးနက်ကျော် ခေါင်းတညိတ်ညိတ် ဖြစ်နေသဖြင့် ပရိသတ်ကြီးမှာ ဦးနက်ကျော်ကို အကဲခတ်ပြီး ဝမ်းသာနေကြသည်။

''ယခုအမှုတွင် သေဆုံးသူ ညိုကြီးနှင့် စံတုတ်တို့က အချင်းဖြစ်နေ့ မတိုင်မီ နှစ်ပတ်ခန့်က ယခု ရုံးရှေ့ရှိ တရားခံ အောင်ဒွေး(ခေါ်)ငပွအား အရက်ဆိုင်၌ စတင်ရန်ပြု အနိုင်ကျင့်ခဲ့သည်ကို တရားခံအနေဖြင့် ချက်ချင်း တုံ့ပြန်မှုမရှိခဲ့ပေ။ ၎င်းအား အနိုင်ကျင့် ရန်စသူများကို သက်ဆိုင်ရာ လူကြီး များနှင့် ရဲစခန်းသို့ တိုင်ကြားနိုင်သော်လည်း တိုင်ကြားခြင်း မရှိခဲ့ပေ။ သေဆုံး

သူများအပေါ် ရန်ငြိုးထား၍ ပြန်လည်ကလဲ့စားချေခြင်းဖြစ်ကြောင်း မြို့နယ် တရားရုံးတွင် ဖြောင့်ချက်ပေးထားကြောင်း တွေ့ရှိရသည်''

ရှေ့နေကြီး ဦးနက်ကျော် မျက်နှာမကောင်းတော့။

''အချင်းဖြစ်နေ့ကလည်း တရားခံ အောင်ဒွေး(ခေါ်)ငပွသည် ကို အညာသား အရက်ဆိုင်သို့ သွားရာ၌ ခါတိုင်းကဲ့သို့ အရက်သောက်ရန် ရည်ရွယ်၍သွားခြင်းမျိုး မဟုတ်ပေ။ ရေတစ်ပုလင်းကိုယူပြီး အရက်သောက် နေဟန် ပြုမူခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင် တရားခံသည် အချင်းဖြစ်နေ့က သက်သေခံဓားမြှောင်ကို ဆောင်ယူသွားကြောင်းမှာလည်း မငြင်းသာပေ။ ထိုအချက်များအရ တရားခံသည် လွန်ခဲ့သော နှစ်ပတ်ခန့်က အဖြစ်အပျက် ကို အငြိုးထားပြီး သတ်ခဲ့ကြောင်း ပေါ်ပေါက်နေပေသည်။ သေဆုံးသူများမှာ အချင်းဖြစ်ချိန်က မည်သည့်လက်နက် တစ်စုံတစ်ရာမျှ မပါရှိကြောင်းကို လည်း တွေ့ရသည်။ သို့အတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၉၆ အရ ကာကွယ် ခုခံပိုင်ခွင့်ဘောင်ထက် ကျော်လွန်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အောက်ပါအမိန့်ကို ချမှတ်လိုက်သည်''

ခဏရပ်ပြီး တရားသူကြီးသည် တရားခံအား တစ်ချက်ကြည့်ပြီး တံတွေးမြိုချလိုက်သည်။ လည်ပင်းကြယ်သီးတပ်ထားသဖြင့် စလုတ်အတက် အကျကို ထင်ထင်ရှားရှား မမြင်ရ။

အောင်ဒွေး(ခေါ်)ငပွမှာ ပေးသမျှအပြစ်ကို ခံမည်ဟု စိတ်တုံးတုံးချ ထားသည့်နှယ်။ တရားသူကြီးကိုပင် စိုက်ကြည့်နေ၏။

''အမိန့် ... အဖ ဦးဖိုးမောင်၏သားဖြစ်သူ အောင်ဒွေး(ခေါ်)ငပွအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁) (ခ)ကို ကျူးလွန်ကြောင်း ထင်ရှားသ ဖြင့် သေဒဏ်ချမှတ်လိုက်သည်''

''အဟင့်''

စာဥ၏ ငိုရှိုက်သံသဲ့သဲ့က ဖွဲဆော်ဦး ထွက်လာသည်။ ကိုအညာ သားတို့ လင်မယား မျက်လုံးအိမ်၌ မျက်ရည်များ ပြည့်လျှံလာသည်။ မိခင် ကြီး ဒေါ်ဝိုင်းစိန်မှာ မျက်ရည်လုံးဝမထွက်ဘဲ အပူလုံးဆို့သွားပုံရသည်။

ခေတ္တသတိမေ့သွားသည်။ အနီးအနားရှိလူများက ဖေးမပြုစုကြသည်။ ခဏအကြာတွင် သတိပြန်ဝင်လာ၏။

➢➢➢

## အခန်း(၂၀)

ထိုအချိန်တွင် တရားခံ အောင်ဒွေးသည် တရားသူကြီးအား လက်အုပ်ချီလျက်–

''ရှိသေလေးစားအပ်ပါတဲ့ တရားသူကြီးမင်းခင်ဗျား။ ကျွန်တော့်မိုက်ပြစ်အတွက် ကျွန်တော်ဟာ တရားသူကြီးမင်းရဲ့ အမိန့်တော်အတိုင်းသာ သေဒဏ်ကျခံရတော့မှာပါ။ ဒီတော့ ကျွန်တော့်ကို လူမှုရေးအရ ငဲ့ညှာသနားသောအားဖြင့် ကျွန်တော့်အမေနဲ့အတူ အစ်ကိုတွေ၊ မရီးတွေကို ဒီနေရာမှာ ကန်တော့ခဲ့ပါရစေခင်ဗျာ''

အောင်ဒွေး၏ ရိုးသားသည့် အသနားခံစကားလုံးများက ဦးသိန်းကျော်၏ နှလုံးအိမ်သို့ လှလှပပ တိုးဝင်သွားသည်။ ဦးသိန်းကျော် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ ထိုအခြေအနေတွင် အလိုက်သိသော ခရိုင်ဥပဒေအရာရှိကြီးက –

''ရပါတယ်ကွာ။ ဒါဟာ တို့မြန်မာဗုဒ္ဓဘာသာတွေရဲ့ ကောင်းမြတ်တဲ့လုပ်ရပ်ပါ။ ကဲ ... ကဲ ...ညီလေးဆန္ဒအတိုင်း ကန်တော့ပေတော့''

အောင်ဒွေးသည် လက်ထိတ်ခတ်ထားသည့် လက်နှစ်ဖက်ကိုယှက်ပြီး မိခင်ကြီး ဒေါ်ဝိုင်းစိန်အား ဦးစွာကန်တော့လိုက်သည်။ ပြီးနောက် တရားခွင်မှ သူ့အစ်ကိုကြီး ဦးသိန်းကျော်ကို ကန်တော့လိုက်သည်။ ရုံးခန်းအနောက်ဘက်တွင် မျက်ရည်တွေကျနေသော ကိုလတ်တို့လင်မယားကိုလည်း ကန်တော့လိုက်လေသည်။

အောင်ဒွေး၏ နောက်ဆုံးကန်တော့ခန်းကို ကြည့်ပြီး အောင်ဒွေးနောက်သို့ လိုက်လာသည့် ရွာသားများ ငိုနေကြသည်။ ဘာမဆိုင်ညာမဆိုင်လာရောက်နားထောင်သူများပင် မျက်ရည်လည်နေကြ၏။

တစ်အောင့်အကြာတွင် တရားခံ အောင်ဒွေး(ခေါ်)ငပွအား ရဲများက တရားရုံးအချုပ်ခန်းသို့ ခေါ်သွားလေသည်။ စာဥသည် အောင်ဒွေးခြေထောက်ကို ဆုပ်ကိုင်ပြီး ဝမ်းနည်းပက်လက် ငိုနေသည်မှာ သနားစရာ။ ရဲများကိုယ်တိုင် တာဝန်အရ ဆောင်ရွက်နေကြရသော်လည်း စိတ်မကောင်းကြပေ။ အောင်ဒွေးသူငယ်ချင်းများသည် ထမင်းထုပ်၊ ကွမ်းယာ အခြားလိုအပ်မည့် ပစ္စည်းများကို အပြေးအလွှား ဝယ်ကြသည်။

မိခင်ကြီး ဒေါ်ဝိုင်းစိန်သည် အချုပ်ခန်းသို့ ချက်ချင်း လိုက်မသွားဘဲ ကိုလတ်တို့ မိသားစုနှင့်အတူ ရုံးခန်းအပေါက်ဝ၌ ကျန်နေခဲ့သည်။ ကိုလတ်နှင့်ဇနီးဖြစ်သူ မသဇင်နွယ်တို့မှာ မျက်ရည်စက်လက်ဖြင့် မခံမရပ်နိုင်ဖြစ်နေသည်။

''ဆယ်နှစ်လောက်ဆိုရင် ဖြေသာပါသေးတယ်''

ဟု ကိုလတ်က ပြောလိုက်၏။

''သားလတ်နဲ့သမီး ဘာမှမပြောကြနဲ့။ စိတ်မကောင်းလဲ မရှိနဲ့။ သူ့ရဲ့အတိတ်ကံအကြောင်းတရားနဲ့သူ ဖြစ်လာတာပဲကွာ။ မင်းတို့ အစ်ကို ကြီးက ဥပဒေအရ ဆောင်ရွက်တာကို အပြစ်မြင်ရင် အမေတို့ မှားသွားမှာ ပေါ့။ အဲဒီကိစ္စအတွက် မေ့ထားလိုက်တော့။ လာ ... မင်းအစ်ကိုကြီးကို ဝင်တွေ့ကြရအောင်''

ဒေါ်ဝိုင်းစိန်သည် မြေးကလေးကို ကောက်ချီပြီး ရှေ့မှ ဦးဆောင်ကာ

နားနေခန်းသို့ လျှောက်လာသည်။ ဦးသိန်းကျော်၏ နားနေခန်းတံခါး ဖွင့်ထားသော်လည်း ဖက်ဖူးရောင် ခန်းဆီးကလေးက လေအဝှေ့တွင် လွင့်နေသည်။ ဒေါ်ပိုင်းစိန် အပေါက်ဝတွင် ခေတ္တရပ်လိုက်၏။ ခွင့်ပြုချက် ရယူရန် ရပ်နေခြင်းမျှသာ။

ထိုစဉ် အခန်းထဲမှ ဒေါ်ခင်ထားထား၏ ရယ်မောသံနှင့်အတူ စကားသံတို့ ထွက်လာသည်။

''ကိုကျော်ကတော့ ပေါင်ချိန်ပဲ''

အောင်သေအောင်သားစားပြီး ကြွေးကြော်နေသည့် အသံမျိုး။

ထိုအချိန်တွင် တရားခွင်စာရေးလေး အခန်းဝသို့ ရောက်လာ၏။

''ဒီမယ်သား၊ အမေတို့မိသားစုကို ဝင်ခွင့်ပေးပါလို့ ပြောပေးပါကွယ်''

လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။

''ဘယ်သူလို့ ပြောလိုက်ရမလဲ''

''ဆကာကြီးက ဒေါ်ပိုင်းစိန်လို့ ပြောလိုက်ပါ''

''ဟုတ်ကဲ့''

စာရေးလေး ဝင်သွားပြီးနောက် ချက်ချင်း ပြန်ထွက်လာသည်။

''ဝင်ခဲ့ပါတဲ့ အမေ''

''အေးကွယ်၊ ကျေးဇူးပါပဲ''

ပြောပြောဆိုဆို အခန်းထဲသို့ ဝင်လာသည်။ ကိုလတ်တို့ လင်မယားလည်း လေးတွဲ့သော ခြေလှမ်းများဖြင့် ခေါင်းငုံ့ပြီး ဝင်လာကြသည်။ မျက်စိမျက်နှာများ ပျက်နေကြသည်။

ဦးသိန်းကျော်သည် မိခင်ကြီးနှင့် ညီလတ်တို့ မိသားစုအား မြင်လိုက်ရသောအခါ ဝမ်းသာဝမ်းနည်း ခံစားလိုက်ရသည်။ ဦးသိန်းကျော်မျက်နှာ ရွှင်လန်းခြင်းမရှိ။ စိတ်ပင်ပန်းနွမ်းနယ်နေသည့်ပုံ။

''အမေရယ် ညီလေးအတွက် သားကြီး စိတ်မကောင်းပါဘူး။ သိတဲ့အတိုင်း ဥပဒေဆိုတာက မိသားစုတစ်စုအတွက် ပြဋ္ဌာန်းထားတာ မဟုတ်ဘူး။ အများအတွက် ပြဋ္ဌာန်းထားတာပါ။ ဒါပေမဲ့ ကျွန်တော့်အသည်းနှလုံး

တွေဟာ သံမဏိမဟုတ်ပါဘူး အမေ''

ဦးသိန်းကျော်သည် မိခင်ကြီးအား ပြောပြရင်း အသံတိမ်ဝင်သွားသည်။ ဒေါ်ခင်ထားထားမှာ ဘာမျှ သိမထားသည့်နှယ်။

ဒေါ်ဝိုင်းစိန်သည် ရင်တွင်းအပူမီးကို မျိုသိပ်ပြီး အားတင်းကာ မျက်နှာကို ဖျတ်ခနဲ ပြင်လိုက်သည်။

''သားကြီးကလဲ ဒီနေ့ သားကြီးရဲ့ လုပ်ရပ်ကို အားလုံးက သဘောကျ ကျေနပ်နေကြပါတယ်''

ဒေါ်ဝိုင်းစိန် ငိုရယ်ပြုံးလေးတစ်ချက် ပွင့်သွားသည်။ ဒေါ်ခင်ထားထားကို တစ်ချက်ကြည့်ပြီး စကားဆက်သည်။

''ဒီနေ့ကိစ္စအတွက် သားကြီး စိတ်မကောင်းမရှိပါနဲ့။ မေ့ထားလိုက်။ ဒါ တာဝန်ကျေပွန်တာပဲလေ သားကြီးရဲ့''

ဒေါ်ဝိုင်းစိန်သည် ချီထားသော မြေးကလေးကို မသဇင်နွယ်သို့ လှမ်းပေးလိုက်ပြီး စကားကို ဆက်သည်။

''ကဲ ... သားကြီးရဲ့ တာဝန်ပြီးတော့ အမေ့ရဲ့ တာဝန်ရှိသေးတယ်''

''ဘာများလဲ အမေ''

ဦးသိန်းကျော် သိချင်စိတ် စောသွား၏။ ဒေါ်ဝိုင်းစိန်က လက်ဝါးလေး အသာထောင်ပြီး–

''အမေပြောပါ့မယ် သားကြီးရယ်။ အမေ့တာဝန်က သားကြီးရဲ့ ညီလေး အောင်ဒွေးအပေါ် ပေးထားတဲ့ ကတိတာဝန်''

ဦးသိန်းကျော် နားမလည်နိုင်ဖြစ်နေသည်။ အမေ ဘာကိုဆိုလိုသည် မသိ။ အမေပြောမည့်စကားကို ဆက်နားထောင်သည်။

ဒေါ်ဝိုင်းစိန်မှာ စကားဆက်မည် ကြံခါမှ မျက်ရည်များစို့တက်လာသဖြင့် ရုတ်တရက် စကားမဆက်နိုင်ရှာ။

''အဲဒီ သားလေးအပေါ် ပေးထားတဲ့ ကတိတာဝန်ကို အမေ့အနေနဲ့ အချိန်တိုင်းလိုလို မျိုသိပ်လာခဲ့တယ်။ အမေ့မှာ သားကြီးတို့ကို ဝမ်းသာအားရ လောကွတ်လုပ်ပြောချင်ပေမယ့် သားလေးတောင်းဆိုခဲ့တဲ့ ကတိ

တာဝန်ကို အမေ မပျက်ချင်လို့ မပြောဖြစ်ခဲ့ဘူး။ အခု အမေ့ရင်ထဲမှာ ထိန်းထားနိုင်တဲ့ စွမ်းအားမရှိတော့ပါဘူး သားကြီးရယ်''

ဒေါ်ဝိုင်းစိန် စကားအဖြတ်တွင် ဦးသိန်းကျော်နှင့် ဒေါ်ခင်ထားထား တို့ အကြည့်ချင်းဆုံသွားကြသည်။

''အခုတော့ ပြောတော့မယ် သားကြီး''

ဒေါ်ဝိုင်းစိန် မျက်လုံးအိမ်မှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျ လာသည်။

''သားလေးအောင်ဒွေးက သူ အသက်ရှင်နေသရွေ့ ဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့လို့ အမေ့ကို ကတိတောင်းခဲ့တယ်။ အခုတော့ သူဟာ သေဒဏ်ကျသွားတဲ့အတွက် သေလူဖြစ်သွားပြီလေ''

ဒေါ်ဝိုင်းစိန် မျက်ရည်များကို ဘယ်ညာလက်ဖမိုးဖြင့် သုတ်လိုက် သည်။

''ဒါကြောင့် အမေ ပြောခွင့်ရှိသွားပြီလို့ ထင်တယ်။ ဘာလဲဆိုတော့''

ဒေါ်ဝိုင်းစိန် မျက်ရည်များ ဆယ်၍မရတော့။

''သားကြီး သိပ်သိချင်၊ သိပ်တွေ့ချင်၊ ကျေးဇူးဆပ်ချင်လှပါတယ်ဆို တဲ့ ကျောက်ကပ်အလှူရှင်ဟာ သားကြီးရဲ့ ညီအရင်း သေဒဏ်ကျသွား တဲ့တရားခံ အောင်ဒွေး(ခ)ငပွ''

''ဟင်''

ဒေါ်ခင်ထားထား အလိုလို မတ်တတ်ရပ်ဖြစ်သွားသည်။ ဦးသိန်း ကျော်သည် ပထမဦးဆုံး ဘယ်ဘက်ကျောက်ကပ် ခွဲစိတ်ကုသစဉ်က အောင် ဒွေး အနီးကပ်ပြုစုမှုကို ပြန်လည်မြင်ယောင်လာသည်။

''အမေရယ်၊ စောစောက ဘာလို့ မပြောတာလဲ''

ဒေါ်ခင်ထားထားသည် စိတ်မကောင်းကြီးစွာဖြင့် ပြောလိုက်သည်။ ဒေါ်ဝိုင်းစိန်က ပြုံးသည်။ အပြုံးများပေါ်တွင် မျက်ရည်ပူတို့က လွှမ်းထား သည်။

ဦးသိန်းကျော်သည် စားပွဲပေါ်သို့ နဖူးတင်လိုက်သည်။ ကိုလတ်တို့

လင်မယားမှာလည်း အံ့သြခြင်းနှင့်အတူ ညီငယ်အတွက် ပို၍ ကြေကွဲသွားသည်။

"အမေရယ် ဥပဒေဆိုတာ ငိုလို့ရယ်လို့ မရပေမယ့် နှလုံးသားဆိုတာကတော့ ငိုချင်ငိုမှာပဲ။ ရယ်ချင်ရယ်မှာပဲ။ အခုတော့ ညီလေးရဲ့ နှလုံးလှတဲ့ စေတနာမြားက သားကြီးရင်ထဲမှာ စူးနစ်ဝင်သွားပါပြီ အမေရယ်။ နုတ်လို့ရမယ်ဆိုရင်တောင် ညီလေးရဲ့ နှလုံးလှတဲ့ စေတနာမြားကို မနုတ်ရက်ပါဘူး"

ထိုရင်တွင်းစကားများကို မည်သူမျှ မကြားရ။ ဦးသိန်းကျော် ရင်တွင်း၌ ကျိတ်ပြောနေခြင်းသာ။

"ကဲ ... သားကြီး၊ အမေတို့ သွားတော့မယ်။ သားကြီးတို့ မိသားစုတွေ၊ သားလတ်တို့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာ နေနိုင်ကြပါစေလို့ အမေ ဆုမွန်ကောင်း တောင်းခဲ့ပါတယ်ကွယ်"

ဒေါ်ဝိုင်းစိန်သည် ဖြည်းလေးသော ခြေလှမ်းများဖြင့် တရားသူကြီး ဦးသိန်းကျော် နားနေခန်းကို ကျောခိုင်း၍ ထွက်လာသည်။ သားငယ်အား ခေတ္တချုပ်ထားသည့် အချုပ်ခန်းဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ မျက်လုံးအိမ်မှ မျက်ရည်ကြည်များ ဝေဝါးနေသည်။

အချုပ်တရားခံ၊ ထောင်ကျတရားခံတို့အား ထောင်သို့ပို့ရန် ရဲများက စီစဉ်နေကြသည်။

အချုပ်ခန်းအနားတွင် အောင်ဒွေးအပေါင်းအသင်းများ၊ ချစ်သူစာဥ၊ ကိုအညာသားတို့ လင်မယား မပြန်ကြသေးပေ။

ထောင်သို့ပို့ရန် တရားခံများကို တန်းစီ၍ ကြိုးသီထားကြသည်။ အော်သူအော်၊ ခေါ်သူခေါ်နှင့် မြင်ကွင်းက ကြေကွဲစရာ။

ဦးသိန်းကျော်နှင့် ဒေါ်ခင်ထားထားတို့သည် ပြတင်းပေါက်မှနေ၍ ထောင်ပို့မည့် အချုပ်သားများကို လှမ်းကြည့်နေကြသည်။ လင်မယားနှစ်ဦးစလုံး ကြေကွဲဆို့နင့်နေကြသည်။

ဒေါ်ခင်ထားထား မျက်လုံးအိမ်၌ စိန်လက်စွပ်အထားမှားသည်ကို

အောင်ဒွေးခိုးသည်ဟု စွပ်စွဲပုံကို မြင်ယောင်ပြီး ယူကျုံးမရဖြစ်နေ၏။

ဦးသိန်းကျော် အဝေးကြည့်မျက်မှန်ကို ဟပ်ပြီး ထောင်ပို့တရားခံများ အနက် ညီဖြစ်သူကို ရှာသည်။ တွေ့ပြီ။

ညီငယ်အောင်ဒွေး အလျှင်ကလို ကျန်းကျန်းမာမာ မဟုတ်။ အတော် လေး ပိန်ကျသွားသည်။ မိမိမှာ ယခင်ကထက်ပင် ကျန်းမာရေးပိုကောင်းနေ သေးသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး ရင်နင့်သွားသည်။

ယနေ့ ထောင်ပို့ရာတွင် လုံခြုံရေးတာဝန်ရှိသူများက ပိုမိုဂရုစိုက်ကြ သည်။ သေဒဏ်ကျခံရမည့်သူပါတိုင်း ယခုကဲ့သို့ ကြပ်မတ်လေ့ရှိသည်။

မိခင်ကြီး ဒေါ်ဝိုင်းစိန်သည် တရားခံများပို့သည့်နောက်မှ တကောက် ကောက် လိုက်သွားသည်။ ထောင်ရှေ့သို့ အရောက်တွင် သားငယ်ကို အ တင်းဖက်ပြီး ချုံးပွဲချ ငိုကြွေးလေတော့သည်။

➤➤➤

**ပထမပိုင်း အမှတ်(၁)ပြီး**

# နှလုံးလှလူမိုက် (၂)

# THE BAD GUY WITH A BEAUTIFUL HEART (II)

ချစ်ကိုကိုပေ

# နှလုံးလှလူမိုက် (၂)

## THE BAD GUY WITH A BEAUTIFUL HEART (II)

ချစ်ကိုကိုယု

# "အဖွင့်စကား"

နှလုံးလှလှူမိုက်(၂) ဝတ္ထုမှာ ၂၀၀၁ ခုနှစ်၊ အကာယ်ဒမီ (၅)ဆုရ ရုပ်ရှင်ဝတ္ထု နှလုံးလှလှူမိုက် အပိုင်း(၁)ကို ဖတ်ရှုပြီးတဲ့ ပရိသတ်များစွာရဲ့ တောင်းဆိုချက်အရ ဆက်လက်ရေးသားခဲ့ခြင်း ဖြစ်ပါတယ်။ အလုပ်မအား လပ်တဲ့ကြားက ရေးရတဲ့အတွက် (၃)နှစ်ကျော်လောက် ကြာသွားခဲ့ပါတယ်။

နှလုံးလှလှူမိုက် (၂)ဝတ္ထုကို မှုခင်းရောင်စဉ် မဂ္ဂဇင်းမှာ ၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ၊ မတ်၊ မေ၊ ဇွန်၊ ဇူလိုင်လ ထုတ် မှုခင်းရောင်စဉ် အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့ပါတယ်။ လေးစား ရပါတဲ့ နှလုံးလှလှူမိုက်ပရိသတ်အတွက် စုစုစည်းစည်း ဖတ်ရှုခံစားနိုင်အောင် စေတနာအနားကွပ်ထားတဲ့ စာပေမေတ္တာနဲ့ ထုတ်ဝေလိုက်ပါတယ်ဆိုတဲ့အ ကြောင်း ရိုးသားပွင့်လင်းစွာ အဖွင့်စကားဆိုရင်း–

**အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက်**
**ချစ်ကိုကိုယု**

အခန်း(၁)

''ရှေ့နေကြီးရယ်၊ ကျွန်မသားလေးကို မကယ်နိုင်တော့ဘူးလား''

ဆို့ဆို့နင့်နင့် ပြောလာသော ဒေါ်ပိုင်းစိန်စကားကြောင့် ဦးနက်ကျော် ရင်ထဲ မကောင်း။

''ကျွန်တော်လဲ အတတ်နိုင်ဆုံး ကယ်ပါတယ် ဆယ်ပါတယ် အမေ။ ခက်တာက အမေ့သားကိုယ်တိုင် မြို့နယ်တရားရုံးမှာလဲ ဖြောက်ချက်ပေး ထားတယ်။ ပြီးတော့ ခရိုင်တရားရုံးက စွဲချက်တင်တဲ့အခါ အပြစ်ရှိပါတယ် လို့ ဝန်ခံထားပြန်တယ်''

ရှေ့နေကြီး ဦးနက်ကျော်သည် ထိုသို့ ပြောပြီးနောက် ဘောလ်ပင် လေးကို မျက်မှန်ကိုင်းသို့ ထောက်ပြီး အကြံထုတ်နေသည်။

''ဒါကတော့ ရှေ့နေကြီးရယ်။ ကျွန်မသားလေးက လုပ်ရဲရင် ခံရဲတဲ့ စိတ်ဓာတ်နဲ့ အမှန်အတိုင်း ပြောတာပဲ။ သေဒဏ်ကတော့ များလွန်းတယ် ထင်ပါတယ် ရှေ့နေကြီးရာ''

ဒေါ်ပိုင်းစိန်၏ ပွင့်လင်းရိုးသားသော စကားအပေါ် ဦးနက်ကျော်

သဘောကျသွားသည်။

''ဒါနဲ့ အမေ အမေ့သားကြီးက ခရိုင်တရားသူကြီးပဲ။ သူနဲ့ကော မတိုင်ပင်ဘူးလား။ တိုင်ပင်ဖို့တော့ ကောင်းတယ်''

ဒေါ်ဝိုင်းစိန် မျက်နှာမဲ့သွားသည်မှာ သိသိသာသာ။ သားငယ်ကို သေတွင်းပို့လိုက်သော သားကြီးကို ကျေနပ်မှုအရှိန် ပြယ်သေးပုံမရ။

''တော်ပါတော့ ရှေ့နေကြီးရယ်။ သူက စာအုပ်ကြီးသမား။ သူ့ ကုလားထိုင်ကို အထိခံတာ မဟုတ်ဘူး''

''ဒီလိုတော့ မပြောပါနဲ့ အမေရာ။ ဆရာဦးသိန်းကျော်က သူ့ရဲ့ ဥပဒေအမြင်အတိုင်း အမိန့်ချမှတ်လိုက်တာပါ။ သူချမှတ်တဲ့အမိန့်ကို မကျေ နပ်ရင် အဆင့်ဆင့် တက်ရောက်ခွင့်ရှိပါတယ်''

''ဟုတ်ပြီ ရှေ့နေကြီး၊ ကျန်တာတွေတော့ မပြောချင်တော့ဘူး။ တွေး လဲ မတွေးချင်တော့ဘူး။ ကျွန်မသားငယ် သေဒဏ်ကလွတ်ရင် တော်ပြီ။ ရှေ့နေခ ဘယ်လောက်ပေးရမလဲ''

ရှေ့နေကြီး ဦးနက်ကျော်သည် ဒေါ်ဝိုင်းစိန် မျက်နှာအား စေ့စေ့ ကြည့်ပြီး အားရပါးရ ပြုံးလိုက်၏။

''ရှေ့နေခအတွက် အမေပေးမှာလား။ အမေ့သား သားလတ် အောင် ကိုလတ်က ထုတ်ပေးမှာလား''

ဦးနက်ကျော် ပြုံးစစဖြင့် မေးလိုက်သည်။ ဒေါ်ဝိုင်းစိန်က ခါးကို ဆန့်ပြီး ဦးနက်ကျော်မျက်နှာကို ရဲရဲကြည့်ကာ–

''ဒီမှာ ရှေ့နေကြီး။ ကျွန်မသားလေးကိစ္စနဲ့ ပတ်သက်လို့ ဘယ်သား သမီးအကူအညီမှ မတောင်းဘူး။ ကျွန်မတို့ ဆကာကြီးမှာ ကျွန်မပိုင် ခြံနဲ့အိမ် ရှိတယ်။ အမြန်ဆုံးရောင်းပြီး ရှေ့နေကြီးရဲ့ အကျိုးဆောင်ခကို ပေးမယ်''

ဒေါ်ဝိုင်းစိန်စကားက ပြတ်သည်။ ရှင်းသည်။ အဝေ့အဝိုက် ကင်း သည်။ ဦးနက်ကျော် ကျေနပ်စွာဖြင့် အားရပါးရ ပြုံးလိုက်၏။ ပြီးနောက်–

''အမေ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ''

ဦးနက်ကျော်က လေးနက်တည်ကြည်သော အသံဖြင့် ပြောလိုက်၏။

"ဘာကို ဆုံးဖြတ်လိုက်တာလဲ ရှေ့နေကြီး"

"အမေ့သားလေးအတွက် အစွမ်းကုန် ကျွန်တော် ကြိုးစားပါ့မယ်။ ဒီနေ့ပဲ အင်းစိန်ထောင်မှာ ရှေ့နေပါဝါ လက်မှတ်သွားထိုးမယ်"

ဒေါ်ပိုင်းစိန်မျက်နှာ ကြည်လင်လန်းဆန်းသွားသည်။

"အမေ့မှာ ဆကာကြီးပြန်ဖို့ လမ်းစရိတ်ပဲ ရှိတယ်။ ရှေ့နေကြီးကို လောလောဆယ် ..."

ဒေါ်ပိုင်းစိန် စကားပင် မဆုံးလိုက်။ ဦးနက်ကျော် လက်ဝါးထောင်ပြလိုက်သည်။

"ကျွန်တော် နားလည်ပါတယ် အမေ။ တစ်ခု မေတ္တာရပ်ခံချင်တာက ဆကာကြီးက ခြံနဲ့အိမ်ကို မရောင်းပါနဲ့။ ကျွန်တော့်အနေနဲ့ ခရိုင်တရားရုံးမှာ အစိုးရက ငှားပေးတဲ့ အကျိုးဆောင်အနေနဲ့ လိုက်ခဲ့ပါတယ်။ အစိုးရက သတ်မှတ်ပေးတဲ့ အကျိုးဆောင်ခကိုလဲ ခံစားပြီးပါပြီ အမေ"

"ဟာ ... အဲဒီလိုတော့"

ဒေါ်ပိုင်းစိန်က ဆန္ဒစောပြီး ဖြတ်ပြော၏။ ဦးနက်ကျော်က လက်ဝါးကာပြလိုက်သည်။

"ကျွန်တော့်စကားဆုံးအောင် နားထောင်ပါဦး အမေ။ အခုကိစ္စက သေဒဏ်ကျနေတဲ့ လူတစ်ယောက်ကို ကယ်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော် တတ်ကျွမ်းထားတဲ့ ဥပဒေပညာကို ဒါနပြုချင်ပါတယ် အမေ။ ကျိန်းသေ လွတ်ပါမယ်လို့တော့ အာမမခံဘူးနော်။ အောင်ဒွေးရဲ့ အမှုဖြစ်အကြောင်းခြင်းရာနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ လမ်းညွှန်စီရင်ထုံးတွေအရ ကျွန်တော်ရဲ့ ဥပဒေတက်အစုံ၊ ဥပဒေရွက်အကုန် ဖွင့်ပြီး ကြိုးစားပေးပါ့မယ်"

"ဝမ်းသာလိုက်တာ ရှေ့နေကြီးရယ်။ အမေ့သားလေးအတွက် အားရသွားပြီ။ ရှေ့နေကြီး ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

"စေတနာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ် အမေရယ်"

ရှေ့နေကြီး ဦးနက်ကျော်က သူ့လက်သုံးစကားကို အရအမိ သုံးလိုက်သည်။

''စိတ်ချပါ ရှေ့နေကြီး။ ကျွန်မသားလေးသာ သေတွင်းက လွတ်လို့ကတော့ ....''

ဒေါ်ဝိုင်းစိန် ရင်တွင်းစကားက အတိုင်းအဆမရှိချေ။

''တစ်ခုတော့ မှာပါရစေအမေ။ ဆကာကြီးက ခြံနဲ့ အိမ်ကိုတော့ ကျွန်တော့်ဆီ ရွှက်မလာနဲ့နော်။ ကျွန်တော့်မှာ ထားစရာ နေစရာ မရှိလို့ပါ''

ဦးနက်ကျော် ထုံးစံအတိုင်း ရယ်သွမ်းသွေးကာ ပြောလိုက်၏။

''ဆရာက အတော်နောက်တာပဲ။ ကဲ ... ကျွန်မ ပြန်လိုက်ဦးမယ်''

''ကောင်းပါပြီ။ ကောင်းပါပြီ။ ကားလမ်းကူးရင် ကြည့်ကူးနော်။ ကားတွေက ရှုပ်တယ်''

ဒေါ်ဝိုင်းစိန်သည် တဘက်ကလေး ခေါင်းပေါင်းကာ ဦးနက်ကျော်ရုံးခန်းမှ အားရရွှင်လန်းစွာ ထွက်လာသည်။ ဘဏ်လမ်းအတိုင်း လျှောက်လာပြီး ပန်းဆိုးတန်းလမ်းမကို ဖြတ်ကူးသည်။

''ကိုကျော် ဟိုမှာ အမေ .... အမေ''

ဦးသိန်းကျော် ကားစက်ရှိန်ကို လျှော့လိုက်၏။ ဝဲယာနှင့် အရှေ့အနောက် ကားများကို တစ်ချက်ကြည့်ပြီး–

''ဘယ်မှာလဲ ထား''

''ဟိုမှာလေ''

ပလက်ဖောင်းပေါ်သို့ ခပ်သုတ်သုတ် တက်သွားသည့် မိခင်ဒေါ်ဝိုင်းစိန်ကို တွေ့သွား၏။

''ဟုတ်တယ်ထား။ ညီလေးအောင်ဒွေး အမိန့်ချပြီး နောက်နေ့ကတည်းက အမေ့အရိပ်အယောင်ကို မတွေ့ရဘူး။ အခုမှ တွေ့ရတယ်။ ထားဟန်းဖုန်းနဲ့ ကိုလတ်ဆီ ဆက်မေးကြည့်စမ်း၊ ကိုလတ်အိမ်မှာများ တည်းတာလား မသိဘူး။ အမေ့ကို မိအောင် ပြန်ကွေ့ရအောင်ကလဲ မလွယ်ဘူးထားရဲ့''

ဦးသိန်းကျော်သည် ကားကို ဂရုစိုက်မောင်းရင်း ဒေါ်ခင်ထားထားကို ပြောနေသည်။ ရင်ထဲမှာတော့ မကောင်းပေ။

''ကိုလတ်လား''

''-----''

''အမေ ကိုလတ်ဆီမှာ တည်းလား''

''-----''

''အခုပဲ အမေ့ကို ပန်းဆိုးတန်းလမ်း ဖြတ်ကူးနေတာ တွေ့လို့''

''-----''

''အမေက တစ်ဖက်ခြမ်း ကူးသွားပြီ''

''------''

''မမထားတို့လဲ ကမ်းနားလမ်းကနေ ပြန်ကွေ့ပြီးရှာမယ်။ ကိုကျော် ကမ်းနားလမ်းက ပြန်ကွေ့။ တွေ့လိုတွေ့ငြား ပြန်ရှာရအောင်''

ဒေါ်ခင်ထားထားသည် အောင်ကိုလတ်နှင့် ဖုန်းပြောနေရာမှ ဦးသိန်းကျော်ကို ဖြတ်ပြောလိုက်၏။

''-----''

''ကိုလတ် အစ်ကိုကြီး အစည်းအဝေးရှိလို့ ရန်ကုန်ရောက်နေတာ''

''-----''

''အေး ... အေး ... အချိန်ရရင်တော့ ဝင်ခဲ့မယ်''

''ထား''

''ဘာလဲ ကိုကျော်''

''အမေတော့ သူ့သားလေးအတွက်နဲ့ ကိုကျော့်ကို စိတ်နာသွားသလား မသိဘူးနော်''

ဦးသိန်းကျော်၏ စကားသံဝယ် ဝမ်းနည်းရိပ်တို့ ကပ်ငြိနေသည်။ ညီလေးအောင်ဒွေးအား သေဒဏ်ချမှတ်ခဲ့သည့် မြင်ကွင်းကို ပြန်လည်မြင်ယောင်လာသည်။ ဖြူနီကျားလွတ်သော နေရာ၌ ကားကို ထိုးရပ်လိုက်၏။

''ကိုကျော် ကားဘာဖြစ်တာလဲ''

''ကား ဘာမှမဖြစ်ပါဘူး ထား။ ကိုကျော် စိတ်တွေ လှုပ်ရှားနေတယ်။ ကားကို ထားတစ်လှည့်မောင်းကွာ''

ဒေါ်ခင်ထားထားသည် ဦးသိန်းကျော် အရိပ်အကဲကို သဘောပေါက်ပြီး နေရာချင်းချိန်းကာ ကားကို မောင်းလေသည်။

''ထား ဟန်းဖုန်းခဏ''

ဒေါ်ခင်ထားထားက ကားကို ဂရုစိုက်မောင်းရင်း ဟန်းဖုန်းလေးကို ဘယ်ဘက်လက်ဖြင့် လှမ်းပေးလိုက်သည်။

''ကိုလတ်လား''

''-----''

''အမေ ဘာတွေလုပ်နေလဲ''

''-----''

''ကိုလတ်ဆီ ဘာမှ မဆက်သွယ်ဘူးလား''

''----''

''အမေတစ်ယောက်တည်း အခုလိုသွားနေတာ စိတ်မချဘူးကွာ''

''-----''

''ဟုတ်ပြီ ကိုလတ်။ မင်းလဲ လိုက်ရှာ၊ ငါလဲ လိုက်ရှာမယ်။ ပြီးရင် တရားရုံးချုပ်ရှေ့က မျိုးဆက်သစ်ဆိုင်မှာ ဆုံကြမယ်''

''------''

➤➤➤

ဒေါ်ခင်ထားထားသည် ဦးသိန်းကျော် အရိပ်အကဲကို သဘောပေါက်ပြီး နေရာချင်းချိန်းကာ ကားကို မောင်းလေသည်။

''ထား ဟန်းဖုန်းခဏ''

ဒေါ်ခင်ထားထားက ကားကို ဂရုစိုက်မောင်းရင်း ဟန်းဖုန်းလေးကို ဘယ်ဘက်လက်ဖြင့် လှမ်းပေးလိုက်သည်။

''ကိုလတ်လား''

''-----''

''အမေ ဘာတွေလုပ်နေလဲ''

''-----''

''ကိုလတ်ဆီ ဘာမှ မဆက်သွယ်ဘူးလား''

''----''

''အမေတစ်ယောက်တည်း အခုလိုသွားနေတာ စိတ်မချဘူးကွာ''

''-----''

''ဟုတ်ပြီ ကိုလတ်။ မင်းလဲ လိုက်ရှာ၊ ငါလဲ လိုက်ရှာမယ်။ ပြီးရင် တရားရုံးချုပ်ရှေ့က မျိုးဆက်သစ်ဆိုင်မှာ ဆုံကြမယ်''

''------''

➤➤➤



**အခန်း(၂)**

''သတင်းကောင်းရလာတယ် ကိုအညာသားရေ''

ဈေးဆွဲခြင်းပင် မချအား။ မအေးချစ်က ဝမ်းသာအားရ လှမ်းပြောလိုက်သည်။ ကိုအညာသား ဖန်ခွက်ဆေးနေသည့်လက်များ ရပ်သွား၏။

''ဘာသတင်းလဲ အေးချစ်ရဲ့။ မြန်မြန်သံတော်ဦးတင်စမ်းပါ''

''အောင်မာ၊ အရက်ရောင်းစားနေရတဲ့သူက သူ့ကိုယ်သူ ဘာများမှတ်နေသလဲမသိဘူး''

''သက်သက်နောက်တာပါဟာ။ မြန်မြန်ပြောစမ်းပါ သတင်းကောင်းဆိုရင်။ ဒီနားနှစ်ဖက်က ဝယ်လ်ကမ်းပဲ''

''လုပ်ပြန်ပြီ၊ ဘိုမွေးစားသားကျနေတာပဲ''

ကိုအညာသားမျက်နှာက မျက်နှာပိုးမသေ။

''ပြောပါ မအေးချစ်ရာ၊ မနောက်တော့ပါဘူး''

''ငပွအမေ ဒေါ်ဝိုင်းစိန်နဲ့ ဈေးထဲမှာ တွေ့ခဲ့တယ်''

''ဘာတဲ့လဲ''

ကိုအညာသား သိလိုစိတ်စောသွားသည်။ မအေးချစ် မျက်စောင်းတစ်ချက် လက်သွား၏။

''ငပွ သေဒဏ်အမိန့်ကို ဖျက်ဖို့အတွက် ရန်ကုန်က အကြီးဆုံးရုံးကို အယူခံတက်ထားတယ်တဲ့''

''ဟုတ်လား''

''ဟုတ်တယ်။ မအူပင်ရုံးတုန်းက လိုက်ခဲ့တဲ့ ရှေ့နေကြီးက ဥပဒေပညာဒါန လုပ်မှာတဲ့''

မအေးချစ်က ဝမ်းသာအားရ ပြောပြနေသည်မှာ မမောနိုင် မပန်းနိုင်။

''ဟုတ်ရဲ့လား အေးချစ်ရယ်။ ရှေ့နေစကား ယုံရပါ့မလား''

''အဲဒါတော့ ကျုပ်လဲ မသိဘူး။ ဒေါ်ဝိုင်းစိန်ပြောတဲ့အတိုင်း ပြန်ပြောရတာပဲ''

''ကျိန်းသေလွတ်ပါ့မယ်လို့ ရှေ့နေကြီးက အာမခံလား''

''အဲဒီလိုတော့ အာမခံမလားတော်၊ ရှေ့နေဆိုတာ သိကြားမင်းမှ မဟုတ်ဘဲ''

''အေး ... ဒါတော့ ငါ့မိန်းမ ပြောတာ မှန်တယ်''

''ငပွတစ်ယောက် ပြန်လွတ်လာရင် ကောင်းမယ်''

''ဘာဖြစ်လို့လဲ''

မအေးချစ်က ကိုအညာသားနား ကပ်ပြီး လေသံလေးဖြင့် ပြောလိုက်သည်။

''ဟုတ်လား၊ ငါတော့ မထင်ဘူး''

''ရှင် မထင်လဲနေ။ ကျုပ်ကို စာဥကိုယ်တိုင် ပြောလိုက်တာ''

''ဟာ... အဲဒါမှ ပြဿနာ။ ဘယ်လိုရှင်းမလဲ။ သနားပါတယ်။ ငါသာ လူပျိုလူလွတ်ဆိုရင် တာဝန်ယူလိုက်တယ်။ အား ... နာလိုက်တာ''

မအေးချစ်က ကိုအညာသား ဗိုက်ခေါက်ကို အတင်းလိမ်ဆွဲရာ ကိုအညာသား အသားကုန်အော်လိုက်၏။

''သေနာ ... သူများဒုက္ခရောက်နေရတဲ့အထဲ သေခါနီးမှ ရိက္ခာအပို

သယ်ချင်သေးတယ်''

''သက်သက်နောက်တာပါဟာ၊ ငါတို့အချစ်တော် ငပွအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး''

''လူရှင်းတဲ့အချိန်မှာ စာဥလာလိမ့်မယ်။ သူ့မှာလဲ အတွင်းရေးကိစ္စတိုင်ပင်စရာဆိုလို့ ကျုပ်တို့လင်မယားပဲ ရှိတာတဲ့''

''အေးလေ၊ ဖြစ်လာတော့လဲ အဆင်ပြေအောင် ကြိုးစားရတော့မှာပေါ့။ ဒါနဲ့ အဲဒီကိစ္စ ဒေါ်ပိုင်းစိန် သိလား''

''ဘယ်သိမလဲ''

''စာဥ မိဘတွေကော သိလား''

မအေးချစ် ခေါင်းခါပြသည်။

''ချက်ပု၊ ငတီ၊ မောင်စိုးတို့ကော သိလား''

''ရှင်ကလဲလေ ယောကျ်ားလေးတွေကို အသိပေးလို့ ဖြစ်မလား''

''ဒါဖြင့် ငါ့ကို ဘာလို့ပြောလဲ''

အကောင်းပြောနေရာက ကိုအညာသားက ဖောက်ပြန်သည်။ မျက်နှာမှင်မောင်းက ပြောင်ချော်ချော်။

''ရှင်နော်၊ တိုးတိုးဖော်ဆိုလို့ ရှင်ပဲရှိတာ။ ကျုပ်ပြောတာကို ဝမ်းထဲမှာထား၊ အဲ ...ပေါက်ကြားရင်တော့ ရှင့်အသက်ကို ဖက်နဲ့ထုပ်ထားပေတော့''

မအေးချစ် ကြိမ်းချက်က မလွယ်။ ကိုအညာသား ဇက်ကလေးပုပြီးတွန့်သွား၏။

ထိုအချိန်တွင် ချက်ပု၊ ငတီ၊ မောင်စိုးတို့သုံးဦး ကိုအညာသားဆိုင်အတွင်းသို့ ဝင်လာကြ၏။ ကိုအညာသားတို့ လင်မယား စကားဖြတ်လိုက်သည်။

''အရက်တစ်လုံးနဲ့ လက်ဖက်သုပ်တစ်ပွဲချဗျာ''

ချက်ပုက လှမ်းမှာလိုက်သည်။ ပြီးနောက် သုံးဦးသား ဖိုခနောက်ဆိုင် ကြမ်းပြင်ပေါ်တွင် ဝိုင်းလိုက်ကြသည်မှာ ခြေပစ်လက်ပစ်။

''ကိုအညာသား ဟိုကောင်ကြီးသတင်း ဘာကြားသေးလဲ''

မောင်စိုးက ထိုင်ရှုပင်ရှိသေး တန်းမေးလိုက်သည်။

''အဲဒီကိစ္စ မအေးချစ်ကိုသာ မေးကြည့်ကွာ။ သူက ငါ့ထက်ပိုသိတယ်''

ဆွဲခြင်းထဲမှ ပစ္စည်းများကို ထုတ်နေသည့် မအေးချစ်က ပြုံးသည်။

''ဘယ်လိုလဲ မအေးချစ်''

''ရန်ကုန်က ရုံးကြီးကို အယူခံတက်ထားတယ်လို့ပဲ ကြားတယ်''

''ဟုတ်လား''

''ဟုတ်တယ် မောင်စိုး။ ရန်ကုန်က ပြန်လာတဲ့ ဒေါ်ဝိုင်းစိန် ပြန်ပြောလို့ သိရတာ''

''အင်း ... ငပွသေဒဏ်ကလွတ်ရင်တော့ ကျောက်ခဲရေပေါ်တာပဲ''

တေ ထင်မြင်ချက်ကလည်း အဓိပ္ပာယ်လေးနက်လှသည်။

''မင်းကလဲကွာ။ ငပွက ကျောက်ခဲမဟုတ်ဘူး လူကွ၊ ရေမြုပ်နေတဲ့ ကျောက်ခဲမဟုတ်ဘူး''

မောင်စိုးက ခပ်တင်းတင်း ပြန်ပက်လိုက်၏။ မောင်စိုး စိတ်ခုသွားမှန်း တေက သဘောပေါက်သည်။

''ငါပြောတာက သေဒဏ်ကျသွားတဲ့ ငပွ ပြန်လွတ်ရင် ကျောက်ခဲရေပေါ်သလိုပဲလို့ ပြောတာပါကွာ။ တို့သူငယ်ချင်းကို သေဒဏ်ဘယ်ကျစေချင်ပါ့မလဲ''

''ဒီမှာ တေ။ သေဒဏ်ကျတဲ့သူတွေ အချို့ သေဒဏ်က ကင်းလွတ်ခွင့်ပေးတာတွေ ရှိခဲ့ဖူးပါတယ်''

''မင်းကို ဘယ်သူပြောလဲ မောင်စိုး''

''ငါ့ဘကြီးသပြေ ပြောဖူးတယ်။ ဘကြီးက ထောင်နှစ်ကြီးသမားဘဝနဲ့ အတော်ကြာခဲ့တာ။ တွံတေးနယ်တစ်ဝိုက်မှာ နာမည်ကြီးနေတဲ့ ဝတိုဖော်မင်းဆိုရင် သေဒဏ်ကျပြီးမှ ကင်းလွတ်ခွင့်ရလာတာတဲ့''

''ဟုတ်လား မောင်စိုး။ အဲဒီလိုပဲ ငပွလွတ်ပါစေလို့ ဆုတောင်းရမှာပဲ''

ငတိက ဆုတောင်းစကားပင် ဆိုလိုက်သေး၏။

''ဟော့ကောင်တွေ ဆုတောင်းတိုင်းသာရရင် ထောင်ထဲမှာ လူတစ်ယောက်မှတောင် ရှိမှာမဟုတ်ဘူး။ လောလောဆယ် အရက်သောက်ကြဦး''

ချက်ပုက အရက်ခွက်များကို ငှဲ့ပေးရင်း ပြောလိုက်ရာ မောင်စိုးနှင့်ငတိ စကားပြတ်သွား၏။ မအေးချစ်သည် ငတိတို့ အရက်ဝိုင်းမှ စကားအသံများကို နားစွင့်ရင်း ငါးကိုင်နေသည်။ ကိုအညာသားအရိပ်အကဲကိုလည်း မျက်လုံးလှည့်ကင်းထွက်ရသည်မှာ အနားမနေရ။ ငတိတို့ အရက်ဝိုင်းတွင် စာဥကိစ္စ ဝင်ပြောမည်ကို စိုးရိမ်နေ၏။ အမှန်။ ကိုအညာသားပါးစပ်က စိတ်မချရ။

''မင်းတို့သုံးယောက် ဟိုကိစ္စ သိပြီးပြီလား''

မအေးချစ် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ အရက်ဝိုင်းဆီသို့ သုတ်ခနဲ ထသွား၏။ ကိုအညာသားက မြင်သော်လည်း မှင်သေသေဖြင့် မသိကျိုးကျွန်ပြုလိုက်သည်။

''ဘာကိစ္စလဲ ကိုအညာသား''

ငတိက သုံးယောက်စလုံးကိုယ်စား မေးလိုက်သည်။

''ကိုအညာသား''

မအေးချစ်ထံမှ ခပ်ဟောက်ဟောက်အသံ ထွက်လာသည်။ ကိုအညာသားက ခပ်တည်တည်။ မအေးချစ်ကို လှည့်ပင် မကြည့်။

''ဘာကိစ္စကိုပြောတာလဲ ကိုအညာသား''

ချက်ပုက ထပ်လောပြန်၏။ မအေးချစ် ရင်ခုန်ရသည်မှာ အမော။

''ဟို ... ဟိုလေကွာ''

ခေါင်းကလေးကုတ်ရင်း မအေးချစ်ကို တစ်ချက်ကြည့်သည်။ ပြီးနောက် စကားကိုဆက်ပြောရာ တခစ်ခစ် ရယ်သံများ ထွက်လာ၏။ ကိုအညာသားပြောလိုက်သော စကားမှာ-

''ဟဲ ... ဟဲ ... အချစ်မှာ မျက်စိမပါဘူး''တဲ့။

➤➤➤

## အခန်း(၃)

''သောင်းသောင်း''

''ရှင် ... အလန့်တကြားဖြစ်လိုက်တာ''

လေသံမာကြီးဖြင့် ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ပိုက်သူကြီးကတော် ဒေါ်သောင်းသောင်း လန့်သွားသည်။

''ငါ့နားကို လာဦး''

''ကိုလှအောင် ရှင်ဘာတွေ ဒေါပွနေတာလဲ။ အေးအေးဆေးဆေး ပြောလဲ စကားပဲ''

ဒေါ်သောင်းသောင်းက လေပြည်အေးကို လိုလားပြီး ခက်ထန်မာကျောသော အသံကို လုံးဝ မလိုလားသူ။

''ငါ့ရင်ထဲမှာ မီးလောင်နေပြီ။ မြန်မြန် ငါ့နားကို လာစမ်း''

ဦးလှအောင် နေမထိထိုင်မထိ ဖြစ်နေသည်။ ဒေါ်သောင်းသောင်းကတော့ ခပ်အေးအေးပင်။ ဦးလှအောင် အနားသို့ ရောက်အောင် လျှောက်သွားသည့် ခြေလှမ်းများမှာ ပုံမှန်။

''ကဲ ...ဘာတွေများ မီးလောင်နေလဲ ကိုလှအောင်။ မီးသတ်ကားကို တယ်လီဖုန်းဆက်ရမလား''

''ငါ ...တယ် ... အရေးထဲ နောက်နေပြန်ပြီ''

ဒေါ်သောင်းသောင်း၏ ရွှဲ့တဲ့တဲ့လေသံကြောင့် ဒေါ်သတစ်ဆင့်ကဲ သွားသည်။ ပိုက်သူကြီး ဦးလှအောင်က လှုပုစိတ်တို။

''ပြောလေ။ ဘာတွေပြောမှာလဲ။ ကျုပ်မှာ ဟင်းအိုးရေမထည့်ရသေး ဘူး''

''မင်းရဲ့ သမီးကော''

''မအေးချစ်တို့အိမ်ဘက် သွားတယ်''

''မင်းကို ပြောသွားလား''

''ပြောသွားတယ် ကိုလှအောင်''

''အခုတလော မင်းရဲ့သမီးစာဥ ခြေလှမ်းတွေ အရမ်းပျက်နေတယ် နော်။ နေပုံထိုင်ပုံ အရင်ကလို မဟုတ်ဘူး''

ထိုစဉ် ဟင်းအိုးတူးနံ့ အနည်းငယ်ထွက်လာသည်။ ဒေါ်သောင်း သောင်း မီးဖိုချောင်ထဲသို့ ခပ်သုတ်သုတ်ပြေးဝင်သွားပြီး ဖလားထဲမှရေကို ကမန်းကတန်း သွန်ထည့်လိုက်သည်။ ပြီးနောက် ဟင်းအိုးကို လက်ခုဖြင့် ကိုင်ပြီး လှုပ်လိုက်သည်။ တူးနံ့တို့ လွင့်စဉ်သွား၏။

''သောင်းသောင်း''

''ရှင်''

''ဟင်းအိုး ရေထည့်ပြီးရင် ထွက်လာခဲ့''

''လာပါ့မယ်တော်၊ ဘယ်လိုများဖြစ်နေလဲ မသိဘူး''

''တောက်''

မီးဖိုချောင်ထဲမှ တုံ့ပြန်သံကို မကျေနပ်သဖြင့် ဦးလှအောင် တောက် တစ်ချက် ခေါက်လိုက်သည်။ ဒေါ်သောင်းသောင်း ကြားပုံမရ။ မီးဖိုချောင် ကိစ္စပြီးနောက် ဒေါ်သောင်းသောင်း ပြန်ထွက်လာသည်။

''ကဲ ... ဒေါ်သကုမ္ဘာရမင်းသားကြီး ဆက်ပြောလို့ရပြီ''

''သောင်းသောင်းနော် ငါအကောင်းပြောနေတာ''

''ပြောပါ''

ဒေါ်သောင်းသောင်း လေသံက မသိမသာ မာသွား၏။

''ငါ့သမီးနဲ့ ဟိုလူမိုက်ကို အဲဒီ အညာသားတို့ အေးချစ်တို့က အောင်သွယ်ပေးခဲ့တာ မင်းမသိဘူးလား''

''သိသားပဲ''

''သိရက်သားနဲ့ မင်း မတားဘူးလား''

''ရှင့်သမီးက တားလို့ရမှာ မဟုတ်တဲ့အတွက် မတားပါဘူး။ ပြီးတော့ အောင်ဒွေးကလဲ လူပျိုလူလွတ် မိကောင်းဖခင်သားသမီးပဲ''

ဒေါ်သောင်းသောင်းပြောလိုက်သည့် လေအေးတို့မှာ ဦးလှအောင်အဖို့ ပြင်းထန်မှန်တိုင်း။

''ငါတော့ အရမ်းရှက်တယ်။ တစ်နယ်လုံးလဲ သိနေကြပြီ။ ဒီဆကာကြီးမှာတောင် မနေချင်တော့ဘူး''

''ဘာကို ရှက်တာလဲ ကိုလှအောင်''

''ဟိုလူမိုက်က သေဒဏ်ကျသွားပြီလေ''

''လူတစ်ယောက် သေဒဏ်ကျတာဟာ ရှက်စရာအလုပ် မဟုတ်ပါဘူး ကိုလှအောင်။ သူ့အမှုကလဲ ရှက်ရမယ့် အမှုမျိုး မဟုတ်ဘူး။ သူ့ကို အနိုင်ကျင့် ဗိုလ်ကျလွန်းလို့ လူသတ်ရတဲ့ အဆင့်အထိ ဖြစ်သွားတာပဲ''

''မင်းက အောင်ဒွေးအတွက် ရှေ့နေလိုက်ဖို့ ကောင်းတယ်''

''ကျုပ်က အမှန်အတိုင်းပြောတာ ကိုလှအောင်''

''ဟုတ်ပါပြီ။ အဲဒီလို အမှန်အတိုင်း ပြောလို့ သေမိန့်ကျသွားပြီ မဟုတ်လား''

''ဒါကတော့ ခရိုင်တရားရုံးရဲ့ အဆုံးအဖြတ်ပဲ''

''ဘာလဲ ခရိုင်တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို အယူခံဝင်ချင်သေးလို့လား''

''အဲဒါ ကျုပ်တို့ကိစ္စမဟုတ်ဘူး။ ကာယကံရှင်တွေနဲ့ ပတ်သက်တဲ့

အပိုင်းပါ''

''အဲဒီကိစ္စ ထားပါတော့။ အဓိကပြောချင်တာက သမီးစာဥအနေ အထိုင်၊ အသွားအလာကို မကြိုက်ဘူး။ သမီးမိန်းကလေးကိစ္စဖြစ်တဲ့အတွက် မိခင်မှာ တာဝန်ရှိတယ်။ လွှတ်မထားနဲ့။ ဒါပဲ''

စိတ်ရှိတိုင်းပြောပြီးနောက် ဦးလှအောင် အပြင်သို့ ထွက်ရန် ခြေ လှမ်းပြင်လိုက်သည်။ ထိုအချိန်တွင် ဒေါ်သောင်းသောင်းက-

''ဒီမယ် ကိုလှအောင်၊ သမီးမိန်းကလေးကိစ္စအတွက် အဖေမှာကော တာဝန်မရှိဘူးလား''

ဟုပြောလိုက်သည်။ ဦးလှအောင် ဘာမျှ ပြန်မပြောသာတော့ချေ။

ဦးလှအောင် အပြင်သို့ ထွက်သွားပြီး ၁၀ မိနစ်ခန့်အကြာတွင် မစာဥ အိမ်ထဲသို့ ဝင်လာ၏။ ဒေါ်သောင်းသောင်းက သမီးအရိပ်အကဲကို ခတ် သည်။ မစာဥမှာ မိခင်ဖြစ်သူအား ရဲရဲဝံ့ဝံ့ မကြည့်ရဲ။ ခြေလှမ်းများကလည်း တွန့်ဆုတ်တွန့်ဆုတ်။

''သမီး''

ဒေါ်သောင်းသောင်းခေါ်သံမှာ ကြည်လင်သန့်စင်ပါ၏။ သို့သော် မစာဥရင်ထဲမှာတော့ တဖျပ်ဖျပ်။ မိခင်ထံ လှမ်းလင့်လာသော ခြေလှမ်း အစုံမှာ ပုံမှန်မဟုတ်။

''မေမေ''

မစာဥသည် မိခင်မျက်နှာအား တစ်ချက်ကြည့်ကာ မေမေဟု ခေါ်ပြီး ခေါင်းငုံ့သွား၏။

''သမီး''

''ပြောပါ မေမေ''

မစာဥစကားသံဝယ် ဝမ်းနည်းဆို့နင့်မှုများ ယှက်နွယ်နေသည်။ ဒေါ် သောင်းသောင်းသည် သမီးမစာဥအား ခြေဆုံးခေါင်းဆုံး ကြည့်မဝသဖြင့် မိဘမေတ္တာဒီဂရီ ရာနှုန်းအပြည့်ပါသော သံသယမျက်မှန်တပ်၍ ကြည့်လိုက် ပြန်သည်။

မြင်ကွင်းက ပြတ်သားထင်ရှားလှပါ၏။ ဒေါ်သောင်းသောင်း ရင်ဘတ်ကို အမှတ်မထင် ဖိထားနေမိသည်။

"သမီးနဲ့ မေမေ နှစ်ယောက်တည်းရှိတာပဲ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ သမီး ... ဘာမှ မကြောက်နဲ့ .... မရှက်နဲ့ ... သမီးဘက်က မေမေတစ်ယောက်လုံးရှိတယ်"

မိခင်၏ အားပေးစကားအရ အားတက် ဝမ်းသာရသော်လည်း နှလုံးအိမ်မှ ထွက်ပေါ်လာသည့် မျက်ရည်များကို တားမရ။ ဒေါ်သောင်းသောင်းသည် မစာဥအား တိုးတိုးတိတ်တိတ် မေးပိုက်၏။

"-----"

"ဟုတ်ပါတယ် မေမေ။ သမီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး"

ထိုသို့ပြောပြီး ချုံးပွဲချ ငိုကြွေးလေတော့သည်။

➢➢➢

## အခန်း(၄)

မစာဥသတင်းက တစ်နယ်လုံးပြန့်နှံ့သွားသည်မှာ တောမီးပမာ။ နီးစပ်ရာ အပေါင်းအသင်း၊ ဆွေမျိုးအသိုင်းအဝိုင်းက အားပေးကြသည်။ အချို့က ကိုယ်ဝန်ဖျက်ချရန် မိုက်မိုက်ကန်းကန်း အကြံပြုကြသည်။ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သည်ကိုလည်း မသိကြ။ မစာဥအသက်အန္တရာယ် နီးသည်ကိုလည်း စဉ်းစားချင့်ချိန်ခြင်း မပြုကြ။ မစာဥ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိပေ။ သေဒဏ်ကျသွားသော အောင်ဒွေးအတွက် သောကပင်လယ်ဝေနေချိန်တွင် ရင်သွေးပြဿနာကလည်း တစ်မှောင့်။ အပူပေါ် အပူဆင့်ရသည့်အဖြစ်က မလွယ်။

ဒေါ်ပိုင်းစိန်သည် ထိုကိစ္စကို သိသည်နှင့် ဦးလှအောင်၊ ဒေါ်သောင်းသောင်းတို့နှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်၏။ အလွမ်းပြေ ရင်သွေးသစ်ကလေးအတွက် မျှော်မှန်းတွေးတောရင်း ဝမ်းသာနေသည်မှာ ဖော်မပြနိုင်။

''ကျွန်မသားလေး ရင်သွေးကို ချောချောမွေ့မွေ့ မွေးဖို့ အစစအ

ရာရာ ကျွန်မတာဝန်ယူပါတယ်။ တောင်တောင်အီအီတော့ မလုပ်ဖို့ တောင်းပန်ပါတယ်''

ဒေါ်ပိုင်းစိန်သည် ဦးလှအောင်နှင့် ဒေါ်သောင်းသောင်းအား ထိုင်ရှိုးမတတ် မေတ္တာရပ်ခံလိုက်၏။ ဦးလှအောင် မျက်နှာမှာ လငပုပ်ဖမ်းသည့်နှယ် ကြည်လင်ခြင်း မရှိ။ ဒေါ်သောင်းသောင်းမျက်နှာမှာ အေးဆေးတည်ငြိမ်မှုအပြည့်။ ဒေါ်ပိုင်းစိန် တောင်းပန်စကား ထပ်ပြောမည်အပြုတွင် ဦးလှအောင် ထသွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မိန်းမသားချင်းညှိနှိုင်းရမည့်ကိစ္စ ဖြစ်၍ ဦးလှအောင် မလိုအပ်ပေ။

''ကဲ ... မပိုင်းစိန် ကျွန်မ အားလုံးသိပြီးပါပြီ။ ဖြစ်လာမှတော့ အကောင်းဆုံးဖြစ်အောင် ရွေးချယ်ရမှာပေါ့။ ဒီကိစ္စအတွက် ရှက်စရာမလိုပါဘူး။ တစ်နယ်လုံး သိပြီးသားကိစ္စပဲ။ ဒီတော့ သမီးလေး ဗိုက်ကို မနက်ဖြန်ကစပြီး ကျန်းမာရေးဌာနမှာ ပြမယ်။ အပ်မယ်။ မွေးမယ်''

ဒေါ်သောင်းသောင်း ခပ်ဘွင်းဘွင်းပင် ပြောလိုက်သည်။ ဒေါ်ပိုင်းစိန်မျက်နှာတစ်ပြင်လုံး မြူခိုးတိမ်စင် ကင်းသည့် ရွှေလမင်းကြီးနှယ်။ ရင်ထဲအသည်းထဲ ပြုံးပျော်ကြည်နူးမိသည်မှာ ဖော်မပြနိုင်။

''ဝမ်းသာလိုက်တာ သောင်းသောင်းရယ်။ သမီးရှင်ဘက်က ဒီလိုစကားမျိုးကြားရတော့ အရမ်းဝမ်းသာတယ်။ ကျွန်မအဖို့ သေမိန့်ကျသွားတဲ့သားလေးအတွက် အလွမ်းပြေရတော့မှာမို့ ပြောမပြတတ်တော့ဘူး သောင်းသောင်းရယ်''

''မနက်ဖြန် မပိုင်းစိန်နဲ့ ကျွန်မတို့ သားအမိ ကျန်းမာရေးဌာနမှာဆုံကြမယ်''

''ဘယ်အချိန်လောက်လဲ သောင်းသောင်း''

''နံနက် ကိုးနာရီလောက်မှာ ဆုံကြမယ်''

''ဟုတ်ကဲ့ သောင်းသောင်း၊ ကျွန်မ ဆက်ဆက်လာခဲ့ပါ့မယ်''

''ဒါနဲ့ မပိုင်းစိန်၊ အောင်ဒွေးအခြေအနေကော''

''ရန်ကုန်မြို့က အမြင့်ဆုံးတရားရုံးကြီးမှာ အယူခံဆိုလား၊ ဘာလား

မသိဘူး တင်ထားတယ်''

''ဘယ်သူက ဦးဆောင်လုပ်ပေးသလဲ။ သားကြီးကလား၊ သား လတ်ကလား''

ဒေါ်ပိုင်းစိန် ခေါင်းယမ်းပြလိုက်ပြီးနောက်–

''သားလေးကိစ္စအတွက် ရှေ့နေကြီး ဦးနက်ကျော်ကို အကူအညီ တောင်းခံပြီး ဆောင်ရွက်တာပါ။ ဘယ်သားသမီးကိုမှ သားလေးကိစ္စအတွက် အကူအညီမတောင်းဘူး''

''အောင်ဒွေးကိစ္စနဲ့ ပတ်သက်လို့ လိုအပ်တာရှိရင် ကျွန်မကိုလဲ ပြော ပါ''

ဒေါ်သောင်းသောင်းသည် ငွေကြေးချမ်းသာသော်လည်း မာန်မာန မရှိ။ စိတ်ရင်းစေတနာက အဖွေးသား။

''အခုလို ပြောဖော်ရတဲ့အတွက် အရမ်းကျေးဇူးတင်တယ် သောင်း သောင်း။ သမီးလေးစာဥ စိတ်မထွေပြားအောင် ကျွန်မတို့အားလုံးက ထိန်း ဖို့တော့ လိုမယ်''

''အဲဒီကိစ္စ စိတ်ချပါ။ ကျွန်မသမီးလေးက ပြောစကား နားထောင်ပါ တယ်''

''သောင်းသောင်းရယ် အပိုပြောတာ မဟုတ်ပါဘူး။ သမီးလေး စာဥ ကို ကျွန်မရဲ့ သမီးအရင်းလိုပဲ ချစ်တယ်။ အခုသားလေး သေမိန့်ကျသွား တော့ သမီးလေးဟာ ကျွန်မအတွက် နွယ်တစ်မျှင်၊ မြက်တစ်ပင်ပါ။ သမီး လေးကိုလဲ ကျွန်မအိမ်မှာ ဝင်ထွက်သွားလာခွင့်ပြုဖို့ တောင်းပန်ပါတယ်''

''ကျွန်မကတော့ ပြဿနာမရှိပါဘူး။ ကိုလှအောင်ကိုတော့ မသိစေနဲ့။ ကျွန်မယောကျ်ားက လူပုစိတ်တို''

''အင်းလေ။ ကိုလှအောင်ကိုလဲ အပြစ်မဆိုသာပါဘူး၊ ဖခင်ဆိုတာ သမီးအရေးနဲ့ ပတ်သက်ရင် စိတ်တိုတတ်ပါတယ်''

ဒေါ်ပိုင်းစိန်သဘောထားကလည်း ပျော့ပျော့ပျောင်းပျောင်းပင်။

''ဒါလဲ ခဏပါ မပိုင်းစိန်ရယ်။ သူ့ မြေးသာရရင် လက်ကတောင်

ချမှာမဟုတ်ဘူး။ မဝိုင်းစိန်တို့ ကျွန်မတို့တောင် အနားကပ်လို့ ရပါ့မလား မသိဘူး''

နှစ်ယောက်သား မျှော်တွေးဝမ်းသာမှုဖြင့် ရယ်မောကြသည်မှာ ဟက်ဟက်ပက်ပက်။

''မဝိုင်းစိန်ရေ ကျွန်မတော့ မြင်ယောင်နေသေးတယ်''

''ဘာကိုလဲ သောင်းသောင်း''

''ဟိုလေ ... အကာက အချစ်၊ အနှစ်က မေတ္တာ ရုပ်ရှင်ဇာတ်ကားထဲက ကောလိပ်ဂျင်နေဝင်းကြီးကို''

''ဟုတ်တယ် ... ဟုတ်တယ်။ အဲဒီကားမှာ မျက်နှာကြောတင်းတင်းနဲ့ နေပေမယ့် ကွယ်ရာမှာ သူ့မြေးနိုင်းတိုင်း လုပ်တာလေ။ ဘာဘဆင်ကြီးလုပ်တာ''

''မဝိုင်းစိန်က မှတ်မိသားပဲ''

''မှတ်မိဆို သောင်းသောင်းကလဲ ပြီးခဲ့တဲ့ တနင်္ဂနွေရုပ်ရှင်မှာတောင် ပြန်လွှင့်သွားသေးတယ်''

''ဟုတ်လား''

''ဟုတ်တယ်''

''အင်း ... မမြင်ရသေးတဲ့ မြေးလေးအတွက် မှန်းဆပြီး ပြောရရုံနဲ့ ဒါလောက် ပီတိဖြစ်နေရရင် ကစ်လုံးတစ်ခဲ ချစ်စရာကြီးများ မြင်လိုက်ရရင် လူပုစိတ်တို ကိုလှအောင်လဲ ကြာရှည်တောင့်ခံနိုင်မှာ မဟုတ်ပါဘူး မဝိုင်းစိန်ရယ်''

''ကဲ ...သောင်းသောင်းရေ၊ ခွင့်ပြုဦး၊ ပြန်လိုက်ဦးမယ်''

''မနက်ဖြန် ဆေးခန်းမှာ ဆုံမယ်နော် မဝိုင်းစိန်''

''စိတ်ချ သောင်းသောင်း''

ဒေါ်ဝိုင်းစိန်သည် ဝမ်းသာအားရဖြင့် နှုတ်ဆက်ကာ ထွက်လာသည်။ ခြံဝတွင် ဦးလှအောင်နှင့် ပက်ပင်းတိုးရာ ဒေါ်ဝိုင်းစိန်က ပြုံးပြသော်လည်း ဦးလှအောင် မျက်နှာက မှုန်တေတေ။ သို့သော် ဒေါ်ဝိုင်းစိန်သည် ဘာဘဆင်

ကြီးအဖြစ် သရုပ်ဆောင်သော ရာဇာနေဝင်းဖခင် ကောလိပ်ဂျင်နေဝင်းမျက်နှာကို မြင်ယောင်ပြီး ကျိတ်ရယ်မိလိုက်၏။

➤➤➤

အခန်း(၅)

"ထားရေ၊ ကိုကျော့်သူငယ်ချင်း ဦးခန့်ကြီးတစ်ယောက် အတော် နေမကောင်းဖြစ်နေတယ်လို့ ကြားတယ်"

ကော်ဖီဖျော်နေသော ဒေါ်ခင်ထားထားကို ဦးသိန်းကျော်က လှမ်း ပြောလိုက်၏။

"ဟုတ်လား၊ ကိုကျော့်ကို ဘယ်သူက ပြောလို့သိတာလဲ"

"ကိုကျော့်သူငယ်ချင်း တရားသူကြီး ဦးကျော်ညွန့် ဖုန်းဆက်လို့ သိတာ ထား"

"ဘာရောဂါတဲ့လဲ ကိုကျော်"

"အဲဒါတော့ မသိဘူး။ အတော်နေမကောင်းဖြစ်လို့ ရန်ကုန်ဆေးရုံ ကြီးမှာ တင်ထားရတဲ့အကြောင်းပဲ ပြောတယ်"

"ကိုကျော်နဲ့ ဦးခန့်ကြီးက ရှမ်းပြည်နယ်မှာ တွဲခဲ့ကြတာဆိုတော့ လူခင်တွေပဲ"

"ဟုတ်တယ်ထား။ ဒါကြောင့် သတင်းမေးသွားချင်တယ် ထားရယ်"

''လာမယ့် စနေ၊ တနင်္ဂနွေမှာ ကိုကျော် ဆကာကြီးကို သွားမယ်ဆို''

ဒေါ်ခင်ထားထားက ဦးသိန်းကျော်မေ့နေသည်ထင်၍ သတိပေးလိုက်၏။

''အင်း ... အလုပ်တွေကလဲ များတယ်။ စနေ၊ တနင်္ဂနွေရက် ကလေးပဲ အားတာ။ အမေနဲ့ မတွေ့တာလဲကြာပြီ။ ဘယ်လိုစီစဉ်ရရင် ကောင်းမလဲ မသိဘူး''

ဦးသိန်းကျော်က ဒေါ်ခင်ထားထားသဘောထားကို တောက်လိုက်၏။

''ဒါကတော့ ကိုကျော့်သဘောထားပဲလေ။ အဲ .. တစ်ခုတော့ အကြံ ပေးမယ်''

''လုပ်ပါဦး ထားရယ်''

''ရန်ကုန်ကနေ ဆကာကြီးကို ကားလမ်းပေါက်နေပြီ။ ဒီတော့ စနေ၊ နေ့မနက် မအူပင်ကနေ ရန်ကုန်ထွက်မယ်၊ ရန်ကုန်မှာ တရားသူကြီး ဦးခန့် ကြီးကို ဝင်သတင်းမေးမယ်။ ပြီးရင် ဆကာကြီးကို ဆက်သွားမယ်။ စနေနေ့ ည ဆကာကြီးမှာအိပ်ပြီး တင်္ဂနွေနေ့ ပြန်လာရင် ရတယ်''

''ဝွတ် ... ထားရဲ့ အစီအစဉ် အရမ်းကောင်းတယ်။ ဒီနေ့ ကြာသပတေးဆိုတော့ သောကြာနေ့မှာ ကားအောက်ပိုင်း၊ အင်ဂျင် လိုအပ် တာတွေကို ထားက စစ်ဆေးထား။ လိုအပ်တာ ကြိုတင်ပြင်ဆင်။ စနေ နေ့နံနက်စောစော ထွက်မယ်''

''စိတ်ချကိုကျော်၊ ဟိုင်းဝေးသွားမှာဆိုတော့ ကားနဲ့ ပတ်သက်တာ ထားလုပ်ထားလိုက်ပါ့မယ်''

''ဒါဆိုရင် ကိုကျော် ရုံးသွားတော့မယ်''

''ဟုတ်''

ချစ်ရည်ရွှန်းလဲ့သော ဒေါ်ခင်ထားထား မျက်လုံးအစုံက ဦးသိန်းကျော် ရုံးသွားတိုင်း နှုတ်ဆက်နေကျအတိုင်း ဝတ္တရားမပျက်။ ဦးသိန်းကျော်က ညာဘက်လက်ဖဝါးနုနုလေးများကို ထောင်ပြရင်း နှုတ်ဆက်မျက်လုံးအစုံကို

အသိအမှတ်ပြုလိုက်၏။

ဦးသိန်းကျော် မအူပင်ခရိုင်တရားရုံးသို့ ဝင်လာသောအခါ ရုံးစောင့်ကလေး မောင်မြင့်ဌေးက ဆီးကြိုသည်။ ဦးသိန်းကျော်လက်ထဲမှ အိတ်နှင့်ထမင်းချိုင့်ကို လှမ်းယူပြီး ဦးသိန်းကျော်နောက်မှ ခပ်ယို့ယို့ကလေး လိုက်လာ၏။

"မောင်မြင့်ဌေး"

"ခင်ဗျာ"

"ဒီနေ့ တို့ရုံးမှာ လူများလှချည်လား"

ရုံးဝင်းထဲတွင် ခါတိုင်းထက် လူစည်နေသဖြင့် ခရိုင်တရားသူကြီး ဦးသိန်းကျော်က မေးလိုက်ခြင်းဖြစ်၏။

"ဆရာကလဲ လူများဆို ဟိုပန်းချီဆရာလေးအမှုရှိတယ်လေ"

"ဩော် … ပန်းချီဆရာလေးက သူ့ရည်းစားကို ခိုးပြေးတဲ့ အမှုလား"

"ဟုတ်တယ်ဆရာ။ မြို့နယ်တရားရုံးမှာ ဒီနေ့ နှစ်ဖက်လျှောက်လဲချက်ပေးဖို့ ချိန်းထားတယ်။ ဒါကြောင့် လူစည်တာ"

"လျှောက်လဲချက်တောင် ရောက်နေပြီလား"

"ရောက်နေပြီဆရာ၊ ကျွန်တော်လဲ အရမ်းစိတ်ဝင်စားတယ်။ ပန်းချီဆရာလေးဘက်က အမှုလိုက်တဲ့ ရှေ့နေက တော်တယ်ဆရာ"

"ဘယ်သူလဲ မောင်မြင့်ဌေး"

"ဦးမောင်မောင်ထွေး။ ရန်ကုန်က ရှေ့နေ"

"ဩော်"

ဦးသိန်းကျော်နှင့် မောင်မြင့်ဌေးတို့ စကားပြောရင်း လျှောက်လာရာ ခရိုင်တရားရုံးဆင်ဝင်အောက်ရောက်လာ၏။ မအူပင်ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးမှာ ရုံးအဆောက်အအုံတစ်ခုတည်းပင်။ မအူပင်ခရိုင် တရားရုံးမှာ အပေါ်ထပ်ဖြစ်ပြီး မအူပင်မြို့နယ်တရားရုံးမှာ အောက်ထပ်ဖြစ်၏။

မောင်မြင့်ဌေးသည် ခရိုင်တရားသူကြီး ဦးသိန်းကျော်၏ လက်ဆွဲအိတ်နှင့် ထမင်းချိုင့်တို့အား စားပွဲပေါ်တင်ပေးပြီးနောက် ဦးသိန်းကျော်အား

ဦးညွှတ်အရိုအသေပြုကာ အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာ၏။

မအူပင်မြို့နယ်တရားသူကြီးရုံးခန်းရှေ့တွင် လူများ စုရုံးစုရုံးဖြစ်နေကြသည်။ မြို့နယ်တရားသူကြီး တရားခွင် မတက်သေးပေ။ တရားခွင် စာရေးလေး မောင်သိန်းစိုးဝင်းသည် အမှုတွဲဖိုင်များကို တရားခွင် စားပွဲပေါ်သို့ တင်နေသည်။ ပြီးနောက် အမှုခေါ်ဇယားကို ရုံးခန်းအပြင်တွင် ချိတ်လိုက်သည်။ တရားခွင်ရှေ့တွင် ရပ်နေသူများက အမှုခေါ်ဇယားကို ဝိုင်းအုံဖတ်ကြသည်မှာ အလုဒအယက်။ ပန်းချီဆရာလေး အမှုတဲစဉ်က နံပါတ်တစ်။ နှစ်ဖက်လျှောက်လဲချက်ပေးရန် ချိန်းဆိုထားသည်။

နံနက် ၁၀ နာရီခွဲတွင် မြို့နယ်တရားသူကြီးသည် တရားခွင်ပေါ်သို့ တက်လာ၏။ ရုံးခန်းအတွင်းရှိ အကျိုးဆောင်များ၊ အမှုသည်များ မတ်တတ်ရပ် ဂါရဝပြုကြသည်။

''တရားလို မအေးမြစန္ဒာ၊ တရားခံ မောင်ဇေလတ်မော်၊ တရားလို အကျိုးဆောင် ဥပဒေအရာရှိ၊ တရားခံ အကျိုးဆောင် ဦးမောင်မောင်ထွေး နှစ်ဖက်လျှောက်လဲချက် တင်ပြရန်''

တရားခွင်စာရေးလေး မောင်သိန်းစိုးဝင်းအသံက မိုက်မလို။ အသံသြဇာက အပြည့်။ လည်ချောင်းထဲတွင် အက်ကိုးမိုက် ထည့်ထားသလားဟု ထင်ရသည်။ တရားရုံးတစ်ခွင်လုံး ဟိန်းထွက်သွား၏။

နောက်ဆုံးလျှောက်လဲချက် ဖြစ်သဖြင့် တရားခံအကျိုးဆောင်ဘက်မှ စတင်ပြောရပေမည်။ သို့အတွက် တရားခံ အကျိုးဆောင် ဦးမောင်မောင်ထွေးက ပန်းနုရောင် ခေါင်းပေါင်းကလေးတလူလူဖြင့် စတင်လျှောက်လဲချက်ပေးသည်။ လျှောက်လဲချက်ကြားနာနေသော ပရိသတ်မှာ စည်းကမ်းရှိလှသည်။ တရားခွင်ရှေ့တွင် ငြိမ်သက်စွာ နားထောင်နေကြသည်မှာ လေးစားဖွယ်။

ဦးမောင်မောင်ထွေးသည် မြို့နယ်တရားသူကြီးအား ရိုသေလေးစားမှုအပြည့်ဖြင့် လျှောက်လဲတင်ပြပြောဆိုသကဲ့သို့ နားထောင်နေသော ပရိသတ်ကိုလည်း ထာဝရလေးစားသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့

ဖြင့် ပြဆိုနေပေပြီ။ ပရိသတ်နှင့် နှစ်ဖက်အမှုသည်များအား ပမာမခန့်မပြု။ ဤသည်မှာ ရှေ့နေ ဦးမောင်မောင်ထွေး၏ ထူးခြားချက်တစ်ရပ်ပင်။

ပန်းချီဆရာလေး ဇေလတ်မော်နှင့် မအေးမြစန္ဒာတို့မှာ လူငယ်ဘာဝ ချစ်ကြိုက်ပြီး ဇေလတ်မော်က သူ့ဇာတိ တောင်ငူမြို့သို့ ခိုးပြေးသည်။ မအေးမြစန္ဒာမိဘများက ပန်းချီဆရာလေးနှင့် သဘောမတူ။ သူဌေးသား သန်းလွင်ဆိုသူနှင့်သာ သဘောတူသည်။ မအေးမြစန္ဒာက သန်းလွင်ကို နည်းနည်းမျှ စိတ်မဝင်စား။ ဇေလတ်မော်မှ ဇေလတ်မော်။ နောက်ဆုံးတော့ ခိုးပြေးရာ မအေးမြစန္ဒာဖခင် ဦးသာမူးက တရားလိုလုပ်ပြီး တရားစွဲသည်။ ရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ တရားစွဲပြီး ဇေလတ်မော်ကို ဖမ်းဆီးလိုက်သည်။ ဥပဒေရုံးအကြံပေးတင်ပြရာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ တရားစွဲရန် အကြံပြုသည်။ သို့အတွက် ဇေလတ်မော်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ တရားစွဲတင်သည်။

တရားလို ဦးသာမူးက သူ့သမီး အေးမြစန္ဒာမှာ အသက် (၁၆)နှစ်အောက်ဖြစ်ကြောင်း မွေးစာရင်းတင်ပြသည်။ တရားခံ ဇေလတ်မော်ဘက်မှ ထိုမွေးစာရင်းမှာ အတုဖြစ်ကြောင်း တင်ပြထုချေသည်။ တရားလိုဘက်မှ တင်သွင်းသော သန်းခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းဝင်မှတ်ပုံတင်တို့တွင် အေးမြစန္ဒာအသက်မှာ ခိုးပြေးစဉ်က အသက် (၁၆) နှစ် (၈)လ ဖြစ်နေသည်။ မွေးစာရင်းနှင့် ပတ်သက်၍ တိုင်း ဖွား/ သေစာရင်း မှတ်ပုံတင်အရာရှိကို ရုံးခေါ်သက်သေအဖြစ် စစ်ဆေးသောအခါ တရားလို ဦးသာမူး တင်သွင်းသော မွေးစာရင်းမှာ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသော စာရင်းဖြစ်ကြောင်း ပေါ်လွင်သွားသည်။

ထိုအမှုဖြစ် အကြောင်းအရာများအပေါ် တရားခံ အကျိုးဆောင်ရှေ့နေ ဦးမောင်မောင်ထွေးက တရားရုံးချုပ် စီရင်ထုံး လမ်းညွှန်ချက်များကို ကိုးကားကာ ထောင့်စေ့စေ့ တင်ပြမှုကို ပရိသတ် သဘောကျနေကြသည်။

ဦးမောင်မောင်ထွေး လျှောက်လဲပြီးနောက် တရားလို အကျိုးဆောင် ဥပဒေအရာရှိက တရားခံ ဇေလတ်မော်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ

၃၆၃ အရ အပြစ်ပေးရန် လျှောက်လဲတင်ပြသည်။

မြို့နယ်တရားရုံးက လာမည့် တနင်္လာနေ့တွင် အမိန့်ချမှတ်ရန် ချိန်းလိုက်သည်။

➤➤➤

## အခန်း(၆)

"ကိုအညာသား"

"ဘာလဲ အေးချစ်"

"စာဥအမေ ဒေါ်သောင်းသောင်းနဲ့ ငပွအမေ ဒေါ်ဝိုင်းစိန်တို့ အတော် အဆင်ပြေနေကြတယ် ကြားတယ်။ စာဥကိုယ်ဝန် ဆေးခန်းပြတာတောင် သူတို့နှစ်ယောက် အတူတူလိုက်ပြကြတယ် ပြောတယ်"

"ဝမ်းသာစရာပေါ့ အေးချစ်ရာ။ ဒါပေမဲ့ စာဥအဖေ ဦးလှအောင်က တော့ ခပ်တင်းတင်း ဖြစ်နေတယ်ကြားတယ်"

"ခဏပါ ကိုအညာသားရာ။ အဲဒီလို တင်းလေ တစ်နေ့ကျ လျော့ လေပဲသာ အောက်မေ့လိုက်"

"ဟုတ်ပါတယ်လေ။ သားအချစ် မြေးအနှစ်ဆိုတဲ့စကား ရှိသားပဲ။ သူမြေးလေးရလာရင် ဖူးဖူးမှုတ်ထားမှာပါ"

"ဒါနဲ့ အေးချစ် ပြီးခဲ့တဲ့ စနေနေ့က ဒေါ်ဝိုင်းစိန်ရဲ့ သားအကြီး တရားသူကြီးလင်မယား လာသွားတာ ဘာထူးလဲဟင်"

ကိုအညာသားက စကားလမ်းကြောင်း ပြောင်းလိုက်၏။

''သူတို့လာတဲ့နေ့က ဒေါ်ဝိုင်းစိန် ရန်ကုန်ရောက်နေတယ်။ သူတို့သား အမိတွေ လွဲသွားကြတယ်။ ဘာမှမပြောဘဲ ဒေါ်ဝိုင်းစိန်မရှိလို့ ပြန်သွားကြတယ်။ ဘာကိစ္စလဲတော့ မသိဘူး''

''ကေန္တ ဒေါ်ဝိုင်းစိန် သူ့သားကြီးနဲ့ သားလတ်ကို အဆက်အသွယ် ဖြတ်ထားပုံရတယ်။ ဒါကြောင့် သားကြီးဖြစ်တဲ့သူက မနေနိုင်လို့ လိုက်လာတာဖြစ်မှာ''

''ဟုတ်တယ်။ ငပွအမိန့်ချပြီးနောက်ပိုင်းမှာ ဒေါ်ဝိုင်းစိန်ဟာ သူ့သားကြီးနဲ့ သားလတ်အကြောင်း လုံးဝ မဟတော့ဘူး''

''ဒေါ်ဝိုင်းစိန်က သူ့သားလေးငပွကို အတော်ချစ်တာပဲနော် အေးချစ်''

''ဟုတ်တယ်၊ သားသုံးယောက်ထဲမှာ အငယ်ဆုံး အဆိုးဆုံးဆိုတော့ ချစ်တာပေါ့''

''ငါကတော့ ငပွတစ်ယောက် သေမိန့်ကနေ လွတ်ပါစေလို့ အမြဲဆုတောင်းတယ်''

''ကျွန်မလဲ ဒီလိုပါပဲ။ တစ်ခါတလေ ငပွအကြောင်း တွေးမိရင် စိတ်မကောင်းဘူး။ တကယ်တော့ ညီကြီးနဲ့ စံတုတ်က ပြဿနာရှာတာ။ ဥပဒေတွေ ဘာတွေတော့ မသိဘူးလေ''

မအေးချစ်အသံမှာ အနည်းငယ် တိမ်ဝင်သွား၏။

''ငပွအမေ ဒေါ်ဝိုင်းစိန်က သေဒဏ်ပယ်ဖျက်ရေးအတွက် ကြိုးစားနေတယ်ကြားတော့ မျှော်လင့်မိတယ်။ ဘာမှ မလုပ်ဘဲနေတာထက်စာရင် လှုပ်ရှားနေတာဟာ ကောင်းတာပေါ့''

ယနေ့ ထူးခြားသည်။ ကိုအညာသားတို့လင်မယားမှာ ခါတိုင်းကဲ့သို့ အရွှတ်အနောက်မပါဘဲ အတည်ပြောနေကြသည်။ သို့သော် သူတို့ပြောကြသည့် စကားများက ဟိုရောက် သည်ရောက်။

''ငပွအစ်ကိုကြီးက တရားသူကြီးဖြစ်နေတော့ ဒီလောက် ပြစ်ဒဏ်

ကျလိမ့်မယ်လို့ မထင်မှတ်ခဲ့ဘူး''

မအေးချစ်က သေဒဏ်အမိန့်နှင့် ပတ်သက်၍ လက်လှမ်းမီသမျှ သုံးသပ်လိုက်သည်မှာ ရိုးရိုးစင်းစင်း။

''ဟုတ်တယ် အေးချစ်။ ငါလဲ အပိုင်တွက်ထားတာ။ သေဒဏ်တော့ မကျနိုင်ဘူးလို့။ ငပွရဲ့ သောက်ဖော်သောက်ဖက်တွေက ကွင်းလုံးကျွတ်လွတ် လိမ့်မယ်လို့တောင် ပြောနေကြတာ''

ကိုအညာသားကလည်း သူ့ရင်ထဲရှိသည့်အတိုင်း ပြောလိုက်ပုံက ပေါ့ပေါ့ပါးပါးပင်။

''ကိုအညာသားကလဲ ဒါလောက် လူနှစ်ယောက်လုံးကို သတ်ထား တာ။ လုံး၀ ကွင်းလုံးကျွတ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ပြစ်ဒဏ်တော့ ကျမှာပဲ။ အဲ ... သေမိန့်ကျသွားတာကတော့ စိတ်မကောင်းဘူး''

မအေးချစ်သည် မျက်လုံးအစုံတွင် ရစ်သိုင်းလာသော မျက်ရည်ကြည် များကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်၏။ ကိုအညာသားက စကားမဆက်။ ငပွအတွက် စိတ်မကောင်းဖြစ်နေသော ဇနီးသည်ကိုသာ ကြောင်ငေးငေး ကြည့်နေလိုက်သည်။

''ရှင် စဉ်းစားကြည့်လေ။ ဒီလူသတ်မှုမှာ အဓိက မျက်မြင်သက်သေ က ကျွန်မတို့ လင်မယားအသိဆုံးပဲ''

''ဟုတ်တယ်လေ''

''ငပွက ဘယ်တော့မှ ရန်မစဘူး။ သူတို့ကသာ ရန်စကြတာ။ ငပွလေးခမျာ ခံလိုက်ရတာ အလူးအလဲပဲ။ ပြဿနာတက်တဲ့နေ့ကလဲ သူ့ ဘာသာ ရေထိုင်သောက်နေတာ။ ညိုကြီးနဲ့ စံတုတ်က သူ့ကိုရန်စပြီး ထိုး ကြိတ်ကြတာ။ နောက်ဆုံး မတတ်သာလို့ ဓားနဲ့ထုတ်ထိုးလိုက်တာပဲ။ ဓား နဲ့ ထိုးတာကလဲ တစ်ချက်စီပဲ''

''အေးချစ်ပြောလို့ ငါစဉ်းစားကြည့်မိတယ်။ ငပွကသာ လက်ဦးမှုမရ ရင် ညိုကြီးနဲ့ စံတုတ်တို့က ငပွကို အသေများလုပ်မလား မသိဘူးနော်''

ကိုအညာသား သူ့အတွေးစလေးကို ဖြတ်ပြောလိုက်ရ၍ ရင်ထဲပေါ့

သွားသည်။

''ဘယ်ပြောနိုင်မလဲ ကိုအညာသားရာ။ နှစ်ယောက်နဲ့ တစ်ယောက်။ ပြီးတော့ ငပွကို သူတို့က အမြဲအနိုင်ကျင့်နေတာ။ ငပွက ကျန်းမာရေး ကောင်းတာလဲ မဟုတ်ဘူး''

မအေးချစ်သည် သူ့အချစ်တော် ဖောက်သည် ငပွဘက်ကိုသာ အလေးပေးပြောကြားနေသည်။ ခင်ပွန်းသည် ကိုအညာသားကလည်း မအေးချစ်အဆိုကို ထောက်ခံသည်။

''ဒါနဲ့ အေးချစ်၊ ငပွကို သေမိန့်ချလိုက်တော့ သူ့ကို ဘယ်တော့ သတ်မှာလဲ မသိဘူးနော်''

''အဲဒီကိစ္စအတွက် အားတဲ့တစ်နေ့မှာ တစ်ကျွန်းပြန် ဘကြီးသပြေကို မေးကြည့်ရမယ်။ ဘကြီးက ထောင်ဗဟုသုတတွေ ရှိတယ်''

''အေး .... အခုမှ သတိရတယ်။ တစ်နေ့လောက် ဘကြီးသပြေ အိမ်သွားပြီး မေးကြရအောင်။ ဘကြီးဆီက အကြံဉာဏ်လေးဘာလေး ရတာပေါ့''

ကိုအညာသားသည် ဆကာကြီး ၂ ရပ်ကွက်တွင် နေထိုင်သော တစ်ကျွန်းပြန် ဘကြီးသပြေကို ဖျတ်ခနဲ သတိရသွား၏။

ဘကြီးသပြေမှာ မြန်မာပြည်အနှံ့ရှိ နာမည်ကြီးထောင်များကို ရောက်ခဲ့ဖူးသူဖြစ်သည်။ ဘကြီးသပြေ၏ ထောင်အကျဉ်းသားအမည်မှာ ကျားလက်ဝါးမောင်တင်။ ဘကြီးသပြေ အသက် ၂၀ အရွယ်တွင် လူသတ်မှု ဖြစ်သည်။ သူသတ်သောသူများက သူစိမ်းမဟုတ်။ သူ့ညီမမိသားစုဖြစ်သည်။ သူ့နှမတော်သူက လင်ငယ်နေသည်ကို ကျားလက်ဝါးမောင်တင် သိသွားသောအခါ ဒေါပွသွား၏။ နှမဖြစ်သူကို ခေါ်ယူဆုံးမသော်လည်း မရ။ နှမဖြစ်သူက ခံမပြော နားမထောင်။ ကျားလက်ဝါးမောင်တင် ဆုံးဖြတ်ချက်ချလိုက်၏။

တစ်နေ့တွင် ငှက်ကြီးတောင်ဓား ဆောင်ပြီး သူ့နှမအိမ်သို့ သွားသည်။ သူ့ယောက်ဖက ပင်လယ်ပြင်သို့ ငါးဖမ်းထွက်နေသဖြင့် အိမ်တွင်

မရှိ။ ကျားလက်ဝါး မောင်တင် ရောက်သွားသည့်အချိန်တွင် အိပ်ခန်းထဲ၌ သူ့နှမနှင့် ကပြားယောကျ်ားတစ်ယောက်ကို ပက်ပင်းတိုးတော့သည်။ အိပ်ရေ့တွင် သုံးနှစ်အရွယ်ကလေးမလေး ငုတ်တုတ်ထိုင်ကာ မုန့်စားနေ၏။ ကလေးကတော့ ဘာမျှ မသိရှာ။

ကပြားယောကျ်ားသည် ကျားလက်ဝါးမောင်တင်ကို မြင်သောအခါ အလူးအလဲထပြီး ထွက်ပြေးရန် ပြု၏။ သို့သော် ကျားလက်ဝါးမောင်တင်၏ သန်မာထွားကျိုင်းသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို မကျော်လွှားနိုင်။ ကျားလက်ဝါးမောင်တင်က ဘယ်လက်ဝါးဖြင့် ရိုက်လိုက်ရာ ထိုကြာကူလီကပြားမှာ ပုံလျက်သား လဲကျသွား၏။ နှမဖြစ်သူက သူ့လင်ငယ်ကိုထိသောကြောင့် ကျားလက်ဝါးမောင်တင်ကို ပက်ပက်စက်စက်ပြန်ပြောသည်။ ကျားလက်ဝါးမောင်တင် စိတ်မထိန်းနိုင်တော့။ အမိုက်မှောင်ညမှာ လရောင်ကင်းမဲ့သွားတော့၏။

ကျားလက်ဝါးမောင်တင် ညာဘက်လက်တွင် ဆုပ်ကိုင်ထားသော ငှက်ကြီးတောင်ဓားသွားမှာ ဖောက်ပြန်သူ နှစ်ယောက်၏ ဇီဝိန်ကို အဆုံး ... ိက်သည်။ သွေးအိုင်ထွန်းနေသော နှစ်လောင်းပြိုင်မြင်ကွင်းက မ... ည့်ရက်စရာ။ ကျားလက်ဝါးမောင်တင် အခန်းထဲမှ ပြန်ထွက်လာသော အခါ သုံးနှစ်အရွယ် ကလေးလေးမှာ မုန့်စားမပျက်။ ပထမတော့ ကျားလက်ဝါးမောင်တင် စိတ်ရိုင်းဝင်သွားသေးသည်။ သဲလွန်စကင်းအောင် ကလေးကိုလည်း အပြတ်ရှင်းမှဟု။ သို့သော် အမိုက်မှောင်ညသို့ ငွေကြယ်တစ်စင်း အပြေးရောက်လာသည့်နှယ်။ ကောင်းမြတ်သော အသိတရားလေး လင်းလက်သွား၏။ မုန့်စားနေသော တူမလေးကို လွတ်ငြိမ်းခွင့်ပေးရှုံသာ မက သူ့တူမလေးကို တစ်ချက်နမ်းကာ ထွက်လာ၏။ ကလေးရှေ့ရေးကို တွေးပြီး လူသတ်သမားကြီး ကျားလက်ဝါးမောင်တင် မျက်ရည်ဝဲခဲ့ရသည်။

နောက်ဆုံးတွင် ကျားလက်ဝါးမောင်တင်(ခ) မောင်သပြေမှာ လူသတ်မှုဖြင့် တစ်သက်တစ်ကျွန်း ထောင်ကျသွားလေသည်။ သူ၏ ရေးဘဝ ကုသိုလ်ရေစက်ကြောင့်လားမသိ။ ကျားလက်ဝါးမောင်တင်(ခ)မောင်သပြေ

မှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ လွတ်လာခဲ့သည်။ ထောင်မှ ထွက်လာပြီးနောက်ပိုင်း နောင်တအသိတရားများရကာ ဘာသာရေးကိစ္စရပ်များကိုသာ တစိုက်မတ်မတ် ဆောင်ရွက်သည်။ လူသတ်သမား ထောင်ထွက်ဖြစ်သော်လည်း ဘကြီးသပြေ၏ ကောင်းမြတ်သော အသိတရားကြောင့် လူကြီးလူငယ်အားလုံးက နေရာပေးကြ၊ အလေးထားကြသည်။ ထောင်ထွက်ဆိုပြီး ဝိုင်းပယ်ခြင်း မရှိကြပေ။ ထိုထိုဤဤ ဆက်ဆံမှုအပေါ် ဘကြီးသပြေကလည်း တုံ့ပြန်ကာ ဘုရားဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စများကိုသာ တစိုက်မတ်မတ် ဆောင်ရွက်နေသည်မှာ လေးစားကြည်ညိုဖွယ်ရာပင်။

➤➤➤

## အခန်း(၇)

"သဇင်ရယ် အခုတလော အလုပ်လုပ်ရတာ စိတ်မပါသလိုပဲ"

အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သော အောင်ကိုလတ်က ဖနီးသည် မသဇင်နွယ် ကြားလောက်ရုံ ပြောလိုက်သည်မှာ ညည်းညည်းညူညူ။

"ဘာတွေဖြစ်နေလို့လဲ ကိုလတ်ရဲ့"

သဇင်နွယ်၏ ချိုမြမြအသံကလေးက ခပ်လွင်လွင်။

"ညီလေး အောင်ဒွေးအကြောင်း တွေးမိတိုင်း စိတ်မကောင်းဘူး။ ပြီးတော့ ဆကာကြီးမှာ တစ်ယောက်တည်းနေနေတဲ့ အမေ့အတွက်လဲ စိတ်မချမ်းသာဘူး"

အောင်ကိုလတ်က ရင်ထဲရှိသည့်အတိုင်း ပြောလိုက်ရသဖြင့် စိတ်အနည်းငယ် ပေါ့သွားသည်။ သဇင်နွယ်မှာ အောင်ကိုလတ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။

"ဟုတ်တယ်နော် ကိုလတ်။ သူ့သားလေး သေမိန့်ချပြီးကတည်းက

အမေဟာ သဖင်တို့နဲ့ အဆက်အသွယ်မလုပ်တော့ဘူး''

''ကိုလတ်တို့၊ သဖင်တို့နဲ့သာမက အစ်ကိုကြီးနဲ့ မမထားတို့ မိသားစုကိုလဲ အဆက်အသွယ်မလုပ်တော့ဘူး။ အမေ ဘာတွေလုပ်နေလဲ မသိဘူး။ ကျန်းမာရေး အခြေအနေ ကောင်းမကောင်းလဲ မသိရဘူး''

အောင်ကိုလတ်သည် ထိုသို့ပြောရင်း မျက်နှာညှိုးရော်သွား၏။

''ဒီလိုလုပ်ပါလား ကိုလတ်။ လာမယ့်သကြန်ရက်မှာ အလုပ်တွေအားတာပဲ။ အမေ့ကိုလဲ ကန်တော့ရင်း အခြေအနေသွားကြည့်ရအောင်''

သဖင်နွယ်ပေးသော အကြံဉာဏ်သည် အောင်ကိုလတ်အတွက် လမ်းပွင့်သွားသည်။ အလိုက်သိသော သဖင်နွယ်ကို ရင်ထဲမှ ကျိတ်၍ ကျေးဇူးတင်လိုက်၏။

''ဒါနဲ့ သဖင်နွယ်က သဖင်ဖွယ့်မိဘတွေရှိတဲ့ ပြည်မြို့ကို ပြန်မယ်ဆို''

အောင်ကိုလတ်က ဇနီးသည်၏ သကြန်ခရီးစဉ်ကို သတိရသဖြင့် ပြောလိုက်သည်။

''ပထမတော့ ပြည်ကိုပြန်မလို့ပဲလေ။ သဖင်နွယ်ရဲ့ မိဘတွေက ကျန်းမာရေးလဲ ကောင်းတယ်။ အစစအရာရာ အဆင်ပြေကယ်လို့ ဖုန်းအဆက်အသွယ်လဲ ရထားတယ်။ ဒီတော့ ကိုလတ်အမေရှိတဲ့ ဆကာကြီးကို သွားဖို့ပဲ ဆုံးဖြတ်လိုက်တယ်''

အောင်ကိုလတ် ဝမ်းသာကြည်နူးမိသည်မှာ ဖော်မပြနိုင်။

''ကောင်းပြီ။ ဆကာကြီးကိုသွားဖို့ အစီအစဉ်ဆွဲမယ်။ ဒါနဲ့ သဖင်ရေ အစ်ကိုကြီးတို့ ထားတို့ကိုလဲ အဆက်အသွယ်လုပ်ရင် ကောင်းမလားမသိဘူး''

''သိပ်ကောင်းတာပေါ့ ကိုလတ်ရဲ့။ ဒါမှ အမေလဲ သူ့သားတွေ၊ ချွေးမတွေ၊ မြေးတွေနဲ့ တွေ့ရတော့ စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့''

သဖင်နွယ့်ထောက်ခံမှုက လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

''ပြောနေကြာတယ် သဖင်ရယ်။ အခုပဲ အစ်ကိုကြီးဖုန်းကို ဆက်လိုက်မယ်''

"ကောင်းသားပဲ။ ဆက်လေ ကိုလတ်"

အောင်ကိုလတ်သည် တယ်လီဖုန်းခုံသို့ လျှောက်လာပြီး မအူပင်ခရိုင် တရားသူကြီး ဦးသိန်းကျော် တယ်လီဖုန်းနံပါတ်ကို နှိပ်သည်။ ရုတ်တရက် မရ။ အောင်ကိုလတ် စိတ်ရှည်လက်ရှည် ကြိုးစားသည်။ ငါးကြိမ်မြောက်တွင် မအူပင်အိတ်ချိန်းနှင့် အဆက်အသွယ်ရသည်။ ထို့မှတစ်ဆင့် တရားသူကြီး ဦးသိန်းကျော်နှင့် ဖုန်းကွန်တက်ရသွား၏။

"ဟဲလို ... မအူပင်ခရိုင်တရားရုံးက ပါလား"

"--------"

"ကျေးဇူးပြုပြီး တရားသူကြီး ဦးသိန်းကျော်ကို ခေါ်ပေးပါ"

"-------"

"ရန်ကုန်က သူ့ညီ အောင်ကိုလတ်လို့ ပြောလိုက်ပါ"

"-------"

အောင်ကိုလတ် ဖုန်းခွက်ကို နားနှင့်ကပ်ပြီး စောင့်နေသည်။

တစ်အောင့်အကြာတွင်–

"------"

"အစ်ကိုကြီးလား။ ကျွန်တော် ကိုလတ်ပါ"

"------"

"လာမယ့် သင်္ကြန်ရက်မှာ ဆကာကြီးသွားမလို့။ အစ်ကိုကြီးတို့ လင်မယား လိုက်နိုင်မလား"

"------"

"ဟာ ... အစ်ကိုကြီးတို့ တရားရုံးက သင်္ကြန်ရက်တောင် မပိတ်ဘူးလား"

"-------"

"ဩော် ... ကျွန်တော် သဘောပေါက်ပါပြီ"

"-------"

"ကျွန်တော် အမေနဲ့မတွေ့ရတာကြာလို့ တွေ့ချင်တာလဲ ပါတယ်။

အမေ့ကို သင်္ကြန်ရက်မှာ ကန်တော့ချင်တာလဲ ပါတယ်။ အမေ့ကျန်းမာရေးအခြေအနေကိုလဲ သိချင်တယ် အစ်ကိုကြီး''

''-------''

''သဇင်နွယ်ကိုယ်တိုင်က ဆကာကြီးသွားဖို့ တက်တက်ကြွကြွပဲ။ သူကိုယ်တိုင် တိုက်တွန်းတာ။ ပြည်ကိုပြန်မယ့်အစီအစဉ် ဖျက်လိုက်တယ်''

''-------''

''ရပါတယ် အစ်ကိုကြီး။ ကန်တော့ချင်တဲ့ ပစ္စည်းတွေကို ရန်ကုန်ပို့လိုက်လေ''

''-------''

''ခနုဖြူလမ်းက မသွားဘူး အစ်ကိုကြီး။ ခနုဖြူကဆိုရင် မော်တော်တစ်ဆင့် စီးရဦးမှာ။ ရန်ကုန်ကနေ ပြည်လမ်းအတိုင်း သွားမယ်။ တိုက်ကြီးအလွန် ဥတိုကနေ အဖျောက်ရေနံမြေလမ်းအတိုင်းသွားရင် ဆကာကြီးကိုရောက်တယ်''

''-------''

''ရတယ် အစ်ကိုကြီး၊ လမ်းပန်းဆက်သွယ်ရေးတွေ အရမ်းကောင်းနေတာ။ အခုဆိုရင် ဆကာကြီးကနေ ရန်ကုန်တက်ပြီး နေ့ချင်းပြန် ဈေးဝယ်နေတာတွေ ရှိတယ်''

''-------''

''ဟုတ်တယ် အစ်ကိုကြီး''

''------''

''အမေ့အတွက် အစ်ကိုကြီး ကန်တော့မယ့်ပစ္စည်းတွေကို ကျွန်တော်လာယူရမလား''

''-------''

''ဩော် ... အစ်ကိုကြီးတို့ ရန်ကုန်လာဖို့ရှိတယ်ဆိုရင်လဲ ပြီးတာပဲ''

''-------''

''ကျွန်တော်တို့ သင်္ကြန်အကြိုနေ့ နေ့လယ်ပိုင်း ထွက်မယ်။ မနက်

ပိုင်း အစ်ကိုကြီးတို့ရောက်ရင် ရတယ်''

''------''

''ကောင်းပြီ၊ ဒါဆိုရင် ဖုန်းချလိုက်မယ်နော်''

''---------''

➤➤➤

## အခန်း(၈)

ဆကာကြီး (၇)ရပ်ကွက် ရွှေညောင်ပင်ကြီးသည် ရွက်သစ်များဖြင့် ဝေဆာနေသည်မှာ စိမ်းစိမ်းစိုစို။ မုတ်သုံရနံ့ပါသော ညောင်ရွက်လေချိုသံတို့မှာ အတာသကြင်္ကန်ကို လက်ခုပ်လက်ဝါးတီးကာ ကြိုဆိုနေသည့်နှယ်။ ထက်ကောင်းကင်မှာ ကြည်လင်မှုအရောင်ဖျော့ပြီး မြူမှုန်များဖြင့် မှိုင်းညို့နေသည်။ မှုန်ရီရီမြူမှုန်များက ကောင်းကင်ထက်တွင် မတည်ငြိမ်။ တသုန်သုန်ဖြူးလာသော လေပြည်လေညင်း၊ လေသရမ်းတို့ကြောင့် ရွေ့လျားနေသည်မှာ တရိပ်ရိပ်။ ရွှေညောင်ပင်ကြီးနှင့် မလှမ်းမကမ်းတွင် စီးဆင်းနေသော မြစ်မင်းရေမှာ လှိုင်းကလေးတွေ ဘောင်ဘင်ခတ်နေသည်မှာ တဖျပ်ဖျပ်။ ထိုအချိန်တွင် ငါးကြင်းတွေ ဆန်ပြီး ငါးတန်တွေ မြူးထူးနေကြသည်ကို မည်သူမျှ မမြင်ရ။ သို့သော် ရှစ်ရပ်ခွင် မိုးသက်ဆင်၍ ရွာဟန်ပျိုးသော အခါ ကျေးငှက်တို့ ရွှေညောင်ပင်ထက်တွင် အဖော်အပေါင်းများနှင့် အတက်အဆင်းလုပ်ကာ ပျော်မြူးနေကြသည်ကို မြင်ရသည်မှာ အတိုင်းသားပင်။ သရဖီ၊ အင်ကြင်း၊ ပိတောက်ပန်းရနံ့တို့သည် မုတ်သုံရနံ့ကို မကျော်နိုင်

ရှာ။ ပန်းပိတောက်သည် ပြက္ခဒိန်အကြည့်များ၍ ပွင့်ခဲ့သည်မှာ အကြိမ်ကြိမ်။ အတာသင်္ကြန်ကာလတွင် ကွက်တိမပွင့်နိုင်သော ပိတောက်ပန်းအဖြစ်ကား ကြာလေလေ မျက်နှာငယ်လေလေ။ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်ဆိုသော ဆိုရိုးစကားမှာ ယုံတမ်းစကားဖြစ်နေပေပြီ။

''ဥဩ ...ဥဩ ...ဥဩ''

နွေတေးရှင် ဥဩငှက်ကလေးများသည် ဝသန်မိုးရနံ့ရ၍လားမသိ။ နှုတ်ဆက်တေးကို သီနေကြသည်မှာ လွမ်းဆွတ်ဖွယ်ရာပင်။ ဆကာကြီး မြို့၌ ပီတိလှိုင်းတို့ ထန်သောကာလ။

''ဒေါ်ဝိုင်းစိန်အိမ်က ဘယ်အိမ်လဲ''

စာပို့သမား မောင်လှသန်းသည် ထင်းပေါက်နေသော ဦးခင်ကြည်ကို မေးလိုက်၏။ ဦးခင်ကြည်က ထင်းပေါက်မြဲ ပေါက်လျက်။ မောင်လှသန်းသည် ဦးခင်ကြည်အနား တိုးသွားပြီး–

''ဦးလေး''

''အန်''

မောင်လှသန်း သဘောပေါက်သွား၏။ ဦးခင်ကြည်ကို ကျယ်ကျယ်ပြောမှ ဖြစ်မည်ဟု။

''ဦးလေး''

''ဘာလဲ ကလေး''

''ဒေါ်ဝိုင်းစိန်အိမ်က ဘယ်အိမ်လဲ''

မောင်လှသန်းက အသားကုန်အော်ပြောလိုက်သည်။

''ဟိုမှာ''

သုံးပင်နှစ်ခန်း၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးတစ်ထပ်အိမ်ကလေးကို ညွှန်ပြသည်။

''ကျေးဇူးပါပဲ ဦးလေး''

မောင်လှသန်း၏ ကျေးဇူးတင်စကားကို ဦးခင်ကြည် ကြားပုံမရ။ ဦးခင်ကြည်က ထင်းကို ဆက်ပေါက်သည်။ မောင်လှသန်းသည် ဦးခင်ကြည်

ညွှန်ပြသော အိမ်ရှေ့အရောက်တွင်–

''ဒေါ်ဝိုင်းစိန် သံကြိုး''

ဟု အော်လိုက်သည်။

ဟင်းအိုးတည်နေသော ဒေါ်ဝိုင်းစိန် ကပျာကယာ ပြေးထွက်လာသည်။ မောင်လှသန်းက သံကြိုးစာကို ပေးသည်။

''စာဥရေ ...ခဏ''

သံကြိုးစာကို လှမ်းယူရင်း စာဥကို လှမ်းခေါ်သည်။ စာဥ အပြေးအလွှား ရောက်လာ၏။

''အမေ ဘာလဲ''

''သံကြိုးစာတဲ့။ အမေ့ကို အသံထွက်ပြီး ဖတ်ပြစမ်းပါ''

စာဥက သံကြိုးစာလေးကို ယူပြီး အသံထွက်ဖတ်ပြသည်။

(အောင်ဒွေး(ခ)ငပွ သေဒဏ်၊ လက်ခံ တရားရုံးချုပ်က သေဒဏ်ဆိုင်းငံ့ထားရန် အင်းစိန်ဇဟိုထောင်သို့ အကြောင်းကြားပြီး ဦးနက်ကျော်)

''ဝမ်းသာလိုက်တာ အမေရယ်။ အောင်ဒွေးတော့ သေတွင်းက လွတ်ပြီ''

စာဥသည် ဝမ်းသာလွန်း၍ အသားများပင် တဆတ်ဆတ် တုန်နေ၏။ ဒေါ်ဝိုင်းစိန်က စာဥလက်ထဲမှ သံကြိုးစာကို လှမ်းယူပြီး ဝမ်းသာလုံးဆို့သွား၏။

သံကြိုးစာလေးကို ရင်ဘတ်ဖြင့် ဖိထားရင်း သတိတစ်ချက် လစ်သွားသည်။ မစာဥက သတိလစ်နေသော ဒေါ်ဝိုင်းစိန်ရင်ဘတ်ကို လှုပ်ခါရင်း–

''အမေ ... အမေ''

''အင်''

''အမေ သတိရပြီလား''

စာဥက စိုးရိမ်တကြီး မေးလိုက်သည်မှာ သည်းသည်းလှုပ်။

''သမီး အောင်ဒွေးသေဒဏ်ကို ဆိုင်းငံ့ထားလိုက်ပြီတဲ့။ အမေ့သား

လေး မသေဘူး သမီး''

ဒေါ်ပိုင်းစိန်က အားရဝမ်းသာ ပြောလိုက်ရာ စာဥမှာ မယုံနိုင်အောင် ဖြစ်သွား၏။

''ဟုတ်ရဲ့လား အမေ။ သမီးကို အဲဒီစာရွက်ကလေး ပေးစမ်းပါဦး''

စာဥက ပြောပြောဆိုဆို ဒေါ်ပိုင်းစိန်ရင်ဘတ်တွင် လက်နှင့်ဖိထားသည့် သံကြိုးစာရွက်အား ဆတ်ခနဲ ဆွဲယူပြီး ထပ်ဖတ်သည်။

''ဝမ်းသာလိုက်တာ အမေရယ်။ သေဒဏ်အမိန့်ကို ဆိုင်းငံ့ထားလိုက်ပြီတဲ့''

စာဥသည် သံကြိုးစာရွက်ကလေးကို ကိုင်ပြီး ခုန်ဆွခုန်ဆွ လုပ်နေသည်မှာ စာမေးပွဲအောင်မြင်သော ကလေးတစ်ယောက်နှယ်။

''သမီး မခုန်နဲ့လေ။ သမီးမှာက မပေါ့မပါးကြီးနဲ့''

ဒေါ်ပိုင်းစိန် ဟန့်လိုက်သောကြောင့် စာဥသတိရကာ အခုန်ရပ်သွား၏။

''အမေ''

''ဘာလဲ သမီး''

''ကိုအညာသားတို့ လင်မယားကို ပြေးပြောလိုက်ဦးမယ်''

စာဥမှာ ဝမ်းသာလွန်း၍ ဣန္ဒြေမရ။

''သမီးရယ် ပြောချင်ရင် သွားပြောပါ။ ပြေးတော့ မပြေးပါနဲ့''

ဒေါ်ပိုင်းစိန်က ကိုယ်ဝန်ထိခိုက်မှာစိုး၍ ပြောလိုက်သည်။

''စိတ်ချပါ အမေ။ သမီး မပြေးဘဲ သွားပြောပါ့မယ်''

''အေး ... အမေလဲ သမီးအမေ သောင်းသောင်းကို ပြေးပြောလိုက်ဦးမယ်''

''အမေကလဲ ပြောတာတော့ ပြောပေါ့။ ပြေးတော့ မပြေးပါနဲ့။ တော်ကြာ ခလုတ်တိုက်ပြီးလဲမှ အခက်''

တစ်ယောက်နှင့်တစ်ယောက် စိုးရိမ်ပူပန်နေကြသည်မှာ ကြင်နာမှုအပြည့်။ စာဥက ကိုအညာသားအရက်ဆိုင်ဘက်သို့ မပြေးရုံ ခြေလှမ်းများ

ဖြင့် သွားသည်။ ထို့အတူ ဒေါ်ဝိုင်းစိန်က ဒေါ်သောင်းသောင်းဆီသို့ သွားသည်။

အောင်ဒွေး(ခ)ငပွတစ်ယောက် သေဒဏ်မိန့်ကို ဆိုင်းငံ့ထားရန် အကျဉ်းထောင်သို့ တရားရုံးချုပ်မှ အကြောင်းကြားစာ ထုတ်လိုက်ကြောင်း သတင်းက အသံထက် မြန်သလား အောက်မေ့ရ၏။ တစ်နယ်လုံး သတင်းပြန့်နှံ့သွားသည်မှာ ကွမ်းတစ်ရာညက်ပင် မရှိ။

ကိုအညာသား၊ မအေးချစ်၊ ချက်ပု၊ ဝေါ်နှင့် မောင်စိုးတို့မှာ ဝမ်းသာလွန်း၍ အော်ဟစ်မြူးထူးကာ ကခုန်ကြသည်။

➢➢➢

အခန်း(၉)

ရန်ကုန်–ပြည်လမ်းအတိုင်း မောင်းနှင်လာသော လင့်ခရူဆာကား သည် တိုက်ကြီးအလွန် ဥတို့အရောက်တွင် ဘယ်ဘက်သို့ ချိုးကွေ့လိုက်၏။

''ကိုလတ် သေချာအောင် လမ်းကြောင်းအခြေအနေ မေးသွားရင် ကောင်းမယ်''

သဇင်နွယ်က လမ်းလည်မှာစိုးသဖြင့် သတိပေးလိုက်သည်။ အောင် ကိုလတ်က မှန်ချလိုက်ပြီး ဈေးသည်တစ်ယောက်ကို မေးသည်။

''ဒီလမ်းအတိုင်း မောင်းချသွား။ အဖျောက်မြို့ကို မရောက်ခင် လိမ် ပင်ရွာဆိုတာ ရှိတယ်။ အဲဒီကျတော့ ဆကာကြီးသို့ဆိုပြီး လမ်းညွှန်ထား တယ်။ အဖျောက်က ညာဘက်၊ ဆကာကြီးက ဘယ်ဘက်။ ရဲရဲသာ မောင်းသွား ရောက်ပါတယ်''

ဥတိုလမ်းဆုံမှ ကွမ်းယာသည်တစ်ဦးက လက်ဟန်ခြေဟန်ဖြင့် လမ်း ညွှန်ပြသနေသည်မှာ မြန်မာ့စိတ်ရင်းအပြည့်။

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်''

အောင်ကိုလတ်က ယဉ်ကျေးသိမ်မွေ့စွာ ပြန်ပြောပြီး ကားမှန်ကို ပြန်တင်ကာ ဆက်မောင်းသည်။ LAND- CRUSA အစိမ်းရင့်ရောင်ကား သည် ဥတိုလမ်းဆုံမှ အဖျောက်ရေနံမြေလမ်းအတိုင်း မောင်းနှင်သွားသည် မှာ တရိပ်ရိပ်။

လိမ်ပင်ရွာအရောက်တွင် ဆကာကြီးသို့ လမ်းညွှန်အတိုင်း ဆက် မောင်းသည်။ လမ်းဘေးဝဲယာရှိ ရိုးပြတ်များမှာ သွေ့ခြောက်နေသော်လည်း လယ်ကွင်းများကို အစိမ်းရောင် သစ်ပင်များက အနားကွပ်ထား၏။

သိပ်မမောင်းလိုက်ရ။ ဆကာကြီးမြို့၏ ကျက်သရေဆောင် ပြည် လုံးချမ်းသာဆုတောင်းပြည့်စေတီတော် ထီးတော်မြတ်ကြီးအား ဖူးမြော်တွေ့ ရသည်မှာ ကြည်ညိုစရာ။ ရွှေတံဆိပ်ဆုရ ဆကာကြီး အထကနှင့် ဆကာ ကြီး တိုက်နယ်ဆေးရုံ အဆောက်အအုံများကိုလည်း မြင်တွေ့နေရပေပြီ။ အောင်ကိုလတ်သည် ဆကာကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မြင်ရသော အခါ ကြည်နူးသွား၏။ ဆကာကြီးမြို့ထဲသို့ ကားဝင်လိုက်သည်နှင့် ကတ္တရာ လမ်းအစကို တွေ့ရသည်။ ယခင်က သစ်အိမ်၊ ဝါးအိမ်တို့သာရှိသော ဆကာ ကြီးသည် တိုက်တာအဆောက်အအုံများနှင့် ခံ့ခံ့ထည်ထည်။ မရောက်တာ ကြာပြီဖြစ်၍ မည်သူမည်ဝါ၏ အိမ်ဆိုသည်ကိုတော့ အောင်ကိုလတ် မသိ ရှာ။ လမ်းသွားလမ်းလာများကို ကြည့်ရင်း ဖြည်းဖြည်းချင်း မောင်းနေသည် မှာ စမ်းတဝါးဝါး။

ယခင် ရ–ဝ–တ ရုံး(ယခု ရ–ယ–က)ရုံး လမ်းဆုံအရောက်တွင် ကားကို ရပ်လိုက်သည်။ ငယ်ပေါင်းအသိ အကျွမ်းများကို ရှာသည်။ နံနက် ၈ နာရီအချိန်ဖြစ်သဖြင့် ဈေးသွားဈေးလာတို့ စည်ကားနေသည်။ ၈ နှစ်၊ ၉ နှစ်အရွယ် ကလေးတစ်သိုက်က ကားကို ဝိုင်းအုံကြည့်ကြသည်။ ခေါင်း တုံးဆံတောက်နှင့် ကလေးတစ်ယောက်က ကားကို ပွတ်သပ်ကြည့်နေသည် မှာ ရူးရူးစမ်းစမ်း။ အောင်ကိုလတ်သည် ကားမှန်အားလုံးကို ချလိုက်၏။

''ချာတိတ် ဦးမျိုးမြင့် အပ်ချုပ်ဆိုင်က ဘယ်မှာလဲကွ''

အောင်ကိုလတ် မေးခွန်းကြောင့် ခေါင်းတုံးဆံတောက်နှင့် ကလေး

မှာ မျက်စိကလယ်ကလယ်ဖြင့် စဉ်းစားရှာသည်။

''စိန်စကြာအပ်ချုပ်ဆိုင်က ဦးမျိုးမြင့်လေ''

အောင်ကိုလတ်က ဦးမျိုးမြင့် အပ်ချုပ်ဆိုင်နာမည်ကိုပါ သေချာအောင် ပြောပြလိုက်၏။ ကလေးထံမှ အဖြေထွက်မလာ။

''သူ့မိန်းမက ဒေါ်ညွန့်စိန်လေ''

''ဟာ ... သိပြီ ... သိပြီ။ ဦးမျိုးမြင့်၊ ဒေါ်ညွန့်စိန်။ သိပြီ။ စိန်စကြာအပ်ချုပ်ဆိုင် မဟုတ်ဘူး။ ဦးမျိုးမြင့်က အောင်ဘာလေထီ ရောင်းတယ်။ သူ့မိန်းမက ဒေါ်ညွန့်စိန်က မုန့်ဟင်းခါးရောင်းတယ်''

ကလေးက အားတက်သရော ပြောပြ၏။

''အဲဒီဆိုင်ကို ပြကွာ''

''ဟိုရှေ့က ဦးမြသိန်း ငြိမ်းချမ်းကဖီးဆိုင်ရှေ့မှာ ကားရပ်လိုက်။ ပြီးရင် လေးငါးလှမ်းလျှောက်လိုက်တာနဲ့ ဦးမျိုးမြင့်ဆိုင် ရောက်ကော''

ခေါင်းတုံးဆံတောက်နှင့် ကလေးက လမ်းညွှန်နေသည်မှာ ချက်ချက်ချာချာ။ အောင်ကိုလတ် ဝမ်းသာသွား၏။ ဦးမြသိန်းနှင့်ကလည်း လူရင်းတွေ။ သို့နှင့် ကားကို ညာဘက်ချိုးလိုက်၏။ ကတ္တရာလမ်းမဟုတ်။ အုတ်ခဲလမ်းကို မောင်းရသည်။ ငြိမ်းချမ်းကဖီးရှေ့တွင် ကားကိုရပ်လိုက်ပြီး ဆင်းလိုက်၏။

''သဇင် ဆင်းလေ။ ကိုလတ်အသိနဲ့ တွေ့ရအောင်။ ပြီးမှ အမေ့အိမ်ကို ပြခိုင်းတာပေါ့။ ကိုလတ်လဲ မရောက်တာကြာတော့ ဘယ်ကနေ ဘယ်လို မောင်းရမှန်း မသိဘူး။ သူတို့နဲ့တွေ့ပြီး လက်ဖက်ရည်သောက်တာပေါ့''

''ကောင်းသားပဲ။ သဇင်လဲ ဗိုက်ဆာနေတာနဲ့ အတော်ပဲ''

ပြောပြောဆိုဆို သဇင်နွယ် ကားတံခါးဖွင့်ပြီး ဆင်းလိုက်သည်။ ဈေးသွား၊ ဈေးလာများက အောင်ကိုလတ်နှင့် သဇင်နွယ်ကို စိတ်ဝင်တစားကြည့်ကြသည်။ မျက်နှာစိမ်း လူသစ်ဖြစ်၍ စူးစမ်းအကြည့်များဖြင့် ကြည့်ကြသည်မှာ ဓမ္မတာ။

''ဟဲ့ ...ကိုလတ်''

ဦးမြသိန်းဇနီး ဒေါ်တင်က အောင်ကိုလတ်ပခုံးကို တစ်ချက်ပုတ်ပြီး အားရဝမ်းသာ နှုတ်ဆက်လိုက်၏။

''မမတင် ကျွန်တော့်ကို မှတ်မိသားပဲ''

အောင်ကိုလတ်ကလည်း ဝမ်းသာအားရ ဖြစ်သွား၏။

''နင့်ကို ခွေးချီသွားတောင် မှတ်မိတယ်''

ဒေါ်တင်၏ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောလိုက်သောစကား ကြောင့် အောင်ကိုလတ်နှင့် သဇင်နွယ်တို့ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီး ရယ်နေကြသည်မှာ ဟက်ဟက်ပက်ပက်။

''အစ်ကိုမြသိန်းကော''

အောင်ကိုလတ်အမေးစကားကြောင့် ဒေါ်တင့်မျက်နှာ ချက်ချင်း ညှိုး ရော်သွား၏။ အောင်ကိုလတ် ရုတ်တရက် နားမလည်။ ဒေါ်တင့်မျက်နှာ မှာ ပြုံတော့မည့်မိုးနှယ်။

''ကိုလတ်တို့ ထိုင်ပါဦး။ အေးအေးဆေးဆေး ပြောပြပါ့မယ်''

လက်ဖက်ရည်စားပွဲဝိုင်းလွတ် တစ်ဝိုင်းတွင် အောင်ကိုလတ်တို့ လင် မယား ထိုင်လိုက်ကြသည်။

''ဒါနဲ့ မမတင်။ ကိုမျိုးမြင့်ကြီးတစ်ယောက်ကော''

အောင်ကိုလတ်က တွေ့လိုစိတ်စောပြီး မေးလိုက်၏။

''နင့်လူကြီး ရှိပါတယ်။ ဟိုမှာ သူတို့ဆိုင်။ မျိုးမြင့် တော်ကြာလာ လိမ့်မယ်''

အောင်ကိုလတ်က ဒေါ်တင်ညွှန်ပြသော ဆိုင်ကို လှမ်းကြည့်လိုက် သည်။ ကိုမျိုးမြင့်ဆိုင်ဝယ် စားသုံးသူများ ပြည့်နေသည်။

''အစ်ကိုမြသိန်းကိစ္စ ပြောပါဦး''

''နင့်အစ်ကို မနှစ်က ဆုံးသွားတယ် ကိုလတ်''

ဒေါ်တင်သည် ဦးမြသိန်း ဆုံးသွားကြောင်းပြောရင်း ဆို့နင့်သွား၏။ အောင်ကိုလတ်ရင်ထဲ မကောင်းတော့။

''စိတ်မကောင်းပါဘူး မမတင်ရာ။ အစ်ကိုမြသိန်းက ကျွန်တော်တို့

ညီအစ်ကိုတွေကို အရမ်းသည်းခံတာ''

''ဟော ... ဟိုမှာ မျိုးမြင့်''

ဒေါ်တင်က စကားပြောရင်း ဦးမျိုးမြင့်ကို မြင်သဖြင့် ခါးဆန့်ပြီး ပြောလိုက်၏။

''ဖြောင်း ... ဖြောင်း''

အောင်ကိုလတ်က လက်ခုပ်တီးပြီး ဦးမျိုးမြင့်ကို လက်ယပ်ခေါ်လှမ်းခေါ်နေသည်မှာ အူလှိုက်သည်းလှိုက်။ စက်ဘီးစီးလာသော ဦးမျိုးမြင့် ဘရိတ်ညှစ်ပြီး ငြိမ်းချမ်းကဖီးဆိုင်သို့ လှမ်းကြည့်နေသည်။ ရုတ်တရက် မမှတ်မိ။

''ကိုမျိုးမြင့် လာဗျာ''

အောင်ကိုလတ်က မတ်တတ်ရပ်ပြီး အသံပြုလိုက်ရာ ဦးမျိုးမြင့် ကောင်းကောင်း မှတ်မိသွား၏။ စက်ဘီးကို လမ်းဘေးတွင်ရပ်ပြီး ဆိုင်ထဲသို့ ဝင်လာသည်။ ဦးမျိုးမြင့်နှင့် အောင်ကိုလတ်တို့ တွေ့ဆုံကြသည်မှာ ဖက်လဲတကင်း။

''ကိုမျိုးမြင့် ခင်ဗျားကတော့ အရင်အတိုင်းပဲနော်။ အရွယ်ကျမသွားဘူး''

အောင်ကိုလတ်က ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြောလိုက်သည်။ ထိုအချိန်တွင် ဒေါ်တင့်သမီးလေးက လက်ဖက်ရည် နှစ်ခွက်လာချသည်။

''သိပ်လဲ မြှောက်မနေပါနဲ့ ကိုလတ်ရာ။ ပြီးရင် ငါ့ဆိုင်မှာ မုန့်ဟင်းခါးလာစား''

ဦးမျိုးမြင့်ပြောပုံကြောင့် သဇင်နွယ်က စိစိလေး ပြုံးသည်။

''ကိုမျိုးမြင့် ကျွန်တော့်အမေအိမ်ကို လိုက်ပို့ဦးနော်''

''ကိုလတ် မသိသေးဘူးနဲ့ တူတယ်''

ဦးမျိုးမြင့်စကားကြောင့် အောင်ကိုလတ်ရင်ထဲ ထိတ်သွား၏။ သဇင်နွယ်လည်း မျက်လုံးပြူးသွားသည်။

''ဘာကိုလဲ ကိုမျိုးမြင့်။ အမေဘာဖြစ်လို့လဲ''

အောင်ကိုလတ် ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

''မင်းအမေ ဘာမှမဖြစ်ပါဘူးကွ။ ရန်ကုန်က သံကြိုးစာလာလို့ ဒီမနက်ပဲ မင်းအမေ ရန်ကုန်တက်သွားတယ်။ ဒီညပြန်ရောက်မှာ''

''ဘာသံကြိုးလဲ ကိုမျိုးမြင့်''

''မင်းညီ ပွဲသေဒဏ်ကို ဆိုင်းငံ့ထားလိုက်ကြောင်း ရှေ့နေဆီက သံကြိုးကွ''

ဦးမျိုးမြင့်က ဝမ်းသာစွာဖြင့် ပြောလိုက်သည်။ အောင်ကိုလတ်တို့ လင်မယား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးပျော်သွားကြ၏။

''ဝမ်းသာလိုက်တာ ကိုမျိုးမြင့်ရာ။ ကျွန်တော့်ညီလေးအတွက် ကောင်း သတင်းပဲ။ အမေ ဒီညပြန်ရောက်မှာ သေချာတယ်နော်''

''သေချာပါတယ်။ မနေ့က ညနေ ငါနဲ့တွေ့တယ်။ သူရှေ့နေဆီ သွားတွေ့မယ်။ ပြီးရင် အားချင်းပြန်လာမယ်လို့ ပြောသွားတယ်''

''ဟုတ်လား''

''ဟုတ်တယ် ကိုလတ်။ လောလောဆယ် ငါ့အိမ်မှာ မင်းတို့ မိသားစု နေ။ စားဖို့သောက်ဖို့လဲ မပူနဲ့။ မင်းအမေအိမ်က သော့ခတ်သွားတာ''

ဦးမျိုးမြင့် လှိုက်လှဲပျူငှာစွာ ပြောလိုက်သည်။

''ဟဲ့ .. မျိုးမြင့်ရဲ့ နင့်အိမ်မှလား။ ငါ့အိမ်မှာလဲ ကြိုက်သလိုနေ၊ ကြိုက်သလိုစားလို့ ရပါတယ်ဟ''

ဒေါ်တင်ကလည်း စေတနာသဒ္ဒါအပြည့်။ သဇင်နွယ်သည် စိတ်ရင်း စေတနာပြည့်ဝသူများအား ရင်ထဲမှ ကျိတ်၍ ချီးကျူးလေးစားရင်း ပြုံးနေ သည်။

''ညီမလေး လောလောဆယ် မမဆိုင်က လက်ဖက်ရည်လေး သုံးဆောင်ပါဦး။ မုန့်တွေလဲ စား''

''ဟုတ်ကဲ့ မမ''

သဇင်နွယ်သည် ဖော်ရွေလွန်းသော ဒေါ်တင့်မျက်နှာကို အပြုံးတစ် ချက်ဖြင့် ကြည့်ရင်း လက်ဖက်ရည်ချိုပေါ့လေးကို သောက်လိုက်၏။

➤➤➤

**အခန်း(၁၀)**

အောင်ကိုလတ်နှင့် သဇင်နွယ်သည် ရန်ကုန်ကားအဝင်ကို စောင့်ရင်း ဆကာကြီးရှိ ဘုရားကျောင်းကန်များသို့ သွားသည်။ ဦးမျိုးမြင့်နှင့် ဦးမျိုးနိုင်တို့က ဦးဆောင်ပြီး တစ်ကျောင်းဝင် တစ်ကျောင်းထွက် သွားကြရင်း စိတ်လက်လန်းဆန်းနေကြသည်။

''ကဲ ... ကိုလတ်။ မင်းမိဘတွေ ကိုးကွယ်ခဲ့တဲ့ ဂုဏ်မင်းကျောင်းကို သွားကြရအောင်''

''သွားလေ ကိုမျိုးမြင့်''

သဇင်နွယ့်မျက်နှာ မသိမသာ ရှုံ့သွား၏။ လမ်းလျှောက်ပါများ၍ ခြေကုန်လက်ပန်းကျနေပုံ။

''ကလေးမရယ် ဒီတစ်ကျောင်းပြီးရင် ပြီးပါပြီ။ ဒီကျောင်းကြီးက ကလေးမရဲ့ ယောက္ခမတွေ ကိုးကွယ်တဲ့ကျောင်းလဲဖြစ်တယ်။ ရှေးဟောင်းဇမ္ဗူလုံးချမ်းသာ စေတီတော်ကြီးလဲ ရှိတဲ့အတွက် သွားသင့်ပါတယ်''

ဦးမျိုးမြင့်က မသဇင်နွယ် အရိပ်အကဲကိုကြည့်ပြီး တိုက်တွန်းလိုက်

၏။

"ဟုက်တယ် ညီမ။ အခုဆိုရင် ဂုဏ်မင်းကျောင်းဝင်းထဲမှာရှိတဲ့ ရှေးဟောင်း ဇမ္ဗူလုံးချမ်းသာစေတီတော်ကြီးကို ဉာဏ်တော်မြင့်ပြီး မွမ်းမံနေတယ် ညီမရဲ့။ ကြုံကြိုက်ခဲ့ပါတယ်"

ဦးမျိုးနိုင်ကလည်း မသဇင်နွယ် ခြေလှမ်းများ သွက်လာအောင် အားပေးရှာ၏။ မသဇင်နွယ်က ပြုံးပြီး–

"သမီးလိုက်ခဲ့မှာပါ။ လမ်းလျှောက်ရတာများတော့ ဖြည်းဖြည်းပဲလိုက်ခဲ့ပါရစေ"

"အင်း ... ဒီတစ်ခါတော့ ကျွန်တော့်ချစ်ဇနီးရဲ့ ခြေဖဝါးတော်နုနုသွေးခြည်ဥပါပြီ"

အောင်ကိုလတ်စကားကြောင့် မသဇင်နွယ်မျက်နှာနုနု၌ ပီတိပြုံးတစ်ချက် ပွင့်သွားသကဲ့သို့ ဦးမျိုးမြင့်နှင့် ဦးမျိုးနိုင်တို့လည်း ပြုံးနေကြသည်။

"အေးပါကွယ်။ ဖြည်းဖြည်းလျှောက်ပါ။ မကြာခင် ရောက်တော့မှာပါ။ သိပ်မဝေးတော့ပါဘူး"

ဦးမျိုးမြင့်က အားပေးစကားပြောပြီး ဂုဏ်မင်းကျောင်းသို့ ဦးဆောင်ကာ လျှောက်သည်။ ဦးမျိုးနိုင်၏ နောက်တွင် အောင်ကိုလတ်တို့ ဇနီးမောင်နှံက တစ်လှမ်းချင်း တွဲလျက် လျှောက်သည်။

"ချွင် ... ချွင် ... ချွင်"

ဂုဏ်မင်းကျောင်းနား နီးလာလေ ဇမ္ဗူလုံးချမ်းသာ ထီးတော်မြတ်မှ ဆည်းလည်းလှုပ်ခါသံများမှာ အတိုင်းသား ကြားလာရ၏။

မြင်ကွင်းက ကြည်နူးစရာ။ ဇမ္ဗူလုံးချမ်းသာ ရှေးဟောင်းစေတီတော်ကြီး မွမ်းမံပြင်ဆင်ရန်အတွက် လုပ်အားဒါနပြုနေကြသူများမှာ မနည်းလှ။ ချွေးတစ်လုံးလုံးဖြင့် အုတ်ခဲများ သယ်ယူနေကြသည်မှာ မမောနိုင်၊ မပန်းနိုင်။ လုပ်အားဒါနပြုသူများအတွက် အာဟာရဒါနပြုနေသူများကလည်း တဖွဲဖွဲပင်။

ကျောင်းအဝရောက်သည်နှင့် ဖိနပ်များ ချွတ်ကာ ကျောင်းဝင်းထဲ

သို့ ဝင်လိုက်၏။ ပြင်ဆင်မွမ်းမံနေသော ဇမ္ဗူလုံးချမ်းသာစေတီတော်ရင်ပြင်တွင် ထိုင်ပြီး စေတီတော်ကြီးအား ဖူးမြော်ကန်တော့ကြသည်။

ကြည်နူးဖူးမြော်နေသော အောင်ကိုလတ်တို့ ဇနီးမောင်နှံကိုကြည့်ရင်း ဦးမျိုးမြင့်နှင့် ဦးမျိုးနိုင်တို့ ပီတိဖြာနေကြသည်။ ဦးမျိုးမြင့်က ဘုရားဂေါပက လူကြီးများနှင့် အောင်ကိုလတ်တို့ လင်မယားကို မိတ်ဆက်လေ၏။

''ကိုလတ်''

''ဘာလဲ သဇင်''

''စေတီတော်ကြီးအတွက် လှူရအောင်''

''လှူလေ သဇင်''

သဇင်နွယ်က လက်ပွေ့အိတ်ထဲမှ တစ်ထောင်တန်များကို ထုတ်ပြီး အလှူခံလူကြီးများရှေ့သို့ ခပ်ယို့ယို့လေး သွားလိုက်သည်။

''နှစ်ဖက်မိဘများအား အမှူးထား၍ ကိုအောင်ကိုလတ်၊ မသဇင်နွယ် အလှူငွေ တစ်သိန်း''

အသံချဲ့စက်မှ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော ကြေညာသံကြောင့် ကြားရသူတိုင်း ပီတိဖြစ်ကာ သာဓုများ ခေါ်ကြသည်။ အောင်ကိုလတ်မှာ သဇင်နွယ်၏ လှူဒါန်းမှုအပေါ် ကြည်နူးဝမ်းသာမဆုံး ဖြစ်နေ၏။ ဇမ္ဗူလုံးချမ်းသာ ထီးတော်ထက်မှ ဆည်းလည်းသံများက ပိုမိုကျယ်လောင်လာသယောင်ယောင်။

ပူရှိန်ပြင်းသည့် သူရှိန်မင်းသည် မြစ်မင်းရောအနောက်ခြမ်း မိုးကုပ်စက်ဝိုင်းမှနေ၍ အောင်ကိုလတ်တို့ ဇနီးမောင်နှံ လှူဒါန်းမှုကို သာဓုခေါ်နေသည့်နှယ်။ ရောအနောက်ခြမ်း ဝေဟင်ထက်မှ အုပ်စုဖွဲ့ ပျံသန်းလာသည့် ငှက်ဖျိုင်းဖြူတို့ အိပ်တန်းပြန်အလှက တိမ်တောက်ချိန် ပန်းချီကားတစ်ချပ်အသွင်။ ရောတစ်ကြော စုန်ဆန်မျောနေကြသည့် သဘော်၊ မော်တော်၊ လှေ၊ သမ္ဗန်တို့က မြစ်မင်းရော၏ အလှကို ဖော်ကျူးနေသည့်နှယ်။ နဒီကမ်းနံဘေးက မြို့ဆကာမှာ ဇမ္ဗူလုံးချမ်းသာ တန်ခိုးရှိန်ဝါကြောင့် သာယာစိုပြည်မှု အပြည့်ပင်။

''ဘော် ... ဘော် ... ဘော်''

''ကိုမျိုးမြင့် အဲဒါ သဘော်ဥညြဆွဲသံလား''

''မဟုတ်ဘူး အောင်ကိုလတ်။ ရန်ကုန်–ဆကာကြီး ကားဟွန်းသံကွ။ ကဲ .... ဒါလောက်ဆို ကျေနပ်ကြတော့။ ပြန်ကြမယ်။ မင်းအမေ ဒေါ်ဝိုင်းစိန်က အဲဒီကားနဲ့ ပြန်လာမှာ''

''ဟုတ်လား။ ဒါဆိုရင် ပြန်ကြမယ်။ တော်ကြာ အမေနဲ့ လွဲနေမယ်။ လာ ... သဇင်''

''မီပါတယ်ကွာ။ အဲဒီကားဟွန်းသံက အင်းတာကျေးရွာလောက်က လာတာပါ။ ကောင်းကောင်းမီပါတယ်''

ဦးမျိုးမြင့်စကားကြောင့် အောင်ကိုလတ်မှာ စိတ်အေးသွား၏။

➢➢➢

**အခန်း(၁၁)**

ရန်ကုန်မြို့ သခင်မြပန်းခြံမှ နေ့လယ် ၂ နာရီတွင် ထွက်ခွာလာသော မြောက်ပိုင်းခရိုင် လိုင်းအမှတ် ၁၃၂ ဆကာကြီး– ရန်ကုန် ခရီးသည်တင်ကားသည် ဆကာကြီးမြို့သို့ ညနေ ၆ နာရီကျော်တွင် ဝင်လာ၏။ ဆကာကြီးမြို့ ၃ ရပ်ကွက် ကားပိုင်ရှင် ဦးချွန်ရှင်၊ ဒေါ်စန်းဋ္ဌေးအိမ်ရှေ့၌ ကားဂိတ်ဆုံးသည်။ ကြိုဆိုသူများ၊ ပခုံးထမ်းအလုပ်သမားများ ကားဘေးတွင် ဝိုင်းရံလာ၏။ အော်သူအော်၊ ခေါ်သူခေါ်နှင့် အသံဗလံများ ဆူညံသွား၏။ ဒေါ်ဝိုင်းစိန် အပြန်ခရီးမှာ အပြုံးပန်းတို့ ဝေဖြာနေသည်။

''အမေ''

''ဟင် .... သားလတ်တို့ပါလား''

ဒေါ်ဝိုင်းစိန် ကားပေါ်မှအဆင်း အောင်ကိုလတ်၏ ခေါ်သံကြောင့် အံ့အားသင့်သွားသည်မှာ အမှန်။ သဇင်နွယ်က ဒေါ်ဝိုင်းစိန်လက်ထဲမှ ဆွဲခြင်းကလေးကို ပြေးယူလိုက်၏။

''သားတို့၊ သမီးတို့ ဘယ်တုန်းက ရောက်တာလဲ''

''ဒီနေ့မနက်ပိုင်းပဲ ရောက်တာ အမေ''

အောင်ကိုလတ်က ဒေါ်ပိုင်းစိန်လက်တစ်ဖက်ကို ယုယစွာ ဆုပ်ကိုင်ရင်း ပြောလိုက်၏။

''အမေလဲ ရန်ကုန်က သံကြိုးစာ လာတာနဲ့ အားချင်း လိုက်သွားတာ''

''အမေနော် သားတို့ကို စိမ်းကားသွားပြီနဲ့တူတယ်။ ရန်ကုန်ရောက်တာတောင် သားတို့ဆီ အဆက်အသွယ် မလုပ်ဘူး''

အောင်ကိုလတ်က ရင်ထဲရှိသည့်အတိုင်း ပြောလိုက်သည်မှာ ပွင့်ပွင့်လင်းလင်း။ ဒေါ်ပိုင်းစိန် တစ်ချက်ပြုံးလိုက်ပြီး–

''သားတို့ကို အမေက ဘာစိမ်းကားစရာလိုလဲ။ အမေလဲ သားလေးငပွကိစ္စ လုံးပမ်းနေရလို့ မဝင်ဖြစ်တာပါ''

''ကိုလတ်ကလဲ အိမ်ကျမှ အေးအေးဆေးဆေး ပြောပါ။ အမေ ခရီးပန်းလာတယ်''

''ရပါတယ် သမီးရယ်။ သားလေးငပွကို သေဒဏ်အမိန့် ဆိုင်းငံ့လိုက်တယ်ကြားကတည်းက အမေ့မှာ စိတ်လက်တွေ ပေါ့ပါးနေပါတယ်''

စကားတပြောပြောနှင့် လျှောက်လာရာ ငြိမ်းချမ်းရေးကဖီးရှေ့သို့ ရောက်လာ၏။

''လာအမေ ကားပေါ်တက်''

အောင်ကိုလတ်က မိခင် ဒေါ်ပိုင်းစိန် ကားပေါ်တက်ရန် ရှေ့ခန်းတံခါးကို ဖွင့်ရင်း ပြောလိုက်၏။

''အမေ့အိမ်ကို ကားနဲ့ သွားလို့မရဘူး။ လမ်းကျဉ်းတယ် သားလတ်။ ကားကို မတင်တို့ဆိုင်ရှေ့မှာသာ ထားခဲ့''

''စိတ်ချလက်ချထားခဲ့ ကိုလတ်။ နင့်ကားကို တို့ကြည့်ထားမယ်''

ငြိမ်းချမ်းရေးကဖီးဆိုင်ထဲမှ ဒေါ်တင်က လှမ်းပြောလိုက်သည်။

''ကျေးဇူးပဲ မမတင်။ ကျွန်တော်တို့ သွားလိုက်ဦးမယ်''

''အေးအေး ... ကိုလတ်။ မပြန်ခင် တို့အိမ်မှာ ထမင်းစားရမယ်နော်''

ဒေါ်တင်၏ စိတ်စေတနာကား အပြုုထည်သက်သက်။

"ထမင်းတွေ ဘာတွေ မလုပ်ပါနဲ့ ဒေါ်တင်ရာ။ ကျွန်တော်တို့ မနက်ပြန်မှာ။ နောက်လာမှ စားမယ်"

"ဘာလဲ ကိုလတ် ရန်ကုန်ရောက်ရင် ကျွေးရမှာစိုးလို့လား"

"မဟုတ်ပါဘူး မမတင်ရာ။ ရန်ကုန်ရောက်ရင် ကျွန်တော်တို့အိမ် လာဖြစ်အောင် လာခဲ့။ ဘာမှ အားမနာရဘူး"

"ဟုတ်တယ် မမ။ ရန်ကုန်ရောက်ရင် သဇင်တို့အိမ်ကို လာခဲ့နော်"

"အေးပါကွယ်။ ရန်ကုန်ရောက်ဖို့လဲ သိပ်မလွယ်ပါဘူး။ ငါ့မှာ မြေးတွေ ထိန်းနေရတာ"

"ဒါဆို မမတင်က ပုတီးကိုချ၊ မြေးကို မ,နေရပြီပေါ့"

အောင်ကိုလတ်က ရယ်သွမ်းသွေးရင်း ပြောလိုက်ရာ ဒေါ်တင်က သဘောကျ၍ ရယ်မောလိုက်သည်။

"ကိုလတ် တို့မလိုက်တော့ဘူး။ ညကျမှ လာလည်မယ်။ ဟုတ်လား"

"ဟုတ်ကဲ့ ကိုမျိုးမြင့်။ ညကျရင် ကိုမျိုးနိုင်လဲ လိုက်ခဲ့နော်"

"အေးပါကွယ်၊ လိုက်ခဲ့ပါ့မယ်"

ဒေါ်ဝိုင်းစိန်တို့ သားအမိသုံးယောက်သည် ငြိမ်းချမ်းရေးကဖီးရှေ့မှ ထွက်ခွာသွား၏။

➤➤➤

## အခန်း(၁၂)

ည ၈ နာရီ။

ဒေါ်ပိုင်းစိန်အိမ်တွင် ဧည့်သည်များ အိမ်တစ်လုံးအပြည့်။ ယခင်က တိတ်ဆိတ်ငြိမ်သက်နေသော ဒေါ်ပိုင်းစိန်အိမ်ကလေးမှာ စကားသံများဖြင့် စိုပြည်နေ၏။ သေဒဏ်ကျသွားသော ငပွသတင်းကို စိတ်ဝင်စားသူများက မေးကြ မြန်းကြသည်။ ကိုအညာသားနှင့် မအေးချစ်တို့ လင်မယားမှာ ငပွအတွက် ရင်အခုန်ဆုံးလူများဖြစ်ကြသည်။ ငပွ၏ သောက်ဖော်သောက်ဖက် ချက်ပု၊ ငတိ၊ မောင်စိုးတို့လည်း ယမကာနံ့တွေ လှိုင်ပြီး ရောက်လာကြ၏။

''အဒေါ် ငပွတစ်ယောက် သေဒဏ်က လွတ်ပြီဆိုတာ ဟုတ်လား''

ချက်ပုက ယမကာထွေထွေးလေးဖြင့် မေးလိုက်၏။ ဒေါ်ပိုင်းစိန်ရင်ထဲ၌ ပီတိတွေ ဖြာဝေသွားသည်။ ချက်ပုစကားမှာ ကောင်းသော နိမိတ်ဟု ကောက်ယူကာ ကျိတ်၍ ဝမ်းသာသွားခြင်းဖြစ်၏။

''ဒီလို ချက်ပုရဲ့။ သေဒဏ်ကို အတည်ပြု၊ မပြု တရားရုံးချုပ်က

မဆုံးဖြတ်ရသေးဘူး။ လောလောဆယ် ခရိုင်တရားရုံးက ချမှတ်ထားတဲ့ သေဒဏ်အမိန့်ကို တရားရုံးချုပ်က ဆိုင်းငံ့ထားဖို့ မအူပင်အကျဉ်းထောင်ကို စာပို့ထားတယ်''

''ဟုတ်လား၊ ဒါဆိုရင် ပွဲတစ်ယောက် အခြေအနေကောင်းမှာပါ''

ချက်ပုစကားက မင်္ဂလာအပြည့်။

''အဒေါ် သူ့အစ်ကိုကြီးကကော အကူအညီပေးမှာပေါ့နော်''

ကိုအညာသားက မေးလိုက်ပြန်သည်။ ဒေါ်ဝိုင်းစိန် အပြုံးရိပ်များ ရုတ်ခြည်းပျောက်ကွယ်သွား၏။ ဒေါ်ဝိုင်းစိန် မျက်နှာပြောင်းသွားသည်ကို သတိထားမိသူက အောင်ကိုလတ်။

''အညာသားရေ၊ ငါ့ရဲ့ သားလေးပွဲကို သေတွင်းက ကယ်ဖို့ ငါ အသက်ရှင်သရွေ့ ကြိုးစားသွားမှာပါ။ ဘယ်သူ့အကူအညီ အထောက်အပံ့မှ မယူပါဘူး''

ဒေါ်ဝိုင်းစိန် တည်ငြိမ်အေးဆေးစွာဖြင့် ပြောရင်း မျက်လုံးအိမ်ဝယ် မျက်ရည်ကြည်များ ရစ်ဝိုင်းလာသည်။

''အမေ''

''ဘာလဲ သားလတ်''

''ညီလေးအတွက် သားလတ်လိုအပ်တာ လုပ်ပေးပါ့မယ်''

ဒေါ်ဝိုင်းစိန်က လက်ဝါးလေးထောင်ပြရင်း ပြုံးသည်။

''ဟုတ်တယ် အမေ၊ သမီးတို့ လုပ်ပေးပါမယ်''

သဇင်နွယ်ကလည်း ဒေါ်ဝိုင်းစိန်ကို အားဖြည့်ပြောကြားသည်။

''သားတို့၊ သမီးတို့ စေတနာကို လေးစားပါတယ်။ ဒါပေမဲ့ အမေ့ရင်တွင်းဖြစ်သားလေးကို မိဘမေတ္တာအပြည့်နဲ့ ကယ်တင်ဖို့ ယတိပြတ် ဆုံးဖြတ်ထားပြီးသားပါ။ ပြီးတော့ ဘာမှလဲ ကုန်ကျစရာမလိုဘူး။ ရှေ့နေကြီး ဦးနက်ကျော်ကလဲ ငွေရရင်ပြီးရော စိတ်ထားမျိုးနဲ့ ကူညီတာ မဟုတ်ဘူး။ သားလေးအတွက် စိတ်ရင်းစေတနာအပြည့်နဲ့ ကူညီတဲ့ ရှေ့နေကောင်းတစ်ယောက်ပါ''

''အမေ''

''ပြော သားလတ်''

''တရားရုံးချုပ်ကိုတက်တာ ရှေ့နေခ ဘယ်လောက်ပေးရလဲ''

အောင်ကိုလတ်က ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

''ဘယ်လောက်မှ မပေးရဘူး။ ရှေ့နေကြီးက တန်ဖိုးမဖြတ်ဘူး။ ဥပဒေပညာ ဒါနလုပ်မှာတဲ့''

''အမေရယ်။ ဘယ်ရှေ့နေမှ အလကားလိုက်တယ်ဆိုတာ မကြားဖူးပါဘူး။ အလကားလိုက်ရင် အလကားရှေ့နေ ဖြစ်သွားမှာပေါ့''

''တော် သားလတ်။ အလကားလိုက်တိုင်း အလကားရှေ့နေဖြစ်သွားမယ်ဆိုတဲ့ စကားကို အမေ လက်မခံဘူး။ အမေ ဆက်ဆံတဲ့ ရှေ့နေရဲ့ စိတ်ဓာတ်ဟာ တန်ဖိုးမဖြတ်နိုင်ဘူး။ ငွေများများတောင်းတဲ့ ရှေ့နေကိုမှ သားလတ်တို့က အထင်ကြီးနေတာမဟုတ်လား။ အေးလေ လူတွေကလဲ စေတနာနဲ့ လိုက်တဲ့ ရှေ့နေကို အလကားရှေ့နေလို့ အောက်မေ့ကြတော့ ခက်တာပဲ''

အောင်ကိုလတ် သက်ပြင်းတစ်ချက် ချလိုက်၏။ မိခင်ကြီးကို စကားနိုင်လုပြောရန် မဖြစ်တော့ဟု စိတ်ပိုင်းဖြတ်လိုက်၏။

''သဇင် အစ်ကိုကြီးက အမေ့ကို ကန်တော့လိုက်တဲ့ ပစ္စည်းတွေ''

သဇင်နွယ်သည် ခရီးဆောင်အိတ်ထဲမှ အထုပ်အပိုးများကို ထုတ်လိုက်သည်။ ဒေါ်ပိုင်းစိန်ကတော့ အေးအေးဆေးဆေးပင်။

''ရော့ ... ကိုလတ်။ အစ်ကိုကြီးတို့ ကန်တော့လိုက်တဲ့ ပစ္စည်းတွေ။ ဒါက သဇင်တို့ ကန်တော့တဲ့ ပစ္စည်း''

သဇင်နွယ်က ဦးသိန်းကျော်တို့ လင်မယား ကန်တော့လိုက်သည့် ပစ္စည်းများနှင့် သူတို့ကန်တော့မည့် ပစ္စည်းများကို အောင်ကိုလတ်ထံ ပေးလိုက်၏။ အောင်ကိုလတ်က ဒေါ်ပိုင်းစိန်လက်ထဲသို့ ထည့်လိုက်ပြီး လင်မယားနှစ်ယောက် ရှိသေစွာ ကန်တော့ကြသည်။ ဒေါ်ပိုင်းစိန်က ခေါင်းညိတ်ပြုံးသာ။ မိခင်တစ်ယောက်က သားသမီးကန်တော့သည်ကို ခါးခါးသီးသီး

ငြင်းပယ်၍ မဖြစ်ချေ။

"ဒေါ်ပိုင်းစိန် ကျွန်တော်တို့ ပြန်ခွင့်ပြုပါဦး"

ကိုအညာသားတို့ လင်မယားက ရိုရိုသေသေ ပြောလိုက်၏။

"အေး ... အေး"

ထို့နောက် သတင်းမေးလာသူ ဧည့်သည်များမှာ အလျှိုအလျှို နှုတ်ဆက်ပြန်သွားကြလေသည်။ ဧည့်သည်များ ပြန်သွားပြီးနောက် ဒေါ်ပိုင်းစိန်သည် ကားစီး ခရီးနှင့်ပင်ပန်းမှုကို အကြောင်းပြုကာ အိပ်ရာစောစောဝင်သွား၏။

>>>

## အခန်း(၁၃)

စာဥ၏ ဖုံးဖိမရသော ကိစ္စမှာ တစ်မြို့လုံး ပျံ့နှံ့သွား၏။ ဦးလှအောင်မှာ ရှက်လွန်း၍ မျက်နှာမပြဝံ့အောင် ဖြစ်နေရှာသည်မှာ သနားစရာ။ ဒေါ်သောင်းသောင်းကတော့ စိတ်သဘောထားပြည့်ဝသည်ဟု ဆိုရမည်သာ။ စာဥတစ်ယောက် ကလေးရှောရှောရှူရှူ မွေးဖွားနိုင်ရေးအတွက် ဒေါ်ဝိုင်းစိန်နှင့် တိုင်ပင်ညှိနှိုင်းကြသည်မှာ နေ့စဉ်။

စာဥသည် ကိုယ်ဝန်ရင့်သည်ထက် ရင့်လာသောအခါ အပြင်သို့ မထွက်ရဲတော့။ ကိုအညာသား၊ မအေးချစ်တို့ ဆိုင်သို့ သွားချင်သော်လည်း ဗိုက်ကြီးတကားကားဖြင့် မသွားဝံ့။ အိမ်တွင်းပုန်းရသည့်အလုပ်က မလွယ်။ ဦးလှအောင် ရှက်ဒေါသတွေ ကိန်းအောင်းနေသော်လည်း ဗိုက်ကလေး တကားကားဖြစ်နေသည့် သမီးကို မာန်မဲလိုစိတ် မရှိ။ ဘေးမသီရန်မခဘဲ ကောင်းကောင်းမွန်မွန် မွေးပါစေဟုသာ ကျိတ်၍ ဆုတောင်းနေရှာ၏။ ဒေါ်ဝိုင်းစိန်နှင့် ဒေါ်သောင်းသောင်း တီးတိုးပြောဆိုသံများကို ကြားချင်၊ သိချင်သော်လည်း ဦးလှအောင် ဣန္ဒြေဆယ်နေရသည်။

"အမေ သမီးဗိုက်ထဲမှာ တစ်မျိုးပဲ"

စာဥသည် မျက်နှာအနည်းငယ်ရှုံ့တွပြီး ပြောလိုက်၏။ ဒေါ်သောင်းသောင်း ပျာပျာသလဲထကာ စာဥနားသို့ တိုးလာသည်။

"သမီး ဗိုက်နာတာလား"

"ဟုတ်တယ်နဲ့တူတယ် အမေ"

"မွေးများ မွေးချင်နေသလားမသိဘူး"

"သမီး မသိဘူးအမေ"

"မဖြစ်ဘူး မဝိုင်းစိန်ကို သွားခေါ်မှ။ သမီး ခဏနေဦးနော်"

ပြောပြောဆိုဆို ဒေါ်သောင်းသောင်းသည် ဒေါ်ဝိုင်းစိန်အိမ်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

"မဝိုင်းစိန် ... မဝိုင်းစိန်"

ထူးသံ ရှတ်တရက် ထွက်မလာ။ အိမ်ရှေ့တံခါးကတော့ ဖွင့်ထားသည်။ ဒေါ်သောင်းသောင်းသည် အိမ်ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ကျီးကြည့်ကြောင်ကြည့် လုပ်နေ၏။

"မဝိုင်းစိန် ... မဝိုင်းစိန်"

ထိုအချိန်တွင် ဒေါ်ဝိုင်းစိန်သည် ကိုအညာသားတို့ဆိုင်ဘက်မှ လျှောက်လာနေ၏။ အိမ်ရှေ့တွင် ရပ်နေသော ဒေါ်သောင်းသောင်းကို တွေ့လိုက်ရ၍ ဒေါ်ဝိုင်းစိန်ရင်ထဲ လှိုက်ဖိုသွားသည်။

"သောင်းသောင်း"

ခေါ်သံကြောင့် လှည့်ကြည့်ရာ ဒေါ်ဝိုင်းစိန်ကို တွေ့သွား၏။

"မဝိုင်းစိန် မြန်မြန်"

ဒေါ်သောင်းသောင်း ပြောပုံက ထိတ်ထိတ်ပျာပျာ။ ဒေါ်ဝိုင်းစိန် ခြေလှမ်း အရှိန်ကို မြှင့်လိုက်သည်။ ဒေါ်သောင်းသောင်းအနားသို့ ရောက်သော အခါ မောဟိုက်နေ၍ ရင်အစုံမှာ နိမ့်ချည်မြင့်ချည်။

"သောင်းသောင်း ဘာအရေးကြီးလို့လဲ"

"သမီး ... သမီးလေး ဗိုက်နာနေပြီ"

"ဟုတ်လား၊ ဒါဆို ဆေးရုံကို အမြန်ပို့မှ"

"မပိုင်းစိန် တစ်ခါတည်း လိုက်ခဲ့လေ။ အိမ်ကျတော့ ကြည့်ပြီး အစီအစဉ်လုပ်တာပေါ့"

ဒေါ်သောင်းသောင်းနှင့် ဒေါ်ပိုင်းစိန်တို့သည် မပြေးရုံတမည် ခြေလှမ်းတို့ဖြင့် လျှောက်လာကြ၏။ ဦးလှအောင်မှာ လက်နှစ်ဖက်နောက်ပစ်ပြီး အိမ်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လုပ်နေသည်။ ပါးစပ်ကလည်း တွတ်ပွတွတ်ပွဖြင့် ဘာတွေ ရွတ်နေသည်မသိ။

ဒေါ်သောင်းသောင်းနှင့် ဒေါ်ပိုင်းစိန်တို့ အိမ်ပေါ်သို့ တက်သွားပြီး စာဥမိုက်ကို အသာအယာ စမ်းကြသည်။ စာဥသည် သူ့ခါးလေးနှစ်ဖက်ကို ထောက်ရင်း မျက်နှာမှာ ရှုံ့မဲ့မဲ့ ဖြစ်နေ၏။ တစ်ခါတစ်ခါ အံကိုပဲ ကြိတ်ခဲလိုက်သေးသည်။

"သမီး ဘာမှ မကြောက်နဲ့။ ဆေးရုံသွားကြမယ်"

ဒေါ်ပိုင်းစိန်က အားပေးစကားဆိုရင်း အစီအစဉ်ကို ဆွဲလိုက်၏။ ဒေါ်ပိုင်းစိန်သည် ကိုအညာသားတို့ဆိုင်သို့ သွားပြီး အကြောင်းကြားလိုက်ရာ ကိုအညာသားတို့ လင်မယားနှင့်အတူ ချက်ပု၊ ငတိနှင့် မောင်စိုးတို့လည်း ပါလာသည်။ ကိုအညာသားက ဝါးလုံးခပ်တောင့်တောင့်တစ်ချောင်းတွင် စောင်တစ်ထည်ဖြင့် ပုခက်ဆင်လိုက်သည်။ ပြီးနောက် စာဥအား ပုခက်တွင် ထိုင်စေလျက် ချက်ပုနှင့် ငတိက ထမ်းကြသည်။ ဒေါ်သောင်းသောင်းက လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ဆွဲခြင်း၌ထည့်ပြီး နောက်မှ လိုက်လာ၏။ ဒေါ်ပိုင်းစိန်နှင့် မအေးချစ်က စာဥဘေးမှ ကပ်လိုက်ရင်း အားပေးစကား ပြောကြသည်။ ချက်ပုနှင့် ငတိ ညောင်းသောအခါ ကိုအညာသားနှင့် မောင်စိုးက တစ်လှည့်သယ်ကြသည်။ ငပွ၏ သူငယ်ချင်း အပေါင်းအဖော်များ စိတ်ဓာတ်က ချီးကျူးစရာ။

ဆကာကြီးတိုက်နယ်ဆေးရုံသို့ ရောက်သောအခါ ဒေါက်တာကြည်စန်းထက်နှင့် သူနာပြုဆရာမများက စာဥ အခြေအနေကို စစ်ဆေးစမ်းသပ်ကြသည်။ ပြီးနောက် စာဥကို မွေးဖွားဆောင်ခုတင်တွင် နေရာချပေးသည်။

ဆေးရုံတက်ပြီး နောက်တစ်နေ့နံနက် ၇ နာရီတွင် စာဥ ရင်သွေးလေးကို အောင်မြင်ချောမောစွာ မွေးဖွားနိုင်ခဲ့သည်။ ကလေးရော၊ မိခင်ပါ ကျန်းမာသဖြင့် အားလုံးက ဝမ်းသာနေကြသည်။ ဒေါ်သောင်းသောင်းသည် အားရဝမ်းသာစွာဖြင့် စာဥအဝတ်အစားအချို့ကို လျှော်ရန် အိမ်သို့ ပြန်လာသည်။ ဦးလှအောင် ဂနာမငြိမ်မှန်း သိသာသည်။ ဆေးရုံမှ ပြန်လာသော ဒေါ်သောင်းသောင်းကို တွေ့သောအခါ သမီးလေးစာဥ အခြေအနေကို သိချင်နေသည်မှာ ဣန္ဒြေမရ၊ သို့သော် မျက်နှာကြောက တင်းထားဆဲ၊ ဒေါ်သောင်းသောင်းသည် ဦးလှအောင်ပုံပန်းသွင်ပြင်ကို အကဲခတ်ပြီး ရင်ထဲမှ ကျိတ်ပြုံးနေမိသည်။ ဦးလှအောင်မှာ သိချင်သော်လည်း မမေးရဲသည့်ဘဝ။

"ကိုလှအောင်"

"ဘာလဲ သောင်းသောင်း"

"ရှင့်သမီးလေးဆီ သွားလိုက်ပါဦးလား"

ဒေါ်သောင်းသောင်းကပင် စကားလမ်းကြောင်း ဖောက်ပေးလိုက်သည်။ ဦးလှအောင် ဘာပြန်ပြောရမှန်းမသိပေ။ မျက်နှာကို ခပ်တည်တည်ထားပြီး ကြည့်နေ၏။

"ကိုလှအောင် ရှင် မြေးရပြီတော့"

ဒေါ်သောင်းသောင်းစကားကြောင့် ဦးလှအောင် ရင်ထဲ၌ ဝမ်းသာမဆုံးဖြစ်သွားသော်လည်း မျက်နှာကတော့ ခပ်တည်တည်ပင်။

"ဘာလေးတဲ့လဲ"

ဦးလှအောင် မေးပုံနှင့်ဟန်ကို ကြည့်ပြီး ဒေါ်သောင်းသောင်း မျက်နှာလွှဲပြီး ပြုံးမိသည်။ ဒေါ်သောင်းသောင်းက ဦးလှအောင်နှင့် မျက်နှာချင်းဆိုင်ပြီး ပြောလိုက်သော စကားကြောင့် ဦးလှအောင်မှာ ဝမ်းသာပီတိတွေကို မျိုသိပ်မထားနိုင်တော့ပေ။

ဒေါ်သောင်းသောင်းက ညာလက်မလေးကို ထောင်ပြီး ပြောလိုက်သည်မှာ–

"ယောက်ျားလေး"

➢➢➢

## အခန်း(၁၄)

ကိုအညာသား၊ မအေးချစ်တို့ ဆိုင်ကလေးမှာ ၄ပွ သေဒဏ်အမိန့် ချပြီးနောက်ပိုင်း လူသိပ်မစည်တော့။ လူသတ်မှု ဖြစ်ပွားခဲ့သော နေရာဖြစ်၍ ရှောင်ကြသည်လား မသိ။ လူအဝင်အထွက် ပါးသွားသည်ကတော့ သိသိသာသာ။ မိတ်ဝတ်မပျက် အမြဲတမ်းသောက်သုံးသူများကတော့ ချက်ပု၊ ငတိ၊ မောင်စိုး။ ကိုအညာသားတို့ လင်မယားမှာ အခြားလုပ်ငန်းတစ်ခုခု ပြောင်းရန် စိတ်ကူးသော်လည်း လက်တွေ့အကောင်အထည်မပေါ်။ အရက်ဆိုင်ကလေးကိုသာ မှေးဖွင့်နေကြရသော်လည်း စိတ်ကမရွှင်။ ၄ပွရှိတုန်းကလို စိုစိုပြည်ပြည် မရှိတော့။

ချက်ပု၊ ငတိ၊ မောင်စိုးတို့မှာ အမြဲတမ်း ဖောက်သည်ဖြစ်သော်လည်း သူတို့သုံးဦးအခြေအနေကလည်း မကောင်း။ အလုပ်အကိုင် မကောင်းသည့်ကြားထဲ အရက်ကို နေ့တိုင်းသောက်ကြသဖြင့် အရက်ကြွေးက ထပ်လာသည်။ ကိုအညာသား မအေးချစ်တို့မှာ ထောင်းသာမှုမရှိသော်လည်း သူတို့သုံးဦး အကြွေးတွေကို အတင်းမတောင်းရက်။ အားနာရမည့်သူများဖြစ်

၍ ဆက်၍သာ အားနာနေရသည့် ဟာငမင်းကို မြောက်မင်းက မကယ်နိုင်သည့် အဖြစ်မျိုး။

"ဗျို့ … ကိုအညာသား"

ငတိက အသံပြုလိုက်၏။ ကိုအညာသားက ပုလင်းခွံများ ဆေးကြောနေပြီး မအေးချစ်က ငါးပြက်ကလေးများကို ဆီပူလှိမ့်နေသည်။

"ဗျို့ … ကိုအညာသား"

"ဟော့ကောင် ငတိ။ မင်းတို့က အမြဲလာနေကျပဲ။ ညှိသည်မှ မဟုတ်ဘဲ အသံပေးမနေနဲ့။ ဝင်လာလေ"

ဟုတ်တော့ ဟုတ်သည်။ ငတိတို့ သုံးယောက်မှာ သူစိမ်းများ မဟုတ်။ ကိုအညာသားတို့ဆိုင်တွင် သူတို့သုံးယောက်က ခြေသည်းလက်သည်းတွေ။

"အသံပေးရတာပေ့ါဗျာ။ ခင်ဗျားတို့ လင်မယား အိမ်ထဲမှာ ဘာလုပ်နေမှန်းမှ မသိတာ"

ငတိပြောပုံက အဓိပ္ပာယ်ပါသည်။ ကိုအညာသားက ငတိ ဘာကိုဆိုလိုမှန်း ထပ်ခနဲ သိလိုက်၏။

"ဟော့ကောင် အိမ်ထဲကိုလဲ ဝင်ကြည့်ဦး။ ဟိုမှာ အေးချစ်က ငါးလေးတွေ ကြော်နေတယ်။ ငါက ပုလင်းဆေးနေတုန်းတန်းလန်း"

ကိုအညာသားက ပုလင်းဆေးရင်း လှမ်းပြောလိုက်ရာ ငတိတို့သုံးယောက် တခိခိရယ်နေကြသည်။

"သက်သက်နောက်တာပါဗျာ။ ကဲ … ကျွန်တော်တို့ သုံးယောက်ကို အရက်တစ်လုံးနဲ့ ငါးပြက်ကြော်တစ်ပွဲ"

ငတိက လှမ်းမှာလိုက်၏။ ချက်ပုနှင့် မောင်စိုးတို့လည်း စားပွဲတစ်လုံးတွင် နေရာယူကြသည်။ ကိုအညာသားက ပုလင်းဆေးရာမှထပြီး အရက်တစ်လုံးနှင့် ဖန်ခွက်သုံးခွက်၊ ရေဘူးတစ်ဘူး ချပေးလိုက်သည်။

"အမြည်းကတော့ ခဏစောင့်ဦး။ အေးချစ်ကြော်နေတုန်း"

"ရပါတယ်။ လောလောဆယ်ကိုက်စရာ သရက်သီးလေး ဘာလေး ရရင် လုပ်ပါ"

မောင်စိုးက လတ်တလောမြည်းစရာတောင်းလိုက်၏။

"အေးအေး .... သရက်သီးတစ်ခြမ်း ရှိတယ်။ ယူပေးမယ်။ ဆား ကော ယူဦးမလား"

"ကောင်းတာပေါ့ဗျာ။ အချဉ်နဲ့ အငန်က မဟာမိတ်ပဲ"

ကိုအညာသားသည် တို့စရာပန်းကန်ထဲမှ သရက်သီးတစ်ခြမ်းကို ပန်းကန်ပြားထဲထည့်ပြီး ဆားလေးတစ်ဇွန်းပါ ပုံပေးလိုက်၏။ ချက်ပု၊ ငတိ နှင့် မောင်စိုးတို့သည် တစ်ယောက်တစ်ခွက်စီ မော့ပြီး သရက်သီးကို ကိုက် ကြသည်။

"ဟော ... ဘကြီးသပြေပါလား။ မလာစဖူး အလာထူး"

ကိုအညာသားဆိုင်ထဲသို့ တန်းဝင်လာသော ဘကြီးသပြေကို ကြည့်ပြီး ချက်ပုက ပြောလိုက်သည်။ ဘကြီးသပြေလက်ထဲတွင် ငှက်ပျောဖူးပုလင်း လွတ်တစ်လုံးကိုင်လျက်။

"ဟ ... ဘကြီးသပြေလဲ ဆေးဖြစ်ဝါးဖြစ် နိပ်တယ်နဲ့တူတယ်။ လက်ထဲမှာ ပုလင်းကြီးနဲ့"

"ဟေ့ကောင် မောင်စိုး၊ အရမ်းမပြောနဲ့။ ဘကြီးက အရက်လုံးဝ သောက်တာ မဟုတ်ဘူး။ ရှောက်ဘီလူးနဲ့ စိမ်ဖို့ လာဝယ်တာ။ ဘကြီးက ‌ဝေ့ုငန်းရောဂါကာကွယ်အောင် ရှောက်ဘီလူးနဲ့အရက်ကို စိမ်တယ်။ သမ္ဘန် ကျင်းဆေးတို့၊ အပ်တို့လဲ ထည့်စိမ်တယ်။ ပြီးရင် ဘကြီးက ညတိုင်း လူးပြီးမှ အိပ်တယ်။ မင်းကြည့်ပါလား။ ဘကြီးက အသက်ရှစ်ဆယ်ကျော် တာတောင် သန်သန်မာမာပဲ"

"ဟုတ်တယ်နော်။ ဘကြီးအသားအရေက စိုပြည်နေတာပဲ"

မောင်စိုးက ဆိုင်ထဲသို့ ဝင်လာသော ဘကြီးသပြေကို ကြည့်ရင်း ပြောလိုက်သည်။

"အညာသားရေ ထုံးစံအတိုင်းပေါ့ကွာ"

"ဟုတ်ကဲ့ ဘကြီး"

ဘကြီးသပြေသည် ချက်ပုတို့ စားပွဲဘေးက ခုံလွတ်တွင် ထိုင်ရင်း

နဖူးမှချွေးများကို သပ်ချလိုက်၏။

''ဘကြီး''

''ဘာလဲကွ''

''ထောင်အတွေ့အကြုံလေးတွေ ပြောပြပါလား။ ကျွန်တော်တို့ နား ထောင်ချင်လို့''

ဘကြီးသပြေက မျက်မှောင်လေးကုတ်ပြီး ကြည့်သည်။

''မင်းက ဘယ်သူလဲ''

''ကျွန်တော်က ငတိ''

''ဟိုဘက်ကကော''

''သူက ချက်ပု''

''ဟိုကောင်က''

''သူက မောင်စိုးပါ''

''ဒါဆို မင်းတို့သုံးယောက်က သေဒဏ်ကျသွားတဲ့ ငပွရဲ့ သောက် ဖော်သောက်ဖက်တွေပေါ့''

''ဟုတ်ပါတယ် ဘကြီး''

ငတိက သွက်သွက်လက်လက် ပြောလိုက်၏။

''အင်း... မင်းတို့အုပ်စုက အရက်သောက်တဲ့ နေရာမှာ နာမည်ကြီး တွေပဲ။ ကြည့်လဲ သောက်ကြကွာ။ အန္တရာယ်ဖြစ်အောင် မသောက်ကြနဲ့။ တန်ဆေး၊ လွန်ဘေးတဲ့။ အရက်မပြောနဲ့ မင်းတို့ ရိုးရိုးသောက်ရေကိုပဲ အတိုင်းအဆမရှိ တဝတပြဲသောက်ကြည့်ပါလား။ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး မရှူနိုင်မကယ်နိုင် ဖြစ်လာမယ်။ အန္တရာယ်နဲ့ ရင်ဆိုင်ရလိမ့်မယ်''

''ဘကြီးကလဲ ထောင်အတွေ့အကြုံတွေ ပြောစမ်းပါ။ အဲဒီကိစ္စတွေ မပြောပါနဲ့''

ငတိက သူစိတ်ဝင်စားတာကိုပင် တောင်းဆိုလိုက်ပြန်သည်။

''ထောင်အတွေ့အကြုံသိဖို့ထက် ထောင်ထဲမရောက်အောင် အသိ တရားလေးတွေ ရထားသင့်တယ်''

"ဘကြီးကလဲ အရက်သောက်တဲ့သူက ကျန်တဲ့ လေးပါးသီလကို လုံခြုံတယ်တဲ့"

"ချက်ပုလား"

"ဟုတ်ပါတယ်"

"အရက်သောက်တဲ့သူဟာ ငါးပါးသီလရှိတဲ့အနက် သူရာမေရိယ ကံ ချိုးဖောက်တာနဲ့ ကျန်တဲ့ လေးပါးကို လုံခြုံတယ်ဆိုတဲ့ စကားကို မင်းကို ဘယ်သူပြောလဲ"

"ဟာသစာရေးဆရာတစ်ယောက်က ပြောတာ ဘကြီး"

ဘကြီးသပြေသည် အံ့ဩသော အမူအရာဖြင့် ချက်ပုတို့ သုံးဦးကို စိုက်ကြည့်နေ၏။

"ဟာသစာရေးဆရာက ရယ်စရာအဖြစ်ပြောတာကို မင်းတို့က အတည်မှတ်မနေနဲ့။ ဘုရားဟောဆိုတာ ဘယ်သူမှ ဆန့်ကျင်လို့ မရပါဘူး"

"ဘကြီးကလဲ အရက်မူးတဲ့သူဟာ သူများအသက်လဲ မသက်ရဲဘူး။ သူများဥစ္စာလဲ မခိုးရဲဘူး။ သူများသားမယားလဲ မကျူးလွန်ဘူး။ လိမ်လည်ပြီး တော့လဲ မပြောဘူး။ ထန်းရည်မူး ကွဲခိုးပေါ်တဲ့ စကားရှိတာပဲ ဘကြီးရဲ့။ အရက်မူးတဲ့သူဟာ သူ့လမ်းတောင်သူ မနည်းဖြောင့်အောင်သွားနေရတာ ကျန်တဲ့ကိစ္စကို ဘယ်စဉ်းစားနိုင်မလဲ"

ချက်ပုစကားကို နားထောင်ပြီး ဘကြီးသပြေ ပြုံးနေ၏။

"ချက်ပု မင်းပြောတဲ့စကားက အတော်ရယ်စရာကောင်းတာပဲ။ မင်းတို့ ခေတ်လူငယ်တွေ အတွေးအခေါ်တိုးတက်လာတာပဲ။ ဘုရားဟောတွေကို တောင် မင်းတို့က ဆန့်ကျင်တွေးခေါ်လာပြီဆိုတော့ အတော်အံ့ဩစရာ ကောင်းတယ်ကွာ။ ပြီးတော့ ကြောက်စရာလဲ ကောင်းတယ်"

"ဘကြီးကလဲ ခေတ်က ပြောင်းလဲလာပြီလေ"

"ဒီမယ် ချက်ပု ခေတ်တွေ ဘယ်လောက်ပြောင်းပြောင်း မင်း မြန်မာ လူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူမှန်ရင် ဘုရားဟောကို ဖီလာပြုလို့ မရဘူး။ ကဲ ... မင်းတို့ကို ငါလက်တွေ့ပြောမယ်။ မှုခင်းစာစောင်တွေမှာ ပြစ်မှုကျူး

လွန်သူအများစုဟာ အရက်တို့ မူးယစ်ဆေးဝါးတို့နဲ့ ပတ်သက်တာ တွေ့ရတယ်။ အရက်မူးပြီး ကိုယ့်ဇနီးမယားကိုတောင် အပိုင်းပိုင်း အတစ်တစ် ခုတ်ထစ်သတ်တာ ရှိတယ်''

''ရှားပါတယ် ဘကြီးရယ်''

ချက်ပုက အလျှော့မပေးချေ။

''ချက်ပု''

''ဘာလဲ ကိုအညာသား''

''ဘကြီးက အကောင်းပြောတာကို နားထောင်လေ။ ပမာမခန့် ပြန်မပြောနဲ့ကွာ'

ချက်ပု ငြိမ်ကျသွား၏။

''မင်းတို့ကို ငါ့တူလေးတွေ ငါ့မြေးလေးတွေလို သဘောထားပြီး ကြုံတုန်း ပြောရဦးမယ်''

''ပြောပါ ဘကြီး''

မောင်စိုးက ရိုသေစွာ ပြောလိုက်၏။

''မှတ်ထား၊ အရက်မူးနေတဲ့ အရက်သမားဟာ ဒီအလုပ်ကို လုပ်သင့်၊ မသင့် ဆင်ခြင်နိုင်စွမ်း ဝေဖန်ပိုင်းခြားနိုင်စွမ်း အားနည်းသွားတယ်။ ပျင်းရိထိုင်းမှိုင်းနေတတ်တယ်။ သတိမေ့တတ်တယ်။ ဦးနှောက် ချောင်တတ်တယ်။ အရှက်အကြောက် ကင်းတတ်တယ်။ အကုသိုလ်မှုန်သမျှ လွယ်လွယ်လေးပြုတတ်တယ်ကွ''

''ဘကြီး အရက်ရပြီ''

ကိုအညာသားက အရက်ထည့်ပြီးသား ပုလင်းကို ဘကြီးထံ ပေးရင်း ပြောလိုက်၏။

''အေး ... အေး ... ဘယ်လောက်ကျသလဲ အညာသား''

''သုံးရာပါ ဘကြီး''

ဘကြီးသည် နှစ်ရာတန်တစ်ရွက်နှင့် တစ်ရာတန်တစ်ရွက်ကို ထုတ်ပေးပြီး ပြန်ရန်ပြုသည်။ မောင်စိုးက ပျာပျာသလဲ ထပြီး–

''ဘကြီး စကားပြတ်သွားတယ်။ ဆက်ပြောပါဦး ဘကြီးရာ။ ကြုံတုန်းကြုံခိုက် ဘကြီးစကားနားထောင်ချင်လို့ပါ''

ဟုပြောလိုက်သည်။ ဘကြီး ချက်ပုကို အကဲခတ်သည်။

''ပြောပါဦး ဘကြီးရာ။ ကျွန်တော် ပြောမှားဆိုမှားရှိရင် ဖွဲမယူပါနဲ့။ ဘကြီးပြောတာကို နားထောင်ချင်ပါတယ်''

''ကျွန်တော်လဲ နားထောင်ချင်တယ် ဘကြီး''

ငတိကလည်း ဘကြီးကို မပြုန်စေချင်သေး၍ ပြောလိုက်၏။

''ခက်တယ်ကွာ အရက်ဆိုင်မှာ အရက်မကောင်းကြောင်းပြောရတာ အားနားစရာပဲ''

''အားမနာပါနဲ့ ဘကြီး။ ဒီကောင်တွေ အခုလောက်သောက်နေတာ မှားမှာစိုးလို့ အခုလို ဘကြီးပြောတာကို လက်ခံပါတယ်''

ဆိုင်ရှင် ကိုအညာသားကလည်း ဘကြီးစကားကို ကြိုဆိုလိုက်သဖြင့် ဘကြီးသပြေ စကားဆက်ရန် အားတက်သွား၏။

''တိုတိုတုတ်တုတ်ပဲ ပြောမယ်။ ရှေးတုန်းက ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းကြီးဟာ မူးယစ်သောက်စားတဲ့အပြင် အမဲ၊ သား၊ ငါးမပါရင် ပွဲတော်မတည်ဘူး။ ဒီတော့ သူ့စားပွဲတော်မှာ အမြဲတမ်း အသားငါးပါရတယ်''

စကားကို ခဏဖြတ်ပြီး အရက်ဝိုင်းကို အကဲခတ်သည်။ အားလုံး စိတ်ဝင်စားနေမှန်း မျက်လုံးက ဖော်ပြနေလေသည်။

''ဗာရာဏသီပြည်ကြီးရဲ့ ကောင်းမြတ်တဲ့ ထုံးတမ်းစဉ်လာတစ်ခု တော့ လပြည့်၊ လကွယ် ဥပုသ်နေ့တွေမှာ အမဲ၊ သား၊ ငါး မရောင်းချရဘူး။ ဒီတော့ စားဖိုမှူးတွေဟာ အဖိတ်နေ့ရောက်ရင် ဥပုသ်နေ့အတွက်ပါ ကြိုပြီးတော့ သား၊ ငါးတွေ ဝယ်ထားရတယ်။ အဲဒီကာလက ရေခဲသေတ္တာ မပေါ်သေးတော့ မပုပ်မသိုးအောင် ဘယ်လိုထားလဲတော့ မသိဘူး။ ဖြစ်ချင်တော့ စားဖိုဆောင်တံခါး မလုံတော့ ကြိုတင်ဝယ်ထားတဲ့ သားငါးတွေကို ခွေးဝင်စားသွားတယ်။ စားဖိုမှူးလဲ အခက်တွေ့ပြီး အကြံအိုက်တာနဲ့

မိဖုရားကြီးထံ လျှောက်ထားပြီး အကူအညီတောင်းတယ်''

''ကိုအညာသား နောက်တစ်လုံး''

''ဟော့ကောင် ချက်ပု အာရုံနောက်တယ်။ ဘကြီးစကား ဆုံးမှယူ။ နားထောင်ကောင်းနေတုန်း မင်းက တစ်မျောင့်''

ဘကြီးသပြေသည် စကားမဆက်တော့ဘဲ ဟိုကြည့်ဒီကြည့် လုပ်နေ၏။

''ဆက်ပြောပါ ဘကြီး''

မောင်စိုး အတော်စိတ်ဝင်စားနေပုံ ရသည်။

''မိဖုရားကြီးက အကြံပေးတယ်။ မောင်မင်းဘုရားကြီးဟာ သူ့သားတော်လေးကို အလွန်ချစ်တာ။ သားတော်လေး ပွေ့ချီပြီး စိတ်ကြည်နူးနေခိုက် ပွဲတော်ဆက်သမယ်ဆိုရင် ရာဇမာန်ရှခြင်းမှ ကင်းလွတ်နိုင်ကြောင်း ပြောတယ်။ ဘုရင်ကြီးဟာ ပွဲတော်တည်ခါနီးအချိန်မှာအစာကြေဆေးမှိဝဲတဲ့သဘောနဲ့ ကြုံတင်သောက်သုံးထားတာ ရေချိန်ကိုက်နေတယ်''

''ဒီကောင် မောင်စိုးလိုပေါ့''

ချက်ပုက စကားဖြတ်ပြီး ပြောလိုက်ရာ မောင်စိုး ဒေါပွသွား၏။

''ချက်ပုကတော့ကွာ အတော်ခက်နေပြီ''

ဘကြီးသပြေက ပြုံးစစနဲ့ သူ့စကားကို ဆက်သည်။

''မိဖုရားကြီးက သားတော်လေးကို ရေမိုးချိုး နံ့သာလိမ်းခြယ်တန်ဆာဆင်ပြီး ဘုရင်ကြီးရဲ့ ရင်ခွင်ထဲကို ထည့်ပေးထားတယ်။ ဘုရင်ကြီး သားတော်လေးကို ရွှင်မြူးစွာနဲ့ ကလူကျီစယ်နေချိန်မှာ စားတော်ကဲက ပွဲတော်ကို ဆက်သလိုက်တယ်။ ပွဲတော်အုပ်ကို ဖွင့်လိုက်တဲ့အခါ ဘုရင်ကြီးဟာ အသားဟင်းတစ်ခုမှမပါလို့ ဒေါသမီးတောက်လောင်တော့တယ်။ အရက်အရှိန်က ပင့်ထားလေတော့ ဒေါသမီးဟာ အမြင့်ဆုံးဒီဂရီ ရောက်ရှိနေတယ်။ ဘုရင်ကြီးက အသားဟင်းတစ်ခွက်မှ မပါလာတဲ့အတွက် စားတော်ကဲကို ကြိမ်းမောင်းတယ်။ စားတော်ကဲကလဲ ဥပုသ်နေ့ဖြစ်တဲ့အတွက် တစ်တိုင်းပြည်လုံး သားသတ်ရုံများ ပိတ်ထားလို့ အသားရှာမရကြောင်း

လျှောက်ထားတယ်။ ဒီတော့ ဘုရင်ကြီးဟာ ရင်ခွင်ထဲရှိ သားတော်လေးကို လည်ပင်းလိမ်ချိုးပြီးတော့ 'ရော့ …ယူသွား ချက်ချေ'လို့ဆိုပြီး ပစ်ပေးလိုက်တယ်''

''အတော်ရက်စက်တဲ့ ဘုရင်ကြီးပဲ''

''ဟော့ကောင် ချက်ပု မင်းပါးစပ် ပလာစတာ ကပ်ထားကွာ''

မောင်စိုးက စိတ်မရှည်တော့ ချက်ပု ကုပ်ကုပ်ကလေး ဖြစ်သွား၏။

''စားတော်ကဲကလဲ ဘုရင့်အမိန့်ဆိုတော့ သားတော်လေးအလောင်းကိုယူပြီး အသားတွေ လှီးထွင်ကာ ချက်ပြုတ်ပွဲတော်ဆက်ရတယ်။ ဘုရင်ကြီးဟာ အရက်မူးမူးနဲ့ အသားကို မြိန်ရေရှက်ရေ စားသုံးတော့တယ်။ မိဖုရားကြီးလဲ တစ်ခွန်းတစ်ပါဒမျှ မဟရဲဘဲ အသံတိတ် ငိုယိုနေရရှာတယ်။ နံနက်မိုးလင်းတော့ ဘုရင်ကြီးဟာ ညက အဖြစ်အပျက်ကို လုံးဝ သတိမရတော့ဘူး။ 'ငါ့သားတော်လေးကို ခေါ်ခဲ့။ ငါကိုယ်တော်မြတ် ပွေ့ချီတော်မူမယ်' မိန့်ကြားတော့ မိဖုရားကြီးက 'အရှင်မင်းကြီးကိုယ်တိုင် ညက သတ်ပြီး အရက်နဲ့ မြည်းလိုက်ပြီ ဘုရား'လို့ ငိုကြွေးကာ သံတော်ဦးတင်တော့တယ်။ ဘုရင်ကြီးလဲ ယူကျုံးမရဖြစ်ပြီး နောင်တတွေရကာ ငါဟာ ဒီနေ့ ဒီအချိန်မှစကာ နိဗ္ဗာန်ရသည့်တိုင် အရက်မသောက်တော့ပါလို့ အဓိဋ္ဌာန်ပြု ဆုံးဖြတ်ချက်ချ သစ္စာဆိုလိုက်တယ်။ ဗြဟ္မဒတ်မင်းကြီးဟာ အဲဒီအချိန်ကစလို့ ဘဝသံသရာတစ်လျှောက် အရက်သေစာကို ဝေးစွာရှောင်ကြဉ်တော့တယ်။ မင်းတို့ကို အနှစ်ချုပ်ပြောချင်တာက သေရည်ဆိုတာ သေရက်ကို စောစေတယ်။ မသောက်ရ မနေနိုင်ရင်လဲ ဆင်ဆင်ခြင်ခြင် သောက်ကြပေါ့ကွာ။ ဘကြီးက မင်းတို့ကို စေတနာနဲ့ ပြောခဲ့တာပါ''

ဘကြီးသည် ဆေးစိမ်ရန် အရက်ပုလင်းလေးကို ဆွဲပြီး ကိုအညာ သားဆိုင်ထဲမှ ထွက်သွား၏။ ချက်ပု၊ ငတိ၊ မောင်စိုးတို့ သုံးဦးသည် ဘကြီးသပြော၏ ကျောပြင်ကို ငေးရင်း ကျန်နေခဲ့တော့သည်။

➢➢➢

## အခန်း(၁၅)

ဦးသိန်းကျော်နှင့် ဒေါ်ခင်ထားထားတို့သည် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွင် ရန်ကုန်မြို့ စိန်ပန်းမြိုင်ခြံသို့ ပြန်လေ့ရှိသည်။ အောင်ကိုလတ်တို့ လင်မယားမှာ စနေ၊ တနင်္ဂနွေ အလုပ်အားပါက စိန်ပန်းမြိုင်သို့ ရောက်လာပြီး တစ်နေကုန် နေကြသည်။ အောင်ဒွေး(ခ)ငပွ သေဒဏ်ကျပြီး နောက်ပိုင်းတွင် ညီအစ်ကိုတွေ ယခင်ကလိုမနေကြ။ နွေးနွေးထွေးထွေး ချစ်ချစ်ခင်ခင် နေကြသည်မှာ ကြည်နူးစရာ။ မိခင်ဖြစ်သူ ဒေါ်ပိုင်းစိန်နှင့် အောင်ဒွေးကိစ္စ တွေးမိသည့်အခါတိုင်းတွင်တော့ ဦးသိန်းကျော်ကဲ့သို့ပင် အောင်ကိုလတ်လည်း ရင်ထဲ မကောင်းချေ။

''ကိုလတ် ဆကာကြီးသွားတာ ဘာထူးလဲ''

တရားသူကြီး ဦးသိန်းကျော်က မွေးရပ်ဇာတိမြေအကြောင်း သိလို၍ စကားစလိုက်၏။

''ထူးတယ် အစ်ကိုကြီး''

''ပြောပါဦးကွ''

"ညီလေးငပွ သေဒဏ်အမိန့်ကို တရားရုံးချုပ်က ဆိုင်းငံ့ထားလိုက်ပြီလို့ သိရတယ်"

"ဟုတ်လား ဝမ်းသာလိုက်တာ"

ဦးသိန်းကျော် ပြောခြင်းမဟုတ်။ ခေါင်းထားထားက ဝမ်းသာအားရ ပြောလိုက်ခြင်းသာ။ ဦးသိန်းကျော် ဝမ်းသာသော်လည်း မျက်နှာကတော့ ကြွေရရပင်။

"အမေ ဟိုတလောက ရန်ကုန်လာတာ ညီလေးကိစ္စအတွက် လာတာပဲ ဖြစ်ရမယ်"

"ဟုတ်တယ် အစ်ကိုကြီး။ အမေက သူ့သားလေးအတွက် အတော်အပင်ပန်းခံပြီး ကြိုးစားနေတယ်"

"အမေ ရှေ့နေတော့ ငှားထားမှာပေါ့"

"ငှားတယ် အစ်ကိုကြီးရေ။ သူ့ရှေ့နေက ဥပဒေပညာဒါနလုပ်တာတဲ့"

"ဒါဆိုရင် အမေ ရှေ့နေခ မကုန်ဘူးပေါ့"

"ရှာမှရှားပဲ အစ်ကိုကြီးရေ။ ကျွန်တော်က ဘယ်ရှေ့နေမှ အလကားမလိုက်ဘူး။ အလကားလိုက်ရင် အလကားရှေ့နေ ဖြစ်မှာပေါ့လို့ ပြောလိုက်တော့ အမေက သူ့ရှေ့နေကို ထိရမလားဆိုပြီး ကျွန်တော့်ကို ပြောလိုက်တာမှ အစ်ကိုကြီးရာ"

ဦးသိန်းကျော် သဘောကျပြီး ပြုံးသည်။

"ဒါနဲ့ ကိုလတ် အစ်ကိုကြီးအကြောင်း အမေ ပြောသေးလား"

"အစ်ကိုကြီးရေ အမေက သူ့သားငပွပဲ ရင်ထဲရှိပုံရတယ်။ ဘယ်သူ့အကြောင်းမှ မမေးဘူး။ ကျွန်တော်တို့ ရောက်သွားတာတောင် အမေက ပုံမှန်ပဲ"

အောင်ကိုလတ်က အမှန်အတိုင်း ပြောလိုက်ရာ ဦးသိန်းကျော် စိတ်မကောင်းဖြစ်သွား၏။

"အေးလေ အမေ့ကို အပြစ်မတင်ပါဘူးကွာ"

"ဥပဒေဘောင်ကိုကျော်ပြီး အစ်ကိုကြီးအနေနဲ့ လုပ်လို့မရတာကိုပဲ

စိတ်မကောင်းဖြစ်မိတယ်။ ညီလေးငပွပြစ်ဒဏ်ချပြီးကတည်းက အစ်ကိုကြီး ရင်ထဲမှာ တနုံ့နုံ့ ခံစားနေရတာကို အစ်ကိုကြီးပဲ သိပါတယ်''

''အစ်ကိုကြီး''

''ပြော ကိုလတ်''

''သေဒဏ်ကို ဆိုင်းငံ့ထားတယ်ဆိုတာ ဘာဖြစ်နိုင်လဲ အစ်ကိုကြီး''

''သေဒဏ်ကို ဆိုင်းငံ့ထားတဲ့အတွက် အကျဉ်းထောင်က ညီလေးကို ကြိုးမိန့်မချသေးဘူး။ တရားရုံးချုပ်က အမိန့်တစ်စုံတစ်ရာမချမချင်း ကြိုး တိုက်ထဲမှာ ထားရတယ်''

''ညီလေးတော့ ကြိုးတိုက်ထဲမှာ တစ်ယောက်တည်း နေရတာ အ တော်ခံစားရမှာပဲနော်''

''ညီလေးက ရန်ကိုရန်ချင်း တုံ့ပြန်လိုက်တဲ့ အကျိုးကို ခံစားနေရတာ ပေါ့ကွာ။ သူ့ အခုဆိုရင် နောင်တတွေ ကောင်းကောင်းရနေပါပြီ''

ဦးသိန်းကျော် ပြောလိုက်ရသော်လည်း ရင်ထဲမှာ နင့်နေ၏။

''ကိုကျော်''

''ဘာလဲ ထား''

''ငပွ သေဒဏ်ကို ပယ်ဖျက်လိုက်ရင် ဘယ်လို ဖြစ်နိုင်လဲ''

ဒေါ်ခင်ထားထားမေးခွန်းကလည်း မခေလှ။

''သေဒဏ်ကို ပယ်ဖျက်ပြီး တစ်သက်တစ်ကျွန်းချတာလဲ ရှိတယ်။ ကြိုးဒဏ်ကနေ ထောင်ဒဏ် ပြောင်းလဲသွားတာလဲ ရှိတယ် ထားထား''

''သေဒဏ်ပယ်ဖျက်ပြီး ကွင်းလုံးကျွတ်လွတ်ဖို့ အခြေအနေကော ရှိလား ကိုကျော်''

ထိုမေးခွန်းနှင့် ပတ်သက်၍ အောင်ကိုလတ်နှင့် သဇင်နွယ်တို့ အထူး စိတ်ဝင်စားနေကြသည်။ ဦးသိန်းကျော်ထံမှ ထွက်လာမည့် အဖြေစကားကို ငံ့လင့်နေကြသည်မှာ မျက်တောင်ပင် မခတ်။

''တော်ရုံတန်ရုံ ပြစ်မှုကျူးလွန်ရုံနဲ့ ဘယ်တရားသူကြီးကမှ သေဒဏ် မချပါဘူး။ ဒါကြောင့် ကွင်းလုံးကျွတ်ဖို့ဆိုတာ မလွယ်ဘူး။ ညီလေးဆိုရင်

သူပြစ်မှုကျူးလွန်ကြောင်း တရားရုံးမှာ ဖြောင့်ချက်လဲပေးထားတယ်။ စွဲချက်အဆင့်မှာ အပြစ်ရှိကြောင်းလဲ ဝန်ခံထားတယ်။ သေဒဏ်ပယ်ဖျက်တယ်ဆိုရင်ပဲ သူ့ကုသိုလ်ကံ ကောင်းလို့ဆိုရမယ်''

''ကျွန်တော်ကတော့ ညီလေးသေမိန့်မကျရင် တော်ပြီ။ ဒါမှ ကျွန်တော်တို့ ညီအစ်ကိုတွေ ပြန်ဆုံကြရမှာ''

အောင်ကိုလတ်က သူ့ဆန္ဒကို ထုတ်ဖော်လိုက်သည်မှာ ပွင့်ပွင့်လင်းလင်း။

''ဩော် .... အစ်ကိုကြီးကို ဝမ်းသာစကား ပြောရဦးမယ်''

''ဘာများလဲ ကိုလတ်ရဲ့။ ဝမ်းသာစကားတွေ မကြားရတာ ကြာပြီ။ ကြားချင်တယ်ကွာ''

''ဟိုတလေ ဂ ကိုမျိုးမြင့် ရောက်လာတယ်။ ညီလေးရဲ့ ချစ်သူစာဥ ကလေးမွေးသွားပြီတဲ့။ ယောက်ျားလေး။ ညီလေးငပွနဲ့ အရမ်းတူတယ်တဲ့''

''ဟုတ်လား။ အစ်ကိုကြီး ကြည့်ချင်လိုက်တာကွာ''

''ထားလဲ ကြည့်ချင်တယ် ကိုကျော်''

''ဒီလိုလုပ်လေ။ အစ်ကိုကြီးတို့ အလုပ်အားတဲ့ တစ်ရက်မှာ ချိန်းပြီး သွားကြတာပေါ့''

''အေး ... အစ်ကိုကြီးအားတဲ့ရက်ကို ညီလေးဆီ ဖုန်းဆက်မယ်''

ဦးသိန်းကျော်၊ အောင်ကိုလတ်၊ ဒေါ်ခင်ထားထားနှင့် မသဇင်နွယ်တို့မှာ မမြင်ရသေးသော ကလေးအတွက် ပီတိတွေ ဝေဆာနေကြ၏။

➤➤➤

အခန်း(၁၆)

အောင်ဒွေး(ခ)ငပွမှာ အသည်းမာသည်ဟု ဆိုရမည်သာ။ ကွဲဒုံးကျေးရွာမှ ကြိုးသမား မိုးသီးလို မဟုတ်။ မိုးသီးမှာ သုံးလောင်းပြိုင် လူသတ်မှုကို ကျူးလွန်ခဲ့သော်လည်း ကြိုးတိုက်ထဲ ရောက်လာသည့်အခါ မျက်ရည်စက်လက်ဖြစ်နေသည်မှာ နေ့စဉ်။ ဘဝတူကြိုးသမားများက အားပေးသော်လည်း မရ။ မျက်ရည်အသွယ်သွယ်ကျနေသည်မှာ မင်းသားရှုံးလောက်သည်။ မိုးသီး ကြိုးမိန့်အယူခံပယ်သည်ဟု သိရသော နေ့တွင် ပိုဆိုး၏။ ယခင်က သန်မာထွားကျိုင်းသော မိုးသီးခန္ဓာကိုယ်ကြီးမှာ အရုပ်ကြိုးပြတ်။ အပေါ့အပါးသွားသည့်အချိန်မှ လွဲ၍ သူ့ကို ခွေခွေလေးသာ တွေ့ရ၏။

မိုးသီးတစ်ယောက် ကြိုးစင်တက်ရမည်မှာ သေချာသွား၏။ ထောင်အမှုထမ်းများ ကြိုးစင်ကြမ်းခင်းပတ္တာ၊ ဒေါက်တံလမ်းကြောင်းတွင် အမဲဆီထိုးပြီး၊ ကြမ်းခင်းတံခါးချောမွေ့စေရန် စမ်းသပ်စစ်ဆေးသည်။ အမဲဆီသုတ်ထားသော မနီလာကြိုးခွေကြီးကို ဆွဲဆန့်နေကြသည်။ ကြိုးညောင်းအားကုန်အောင် နှစ်ဆယ့်ငါးပိဿာခန့် လေးသည့် သံတုံးကြီးတွင် ချည်

ပြီး နှစ်ရက် သုံးရက်ခန့် တွဲလွဲဆွဲထားလိုက်၏။ ကြိုးဆန့်အား ကုန်အောင် ပြုလုပ်နေခြင်းသာ။ ကြိုးဆန့်အားမကုန်ပါက အတိုင်းအတာ အချိန်အဆ မမှန်ဘဲ အလွဲအလွဲ အချော်ချော် မဖြစ်အောင် ဂရုစိုက်ပြုလုပ်မှုဖြစ်သည်။ ကြိုးပေးခံရမည့် သူ၏ ကိုယ်အလေးချိန်၊ အရပ်အမောင်းကို စေ့စပ်သေချာစွာ တိုင်းတာပြီး ကြိုးအရှည်ကို တွက်ချက်ရသည်။

မိုးသီး၏ ကိုယ်အလေးချိန် ချိန်တွယ်ပြီး၊ အရပ်အမောင်း တိုင်းတာသည့်နေ့က မိုးသီးမှာ အမေတ၍ ငိုရှာသည်မှာ ရင်မ...ကာင်းစရာ။ မိုးသီး သေမည်ကို ကြောက်ရွံ့ပြီး စိတ်ပိန်သွားသလားမသိ။ ကိုယ်အလေးချိန်မှာ ပေါင် (၁၀၀)ပင် မပြည့်တော့။ မိုးသီးအတွက် ၁၀ ပေ၊ ၆ လက်မ ကြိုးအရှည် သတ်မှတ်လိုက်၏။ ကြိုးသမားများနှင့် ပတ်သက်၍ ကိုယ်အလေးချိန်ပေါ် မူတည်ပြီး ကြိုးအရှည် သတ်မှတ်ထားသည်။

ကိုယ်အလေးချိန် ပေါင် (၁၀၀)အောက် ကြိုးအရှည် ၁၀ ပေ ၆ လက်မ။

ပေါင် ၁၂၀ အောက် ကြိုးအရှည် ၉ ပေ ၆ လက်မ။

ပေါင် ၁၄၀ အောက် ကြိုးအရှည် ၉ ပေ။

ပေါင် ၁၆၀ အောက် ကြိုးအရှည် ၈ ပေ ၆ လက်မ။

ပေါင် ၁၈၀ အောက် ကြိုးအရှည် ၈ ပေ။

ကြိုးအတိုအရှည် သတ်မှတ်ထားခြင်းမှာ အကြောင်းရှိသည်။ ပေါင် ၁၀၀ အောက် ရှိသူကို ကြိုးအရှည် ၁၀ ပေ ၆ လက်မ ထားသည်မှာ ကိုယ်အလေးချိန် ပေါ့သည့်အတွက် ကြိုးတိုနေလျှင် အောက်သို့ ကျသွားမည့်အရှိန်အားနည်းကာ ရုတ်တရက် မသေဘဲ ရှိတတ်သောကြောင့် ဖြစ်သည်။

ကိုယ်အလေးချိန်များသူများအတွက် ကြိုးကို တိုထားရခြင်းမှာ ကြိုးတိုလျှင် အောက်သို့ ကျသည့်အရှိန် ပို၍ အားကောင်းသောကြောင့် ဖြစ်၏။ တစ်လက်မလုံးပတ်သာသာရှိသည့် မနီလာကြိုးမှာ ပေါင်တစ်ထောင်ကျော် အလေးချိန် ခံနိုင်ရည်စွမ်း ရှိသည်။ များသောအားဖြင့် ကြိုးစင်တက်ရသူ

များမှာ ပေါင် ၁၀၀ အောက် အလေးချိန် ကျဆင်းမြဲရှိသောကြောင့် ၁၀ ပေ ၆ လက်မ ကြိုးအရှည်ကိုသာ အသုံးပြုလေ့ ရှိသည်။

ကြိုးပေးခံရမည့် အကျဉ်းသား၏ ကျန်းမာရေးကို ထောင်ဆရာဝန်က စစ်ဆေးပေးရသည်မှာ နေ့စဉ်။ ကြိုးမိန့် အတည်ဖြစ်၍ ကြိုးပေးရမည့် သတ်မှတ်ရက်ရောက်သည့်တိုင် ကြိုးပေးခံရမည့် တရားခံမှာ ကျန်းမာရေး အခြေအနေ အတော်ဆိုးဝါးနေပါက ကြိုးမပေးချေ။ ကျန်းမာရေးကောင်း အောင် ကုသပြီးမှသာ ကြိုးပေးရ၏။ သို့အတွက် ကြိုးမိန့်အတည်ပြုပြီး သော ကြိုးသမားမှာ မလွဲမသွေ ကြိုးပေးခံရမည်မှာ သေချာသည်။

မိုးသီးကို ကြိုးတိုက်ထဲမှ ခေါ်ထုတ်သွားချိန်တွင် အောင်ဒွေး(ခ)ငပွ အပါအဝင် ကြိုးသမားများလည်း မအိပ်နိုင်။ မိုးသီးက အားလုံးကို အသံ တုန်တုန်ယင်ယင်နှင့် နှုတ်ဆက်သည်။ အခြား ကြိုးသမားများအသံက တုန်ယင်နေသော်လည်း အောင်ဒွေး(ခ)ငပွ နှုတ်ဆက်မှုက တုန်လှုပ်မှု ကင်း သည်။ အောင်ဒွေး(ခ)ငပွ နှုတ်ဆက်သော စကားက ပြတ်သည်။

''မိုးသီးရေ သွားနှင့်ဦးဟေ့''တဲ့။

➤➤➤

## အခန်း(၁၇)

ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေ၍ ရာသီတွေပြောင်း နှစ်သစ်တွေကူးခဲ့သည်မှာ အလီလီ။ ဘယ်လိုပင် နှစ်တွေပြောင်းပြောင်း သကြန်တေးများက တစ်နှစ်လာလည်း သည်သီချင်းများပင်။ ဆရာမြို့မငြိမ်းစပ်ဆိုခဲ့သော သကြန်တေးများကို မကျော်လွှားနိုင်ရှာ။

အောင်ဒွေး(ခ)ငပွတစ်ယောက် ကြိုးမိန့်ပယ်ဖျက်ခံရပြီး ထောင်ဒဏ်(၁၀)နှစ်သို့ ပြောင်းလဲကျခံနေရသည်မှာ (၉)နှစ်ကျော်လာလေပြီ။ ဒေါ်ဝိုင်းစိန်သည် သားလေးလွတ်မည့်ရက်လကို တွေးရင်း ပြုံးပျော်နေရှာ၏။

''လူလေး လူလေးရဲ့အဖေ ပြန်လာဖို့ လပိုင်းပဲ လိုတော့တယ် သိလား''

မြေးဖြစ်သူ စိန်သောင်း၏ လက်ကလေးကို ကိုင်ရင်း ဒေါ်ဝိုင်းစိန်က ပြောလိုက်၏။

''သားဖေဖေက သေသွားပြီဆို''

စိန်သောင်းလေးသည် ကစားဖော်ကစားဖက် သူငယ်ချင်းများ ပြော

စကားအရ မေးလိုက်ခြင်း ဖြစ်သည်။

"လူလေးဖေဖေက သေမိန့်ကျသွားပေမယ့် အယူခံတက်လိုက်တာ မသေတော့ဘူး လူလေးရဲ့"

မြေးအဘွားနှစ်ယောက် စကားပြောနေသည်ကို နားထောင်ရင်း ပြုံးပျော်နေသည်က စာဥ။

"သားဖေဖေက ဘာဖြစ်လို့ သေမိန့်ကျတာလဲ"

ဒေါ်ပိုင်းစိန်က ဖြေရှင်းရအခက်။ မဖြေလို့လည်း မဖြစ်။ ကလေးသိချင်တာကို လူကြီးက စိတ်ရှည်ရှည်ထားဖြေရမည် မဟုတ်လော။

"လူလေး ဖေဖေနဲ့ လူနှစ်ယောက် ရန်ဖြစ်တယ်။ လူလေးဖေဖေက ဓားနဲ့ ထိုးလိုက်တာ အဲဒီလူနှစ်ယောက် သေသွားတယ်။ ဒါကြောင့် တရားရုံးက လူလေးဖေဖေကို သေဒဏ်ချလိုက်တာ"

"ဘွားဘွား"

"ဘာလဲ လူလေး"

"သားကို ဓားတစ်ချောင်းဝယ်ပေး"

ဒေါ်ပိုင်းစိန် အံ့အားသင့်သွား၏။

"သားက ဘာလုပ်မလို့လဲ"

"ရန်ဖြစ်ရင် ထိုးဖို့"

အောင်ဒွေး(ခ)ငပွ သွေးက စကားပြောနေလေပြီ။

"စာဥရေ လာပါဦး။ သမီးသားကတော့ မလွယ်ဘူး။ ဓားဝယ်ခိုင်းနေတယ်"

စာဥက ပြုံးသည်။

"အမေ့မြေးကတော့ သူ့အဖေဇ ပါနေတယ်။ ဟိုနေ့က ညောင်ပင်အောက်မှာကစားရင်း ရန်ဖြစ်ကြတယ်။ သူက မတုတ်သားလေးကို လက်သီးနဲ့ ထိုးတာ အတော်နာသွားတယ်"

"သမီး သွားမတောင်းပန်ဘူးလား"

"တောင်းပန်ရတာပေါ့ အမေရယ်"

"လူလေးက ဘာလို့ မတုတ်သားကို လက်သီးနဲ့ ထိုးရတာလဲ"

"သူက သားကို စတာကိုး။ နောက်ကို အဲဒီလိုစရင် ဓားနဲ့ထိုးမယ်"

စိန်သောင်းဇက မပြော့။ ဒေါ်ဝိုင်းစိန်မှာ အောင်ဒွေး(ခ)ငပွ အလွမ်းပြေ စိန်သောင်းလေးကို ချစ်နေရသည်မှာ တုန်ခါနေသည်။ သို့သော် ငပွလို အဖြစ်မျိုးမရောက်အောင် ငယ်စဉ်က ပြုပြင်မှဟု တွေးလိုက်သည်။

"လူလေး အဲဒီလို စိတ်မျိုး မမွေးရဘူး။ ကစားဖော် ကစားဖက်အချင်းချင်း ရန်မဖြစ်ရဘူး။ ချစ်ချစ်ခင်ခင် နေရတယ်။ အကယ်၍ လူလေးကို ရန်စရင် မေမေတို့ ဘွားဘွားတို့ကို ပြန်ပြောပေါ့ ဟုတ်လား"

စိန်သောင်းလေးက ခေါင်းခါ၏။ မျက်နှာက စူထားသည်။ ငပွပုံအတိုင်းပင်။

"သားကတော့ သူတို့ရန်စရင် ချမှာပဲ"

ဒေါ်ဝိုင်းစိန်နှင့် စာဥတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးကြသည်။

➤➤➤

## အခန်း(၁၈)

"ငပွ ပြန်လာတော့မယ်တဲ့ အေးချစ်ရေ"

ကိုအညာသားသည် ဝမ်းသာအားရ လှမ်းအော်လိုက်ရာ အရက်ဝိုင်းဖွဲ့နေသည့် ချက်ပု၊ ငတိ၊ မောင်စိုးတို့ မတ်တတ်ရပ်မိသည်မှာ ပြိုင်တူ။ မီးဖိုချောင်ထဲမှ မအေးချစ်လည်း ပြေးထွက်လာသည်။

"ရှင့်ကို ဘယ်သူပြောတာလဲ ကိုအညာသား"

"စာဥ ပြောလိုက်တာ"

"ဝမ်းသာလိုက်တာတော်"

"ဖြောင်း .... ဖြောင်း"

မအေးချစ်က လက်ခုပ်လက်ဝါးတီးပြီး ပြောသည်။ ချက်ပု၊ ငတိ၊ မောင်စိုးတို့မှာ ပျော်၍ ကခုန်နေကြသည်။

"ဘယ်တော့ ပြန်လာမှာတဲ့လဲ ကိုအညာသား"

ချက်ပုက ကခုန်နေရင်းက လှမ်းမေးသည်။

"အဲဒါတော့ မသိဘူး။ သူ့အမေ ဒေါ်ဝိုင်းစိန်တော့ ရန်ကုန်လိုက်

သွားပြီး သူ့သားကို တစ်ပါတည်းခေါ်ပြီး ပြန်လာမှာတဲ့''

''ဟုတ်လား။ စာဥတော့ အရမ်းပျော်နေမှာပဲ''

''အေးချစ်ရာ နင်တောင် ဒီလောက်ပျော်နေရင် စာဥ ဘယ်လောက်ပျော်မလဲဆိုတာ စဉ်းစားကြည့်''

''ဒါနဲ့ ကိုအညာသား စာဥရဲ့ သားလေး စိန်သောင်းက တယ်စွာဆိုပဲ''

''အေး ... ငါလဲ ကြားတယ်။ ဒီကောင်က ဖအေ့သွေးပါတယ်။ ကြီးလာရင် မနည်းထိန်းရမယ်''

''ဟုတ်တယ် ကိုအညာသား။ မနေ့က ကိုအောင်ရဲ့သား သန်းအောင်က ကြိုးသမားလို့ စိန်သောင်းကိုပြောလို့ စိန်သောင်းက အုတ်ခဲနဲ့ ပစ်လိုက်တာ သန်းအောင် ခေါင်းပေါက်သွားတယ် ပြောတယ်''

ချက်ပုက သူကြားထားသည့် သတင်းကို ပြောသည်။

''ဒီကောင်လေးကတော့ မဟုတ်မခံနဲ့ ငပွအတိုင်းပဲ''

''ဟုတ်တယ် မောင်စိုး။ မတုတ်သား တိုးဝင်းက သူ့ကို ရန်စလို့ စိန်သောင်းက ထိုးတာ သဲကြီးမဲကြီးပဲ။ ငါတောင် ဝင်ဖျင်ခဲ့ရတယ်။ ဒီကောင် တော်တော် ဒေါသကြီးတယ်။ မလွယ်ဘူး''

ဟု ငတိက သူကိုယ်တိုင် မြင်တွေ့ရသည်ကို ပြန်ပြောပြသည်။

''စိန်သောင်းလေးက စာတော့ တော်တယ် ကြားတယ်''

''ဟုတ်တယ် မအေးချစ်။ စိန်သောင်းက ဉာဏ်တော့ အတော်ကောင်းတယ် ပြောတယ်''

ငတိကလည်း သူသိသမျှကို ပြောပြ၏။

ထိုအချိန်တွင် ရောဝတီမြစ်ကမ်းနံဘေး ညောင်ပင်ကြီးအောက်မှ ဆူညံသံများ ထွက်ပေါ်လာ၏။ ကိုအညာသားတို့အိမ်မှ စကားသံများ တိခနဲ ရပ်သွားသည်။ ချက်ပု၊ ငတိ၊ မောင်စိုးနှင့် မအေးချစ်တို့ ညောင်ပင်ကြီးဆီသို့ ပြေးကြသည်။

ပြဿနာက စိန်သောင်းပင်။ စိန်သောင်းနှင့် ဖိုးတုတ်သား ခင်မောင်

တို့ ရန်ဖြစ်ရာ ခင်မောင်ခေါင်းပေါက်သွားသည်။ အဖေဖြစ်သူ ဖိုးတုတ်က စိန်သောင်းကို တစ်ချက်ရိုက်လိုက်ရာမှ လူကြီးချင်း ရန်ဖြစ်ကြသည်။

''ရှင်က ကလေးချင်းရန်ဖြစ်တာ ဘာလို့ ဝင်ပါရတာလဲ။ သတ္တိရှိရင် ကျွန်မနဲ့ ချမလား''

စာဥသတ္တိကလည်း ပြောင်သည်။ သူ့သားကို ထိရမလားဆိုပြီး ဖိုးတုတ်ကို ရန်တွေ့သည်မှာ ကက်ကက်လန်။

''နင့်သားလုပ်လို့ ငါ့သားခေါင်းမှာ သွေးထွက်နေတာကိုလဲ ကြည့်ဦးလေ''

''ကျွန်မ မျက်စိပါတယ်။ မြင်တယ်။ ကျွန်မသားကို ကျွန်မ ဆုံးမမှာပေါ့။ ရှင် လက်ပါစရာ မလိုဘူး''

''တော်ပါတော့ စာဥရယ်''

ကိုအညာသားက ဝင်ဖျန်ဖြေသည်။

''ပြန်ပါတော့ ဖိုးတုတ်ရာ''

ချက်ပုက ဖျောင်းဖျသည်။ ထိုအချိန်တွင် ဖိုးတုတ် ကျောကုန်းသို့ ခဲတစ်လုံး မှန်သွား၏။

''တွေ့လား ချက်ပု''

စိန်သောင်းလေးသည် ခဲနှင့်ပစ်ပြီး တစ်ချိုးတည်း ထွက်ပြေးသည်။ ဖိုးတုတ်မှာ ဒေါသထောင်းခနဲ ဖြစ်သွား၏။

➤➤➤

## အခန်း(၁၉)

"ဆရာ"

ခေါ်သံကြောင့် လျှောက်လဲချက်ရေးနေသော ရှေ့နေကြီး ဦးနက်ကျော် မော့ကြည့်မိသည်။

"ဟင် ....ဒေါ်ပိုင်းစိန်တို့ပါလား လာထိုင်"

ဒေါ်ပိုင်းစိန်နှင့် သားအောင်ဒွေး (ခ)ငပွတို့သည် ရှေ့နေကြီးစားပွဲရှေ့ ထိုင်ခုံ၌ ထိုင်ကြသည်။ ဒေါ်ပိုင်းစိန် မျက်နှာမှာဝမ်းသာလန်းဆန်းနေမှန်း သိသာ၏။

"ရှေ့နေကြီး ဒါ ကျွန်မသားလေးလေ။ ဒီနေ့ပဲ ထောင်က ထွက်လာတာ ထောင်ကထွက်ထွက်ချင်း ဘယ်မှ မဝင်ဘူး။ ရှေ့နေကြီးဆီ တန်းဝင်လာတာ"

ဦးနက်ကျော် ပီတိဖြစ်သွား၏။ အောင်ဒွေး(ခ)ငပွကို သေသေချာချာ ကြည့်လိုက်သည်။ မအူပင်ခရိုင် တရားရုံးတွင် တွေ့စဉ်ကရုပ်ရည်နှင့် အနည်းငယ် ကွာသွား၏။ ဆယ်နှစ်ဆိုသော ကာလအပိုင်းအခြားက ရုပ်ရည်ကို

ပြောင်းလဲသွားသည်။

"ဝမ်းသာတယ် ငါ့ညီရာ။ ငါ့ညီကုသိုလ် အတော်ကောင်းပါတယ်။ သေဒဏ်အမိန့်ကို ပယ်ဖျက်ဖို့ဆိုတာ လွယ်တော့ မလွယ်လှဘူး။ ငါ့ညီရဲ့ အမှုဖြစ်စဉ်လေးနဲ့ ငါ့ညီရဲ့ အကျင့်စာရိတ္တ၊ အသက်အရွယ်ကြောင့်အပြင် ငါ့ညီက တရားရုံးတော်မှာ ရိုးသားစွာ ဝန်ခံမှုတွေလဲ အထောက်အကူ ဖြစ်တယ်။ ပြီးတော့ ငါ့ညီရဲ့ မိဘမေတ္တာ ဂုဏ်ကျေးဇူးလဲ ပါပါတယ်။ နောက်နောင်ကိုတော့ မိမိဒေါသစိတ်ကို ထိန်းပါကွာ။ ဒေါသကြောင့် မှားခဲ့ တာတွေကို သင်ခန်းစာယူပြီး နောက်ထပ် ဒေါသကြောင့် ထပ်မမှားအောင် ဆင်ခြင်ပါကွာ"

ရှေ့နေကြီး ဦးနက်ကျော်သည် အောင်ဒွေး(ခ)ငပွအား ဆုံးမစကား ပြောကြားနေသည်မှာ ညီအရင်းသဖွယ်။

"ဟုတ်ကဲ့။ ရှေ့နေကြီးပြောစကားကို လေးလေးနက်နက် လိုက်နာပါ့ မယ်။ အမေပြောပြထားလို့ ရှေ့နေကြီးရဲ့ စိတ်ရင်းစေတနာကို သိပြီးပါပြီ။ ရှေ့နေကြီးကို အရမ်းကျေးဇူးတင်ပါတယ်"

အောင်ဒွေး(ခ)ငပွက လှိုက်လှိုက်လှဲလှဲ ပြောရင်း လက်အုပ်ကလေး ချီလိုက်သည်။

"ရော့ ... သားလေး ရှေ့နေကြီးကို ကန်တော့လိုက်"

ဒေါ်ဝိုင်းစိန်သည် စာအိတ်ဖြူဖောင်းဖောင်းကလေးကို အောင်ဒွေး လက်ထဲသို့ ထိုးပေးလိုက်၏။

"ပိုက်ဆံတွေ ဘာတွေမလုပ်ပါနဲ့ အမေရယ်။ အခုလို ကျွန်တော့်ရဲ့ စေတနာကို အသိအမှတ်ပြုတာနဲ့ ကျေနပ်လှပါပြီ။ မလုပ်ပါနဲ့"

ရှေ့နေကြီး ဦးနက်ကျော် ငြင်းပယ်စကား ဆိုသည်။ ဒေါ်ဝိုင်းစိန်က လက်မခံ။

"ရှေ့နေကြီးရယ် ဒါလေးတော့ ကန်တော့ခံပါ။ ကျွန်မတို့ သားအမိ အဲဒီဟာမှ မကန်တော့ရရင် စိတ်မကောင်းဖြစ်ရမှာပါ။ ရှေ့နေကြီးရဲ့ စေတနာ မေတ္တာ၊ ကရုဏာတွေက ဘယ်တော့မှ တန်ဖိုးဖြတ်လို့ရမှာ မဟုတ်ပါဘူး။

ကဲ .... သားလေး ကန်တော့လိုက်တော့''

အောင်ဒွေး(ခ)ပွေသည် ရှိသေကျိုးနွံစွာဖြင့် လက်ဆယ်ဖြာ ထိပ်မှာ မိုး၍ ဦးသုံးကြိမ်ချကန်တော့သည်။ ဦးနက်ကျော် ကြည်နူးဝမ်းသာဖြစ်ရသည်မှာ ဖော်မပြနိုင်အောင်ပင်။

''အေးကွာ။ ကျန်းမာချမ်းသာပြီး စိတ်သစ်ကိုယ်သစ်နဲ့ ဘဝကို ရင်ဆိုင်ပြီး ကျေးဇူးကြီးမားလှတဲ့ မိခင်ကြီးကို အလုပ်အကျွေးပြုနိုင်တဲ့ သားကောင်းတစ်ယောက် ဖြစ်ပါစေလို့ ဆုပေးလိုက်ပါတယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ''

အောင်ဒွေး(ခ)ပွေက လက်အုပ်ကလေးချီရင်း ပြန်ပြောလိုက်၏။

''ကဲ .... ရှေ့နေကြီး ခွင့်ပြုပါဦး။ ဆကာကြီးကို ပြန်ရမှာမို့''

''ကောင်းပါပြီ အမေ''

ကျောနိုင်း ထွက်ခွာသွားသည့် ဒေါ်ဝိုင်းစိန်တို့ သားအမိကို မျက်စိတစ်ဆုံးကြည့်ရင်း ဦးနက်ကျော် ပြုံးနေမိသည်။

ဦးနက်ကျော်၏ ရှေ့နေသက်တမ်းတစ်လျှောက်တွင် ထူးခြားသောအမှု၊ ထူးခြားသော အမှုသည်ဟုဆိုက မများပေ။

ထူးခြားသောအမှုဆိုသည်မှာ ဦးနက်ကျော်လိုက်သမျှ အမှုများတွင် သေဒဏ်ကျတာ မရှိခဲ့။ အောင်ဒွေး(ခ)ပွေအမှုသာ သေဒဏ်ကျခဲ့သည်။ သို့သော် သေဒဏ်ကနေ ထောင်ဒဏ်သို့ ပြောင်းလဲသွားသည်မှာ ရှားပါးသည်ဟု ဆိုရမည်သာ။

ထူးခြားသော အမှုသည်ဆိုသည်မှာ ဦးနက်ကျော် ဆက်ဆံခဲ့သော အမှုသည် အတော်များများသည် အမှုမပြီးခင် ဆက်ဆံမှုနှင့် အမှုပြီးသွားသောအခါ ဆက်ဆံမှုတို့ မတူ။

''ကျေးဇူးတင်တယ် ဆရာ''

''ကျေးဇူးမမေ့ပါဘူး ဆရာ။ အမှုပြီးသွားပေမယ့် ဆရာ့ဆီ လာဦးမှာပါ ဆရာ'' စသည်ဖြင့် နှုတ်ကလေးက လွယ်လွယ်ပြောကြသည်။ အမှုပြီးဆုံး၍ သူတို့ဆန္ဒ ပြည့်ဝသောအခါ လမ်း၌တွေ့သော်လည်း မသိချင်

ယောင် ဆောင်သွားကြ၏။

မြို့နယ်တစ်မြို့နယ်၏ ကျေးရွာတစ်ရွာမှ တရားမမှုတစ်မှုနှင့် ပတ်သက်၍ ရှေ့နေကြီး ဦးနက်ကျော် အတော်ခံစားလိုက်ရသည်။ အဆိုပါ တရားမမှုမှာ တိုင်းတရားရုံးတွင် ရင်ဆိုင်ခဲ့ရ၏။ (၃)နှစ် ကြာသွားသည်။ ဦးနက်ကျော် အမှုသည်များဘက်က အနိုင်ဒီကရီရသည်။ တရားရှုံးဘက်က တရားရုံးချုပ်သို့ တရားမ ပထမအယူခံတက်ရောက်ခဲ့သော်လည်း ဦးနက်ကျော်ဘက်က ပင် နိုင်၏။ တရားရှုံးဘက်မှ အထူးအယူခံအထိ တက်ရောက်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ အတိုချုပ်ပါက ဦးနက်ကျော် အမှုသည်ဘက်က နှစ်ထပ်တိုက်တစ်လုံးနှင့် ငွေဆယ်သိန်း အနိုင်ရခဲ့သည်။ သို့နှင့် ဇာရီမှု ဆက်လက်ဆောင်ရွက်သည်။ ဦးနက်ကျော်၏ တရားနိုင်အမှုသည်က ရုံးချိန်းရောက်လာတိုင်း ဆရာ့ကျေးဇူးကို မမေ့ပါဘူး။ ကျွန်မတို့ လက်ထဲကို တိုက်နဲ့ငွေရလာရင် ဆရာ့ကို ကန်တော့မှာပါဟု အမြဲတမ်း ပြောသည်။ ဦးနက်ကျော်က ရပါတယ် စကားကိုသာ ပြန်ပြောသည်။

ထိုဇာရီအမှုနှင့် ပတ်သက်၍ နှစ်ဖက်ရှေ့နေတွေ၏ ညှိနှိုင်းသဘောတူမှုအရ တနင်္ဂနွေနေ့တွင် တရားရှုံးက နှစ်ထပ်တိုက်နှင့် ငွေဆယ်သိန်း ပေးအပ်ရန် ချိန်းလိုက်သည်။ တရားရှုံးရှိရာနေရာသို့ အမှုသည်များနှင့်အတူ ဦးနက်ကျော် လိုက်သွား၏။ ကားပေါ်တွင်လည်း တရားနိုင်က ကျေးဇူးမမေ့ကြောင်း ထပ်တလဲလဲ ပြောသည်။ ဦးနက်ကျော်က ရပါတယ်ဟု စကားဆိုသည်။

တနင်္ဂနွေနေ့ နံနက် (၈)နာရီခွဲတွင် တရားရှုံးက ပေးအပ်မည့် တိုက်ရှေ့သို့ ဦးနက်ကျော်တို့ ကားလေး ထိုးဆိုက်လိုက်သည်။ ဦးနက်ကျော် ကားတံခါးဖွင့်ပြီး အဆင်း ခြေတစ်လှမ်း နှစ်လှမ်းပင် ရှိသေးသည်။ တရားရှုံး အပ်မည့် တိုက်ခြေရင်းရှိ အိမ်ကလေးတစ်အိမ်မှ ငိုရှိုက်သံများ ထွက်လာသည်။ တဖြည်းဖြည်းနှင့် ငိုသံများက ကျယ်လာသည်။

တရားရှုံး ဦး---- ဆုံးသွားပြီဟူသော အသံကို ကြားလိုက်ရာ ဦးနက်ကျော် ရင်ထဲမကောင်း ဖြစ်သွား၏။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ

တော့။ မနီးမဝေး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အရိပ်အကဲကြည့်ရင်း ထိုင်ကြသည်။ တရားရှုံးမိသားစု၏ ဝမ်းနည်းကြေကွဲသံကို ကြား၍ တိုက်အပ်ရန် ငွေဆယ်သိန်းပေးအပ်ရန် ပြောပါက မြန်မာလူမျိုး ပီသမည် မဟုတ်။ လူမှုရေးအရ သည်းခံစောင့်ဆိုင်းရုံမှတစ်ပါး အခြားမရှိတော့။ တရားနိုင်ကတော့ သူရမည့် ပစ္စည်း၊ ငွေကြေးအတွက် မက်မောမည်သာ။

တရားရှုံး အသုဘအိမ်လေးရှေ့တွင် အော်သူအော်၊ ခေါ်သူခေါ်၊ ပြေးသူပြေး၊ ငေးသူငေးနှင့် မြင်ကွင်းက စိတ်မချမ်းမြေ့စရာ။ တိုက်တိုက်ဆိုင်ဆိုင် တရားနိုင်ဘက်က ရောက်လာမှ တရားရှုံးက လူ့လောကမှ ထွက်ခွာသွားသည်မှာ ဝမ်းနည်းစရာ ကြေကွဲစရာ ကောင်းလှသည်။

ဦးနက်ကျော်တို့အဖွဲ့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး (၄၅)မိနစ်ခန့်အကြာတွင် လူတစ်ယောက်က ဦးနက်ကျော်အား ခေါ်ပြီး သူ့အိမ်သို့ လိုက်ခဲ့ရန် ဖိတ်ကြားသည်။ တရားရှုံး၏ ညီအရင်းဖြစ်ကြောင်း ပြောဆိုမိတ်ဆက်သည်။ ဦးနက်ကျော်နှင့် အမှုသည်များ မဆိုင်းမတွ လိုက်သွားကြသည်။ တရားရှုံး၏ ညီဆိုသူ၏အိမ်မှာ ခုံညားထည်ဝါပြီး ကိုယ်ပိုင် ဆလွန်းကားတစ်စီးကိုလည်း တွေ့ရသည်။ ထိုမြို့တွင် မျက်နှာဖုံးတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ညီဆိုသူသည် သူ့အိမ်ပေါ်သို့ ဦးနက်ကျော်တို့အား ခေါ်ပြီး ကျကျနန ညည့်ခံကာ အအေးပုလင်းများ တိုက်ကျွေးပြီးမှ စကားစသည်။ သို့သော် သူ့မျက်လုံးအိမ်ဝယ် မျက်ရည်ပူများ ရစ်ဝဲနေ၏။

''ကျွန်တော့်အစ်ကိုကြီးက မနေ့ကတည်းက ကျွန်တော့်ကို မှာခဲ့ပါတယ်။ ဆရာတို့ ဒီနေ့ရောက်လာမယ်တဲ့။ ရောက်လာရင် ဆရာတို့ စိတ်ချမ်းသာအောင် အကုန်လုပ်ပေးဖို့၊ တိုက်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း၊ သော့တွေအပြင် ငွေဆယ်သိန်းကိုလဲ ကျွန်တော့်လက်ထဲ ပေးအပ်ခဲ့ပါတယ်''

တရားရှုံး၏ ညီဖြစ်သူမှာ စကားပြောရင်း အသံတိမ်ဝင်သွားသည်။ မျက်လုံးအစုံတွင် ရစ်ဝဲနေသော မျက်ရည်ပူများမှာ မျက်ရည်ဥများအဖြစ် လိမ့်ဆင်းလာ၏။ ဦးနက်ကျော်က ညီဖြစ်သူ၏ စိတ်ထားနှင့် ကွယ်လွန်သူ

တရားရုံးတို့၏ စိတ်ထားမြင့်မြတ်လှပပုံကို အထင်းသားမြင်နေရ၏။ ညီဖြစ်သူသည် တိုက်နှင့် ငွေဆယ်သိန်းတို့ကို တရားနိုင်လက်ဝယ်သို့ အသာတကြည် ပေးအပ်လိုက်သည်။ တရားနိုင်အမှုသည်က ငွေများကို တစ်ရွက်ချင်းရေနေသည်။

ဦးနက်ကျော်သည် တရားရုံး၏ အလောင်းဘေးတွင် မနေနိုင်ဘဲ ကွယ်လွန်သူမှာသည့်အတိုင်း အတိအကျ ဆောင်ရွက်ပေးသည့် ညီဖြစ်သူကို ချီးကျူးလေးစားနေမိသည်

''ဒါနဲ့ ခင်ဗျားအစ်ကိုကြီးက ဘယ်လိုဖြစ်လို့ ဆုံးသွားတာလဲ''

ဦးနက်ကျော်မနေသာ။ တရားရုံး သေဆုံးရခြင်းအကြောင်းကို သိလို၍ မေးမိသည်။

''ကျွန်တော့်အစ်ကိုကြီးက အသည်းကင်ဆာဖြစ်နေတာ ကြာပါပြီ။ ဆေးရုံက ပြန်ဆင်းလာပြီး ရက်ပိုင်းပဲ ရှိသေးတယ် အခုလို ဖြစ်သွားတာပါ''

''ဩော် ... တကယ်စိတ်မကောင်းဘူးဗျာ။ ကျွန်တော်တို့ရောက်မှ ဒီလိုဖြစ်သွားတော့ ပိုဆိုးတယ်။ အခုလို အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ''

''ကျွန်တော့် အစ်ကိုကြီးကလဲ ပြောပါတယ်။ ဦးနက်ကျော်က သူ့အမှုသည်ဘက်က တာဝန်ကျေအောင် ဆောင်ရွက်ပေမယ့် သူ့ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်စကား ပြောတဲ့အကြောင်း မကြာခဏ ပြောပါတယ်''

''ဆရာ ကျွန်မတို့ ပြန်ကြမယ်''

တရားနိုင်သည် သူ့ရပိုင်ခွင့်များရပြီမို့ ပြန်ရန် ဦးနက်ကျော်ကို လက်ကုတ်ရင်း ပြောသည်။ ဦးနက်ကျော် ခေါင်းညိတ်ပြသည်။

''ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး''

''ဟုတ်ကဲ့ ရှေ့နေကြီး''

ပြောပြောဆိုဆို ဦးနက်ကျော်တို့အဖွဲ့ ထပြန်လာသည်။

''နေဦး ရှေ့နေကြီး။ တိုက်သော့ကို ကျွန်တော် လိုက်ဖွင့်ပေးဦးမယ်။

ဒီက သော့အသစ်နဲ့ ပြန်ခတ်ခဲ့ပေါ့"

တရားရှုံးညီ၏ စိတ်ထားအလှကား အလှတွင် အယဉ်ဆင့်သည်ဟု ဆိုရမည်သာ။ နောက်ဆုံးတွင် တရားနိုင်က သော့ခတ်ပြီး ပြုံးရွှင်စွာ ပြန်လာသည်။ ဦးနက်ကျော်သည် သူ့အား ကျေးဇူးဆပ်လေမလားဟု မျှော်လင့်မိသည်။ ရန်ကုန်ရောက်၍ လမ်းခွဲသောအခါ တရားနိုင်အမှုသည်က ပြောပြန်သည်။

"ဆရာ့ကျေးဇူးကို မမေ့ပါဘူး ကျေးဇူးဆပ်မှာပါ"တဲ့။

ဦးနက်ကျော်သည် ဒေါ်ပိုင်းစိန်တို့ မိသားစုကိုကြည့်ရင်း ထိုတရားမမှုမှ တရားနိုင်၏ ကျေးဇူးစကားကို ကြားယောင် မြင်ယောင်နေသည်မှာ ယနေ့တိုင်။

➤➤➤

အခန်း(၂၀)

"ငပွ ပြန်လာပြီတဲ့ကွ"

ချက်ပုက ကိုအညာသားဆိုင်ရှေ့မှ ဖြတ်ပြေးရင်း အော်သွားသည်မှာ အားရဝမ်းသာ။ ချက်ပုနောက်မှ အပြေးအလွှားလိုက်နေသည်က ဝတီနှင့် မောင်စိုး။ ကိုအညာသားနှင့် မအေးချစ်တို့လည်း မနေသာ။ ဒေါ်ဝိုင်းစိန်အိမ်ဘက်သို့ ပြေးကြသည်။

ဒေါ်ဝိုင်းစိန်တို့အိမ်တွင် လူများဝိုင်းအုံပြီး ငပွကိုကြည့်ကြသည်။ နှုတ်ဆက်ကြသည်။ လူရင်းများက ငပွကို ဖက်လှဲကကင်း နမ်းရှုပ်ကြ၏။ ဒေါ်ဝိုင်းစိန်မှာ ခရီးပန်းလာ၍လားမသိ ခေါင်းရင်းဘုရားစင်ရှေ့တွင် ခွေခွေလေး လှဲနေသည်။

ထိုအချိန်တွင် စာဥသည် စိန်သောင်းလေးကို လက်တစ်ဖက်က ဆွဲပြီး လာနေသည်။

"ငပွ ဟိုမှာ စာဥနဲ့ ကလေး သွားကြိုလိုက်ဦးလေ"

ကိုအညာသားက ပြောလိုက်ရာ ငပွသည် လူအုပ်ကြားမှ တိုးထွက်

ပြီး စာဥတို့သားအမိထံ ပြေးသည်။ ကလေးကို ဆတ်ခနဲ ကောက်ပွေ့ပြီး စာဥကိုလည်း လက်တစ်ဖက်ဖြင့် ချိတ်လိုက်သည်။ မြင်ကွင်းက ကြည်နူးဝမ်း သာစရာ အပြည့်။ မိုးသက်မုန်တိုင်းတို့ ကင်းစင်ပြီး လေပြည်လေညင်းတို့ နေရာ ယူသွားပေပြီ။

"သား"

ငပွက ခေါ်လိုက်ရာ စိန်သောင်းကလေးမှာ စာဥကို တစ်လှည့် ငပွ ကိုတစ်လှည့် ငေးကြည့်နေသည်မှာ ချစ်စရာ။ စာဥက ကြည်နူးဝမ်းသာမှု အပြည့်ဖြင့် ကြည့်ရင်း–

"သား အဲဒါ သားတွေ့ချင်တဲ့ ဖေဖေလေ"

စိန်သောင်းသည် ငပွအား စိုက်ကြည့်နေသည်မှာ စူးစူးရဲရဲ။

"လူသတ်တယ်ဆိုတဲ့ ဖေဖေလား"

"သား အဲဒီလို မပြောနဲ့လေ"

ငပွက ပြုံးသည်။ စိန်သောင်းမျက်နှာက မှုန်တေတေ။

"ဟုတ်တာပေါ့ကွ စာဥရယ်။ ကလေးဆိုတာ အမှန်ကိုပဲ ပြောတတ် တာ ပြောပါစေ"

"ကိုဒွေးရဲ့ သားကိုတော့ မနည်းထိန်းရတယ်။ လက်ကတော့ ဘာ သွက်သလဲ မမေးနဲ့"

"ဒါမှ ငါ့သားကွ"

ပြောပြောဆိုဆို စိန်သောင်းအား အားရပါးရ နမ်းလိုက်လေသည်။

"အမေကော ကိုဒွေး"

"အမေ ခရီးပန်းလာလို့ လှဲနေတယ် စာဥ"

"ကိုဒွေးရေ အမေ့မှာ ကိုဒွေးအတွက် ဇောနဲ့ လှုပ်ရှားနေရတာ အတော်ပင်ပန်းတယ်။ သံကြိုးစာလာတဲ့နေ့ကဆိုရင် ဝမ်းသာလုံးဆို့ပြီး သတိ တောင် လစ်သွားတယ် အမေ့ကျန်းမာရေး ဂရုစိုက်ရမယ်။ အသက်အရွယ် ကလဲ ထောက်လာပြီလေ"

"ဟုတ်တယ် စာဥ။ အမေဟာ အရင်ကနဲ့ မတူတော့ဘူး။ ကိုဒွေး

အတွက် အတော်စိတ်ဆောင်းနပုံရတယ် မနက်ဖြန်ကျရင် ဆရာဝန်နဲ့ ဆေးစစ်မှ ဖြစ်မယ်''

''ကောင်းတယ် ကိုဒွေး။ အမေဟာ ဘာပဲပြောပြော ကိုဒွေးကို အတော်ချစ်တယ်''

''အမေက သားသုံးယောက်ကို အတူတူချစ်တယ်လို့ ပါးစပ်က ပြောပေမယ့် ကိုဒွေးကို ပိုတာတော့ အမှန်ပဲ။ အင်းစိန်ထောင်က ထွက်တဲ့နေ့က အစ်ကိုကြီးနဲ့ ကိုလတ်ကို အကြောင်းကြားဖို့ ပြောတာ ပြောမနေနဲ့တဲ့''

''ကိုဒွေးအမှုနဲ့ ပတ်သက်လို့ အမေ့ရင်ထဲမှာ ခံစားချက် ရှိနေပုံရတယ်။ ကိုဒွေးအမိန့်ချပြီးနောက်ပိုင်းမှာ ကျန်တဲ့သားနှစ်ယောက်အကြောင်း လုံးဝ မပြောတော့ဘူး။ ရန်ကုန်ကိုသွားသာသွားတယ် သူ့သားတွေအိမ် မဝင်ဘူး''

စိန်သောင်းလည်း ငပွနှင့် စာဥတို့ စကားအပြန်အလှန် ပြောနေသည်ကို နားထောင်နေသည်မှာ မျက်လုံးလေး ကလယ်ကလယ်။

''သားလေး မီးဖွားတော့လဲ အမေဟာ နေ့မအိပ်၊ ညမအိပ်နဲ့ စာဥနားက မခွာဘူး။ ကိုဒွေးကိုယ်စား သားလေး စိန်သောင်းကို ချစ်လိုက်တာမှ တုန်နေတာပဲ''

''ဒါနဲ့ စာဥတို့ မိဘတွေကော နေကောင်းကြရဲ့လား။ မိုးလေဝသ အခြေအနေကော ကောင်းရဲ့လား''

''ကိုဒွေးအမေနဲ့ စာဥအမေကတော့ အရမ်းအဆင်ပြေတယ်''

''စာဥအဖေနဲ့ကကော''

''ပထမတော့ ဖေဖေက တင်းတယ်။ သူ့မြေးလေး မွေးပြီးတဲ့နောက် သဘောထားပြောင်းသွားတယ်။ သူ့မြေးကိုလဲ အရမ်းအလိုလိုက်တာ''

ငပွရင်ထဲ၌ ပီတိလှိုင်းတို့ လွှန့်လူးသွားသည်။

''ပြော် ...ပြောဖို့ ကျန်နေသေးတယ်''

''ဘာများလဲ စာဥ''

''စာဥရဲ့ မိဘတွေနဲ့ ကိုဒွေးရဲ့ အမေတို့ တိုင်ပင်ပြီးကြပြီ''

စာဥစကားက ငွေအဖို့ စိတ်ဝင်စားစရာ။

''ဘာကိစ္စ တိုင်ပင်တာလဲ''

''ကိုဒွေး ထောင်က ထွက်လာပြီးရင် သားလေး စိန်သောင်းကို ရှင်ပြုပေးမယ်တဲ့''

''ကောင်းတာပေါ့ကွာ။ ကိုဒွေးသားလေး ရှင်ပြုရင် ကိုဒွေးလဲ ပဉ္စင်းခံမယ်''

''တကယ်လား''

''တကယ်ပေါ့''

''ဒါဆိုရင် အဖေတို့ အမေတို့ကို ပြောလိုက်မယ်''

''ပြောလိုက်ပါ စာဥ။ ယောကျ်ားတစ်ယောက်ဟာ ပဉ္စင်းဝတ်ဖူးမှ ယောကျ်ားအင်္ဂါရပ်နဲ့ ပြည့်စုံတာ။ အခု ကိုဒွေးဆိုရင် ထောင်ထဲလဲ ရောက်ဖူးပြီ။ ပဉ္စင်းဝတ်ဖို့ပဲ ကျန်တော့တယ်။ စာဥကကော ခွင့်ပြုမှာလား''

''ခွင့်ပြုပါတယ်''

''သား ဘွားဘွားဆီသွားဦးမယ်''

စိန်သောင်းသည် ငွေလက်ထဲမှ ဆင်းပြီး ဒေါ်ဝိုင်းစိန်ထံသို့ ပြေးသွားလေသည်။

➤➤➤

## အခန်း(၂၁)

''ထားရေ ဝမ်းသာစရာ ပြောရဦးမယ်''

''ဝမ်းသာစရာစကား ပြောဖို့များ ထားကို စကားပလ္လင်ခံနေရသေးတယ်။ မြန်မြန်ပြော''

''နံပါတ်တစ် ဝမ်းသာစရာကတော့ ညီလေး အောင်ဒွေး သေဒဏ်အမိန့်ကို တရားရုံးချုပ်က ပယ်ဖျက်ပြီး ထောင်ဒဏ် ဆယ်နှစ် ပြောင်းသွားတယ်''

''ဝမ်းသာလိုက်တာ ကိုကျော်ရယ်။ သူ့ရဲ့ ကျောက်ကပ်တစ်လုံးကြောင့် ကိုကျော် အသက်ရှင်နေရတာ မဟုတ်လား''

ဒေါ်ခင်ထားထား မျက်နှာတစ်ခုလုံး အပြုံးပန်းတို့ဝေနေ၏။

''ထားပြောတာ မှန်ပါတယ်''

''ဒါနဲ့ ကိုကျော် အခု အောင်ဒွေး လွတ်သွားပြီလား''

''ပြီးခဲ့တဲ့ တစ်ပတ်ကပဲ လွတ်သွားတယ်''

''ဟုတ်လား ကိုကျော်၊ ဘယ်လိုသိတာလဲ''

''တနင်္လာနေ့က ရုံးချုပ်ကို အစည်းအဝေးသွားတက်ရင်း ပြစ်မှုညွှန်ကြားရေးမှူးက ပြောလိုက်တာ''

''နံပါတ်တစ် ဝမ်းသာစရာစကားတော့ မဂ်လာပဲ ကိုကျော်။ နံပါတ်နှစ်က ဘာလဲ''

ဒေါ်ခင်ထားထားသည် နံပါတ်နှစ်ကို စိတ်ဝင်စားနေ၏။

''နံပါတ်နှစ်ကတော့ ကိုကျော် တိုင်းတရားသူကြီးအဖြစ် ရန်ကုန်ကို ပြောင်းရမယ်''

''ပျော်လိုက်တာ။ ကိုကျော့်အမေသာသိရင် အရမ်းဝမ်းသာမှာပဲ''

ဒေါ်ခင်ထားထားက ဝမ်းသာလှိုက်လှဲပြောလိုက်သော်လည်း ဦးသိန်းကျော် မျက်နှာမှာ အားရရွှင်လန်းမှု မှေးမှိန်သွားသည်။

''အမေက ကိုကျော့်အပေါ်မှာ အရင်ကလို မဟုတ်တော့ပါဘူးကွာ''

ဦးသိန်းကျော်က ဝမ်းနည်းစကားဆိုလိုက်ရာ ဒေါ်ခင်ထားထား စိတ်မကောင်း ဖြစ်သွားသည်။

''အမေက ရန်ကုန် ခဏခဏရောက်ပြီး ထားတို့အိမ်ကို မလာတာ ထားလဲ စိတ်မကောင်းဘူး''

''စိတ်မကောင်းစရာတွေ ဘေးဖယ်ထားလိုက်ပါတော့ ထားရာ''

''ကလင် ... လင် ...လင်''

တယ်လီဖုန်းမြည်သံကြောင့် လင်မယားနှစ်ယောက် စကားပြတ်သွား၏။

''ဟယ်လို''

''______''

''ကိုလတ်လား၊ ပြောလေ''

''_______''

''ဘာ ... အမေ ဆေးရုံတင်ထားရတယ် ဟုတ်လား''

''______''

ဒေါ်ခင်ထားထား နေမထိထိုင်မထိ ဖြစ်သွား၏။ ဦးသိန်းကျော် ဖုန်း

ဆက်နေသည်ကိုကြည့်ရင်း ရင်ထဲ ထိတ်သွားသည်။

''ရန်ကုန်ကို ခေါ်မှဖြစ်မယ် ကိုလတ်''

''_ _ _ _ _ _ _ _''

''ဒါဆိုရင် အစ်ကိုကြီး တိုင်းတရားသူကြီးထံ ခွင့်ပန်ပြီး ရန်ကုန်လာခဲ့မယ်။ ရန်ကုန်ကနေ ဆကာကြီးကို သွားမယ်''

''_ _ _ _ _ _ _ _''

''အေး ...အေး ... ဒါပဲနော်''

ဦးသိန်းကျော် ဖုန်းခွက်ကလေးကိုချပြီး ဒေါ်ခင်ထားထား မျက်နှာကို လှမ်းကြည့်လိုက်သည်။ ဒေါ်ခင်ထားထားကလည်း မျက်နှာငယ်ကလေးဖြင့် ပြန်ကြည့်သည်။

''ထားရေ အဝတ်အစားတွေ ထည့်ပေတော့။ အမေ ဆကာကြီး ဆေးရုံ တင်ထားရတယ်တဲ့''

''အခြေအနေကော ကိုကျော်''

''လေဖြတ်သွားတာ အခုအထိ သတိမရသေးဘူးတဲ့ ထား''

ဦးသိန်းကျော်နှင့် ဒေါ်ခင်ထားထားတို့ နှစ်ယောက်စလုံး စိတ်လက်ကြည်လင်လန်းဆန်းမှု မရှိတော့။ ဒေါ်ခင်ထားထားက ခရီးဆောင်အိတ်ထဲသို့ အဝတ်အစားများ ထည့်နေသည်။ ထိုအချိန်တွင် ဦးသိန်းကျော်က ပုသိမ်မြို့ရှိ တိုင်းတရားသူကြီးထံ ဖုန်းဆက်ခွင့်ပန်သည်။ တိုင်းတရားသူကြီးက အလွယ်တကူခွင့်ပြုသဖြင့် ဦးသိန်းကျော် စိတ်ချမ်းမြေ့ရသည်။ ဒေါ်ခင်ထားထား အဝတ်အစားများ ထည့်ပြီးသေအာခါ အိမ်တံခါးများကို ပိတ်သည်။ ထိုအချိန်တွင် စာရေးလေး မောင်မြင့်ဌေး ရောက်လာသည်။

''မောင်မြင့်ဌေးရေ ဒရိုင်ဘာကိုကံလှကို သွားခေါ်ကွာ။ အရေးပေါ် ရန်ကုန်သွားရမယ်လို့''

''ဟုတ်ကဲ့ မင်းကြီး''

မောင်မြင့်ဌေးသည် လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်သွားပြီး ဒရိုင်ဘာ ကိုကံလှကို ခေါ်လာသည်။ ကိုကံလှ ကပျာကသီ ထလိုက်လာသည်။

"မင်းကြီး ဘယ်သွားမှာလဲ မောင်မြင့်ဒွေး"

"ရန်ကုန်လို့ ပြောတာပဲ။ တော်တော် အရေးကြီးပုံရတယ်။ ဘာကိစ္စလဲတော့ မသိဘူး"

ကိုကံလှနှင့် မောင်မြင့်ဒွေးတို့ သုတ်ခြေတင်ကြသည်။ ဦးသိန်းကျော်နှင့် ဒေါ်ခင်ထားထားတို့ ကားနောက်ခန်းတွင် အဆင်သင့် ထိုင်လျက်။ ကိုကံလှသည် ကားရှိရာ အမြန်ပြေးပြီး ကားပေါ်တက်ထိုင်ကာ စက်နှိုးလိုက်၏။ ပြီးနောက် ရန်ကုန်သို့ ဦးတည်မောင်းတော့သည်။

ဦးသိန်းကျော်သည် ကားလမ်းတစ်လျှောက် ရှုခင်းများကိုငေးရင်း မိခင်ကြီးဒေါ်ဝိုင်းစိန်၏ ရုပ်ပုံလွှာများ အထင်းသားမြင်ယောင်လာ၏။ ဖခင်ကွယ်လွန်ပြီးနောက် သားသုံးယောက်ကို အပင်ပန်းဆင်းရဲခံ ရှာဖွေကျွေးမွေးပုံ၊ ဆင်းရဲနွမ်းပါးသည့်ကြားက သားသုံးယောက်အား ကျောင်းထားပုံ၊ ဦးသိန်းကျော် တရား ူးဝန်ထမ်းအဆင့် (၄)သင်တန်းတက်ဖို့ငွေမရှိ၍ အမေ သံယောဇဉ်ဖြစ်နေသော ဝက်မကြီးမိပိုးအား ရောင်းချစဉ်က မျက်ရည်ကျနေပုံ။

ဒေါ်ဝိုင်းစိန်သည် သားသုံးယောက် ပညာသင်စရိတ်အတွက် ရည်ရွယ်ပြီး သားခွဲခါစ ဝက်မလေးတစ်ကောင်ကို ဝယ်မွေးသည်။ ကြာလာတော့ ဝက်မလေးမှာ သားသမီးကဲ့သို့ သံယောဇဉ် ဖြစ်လာ၏။ ဒေါ်ဝိုင်းစိန် ပြောစကားကို ယဉ်ပါးလာသည်။ မည်သည့်အရပ်မှာ ရောက်နေရောက်နေ ဒေါ်ဝိုင်းစိန်အသံ ကြားပါက သုတ်ခြေတင်ပြေးလာသည်မှာ ချစ်စရာ။ အစားအသောက်ကောင်းသဖြင့် ဝတုတ်တုတ်ကလေး ဖြစ်လာသည်။ ငွေကြေးအကျပ်အတည်းကြုံတိုင်း ဝက်မလေးကို ရောင်းရန် ဒေါ်ဝိုင်းစိန် ဆုံးဖြတ်ခဲ့သည်မှာ အကြိမ်ကြိမ်။ သို့သော် မမြင်ရသော သံယောဇဉ်ကြိုးကြောင့် ဝက်မလေးကို မရောင်းဖြစ်။ ကြာလာတော့ ဝက်မလေးမှာ တဖြည်းဖြည်းကြီးထွားဝတုတ်လာသည်။ ဝက်ကလေး မိပိုးမှာ ဝက်မကြီးဖြစ်လာသော်လည်း ဒေါ်ဝိုင်းစိန် မရောင်းဖြစ်တော့။

ဦးသိန်းကျော် သင်တန်းတက်မည့် ကာလတွင် ဒေါ်ဝိုင်းစိန်လက်ထဲ

၌ ငွေမရှိ။ လှည့်စရာပုံစရာ နည်းလမ်းမရှိတော့သည့်အဆုံး မိပိုးကိုသာ ရောင်းချရန် မျက်စိစုံမှိတ်ဆုံးဖြတ်လိုက်သည်။ မိပိုးကို ဝယ်သူများက ကြိုးဖြင့် တစ်အားဆွဲခေါ်သော်လည်း မိပိုးက အော်ပြီးပေခဲ့သည်။ အမြီးလှုပ်ချိုးချိုး၊ ရိုက်ချင်သလောက်ရိုက် ဒေါ်ဝိုင်းစိန်အိမ် တံစက်မြိတ်အောက်က မခွာ။ ပေတေခဲ့သည်။ မိပိုးအဖြစ်ကို ဒေါ်ဝိုင်းစိန် ကြည့်ပြီး မျက်ရည်စို့လာသည်။ ဒေါ်ဝိုင်းစိန်ဘက်က သံယောဇဉ်ဖြတ်လိုက်သော်လည်း မိပိုးဘက်က သံယောဇဉ်မပြတ်။ တအီအီဖြင့် အော်နေသည်မှာ သနားစရာ။

ဝယ်ယူသူများသည် မိပိုးကိုခေါ်ရန် အမျိုးမျိုး ကြိုးစားသော်လည်း မရသဖြင့် အရောင်းအဝယ်ဖျက်ရန် ဒေါ်ဝိုင်းစိန်အား ပြောကြသည်။ ဒေါ်ဝိုင်းစိန် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ အရောင်းအဝယ်ပျက်ပါက ဦးသိန်းကျော်သင်တန်းတက်ရေး မလွယ်။ အခြား ငွေရမည့် နည်းလမ်းလည်း မရှိ။ ကမ္ဘာမီးလောင် သားကောင်မြေချဆိုသကဲ့သို့ ဒေါ်ဝိုင်းစိန် လုပ်ရပေတော့မည်။ ဒေါ်ဝိုင်းစိန်သည် မိပိုးကျောပြင်ကလေးကို ကြင်နာယုယစွာ ပွတ်သပ်ရင်း ပြောလိုက်ရာ မိပိုးသည် ဝယ်သူများနောက်သို့ တန်းတန်းမတ်မတ် လိုက်သွား၏။ ဒေါ်ဝိုင်းစိန်က မိပိုးအား ပြောလိုက်သည်မှာ–

"အမေ့မှာ အခက်အခဲရှိလို့ သမီးလေး လိုက်သွားလိုက်ပါကွယ်" တဲ့။

ဒေါ်ဝိုင်းစိန် မျက်ရည်ပေါက် ကြီးငယ်ကျနေသည်ကို မိပိုး သိမသွားရှာ။

>>>

**အခန်း(၂၂)**

ဦးသိန်းကျော်နှင့် ဖနီး ဒေါ်ခင်ထားထားတို့သည် ကိုလတ်မောင်းနှင်သော LANDCRUSA ကားနှင့် လိုက်ပါလာကြသည်။ ရှေ့ခန်းတွင် ကိုလတ်နှင့်အတူ မသဇင်နွယ်က ထိုင်သည်။ ရန်ကုန်– ပြည်လမ်းအတိုင်း မောင်းနှင်လာသော LANDCRUSA ကားသည် တိုက်ကြီးမြို့နယ်အလွန် ဥတိုသို့ ရောက်သောအခါ ဘယ်ဘက်သို့ ချိုးကွေ့လိုက်၏။ ဥတိုမှ ဆကာကြီးသို့ မောင်းနှင်ရသည့် လမ်းက ကတ္တရာလမ်းတချို့၊ မြေနီလမ်းတချို့။ မြေနီလမ်းတချို့တွင် ချိုင့်ခွမ်းကမူတို့က ရှိနေရာ ကိုလတ် မောင်းနှင်သော ကားသည် ထင်တိုင်းမပေါက်။ လမ်းကြမ်းသောကြောင့် LANDCRUSA ကား ဘယ်တိမ်းညာယိမ်းကာ ကျွဲသိုးတစ်ကောင် ကနေသည့်နှယ်။ အဖျောက်လိမ်ပင်ကျေးရွာသို့ အရောက်တွင် ဆကာကြီးသို့ဟူသော ဆိုင်းဘုတ်တွေ့သဖြင့် ကိုလတ် စိတ်ပေါ့သွား၏။

''အစ်ကိုကြီးရေ ခုနစ်မိုင်ကျော်ကျော်လောက် မောင်းရင် ဆကာကြီး ရောက်တော့မယ်''

"အမေ့ကို အမြန်တွေ့ချင်လိုက်တာကွာ။ အမေ နေကောင်းပါစေလို့ပဲ ဆုတောင်းနေရတယ်"

"ကိုကျော်ရယ် အမေနေကောင်းမှာပါ။ ထားလဲ တစ်လမ်းလုံး ဘုရားစာတွေ ရွတ်လာပါတယ်"

"အစ်ကိုကြီး"

"ဘာလဲ ကိုလတ်"

"ဟိုရောက်ရင် အမေ့အခြေအနေကိုကြည့်ပြီး ရန်ကုန်က အကောင်းဆုံးအထူးကုဆေးခန်းကို ပို့မယ်နော်"

"ကိုလတ်က ဘယ်အထူးကုဆေးခန်းကို ပို့ချင်လဲ"

ဦးသိန်းကျော်က အောင်ကိုလတ်၏ ဆန္ဒကို ခံယူလိုက်သည်။

"ဆာကူရာဖြစ်ဖြစ်၊ အက်စ်အက်စ်စီ ဖြစ်ဖြစ်ပေါ့ အစ်ကိုကြီးရာ"

"အေး ...ကောင်းတယ်။ အဓိကတော့ အမေ အမြန်ဆုံးနေကောင်းဖို့ပဲ လိုတယ်"

"ရန်ကုန်ရောက်ရင် ကောင်းသွားမှာ"

တစ်လမ်းလုံး ငြိမ်သက်လာသည့် မသဇင်နွယ်က ဝင်ပြောသည်မှာ တည်ငြိမ်အေးဆေးမှု အပြည့်။

"ဗျို့ ဆရာကြီး"

ကိုလတ်က ကားကိုရပ်ပြီး လမ်းဘေးမှ လူတစ်ယောက်ကို ခေါ်လိုက်၏။ ထိုလူက လမ်းသွားနေရာမှ ရပ်လိုက်သည်။

"ဆကာကြီး တိုက်နယ်ဆေးရုံက ဘယ်မှာလဲ"

"ဟိုမှာ"

လက်ညှိုးထိုးပြီး လမ်းညွှန်နေသည်မှာ မြန်မာ့စိတ်ရင်းအပြည့်ပင်။

"ကျေးဇူးပဲ ဆရာကြီး"

ကိုလတ်သည် ဆေးရုံဘက်သို့ ဦးတည်မောင်းနှင်လိုက်၏။

ဆကာကြီး တိုက်နယ်ဆေးရုံ ဆင်ဝင်အောက်တွင် ကားကို ရပ်လိုက်သည်။ ကားတံခါးများကို သွက်သွက်ဖွင့်ပြီး အဆင်းတွင် ဆေးရုံ

အတွင်းမှ ထွက်ပေါ်လာသော ငိုသံများက ဆို့ဆို့နင့်နင့်။

''အမေ မဟုတ်ပါစေနဲ့''ဟု ဦးသိန်းကျော် ရင်ထဲမှ ကျိတ်ဆုတောင်းမိသည်။ ဆေးရုံထဲသို့ ဝင်မည့် ခြေလှမ်းများက မဝံ့မရဲ၊

''အမေ''

''အမေ့သားကြီးနဲ့ သားလတ်တို့ ရောက်လာပြီလေ။ အမေ ထကြည့်ပါဦး ...ဟီး ...ဟီး''

အောင်ဒွေး(ခ)ငပွ၏ ငိုကြွေးသံက ကြေကွဲဆို့နင့်စရာ။ ဦးသိန်းကျော်နှင့် ကိုလတ်တို့ ဒေါ်ဝိုင်းစိန် ခုတင်ရှိရာသို့ ခပ်သုတ်သုတ် သွားကြသည်။ ဒေါ်ဝိုင်းစိန် ခုတင်ဘေးတွင် တရှုပ်ရှုပ် ငိုနေသူများမှာ မနည်းလှ။ ခုတင်ဘေးရောက်သွားသည်နှင့် ဦးသိန်းကျော်နှင့် ကိုလတ်မှာ ဆို့နင့်သွား၏။ သားသုံးယောက် လူလားမြောက်အောင် ရုန်းကန်လှုပ်ရှားခဲ့သော ဒေါ်ဝိုင်းစိန်ခန္ဓာကိုယ်မှာ ထာဝရငြိမ်သက်နေပေပြီ။ ဒေါ်ခင်ထားထားနှင့် မသဇင်နွယ်တို့လည်း မျက်ရည်မဆည်နိုင်တော့။

''အစ်ကိုကြီး အမေ့ကို မကယ်နိုင်တော့ဘူးလား ... ဟီး ...ဟီး''

အောင်ဒွေး(ခ)ငပွက ပြောလိုက် ငိုလိုက် လုပ်နေသည်မှာ ကလေးငယ်တစ်ယောက်နှယ်။

''ကိုလတ် ငါ့မှာ အမေ မရှိတော့ဘူးကွ''

''အတူတူပါပဲ ညီလေးရာ။ အမေ ကျွန်တော်တို့ ရောက်လာပြီလေ။ ထကြည့်ပါဦး အမေရဲ့''

အောင်ကိုလတ်သည် ပြောပြောဆိုဆို ချုံးပွဲချကာ ငိုလေသည်။ ဦးသိန်းကျော် မျက်လုံးအိမ်ဝယ် မျက်ရည်ပူတို့က အပြည့်။

''အမေ အမေ့မြေးလေးကို ရှင်ပြုမသွားတော့ဘူးလား အမေရဲ့''

စာဉ ပြောပြောငိုငို စကားကြောင့် ကြားရသူတိုင်း ရင်ထဲ နင့်နေကြသည်။

ထိုအချိန်တွင် စိန်သောင်းလေးသည် သူ့ဘွားအေ၏ လက်ချောင်းကလေးများကိုဆွဲပြီး ငိုလိုက်သံကြောင့် အားလုံး မျက်ရည်မဆည်နိုင်ကြ

တော့ပေ။

''ဘွားဘွား လူလေးကို ကိုရင်လေး လုပ်ပေးမယ်ဆို''

ဟု တဟီးဟီးနှင့် ငိုနေလေသည်။

ဦးသိန်းကျော်မှာ ရင်ထဲ၌ ဆို့ဆို့နင့်နင့် ဖြစ်နေသော်လည်း ကြိတ်မှိတ်နေရသည်။ မိခင်ကြီးမျက်နှာကိုသာ စိုက်ကြည့်ရင်း မျက်ရည်ဥတွေ လိမ့်ဆင်းလာသည်။ ဦးသိန်းကျော် ရင်းတွင်း၌ ကျိတ်ပြောနေသော စကားများကို မည်သူမျှ မသိရှာ။ မိခင်ကြီးမျက်နှာကို စေ့စေ့ကြည့်ရင်း ဦးသိန်းကျော် ပြောနေသည့် ရင်တွင်းစကားများမှာ–

''အမေရယ် သားကြီးကို ခွင့်လွှတ်ပါ။ ဥပဒေဆိုတာ ငိုလို့ရယ်လို့ မရပေမယ့် နှလုံးသားဆိုတာကတော့ ငိုရမယ့်အချိန်မှာငိုမှာပဲ။ ရယ်ရမယ့် အချိန်မှာ ရယ်မှာပဲ။ ညီလေးအောင်ဒွေးရဲ့ နှလုံးလှတဲ့ စေတနာမြားက သားကြီးရင်ထဲမှာ စူးနစ်ဝင်နေတုန်းပါ အမေ။ အခုတော့ အမေ့ရဲ့ သန့်စင်မွန်မြတ်တဲ့ မိဘမေတ္တာမြားတစ်စင်းက သားကြီးရဲ့ ရင်ကို မှန်နေပါပြီ အမေရယ်။ ညီလေးရဲ့ နှလုံးလှတဲ့ စေတနာမြားနဲ့ အမေ့ရဲ့ မေတ္တာမြားနှစ်စင်းစလုံးကို သားကြီးအနေနဲ့ တမလွန်အထိ သယ်ဆောင်သွားမှာပါ။ အမေ့ကို လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး ရိုသေစွာ ကန်တော့ပါတယ်''

ဦးသိန်းကျော်သည် ရင်တွင်းစကားများပြောပြီးနောက် မိခင်ကြီးအား ရိုသေကျိုးနွံစွာ ကန်တော့နေသည်။ အောင်ကိုလတ်နှင့် အောင်ဒွေး(ခ)ငပွတို့ကလည်း အစ်ကိုကြီး ကန်တော့သကဲ့သို့ ကန်တော့ကြသည်။ အခြားသူများကလည်း ညီအစ်ကိုသုံးယောက်နှင့်အတူ ဒေါ်ဝိုင်းစိန်အား ကန်တော့ကြသည်။

မြင်ကွင်းကား ဝမ်းနည်းကြေကွဲစရာ။

➤➤➤

အနန္တောအနန္တငါးပါးအား ဦးထိပ်ထားလျက်

ချစ်ကိုကိုယု

၁၆–၄–၂၀၀၆ (ညနေ ၃ နာရီ)

ချစ်ကိုကိုယု

ဆက်လက်ထုတ်ဝေမည့်စာအုပ်

ရွှေနေကြီးဦးနက်ကျော်

ပုသိမ်ခရီးစဉ်နှင့် အခြားဝတ္ထုတိုများ

## ချစ်ကိုကိုယု

## ရေးသားထုတ်ဝေပြီးသော စာအုပ်များ

၁။ သုံးထပ်ကွမ်းလူရည်ချွန်နှင့်
၁၉၈၄ ခုနှစ် (အပထ) ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ချစ်ကြည်
လေ့လာပုံနည်းစနစ်နှင့် ဂုဏ်ထူးရအဖြေများ
၁၉၈၅၊ ဖေဖော်ဝါရီလ။

၂။ ရွှက်နုဝေဖြာ သံယောဇဉ်ကမ္ဘာ
(၁၉၈၉၊ စာပေဗိမာန်ဝတ္ထုရှည် ဒုတိယဆုရဝတ္ထု)
၁၉၉၃၊ ဧပြီလ။

၃။ နှလုံးလှလူမိုက်
(၂၀၀၁ ခုနှစ်၊ အကယ်ဒမီ ၅ ဆုရ ရုပ်ရှင်ဝတ္ထု)
ပထမအကြိမ်၊ ၁၉၉၉။

၄။ အန္တမ်းပန်းကို အလှဆင်သူ
၂၀၀၂၊ ဒီဇင်ဘာလ။

၅။ နှလုံးလှလူမိုက်
(၂၀၀၁ ခုနှစ်၊ အကယ်ဒမီ ၅ ဆုရ ရုပ်ရှင်ဝတ္ထု)
ဒုတိယအကြိမ်၊ ၂၀၀၅၊ မေလ။

၆။ ရွှေနေကြီးဦးနက်ကျော် ဟာသဝတ္ထုတိုများ
၂၀၀၆၊ မတ်လ။

၇။ နှလုံးလှလူမိုက် (၂)
၂၀၀၇၊ မတ်လ။

၈။ ရွှေနေလောကအတွေ့အကြုံများ
၂၀၀၉၊ မတ်လ။

၉။ ရွှေနေကြီးဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများ

၁၀။ နှလုံးလှလူမိုက် အပိုင်း(၁)+ အပိုင်း (၂) (ပူးတွဲ)